www.burmeseclassic.com

# ရှင်မိုး

(ဆေးတက္ကသိုလ်)

အချစ်နှင့်ယှဉ်၍


BURMESE CLASSIC .com



www.burmeseclassic.com

Design L လင်း

www.burmeseclassic.com





# ရှင်မိုး
## (ဆေးတက္ကသိုလ်)

### အချစ်နှင့်ယှဉ်၍ ...



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







လင်းထင်း ဆိုတဲ့ အမည်နာမတစ်ခုကို စတင်ကြား လိုက်ရချိန်မှာ ခင်လိပ်ပြာရဲ့ခေါင်းထဲမှာရော၊ မျက်လုံးထဲမှာပါ ပြိုးပြိုးပြက်ပြက် လင်းခနဲ ထင်းခနဲ ဖြစ်သွားသည်ဟူသော ခံစား ချက်မျိုးကို ရရှိလိုက်ပါသည်။

"အမယ်လေး … နာမည်ကလည်းဟယ်၊ ကြားလိုက်ရတာ နဲ့တင် မျက်စိထဲ အလင်းရောင်တွေ ထင်းခနဲ ဝင်သွားသလို ပဲ။ ဥပမာ ပြောရရင် မှောင်မိုက်နေတဲ့ ဥမင်လိုဏ်ခေါင်းထဲ မှာဖြတ်နေတုန်း အဝရောက်လာတဲ့အခါ အလင်းရောင်ကို ထင်းခနဲ ဆုံလိုက်ရတဲ့အတိုင်းပဲ"

ခင်လိပ်ပြာရဲ့အသုံးအနှုန်းတွေကြောင့် ဝင့်ဝင့်က ရယ်ကာ …

"စကားလုံးအသုံးအနှုန်းတွေ ကြွယ်ဝနေလိုက်တာဟယ်၊ လိပ်ပြာမှ ဟုတ်ရဲ့လား။ လိပ်ပြာမှန်ရင် ဒီလိုဖွဲ့နွဲ့မနေဘူး။ ဝှန်းဒိုင်းရှုးရှဲနဲ့ စတာနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ခင်လိပ်ပြာ၏စရိုက်ကို သိထားပြီးသူ သူငယ်ချင်းတစ်ဦးဗီဗီ ဝေဖန်သလို ပြောပါသည်။

"အခုလည်း ဝုန်းဒိုင်းရှူးရှဲနဲ့ကို စဖို့ပြင်တာနော် ... ဟဲ ဟဲ"

"ဟဲ့ ... ဘာလဲ"

"အဲဒီ ... နင့်အိမ်ရှေ့ကို ပြောင်းလာတဲ့ လင်းထင်းကို စိတ်ဝင်စားတာ"

"လူတောင် မမြင်ဖူးသေးဘဲနဲ့"

"နင်ပြောတဲ့ အကြောင်းအရာတွေက စိတ်ဝင်စားဖို့ကောင်းနေလို့လေ"

ဝင့်ဝင့်က ခင်လိပ်ပြာ ပခုံးကို ဘတ်ခနဲရိုက်လိုက်ပြီးလျှင် ...

"ဘာများစိတ်ဝင်စားစရာပါလို့လဲ။ ရိုးရိုးအေးအေး ပုဆိုးနဲ့ တိုက်ပုံ အမြဲဝတ်ပြီး ကတ္တီပါဖိနပ်စီးတယ်။ ဆံပင်ကိုတော့ မင်းသားကြီးဇေယျာတို့ ခေတ်ကအတိုင်း တိုတိုကပ်ကပ်နဲ့ ပြောင်နေအောင်ဖြီးတယ်။ မနက်အစောကြီးထတယ်။ ဘုရားရှိခိုးတယ်။ မေတ္တာပို့တယ်။ အမေ့စကားနားထောင်တယ်။ စကားပြော သိပ်ယဉ်ကျေး သိမ်မွေ့လွန်းတယ် ဆိုတာတွေဟာ ဘာများစိတ်ဝင်စားစရာ ရှိလို့လဲ"





ခင်လိပ်ပြာက နေကြာစေ့နဲ့အတူ ပါးစပ်ထဲရောဝင်လာသော အခွံတချို့ကို ဖွီးခနဲ ထွေးထုတ်လိုက်ရင်း ...

"အဲဒါ စိတ်ဇင်စားစရာပေါ့။ ဒါဟာ နှစ်ဆယ့်တစ်ရာစုမှာ မတွေ့ရတော့တဲ့ ဒီဇိုင်းလေ။ ရှားပါးပစ္စည်းလေး။ ရှေးဟောင်းပြတိုက်ထဲက ထွက်လာတဲ့ လူသားပုံစံလေ၊ အဲဒါဟာ ငါတို့အတွက် စိတ်ဝင်စားစရာ မကောင်းဘူးလား"

ဒီလိုသေသေချာချာ ရှင်းလင်းပြလိုက်တော့ ဝင့်ဝင့်လက်ခံသလို ခေါင်းညိတ်ပြီး ရယ်သည်။

ဟုတ်တယ်လေ၊ အခုခေတ်မှာ ဘယ်ယောက်ျားလေးကများ တိုက်ပုံ၊ လည်ကတုံး နေ့တိုင်းဝတ်သလဲ။ အဲဒီ လင်းထင်းကတော့ နေ့တိုင်း တိုက်ပုံဖြူ၊ မည်း၊ နုံ့သာ၊ ပင်နီ စသဖြင့် မရိုးနိုင်အောင် ဝတ်ပဲဝတ်နိုင်လွန်းတယ်။ ပုဆိုးဝတ်တာကို မပြောပါဘူး။ ပုဆိုးဝတ်တာလောက်ကတော့ ဘာမှ အထူးအဆန်းဖြစ်စရာမဟုတ်ဘူးလေ။ ဒါပေမဲ့ တိုက်ပုံကြီး နေ့တိုင်းဝတ်တာကျတော့ ... အင်း ... ဟီး ဟီး ... တစ်မျိုးကြီးပေါ့။ ပြီးတော့ ဆံပင်ကလည်း စစ်ကြိုခေတ်တက္ကသိုလ်ကျောင်းသားတွေရဲ့ ဆံပင်ပုံစံနဲ့လေ။ ဘယ်လောက် အံ့သြဖို့ကောင်းလဲ။ သူ့အဖေအမေကပဲ ပုံသွင်းကောင်းသလား။ သူ့ကိုယ်တိုင်ကပဲ ဒီပုံကို ကြိုက်လို့ထားသလား။



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ဝင့် အိမ်ရှေ့တိုက်ကို စပြောင်းလာခါစတုန်းကတော့ လူသစ်တွေဆိုပြီး စပ်စုမိတာပါ။ ဒါပေမဲ့ ဝင့်ဝင့်တို့နဲ့ မတိမ်းမယိမ်းလိုလို၊ ရွယ်တူလိုလို အရွယ်လောက်ရှိပေမယ့် ဖြူဖပ်ဖြူရော် အသားအရေ၊ အရပ်ကလည်းရှည်သဖြင့် လက်ပြင်ကိုင်းချင်ချင်၊ ခါးကိုင်းချင်ချင် ကိုယ်ဟန်နဲ့ ခပ်ပိန်ပိန်ကောင်လေးတစ်ယောက်ကတော့ နေ့တိုင်းစောင့်ကြည့်ချင်စရာ ဖြစ်လာရပါသည်။ စတွေ့ကတည်းက မချွတ်တမ်းဝတ်တဲ့ တိုက်ပုံဟာ ဒီနေ့တွေ့တဲ့အထိ ဝတ်ထားဆဲမို့ နောက်ဆုံး တစ်ယောက်တည်း မခံစားနိုင်တော့ဘဲ သူငယ်ချင်း ခင်လိပ်ပြာကို ပြောပြမိတော့လေသည်။

ခင်လိပ်ပြာရဲ့အကျင့်အတိုင်းပဲ ထူးဆန်းလျှင် ဘာမဆို စိတ်ဝင်စားပြီး လက်တည့်စမ်းလိုက်ရမှဟူသော မူအရ၊ ယခုလည်း လင်းထင်းကို စိတ်ဝင်စားပါသည်ဟု ရုတ်တရက်ကြီး ထကြေညာလေပြီ။ ခင်လိပ်ပြာ စိတ်ဝင်စားပြီဆိုလျှင် ဒါဟာ သာမန်မျှ စိတ်ဝင်စားခြင်းမျိုး မဟုတ်မှန်း ဝင့်ဝင့် သိလေသည်။

"နေစမ်းပါဦး၊ သူက ဘာအလုပ်လုပ်လို့ ပုဆိုးနဲ့တိုက်ပုံ နေ့တိုင်းဝတ်ရသလဲ"

"အဲဒီလောက်တော့ ငါလည်း ဘယ်သိမလဲ"

"ရှေ့နေအလုပ်လုပ်တဲ့ လူဆိုရင်တော့ နေ့တိုင်း တိုက်ပုံဝတ်ရတာပေါ့။ ဒါပေမဲ့ တိုက်ပုံအနက်ပဲ ဝတ်ရတာနော်"





"ကျောင်းဆရာတို့၊ ကျူရှင်ဆရာတို့လည်း ဖြစ်နိုင်တာပဲ လိပ်ပြာရဲ့"

"ကျောင်းဆရာကလည်း ကျောင်းသွားရင်ပဲ တိုက်ပုံဝတ်မှာပေါ့။ တခြားအချိန်ကြီး အမြဲတိုက်ပုံဝတ်တဲ့ဆရာမျိုး ရှိတော့ရှိတယ် ရှားတယ်၊ ကျူရှင်ဆရာလည်း တိုက်ပုံကိုပဲ နှစ်နှစ်ခြိုက်ခြိုက်ဝတ်တဲ့ ဆရာမျိုး ရှိပါ့မလား"

"ကဲပါ လိပ်ပြာရယ်၊ နင့်အကြောင်း ငါမသိဘူး မထင်နဲ့နော်၊ နင် စိတ်ဝင်စားနေပြီ ဆိုကတည်းက ငါက ဒီပွဲကို စောင့်ကြည့်ဖို့ စဉ်းစားပြီးသား၊ အပိုတွေ ဆင်ခြေဆင်လက်ပေးမနေနဲ့တော့"

"မပေးပါဘူး... မပေးပါဘူး၊ လင်းထင်းလို့ ကြားလိုက်ရပြီးကတည်းက ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ လင်းထင်းသွားတာပဲဆိုရင် ပြီးပြီပေါ့"

ခင်လိပ်ပြာသည် ပန်းရောင်ဟိုက်လိုက်ထိုးဖောက်ထားသော စတက်(ပ)ဆံပင်လေးတွေ ခါသွားအောင်ရယ်ရင်း ပြောပါသည်။ ဝင့်ဝင့်ကတော့ ခင်လိပ်ပြာကို လက်ပိုက်၍ ပြုံးကြည့်လေသည်။ ဒီပွဲကတော့ တော်တော်စိတ်ဝင်စားစရာကောင်းပြီး ကြည့်ကောင်းလိုက်မယ့်ပွဲပဲလို့ တွေးနေမိသည်။ ခင်လိပ်ပြာနဲ့ ဝင့်ဝင့်ထယ်က အထက်တန်းကျောင်းရောက်မှ စခင်ပြီး တစိုက်မတ်မတ်တွဲလာကြသော သူငယ်ချင်းတွေပါ။ တခြားသူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ကြားကောင်းအောင် BFF (ဘီအက်(ဖ)အက်(ဖ)) Best Friend Forever (ဘက်(စ)ဖရင့်ဖော်အဲဗား) ထာဝရအချစ်ဆုံး သူငယ်ချင်းတွေပါလို့ ကြေညာထားကြပြီး သူတို့ချင်းလည်း အပြင်ပန်းတော့ ချစ်ဟန်ခင်ဟန်ဆောင်ကာ တွဲနေကြသော သူငယ်ချင်းတွေသာ ဖြစ်သည်။ သို့သော် ... အတွင်းမှာတော့ ကျိတ်ပြိုင်ကာ တစ်ယောက်နဲ့တစ်ယောက် ဘယ်အချိန်မှာ အသာစီးရမလဲ။ ဘယ်သူက ဘယ်သူ့ကို ပိုအနိုင်ရမလဲဆိုတာ အကွက်ချောင်းရင်း ဟန်ဆောင်ခင်မင်ပြနေကြသော မိန်းကလေးနှစ်ယောက်သာ ဖြစ်လေသည်။

❣ ○ ❣





# အပိုင်း(၁)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







## ၁

လင်းထင်းသည် National Geographic (နေရှင်နယ်ဂျီအိုဂရပ်ဖစ်)စာအုပ်ထူကြီးကို ဖတ်ကောင်းကောင်းနှင့် ထိုင်ဖတ်နေသည်။ ဂိုက်(ထ်)သွားသင်ရမည့်အိမ်ကို သွားရဖို့ အချိန်ကကြားထဲမှာ နာရီဝက်လောက် လိုနေသည်။ နာရီဝက်ဆိုတာက မသုံးတတ်ရင် သူ့အလိုလို ကုန်သွားမှာပေမယ့် သုံးတတ်ရင်တော့ တန်ဖိုးရှိတဲ့စာအုပ်တစ်အုပ်ကို ထိုင်ဖတ်နေတာဟာ အင်မတန်မှ အကျိုးရှိပါသည်။

ဒါကြောင့် ကော်ဖီခါးခါးကြိုက်ပြီး ဆိတ်ငြိမ်အေးချမ်းတာကို ကြိုက်လှသော လင်းထင်းသည် ကော်ဖီဆိုင်တစ်ဆိုင်မှာ ကော်ဖီသောက်ရင်း စာအုပ်ထဲ ရောန်ဝင်နေတော့သည်။

ဆိုင်ထဲမှာလည်း လူက ခပ်ကျဲကျဲသာရှိပြီး အားလုံးအသံခပ်တိုးတိုးနဲ့သာ စကားပြောနေကြသလို ဖွင့်ထားသော

www.burmeseclassic.com

www.burmeseclassic.com



သိချင်းသံကလည်း အသံငြိမ့်ငြိမ့်ညောင်းညောင်းနဲ့ ကြားလောက်ရုံ အသံမျိုးမို့ ဆူညံမနေပါ။ ဒါကြောင့် ကော်ဖီဆိုင်မှာ သိပ်ကြီးလည်း တိတ်ဆိတ်ခြောက်ကပ်မနေသလို သိပ်ပြီးတော့လည်းဆူညံမနေပါ။

"Artic (အာတိတ်)မှာရှိတဲ့ ရေခဲတောင်တွေဟာ ကမ္ဘာကြီး ပူနွေးလာမှုကြောင့် အရည်တွေပျော်တာ မြန်ကုန်တယ်။ Polar Bear (ပိုလာဘဲ)တွေ နေထိုင်စားသောက်ရေး စိုးရိမ်စရာ ရှိလာတယ်။ ကမ္ဘာပေါ်မှာ Extinct (အိပ်(စ)စတင်း) ဖြစ်မယ့် သတ္တဝါတွေများလာမယ်လို့ ခန့်မှန်းရေးနေကြတာ တကယ်ယုံလို့လား"

ရုတ်တရက်ပင် သူ့နောက်ကျောစားပွဲမှ ထွက်ပေါ်လာသော အသံခပ်ကျယ်ကျယ်ကြောင့် လင်းထင်း အာရုံတွေ အဲဒီအသံဆီ ရောက်သွားပါသည်။ ဟာ ... တိုက်ဆိုင်လှချည်လား။ ငါဖတ်နေတဲ့ နေရှင်နယ်ဂျီအိုဂရပ်ဖစ်စာအုပ်ကလည်း အာတိတ်စက်ဝိုင်းမှာရှိနေတဲ့ ရေခဲတောင်တွေ အရည်ပျော်ကျမှုအကြောင်းတွေ၊ ကမ္ဘာကြီးပူနွေးလာမှုအကြောင်းတွေရေးတဲ့ စာအုပ်ဖြစ်နေတယ်။ ဘာကြောင့် နောက်ဖက်ဝိုင်းက ဒီအကြောင်းကို ရုတ်တရက်ကြီး ပြောချလိုက်သလဲ။ ငါဖတ်နေတာသိလို့ တမင်ပြောတာလား။ နေဦး ... သူတို့ ငါ့နောက်ကစားပွဲမှာ ရှိမှန်းတောင် ငါ့သတိမထားမိဘူး။ ဘယ်တုန်းက ရှိနေကြတာလဲ၊ ဘယ်တုန်းကတည်းက ထိုင်နေကြတာလဲ။





လင်းထင်းသည် ထိုမေးခွန်းတွေ စိတ်ထဲမှာမေးရင်း ဖတ်လက်စစာမျက်နှာကနေ မတက်နိုင်ဘဲ ဖြစ်နေသည်။ သူက လည်းသူပင်။ ဘယ်နေရာသွားသွား မျက်စိသေလျက် သူစိတ်အာရုံရှိရာနေရာကလွဲရင် ဘာကိုမှ မမြင်တတ်ပါ။ မျက်နှာချင်းဆိုင် လျှောက်လာသူကိုပင် မကြည့်မိတတ်လို့ တစ်ခါတစ်ရံ မိတ်ဆွေသူငယ်ချင်းတွေနဲ့ဆုံရင် အထင်လွဲတောင် ခံရတတ်သည်။ မနှုတ်ဆက်ချင်လို့ မခေါ်ချင်လို့ မသိချင်ယောင် ဆောင်သွားသည်ဟု အထင်ခံရတတ်တာလည်း မနည်းတော့။

"အစတည်းက အင်္ဂလိပ်လိုဖတ်ဖို့ အဆင်မပြေရင်လည်း ဘာသာပြန်ထားတဲ့ စာအုပ်ပဲ ဖတ်ပေါ့။ ခုတော့ ကြည့်ဦးလေ၊ အင်္ဂလိပ်လိုရေးထားတာတွေ လှလယ်ကောင်အထင်ကြီးအောင် ဖတ်ပြပြီး ခက်တဲ့နေရာရောက်တော့ ရှေ့ကို မတက်နိုင်ဘဲ ,တစ်နေပြီ ... တွေ့လား"

လင်းထင်း စိတ်ထဲမှာ ဟင်ခနဲဖြစ်ကာ ဖျတ်ခနဲ နောက်ကျောကို လှည့်ကြည့်မိလိုက်ပါသည်။ ငါ့ကို အလကားနေရင်း ရန်စနိုပ်ကွပ်နေတာပဲလို့တွေးပြီး လှည့်သာကြည့်ရပေမယ့် အသံရှင်ဟာ မိန်းကလေးသံမို့ တအံ့တဩလည်း ဖြစ်မိသည်။ သူ့ဘဝမှာ ရန်ငြိုးရန်စ ရှိဖူးသောမိန်းကလေးလည်းမရှိ၊ ယောကျ်ားလေးလည်း မရှိဖူးခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ လှည့်ကြည့်လိုက်သောအခါ ခပ်တည်တည် (စိန်ခေါ်သလို)ပြန်စိုက်ကြည့်နေသော မျက်ဝန်းလက်လက်တစ်စုံကို ရင်ဆိုင်ရလေသည်။ ပန်းရောင်ဟိုက်လိုက်တင်ထားသော စတက်(ပ)ဆံပင်တွေကို အရင်ဆုံး သတိထားမိသည်။ ညိုသလိုဝါသလို ခပ်လတ်လတ် အသားအရေပိုင်ရှင် မိန်းကလေးသည် Rap (ရက်(ပ))အဆိုတော် Eminem (အမ်မီနမ်)ပုံပါသော တီရှပ်အနက်ကို ဝတ်ထားပြီး လက်ကောက်ဝတ်နှစ်ဖက်လုံးမှာတော့ စတီးလက်ကောက်တွေ၊ ဟန်းချိန်းတွေ၊ ကျောက်ရောင်စုံပုတီးတွေ ပြည့်နှက်နေအောင် စွပ်ထားတာကို သတိထားမိသည်။

သေချာတာက ဒီမိန်းကလေးကို သူ တစ်ခါမှမမြင်ဖူးတာပင်။ သိလည်းမသိ။ မြင်လည်းမမြင်ဘူးသော မိန်းကလေးက ဘာကြောင့်များ သူ့ကို ရန်စသလို၊ စိန်ခေါ်သလို စကားတွေ ပြောရသနည်း။ ဘာကြောင့် ခပ်ရဲရဲပြန်စိုက်ကြည့်ရသနည်း။

လင်းထင်း ဖျတ်ခနဲ ကြည့်ချိန်မှာ စက္ကန့်တံလေး ငါးနေရာလောက်သာ ရွေ့သွားသလောက် ကြာပါသည်။ မိန်းကလေးလည်း ဖြစ်နေတာကြောင့် သူ ဒီဘက်ချက်ချင်း ပြန်လှည့်လိုက်မိသည်။

"ရန်ကိုရန်ချင်း မတုံ့နှင်းဘူး ဆိုတာက တချို့နေရာတွေမှာ မှန်ပေမယ့် တချို့နေရာမှာ မှားတယ်နော်။ ပြဿနာကို မဖြေရှင်းရဲဘဲ ကုပ်နေတယ်ဆိုတာဟာ သူ့ရဲ့ဘောကြောင် သလိုကြီး ဖြစ်နေတယ်"





လင်းထင်းကို တိုက်ရိုက်လှမ်းပြောနေမှန်း စိတ်ထဲမှာ အလိုလိုသိနေကာ အံ့သြစိတ်ရှုပ်လာသည်။ တော်တော်ရဲတဲ့ ကောင်မလေးပဲ။ တစ်စားပွဲလုံးမှာ သူတစ်ယောက်တည်းထိုင်၊ လင်းထင်းရဲ့ကျောကို စိုက်ကြည့်ပြီး လက်ပိုက်ထိုင်ရင်း လှမ်းပြောနေတာ။ တမင်ကိုပြောနေမှန်းသိအောင် လုပ်နေတာ။ နေစမ်းပါဦး။ သူ ဘယ်သူပါလိမ့်။ ငါနဲ့ ဘယ်တုန်းက ဘာများပြဿနာရှိခဲ့လို့ ပါလိမ့်။

"မကျေနပ်ရင် လာရှင်းနိုင်တယ်၊ Welcome (ဝဲလ်ကမ်း) ပါပဲ"

ဝတ်နေကျမို့ ပူတယ်ပင် မထင်ရသော တိုက်ပုံပင် ဝတ်ထားရတာ ပူသလို ခံစားလာရသည်။ သူ ဘယ်တုန်းကမှလဲ ရန်မဖြစ်ဖူးသလို အထူးသဖြင့် မိန်းကလေးတွေနဲ့ဆို အပေါက်အလမ်းတည့်အောင်ပင် စကားမပြောတတ်သောသူမို့ ပိုပြီးချွေးပြန်နေတော့သည်။

လက်ပတ်နာရီကိုကြည့်လိုက်တော့ ဂိုက်ထိသင်ရမည့် အိမ်ကိုသွားရန် အချိန်သိပ်မလိုတော့တာမို့ သွားရန်စိတ်ကူးလိုက်ပါသည်။ စာအုပ်ကို အသာပိတ်ပြီး လွယ်နေကျ အဖုံးပါသားရေအိတ်ထဲထည့်၊ စလွယ်သိုင်းလွယ်လိုက်လျှင် ...

"ဒီလိုဝတ်စားပုံနဲ့ အိတ်နဲ့လုံးဝမလိုက်ဘူး၊ အမှန်တော့ မြန်မာ့ရိုးရာလွယ်အိတ်ကို လွယ်သင့်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဝေဖန်သံကို ထပ်ကြားလိုက်ရပြန်သည်။

**ဒီတစ်ခါတော့** လင်းထင်း မျက်မှောင်ကြီးကြုတ်ကာ ခပ်တည်တည် တစ်ချက်ပြန်ကြည့်ပစ်လိုက်ပါသည်။

"ဟုတ်ပြီ ... ဒီလိုမှပေါ့"

ဟု ခနဲ့သလိုလို၊ ကလိသလိုလိုအသံဖြင့် တုံ့ပြန်သော ကောင်မလေးကို သူ့ညီမသာဆိုလျှင် ချက်ချင်းရိုက်ပစ်လိုက်မိမည်ထင်သည်။

ကော်ဖီမှာကတည်းက ကော်ဖီဖိုးပိုက်ဆံ ရှင်းပြီးသားဖြစ်ရာ ပိုက်ဆံရှင်းစရာမလိုဘဲ ထထွက်လာရုံမို့ ဆိုင်ပေါက်ဝကို ချက်ချင်းထွက်လာခဲ့လိုက်တော့သည်။ ကားပါကင်မှာ ရပ်ထားသော သူ့ရဲ့ဂျစ်ကားအနီရောင်ပုပုလေး၏ ကားသော့ကိုဖွင့်နေစဉ် ...

"ဒီမှာ ..."

ဟု ခေါ်လိုက်သံနှင့်အတူ လူရိပ်တစ်ရိပ်ကပါ သူ့အနားလာရပ်လိုက်သောကြောင့် ...

"ဗြော် ..."

လင်းထင်း နှုတ်မှ "ဗြော် ..."ဟု အာမေဋိတ်သံ ပြုမိသွားပါသည်။ ခုနက ကော်ဖီဆိုင်မှာထိုင်ပြီး ရန်စနေသော မိန်းကလေး။ တီရှပ်အနက်နှင့် ဂျင်းနက်ပြာရင့်ရင့်၊ Nike (နိုက်) ရှူးဖိနပ်တို့ကို ဝတ်ထားကာ လှုပ်ရှားလိုက်တိုင်း လက်ကောက်ဝတ်က ဟန်းချိန်းတွေ၊ လက်ကောက်တွေ၊ ပုတီးတွေအသံဖြင့်





ညှည့်နေသော မျက်စိနောက်စရာ အသွင်ပိုင်ရှင်ကို လင်းထင်း ရင်ဆိုင်လိုက်ပါသည်။

သူမရဲ့မျက်လုံးအိမ်မှာ တော်တော်ကိုကျယ်ပြီး မျက်သားဟာ ပြာနေပေမယ့် အတွင်းမျက်ဆန်ကတော့ မီးခိုးရောင်လိုလို ဘာလိုလို ဖြစ်နေတာ ထူးဆန်းပါသည်။ သူမရဲ့မျက်နှာမှာ အသိသာဆုံးသောအရာကို ပြပါဆိုလျှင် အဲဒီမီးခိုးရောင်ရင့်ရင့်ရှိသော မျက်ဝန်းတစ်စုံပဲဖြစ်သည်။ ကျန်တဲ့မျက်နှာအစိတ်အပိုင်းတွေဟာ ထူးထူးခြားခြားကြီး လှနေတာ မဟုတ်ပေမယ့် ဘာကြောင့်မှန်းမသိ ကြည့်ရင်တော့ ဆွဲဆောင်မှုတစ်မျိုး ပါနေသော မျက်နှာမျိုး ဖြစ်နေသည်။

ညိုသလိုလို ဝါသလိုလို အသားအရေမှာ Skin care (စကင်းကဲ)ကို တော်တော်လုပ်ထားမှန်း သိသာအောင် လတ်ဆတ်ပြေပြစ်နေကာ အသားအရေ တော်တော်လှသော မိန်းကလေးတော့ ဖြစ်လေသည်။

"အင်းလျားရိပ်သာထဲကိုသွားဖို့ရှိလို့ ကားကြုံလိုက်ခဲ့ချင်တယ်"

"ဘာ ... ဘာရယ်"

လင်းထင်းမှာ သူ အခုသွားရမည့်နေရာကလည်း အင်းလျားရိပ်သာထဲမှာပဲ ဖြစ်လေရာ အံ့ဩပြီး ပြန်မေးမိတော့သည်။ တိုက်ဆိုင်လှချည့်လားလို့လည်း တွေးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြားစရာအကြောင်းတော့ မရှိပါဘူး။ လိပ်ပြာရဲ့အသံက နှစ်ကိုယ်ကြားပြောတာထက်တောင် ပိုကျယ်ပါသေးတယ်"

သူမနာမည် သူမထည့်ပြောလိုက်ပေမယ့် စကားမြန်လွန်းတာကြောင့် "ပြာ ..."ဟုသာ လင်းထင်း ကြားလိုက်လေရာ ဘယ်လိုနာမည်လဲ။ ကြည်ပြာလား။ ဖြူပြာလားဟု စဉ်းစားနေမိသည်။

"ကျွန်တော်နဲ့ ခင်ဗျား ဘယ်တုန်းက သိဖူးလို့လဲ"

"ရှင့်နာမည် လင်းထင်း"

"ခင်ဗျား ဘယ်သူလဲ"

လင်းထင်းမှာ သူ့အမည်ကိုပါ သိနေ၍ အံ့သြပြီး ပြန်မေးမိ၏။

"လိပ်ပြာလေ ... ခင်လိပ်ပြာ၊ Butterfly (ဘက်တာဖလိုင်း) လို့ မှတ်ထားလိုက်"

နာမည်ကလည်း ထူးထူးဆန်းဆန်း၊ လူကလည်း ထူးထူးဆန်းဆန်း ဖြစ်နေသော ခင်လိပ်ပြာကို လင်းထင်း စိတ်ထဲမှာ သဘောမတွေ့လှပါ။ သူမကို မြင်လိုက်တာနဲ့ ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ မြည်သွားသလိုပဲ ခံစားရသည်။ လင်းထင်းရဲ့ဆဋ္ဌမအာရုံထဲမှာ ဒီမိန်းကလေးဟာ အန္တရာယ်ရှိတယ်။ ဝေးဝေးရှောင်ရမယ်ဟူသော သတိပေးသံတွေ ညံနေတော့သည်။ ဘာကြောင့်ရယ်မသိ။ အခုမှ ပထမဦးဆုံးအကြိမ် ဆုံဖူးပေမယ့်





လည်း ဒီမိန်းကလေးဟာ သူ့အတွက် ကောင်းခြင်းတွေ သယ်လာမယ့်မိန်းကလေးမျိုး မဟုတ်ဘူးဆိုတာ အသေအချာပင် အလိုလို သိနေပါသည်။

"ရှင်လည်း အင်းလျားရိပ်သာထဲမှာ ဂိုက်ဒ်သွားသင်စရာရှိတာပဲ။ လိပ်ပြာလည်း အဲဒီဘက်သွားဖို့ ကားကြုံရှာနေတာ အတော်ပဲလေ။ လိုက်ခဲ့မယ်"

"မဖြစ်ဘူးလေ ... မဖြစ်ပါဘူး။ ဘယ်ဖြစ်မလဲလေ၊ မင်းနဲ့ငါ တစ်ခါမှ သိလည်းမသိဖူးဘူး။ မင်းကို ခေါ်သွားလို့ ဘယ်ဖြစ်မလဲ"

လင်းထင်းက စကားများများလည်း သိပ်ပြောလေ့မရှိသလို မိန်းကလေးတွေနဲ့လည်း သိပ်အပြောအဆို မရှိလေရာ (သူ guide (ဂိုက်ထ်ဒ်)သွားသင်ရသူတွေမှာလည်း အကုန်လုံးယောကျ်ားလေးတွေသာ) စကားကို မနည်းစီစဉ်ပြောနေရပါသည်။ ခေါင်းထဲမှာတော့ မင်း ဘယ်သူလဲ၊ ဘာသဘောလဲ၊ ဘာအကြံအစည်နဲ့ ဒီလိုဖန်တီးတာလဲ၊ မင်း ငါ့ကို ဘယ်လိုလုပ်သိနေလဲ၊ ငါ့အကြောင်းတွေ ဘယ်လိုသိထားတာလဲ၊ ငါ့ကိုလိုက်ရန်စအရှောင်တာ ဘာရည်ရွယ်ချက်လဲ ... စသဖြင့် မေးခွန်းတွေအများကြီးမေးနေပေမယ့် တကယ့်နှုတ်ဖျားက ပြောထွက်လာသော စကားမှာ ထိုစကားစုမျှသာ ဖြစ်နေလေသည်။

"အခု သိသွားပြီပဲ၊ ခေါ်သွားလို့ရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... မဟုတ်ဘူး၊ မင်းနဲ့ငါ အသိမိတ်ဆွေတွေ
မဟုတ်ပါဘူး"

"ရှင် ဘာကြောက်နေတာလဲ၊ ကားကြွဲလိုက်စီးပြီး ဓား
တိုက်မယ်များ ထင်နေလား။ မယုံရင် ဒီဟာ လိပ်ပြာရဲ့
iphone (အိုင်ဖုန်း)၊ ဒါက ကားသော့နဲ့တွဲရက် အိမ်သော့
ဒါက wallet (ဝေါလက်ထ်)ပြားပြားလေးမို့ အထင်မသေး
နဲ့၊ အဲဒါ LV အစစ်နော်၊ လူးဝိစ်ဗျူတန်းအစစ်။ ပိုက်ဆံ
အိတ်ထဲမှာ ငါးထောင်တန်ဆယ်ရွက်နဲ့ US တစ်ရာတန်
ဆယ်ရွက်ပါတယ်၊ ပိုက်ဆံအားလုံး အသစ်တွေပဲမို့ ပြား
ပြားပါးပါး ကပ်ကပ်လေးတွေ ဖြစ်နေတာ"

လင်းထင်းသည် သူ့ရှေ့ အတင်းထိုးပေးနေသော
ဖုန်း၊ သော့တွဲ၊ အိတ်တို့ကို ထိရမှာစိုးရွံ့သည့်အလား နောက်
ပင် ခြေတစ်လှမ်းဆုတ်သွားလေသည်။ မိန်းကလေးတစ်ယောက်
ကို ဘယ်လိုပုံစံမျိုးနဲ့ နှင်ထုတ်နိုင်ရမလဲ။ ဘယ်လိုမျိုး ရှောင်
ရမလဲ၊ ဘယ်လိုမျိုး ငြင်းရင်ရမလဲဆိုတာ သူ လုံးဝမသိပါ။

ဘာကြောင့်လဲ ... ဘာကြောင့်လဲဆိုသော မေးခွန်း
တွေသာ သူ့ခေါင်းထဲ ဆူညံနေတော့လေသည်။

"ခင်ဗျား ဘယ်သူလဲ၊ ဟာ ... ကျွတ် ... မဟုတ်သေးဘူး
ကျွန်တော် ခင်ဗျားကို သိမှမသိတာ၊ နာမည်ပြောရုံ
သိပါပြီလို့ ယူဆလို့မရဘူး။ ခင်ဗျား ဘယ်ကဘယ်လို
ပေါ်လာမှန်းလဲ မသိဘူး။ ဘယ်သူမှန်းလဲ မသိဘူး"





"ကားကြွဲလိုက်စီးခွင့်လေးတောင်းတာ အဲဒီလောက်အသည်း
အသန် ငြင်းနေစရာလား။ ဘာဖြစ်လို့ ကပ်စေးနည်းနေရ
တာလဲ"

"ခင်ဗျား ... ခင်ဗျားမှာ ကားသော့တောင်ရှိတာ။ ကားရှိ
မှာပေါ့"

"ရှိတယ် ... ဟိုမှာတွေ့လား"

လင်းထင်း ခင်လိပ်ပြာ လက်ညှိုးညွှန်ပြရာသို့လိုက်
ကြည့်မိသည်။ ဖြိုင်ကားပုံစံကားဘီးကြီးကြီး ခပ်ပြားပြားရှည်ရှည်
အနီရဲရဲကားလေးမှာ တံခါးနှစ်ပေါက်ပါ တိုရိုတာတွင်းကန်အမျိုး
အစားကားဖြစ်သည်။ လင်းထင်းရဲ့ဂျစ်ကားပုပုနဲ့ဆိုလျှင် ဘယ်လို
မှယှဉ်လို့မရနိုင်သော သစ်လွင်တောက်ပလှပနေသည့် ကားလေး
မှာ ကားမီးလုံးအဖွင့်အပိတ် အဖုံးလေးတွေတောင်ပါသည်။ ကား
ဘော်ဒီဘေးတစ်လျှောက်မှာတော့ မီးလျှံတွေထနေသလို ပုံစံဒီဇိုင်း
တွေကို လိမ္မော်ရောင်တောက်တောက်ဆေးနဲ့ မှုတ်ထားသည်။
ဒီလိုကားမျိုးတွေကို ယောကျ်ားလေးတွေသာ အစီးများပြီး ဒီလို
ဒီဇိုင်းတွေကိုလည်း ယောကျ်ားလေးတွေသာ ထွင်တတ်လေရာ
ခင်လိပ်ပြာက သူမရဲ့ကားဟု ပြောသဖြင့် အံ့ဩသလို ထပ်ဖြစ်
ရပြန်ပါသည်။

"ကားရှိရက်သားနဲ့ ကားကြွဲလိုက်စီးခွင့်တောင်းတဲ့အကြောင်း
ကိုရော သိချင်လား၊ ဟင်း ဟင်း ... မမေးနဲ့ သေတောင်



www.burmeseclassic.com

www.burmeseclassic.com



မပြောဘူး၊ ကဲ ... ရှုပ်ပါတယ်လေ၊ ရှင်းလေရှုပ်လေဖြစ်ကုန်မယ်။ ရှင်လည်း ကားသော့ဖွင့်ပြီးနေပြီပဲ၊ ဂိုက်ဒ်သွားသင်ရမယ့်အိမ်ကိုရောက်ဖို့လည်း အချိန်မီဖို့လိုတော့ လိပ်ပြာနဲ့ ဆက်အငြင်းအခုန် ဖြစ်မနေပါနဲ့တော့လေ။ လိပ်ပြာကိုပဲ အသာတကြည် ကားကြုံစီးခွင့်ပေးလိုက်ပါတော့"

လင်းထင်းသည် သူ့အကြောင်းတွေလည်း ကြိုသိနေကာ သူဂိုက်ဒ်သွားသင်ရမယ့်အိမ်ကို ဘယ်အချိန်ရောက်ရမလဲ ဆိုတာတောင် အတိအကျ ပြောနေနိုင်သည့် လူထူးလူဆန်းမိန်းကလေးကို ဘယ်လိုမှ ငြင်းလို့မရတော့တာမို့ သူ့ဘာသာပဲမောင်းသူအခြမ်း ဝင်ထိုင်လိုက်ရတော့သည်။ ခင်လိပ်ပြာ တက်လိုက်နိုင်ဖို့ကိုလည်း တစ်ဖက်တံခါးချက်ကို အတွင်းမှဖွင့်ပေးလိုက်ရတော့လေသည်။

သူ ဒီ့ထက်လည်း ပိုမငြင်းတတ်။ သူ့ဘဝသက်တမ်းတစ်လျှောက်မှာ ဘယ်တုန်းကမှလဲ ရိုင်းရိုင်းပျပျ ပြောဆိုဆက်ဆံတတ်ခြင်း မရှိခဲ့တာမို့ ခင်လိပ်ပြာကို ဘယ်လိုပုံစံနဲ့ မောင်းထုတ်ရမှန်းမသိ။ အရှက်ရအောင် ပြောရမှန်းလည်း မသိချေ။

ခင်လိပ်ပြာ ကားထဲဝင်ထိုင်လိုက်ပြီးသောအခါ သက်သောင့်သက်သာပုံစံနဲ့ပင် ခြေထောက်ချိတ်၊ လက်ပိုက်ထိုင်လျက် ခေါင်းပေါ်ပင့်တင်ထားသော နေကာမျက်မှန်အကြီးကြီးကို ဆွဲချတပ်လိုက်ပါသည်။





"ခင်ဗျားက ..."

"ခင်ဗျားက ... ခင်ဗျားကနဲ့ ပြောမနေပါနဲ့၊ ခင်လိပ်ပြာလေ ... ခင်လိပ်ပြာ။ လိပ်ပြာလို့ ခေါ်ပါ ရပါတယ်။ စိတ်မဆိုးတတ်ဘူး"

လင်းထင်း သက်ပြင်းကို စိတ်ပင်ပန်း လေးလံစွာချလိုက်ပြီးလျှင် ...

"ခင်လိပ်ပြာ ... ခင်ဗျားမှာ ဘာအကြံအစည် ရှိလို့လဲ"

"လုပ်ပြန်ပြီ၊ ခင်ဗျားက ပါပြန်ပြီ"

"ကျွန်တော်နဲ့ ခင်ဗျားက သူစိမ်းတွေပါ၊ တစ်ခါမှလည်း မသိကျွမ်းဖူးတဲ့ လူတွေပါ၊ ဘာဖြစ်လို့ အခုလိုလုပ်ရတာလဲ"

"ရှင်ပဲ ဘာအကြံအစည်ရှိလို့လဲလို့ မေးတယ်လေ"

"ဟုတ်တယ်"

"အကြံအစည်ကတော့ လူတိုင်းမှာ ရှိတာပေါ့၊ အလုပ်တစ်ခုခုကို လုပ်မယ်ဆိုရင် လူတိုင်းမှာ ရည်ရွယ်ချက်တွေ အကြံအစည်တွေနဲ့ စ,လုပ်ကြတာပဲလေ။ ဒါပေမဲ့ ကိုယ့်ရဲ့ရည်ရွယ်ချက်တွေ အကြံအစည်တွေကို သူများသိအောင် ပြောလိုက်လို့ ဘယ်ဖြစ်မလဲ၊ ဒီတော့ လိပ်ပြာလည်းမပြောနိုင်ဘူး"

"ကျွန်တော်က ..."



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာ ညက ကောင်းကောင်းမအိပ်ရလို့ အခု ခဏမှိန်း လိုက်ဦးမယ်။ မနှောင့်ယှက်ပါနဲ့"

လင်းထင်းမှာ စိတ်ထဲတွင် တော်တော်တော့ တင်း နေပေမယ့် မိန်းကလေးတစ်ယောက် ဖြစ်နေတာမို့ သည်းညည်းခံ လိုက်ကာ အင်းလျားလမ်းကို အမြန်ရောက်ဖို့ ကားကိုမြန်မြန်သာ မောင်းနေလိုက်တော့သည်။

❣ ○ ❣





၂

ဝင့်ဝင့်ထယ်က စိတ်ထဲမှာတော့ ဟယ် ... လုပ် ရဲလိုက်တာ၊ ရဲတင်းလိုက်တာဟု ကဲ့ရဲ့နေပေမယ့် အပြင်သဏ္ဌာန် မှာတော့ ဟင် ... ဟယ်နဲ့ အံ့သြနေဟန်ပြကာ နားထောင်နေရ သည်။ ခင်လိပ်ပြာတစ်ယောက် တဟားဟားရယ်ကာ ပြောပြနေ သမျှ အဖြစ်အပျက်ကို အတွင်းစိတ်မှာ ကဲ့ရဲ့ခြင်းပုံစံမျိုးစုံဖြင့် နားထောင်နေတာ ဖြစ်ပါသည်။

"တွေ့တယ်မဟုတ်လား၊ လိပ်ပြာဆိုရင် နာမည်နဲ့မလိုက် အောင် နူးညံ့ညင်သာမနေဘူး၊ ဝုန်းဒိုင်းနဲ့စတာ။ လိပ်ပြာ လေးတွေက နူးနူးညံ့ညံ့၊ ညင်ညင်သာသာလေးတွေနဲ့ ပျံ သန်းပြီး ပန်းတွေကြားထဲ လျှောက်သွားနေတတ်ပေမယ့် ငါဆိုတဲ့ ခင်လိပ်ပြာကတော့ ပြောင်းပြန်လေ၊ ဝုန်းဝုန်းဒိုင်း ဒိုင်း ဝင်မွှေရတာကို ကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အခြင့် နှင့်နှာမည်ကို ခင်ပျားပိတုန်းလို့ ပြောင်းဖို့ကောင်းတယ်၊ ပျားတွေ ပိတုန်းတွေကျတော့ တဝီဝီ တဇီဇီနဲ့လေ"

ဝင့်ဝင့်က အကောင်းလိုလို ဘာလိုလိုနဲ့ ပြောလိုက်ပါသည်။ လိပ်ပြာကတော့ သူမ၏လုပ်ရပ်အပေါ် ကျေနပ်ဝမ်းသာနေသည့်အရှိန်နဲ့မို့ ဝင့်ဝင့် ပြောလိုက်တာဟာ အကောင်းလား၊ အဆိုးလားတောင် ခွဲခြားမနေအားပါ။

"ကားမောင်းလာတဲ့ တစ်လျှောက်လုံး၊ လင်းထင်းမျက်နှာကြီး ဖြစ်ပျက်နေပုံကိုဟယ်၊ ဓာတ်ပုံတောင် ရိုက်ယူချင်တယ်။ နင့်ကို ပြန်ပြချင်လို့။ မျက်နှာကြီးက မအီမလည်နဲ့ ဝမ်းချုပ်နေတာ တစ်ပတ်လောက်ရှိနေတဲ့ ပုံစံမျိုး"

"နင် ဒီလောက် ဝုန်းဒိုင်းကြဲရဲတာဟယ်၊ ဖုန်းနဲ့ဓာတ်ပုံ ရိုက်ခဲ့ရောပေါ့"

"စိတ်ဆိုးပြီး ငါ့ iphone လေးကို ကောက်ပေါက်ပစ်လိုက်မှာစိုးလို့ပေါ့"

"လင်းထင်းကို မြင်ရသမျှတော့ တစ်ခါမှ စိတ်ဆိုးစိတ်တိုနေတာလည်း မတွေ့ဖူးဘူး။ ငါတို့လမ်းထဲက ကောင်လေးတွေဆို သူ့ကို အရမ်းစ,ကြတာ။ သူ တစ်ခါမှ ပြန်ရန်မဖြစ်ဖူးဘူး၊ သူမို့ နေနိုင်တယ်။ သူ့လိုအရွယ်ယောကျ်ားလေးတစ်ယောက်ဟာ ဒီလောက်သည်းခံနိုင်ရည်တွေ ဘယ်ကများ ရထားပါလိမ့်လို့တောင် တွေးမိတယ်"





"ဝင့်ဝင့် ... နင် ရိုးမှရိုးရဲ့လား"

"အံမာ ... ဘာပြောတယ်"

"လင်းထင်း အကြောင်းဆို အတိအကျကို သိနေတော့တာပဲ"

"ဒါကတော့ အားလုံးနဲ့မတူဘဲ ထူးခြားနေတော့ သူဘာလုပ်သလဲ။ ဘယ်သွားမလဲ။ ဘယ်လိုနေသလဲ ဆိုတာ၊ စိတ်ဝင်စားပြီး သတိထားကြည့်မိနေတော့ သိနေတဲ့သဘောပေါ့။ ဆွဲမထည့်နဲ့နော် လိပ်ပြာ။ နင် စိတ်ဝင်စားတာက နေ ငါ့ဆီဆွဲမထည့်နဲ့"

"အံမယ် ... ငါကရော ဘယ်လိုပုံစံနဲ့ စိတ်ဝင်စားတယ်နင် ထင်လို့လဲ။ အပျော်ကစားကြည့်တာ။ လိပ်ပြာရဲ့အစွမ်းအစ ဘယ်လောက်ကြီးသလဲဆိုတာ ပြချင်လို့ မနဲ့တဲ့ကျောက်တုံးတစ်တုံးကို သွားနဲ့ကြည့်ချင်တာနော်။ လင်းထင်းပုံစံကိုပဲကြည့်ဦး။ ရာသက်ပန်ရိုးမြေကျ ချစ်ခင်စိတ်ဝင်စားရမယ့်ပုံလား။ သူနဲ့ငါ တွဲသွားရင် မြင်သမျှလူတွေ တအံ့တသြကြည့်ပြီး ဖြစ်ကျန်ခဲ့တာကို ခံစားချင်လို့ ငါလုပ်တာ"

ဝင့်ဝင့်က ခင်လိပ်ပြာ အပြောကို ထောက်ခံစွာခေါင်းအသာညိတ်မိသည်။ ဟုတ်တယ်လေ။ ခင်လိပ်ပြာပုံစံလည်းကြည့်ဦး။ ဝတ်သမျှဟာ အမြဲလိုလို တီရှပ်အနက်၊ အဖြူ၊ မီးခိုး၊ ခရမ်းရင့်၊ အညိုရင့် စသဖြင့် အရောင်ရင့်ရင့်မှိုင်းမှိုင်းတွေဖြစ်လျက်၊



www.burmeseclassic.com

www.burmeseclassic.com



စတော်တာဓဝါသော တီရှပ်ရယ်လို့လည်းမရှိ။ Eminen (အမ်မီနမ်)၊ Bon Jovi (ဘွန်ဂျိုဗီ)၊ Guns & Roses (ဂန်း(စ)အင်န်ရို့စ်(စ))၊ Rolling Stone (ရိုလင်းစတုန်း)၊ Elvis Presley (အဲလ့်ဗစ်(စ) ပရက်စလေ)၊ Michael Jackson (မိုက်ကယ်ဂျက်ဆင်)စသဖြင့် နာမည်ကြီးအဆိုတော်တွေ၊ တီးဝိုင်းအဖွဲ့တွေရဲ့ စတစ်ကာတွေဟာ ခင်လိပ်ပြာရဲ့တီရှပ်တိုင်းမှာ တစ်ခုမဟုတ်တစ်ခုပါသည်။

လည်ပင်းပိတ် လက်စက ကိုယ်လုံးနဲ့အတိလည်း မဟုတ်၊ ပွလည်းသိပ်မပွသော တီရှပ်တွေကို ဂျင်းန်တွေ၊ အိတ်အများကြီးပါသော ဘက်ဂီဘောင်းဘီတွေနဲ့ အမြဲလိုတွဲဝတ်လျက် Nike (နိုက်(ခ))၊ Adidas (အက်ဒီးဒက်(စ))၊ Puma (ပူးမား) စသဖြင့်သော နာမည်ကြီးတံဆိပ်ထုတ် ဝေါ့လ်ကင်းရှူးကို အမြဲဝတ်ဆင်ထားလေ့ရှိသည်။ ဒီပုံစံရယ် ပန်းရောင်ဟိုက်လိုက်ထိုးပြေးနေသော စတက်(ပ)ဆံပင်တိုတိုတွေရဲ့ယ်၊ လက်ကောက်ဝတ်နှစ်ဖက်အပြည့် ဝတ်ထားသော ပုတီးပုံစံတွေ၊ စတီးလက်ကောက်တွေရယ် ခွေရယ်ဟာ ခင်လိပ်ပြာရဲ့ ကိုယ်ပိုင်ဟန်တွေသာဖြစ်သည်။

အခုခေတ်မှာ မိန်းကလေးတွေဟာ ကျောတွေ ပခုံးတွေဖောက်၊ လည်ပင်းတွေဖော်၊ ရင်သားတွေဖော်၊ ချိုင်းသားတွေဖော်၊ ခါးတွေ ချက်တွေဖော်၊ ပေါင်တံတွေဖော်တဲ့ ဝတ်စုံတွေ၊ ဒီဇိုင်းတွေ ဝတ်နေကြတဲ့အထဲမှာ ခင်လိပ်ပြာရဲ့မူပိုင်ဟန်ကတော့





အားလုံးထဲတွင် ကွဲထွက်လျက်၊ သိပ်ပြီး လျှပ်ပေါ်လော်လီတဲ့ ဝတ်စားဆင်ယင်မှုလည်းမဟုတ်၊ ခေတ်နောက်ကျတဲ့ပုံစံလည်းမဟုတ်။ မသိရင်တော့ ယောကျ်ားလျာလိုလို ဘာလိုလို ထင်စရာအသွင်နဲ့ ခင်လိပ်ပြာသာ ဖြစ်ပါသည်။

ဒီလိုပုံစံ ဝတ်စားဆင်ယင်မှုနဲ့ မိန်းကလေးမို့ အားလုံးထဲမှာ ထူးထူးခြားခြား ကွဲထွက်ပြီး ထင်ရှားနေကာ မိန်းကလေးဆောက်တော်များများ (ဒီမြန်မာနိုင်ငံမှာရှိသော) စိတ်မဝင်စားတဲ့ အလုပ်ကိုလုပ်ကာ ထိုပညာနဲ့ပင် နာမည်တစ်လုံးဖြင့် ရပ်တည်နေသူလည်းဖြစ်သည်။ DJ ခင်လိပ်ပြာဆိုလျှင် ကလပ်တက်ဖူးသူတိုင်း၊ Hjphop (ဟစ်(ပ)ဟော့(ပ))ရှိုးပွဲတွေ ကြည့်ဖူးသူတိုင်း သိကြပါသည်။

ခင်လိပ်ပြာဟာ သိပ်ရုပ်အချောကြီး မဟုတ်လှပေမယ့် ထူးခြားသော ဝတ်စားဆင်ယင်မှုရယ်၊ ဆွဲဆောင်မှုတစ်မျိုးရှိနေသော ရုပ်ရည်ရယ်။ DJ တီးလုံးသံနဲ့အတူ ကိုယ်ဟန်ကြွကြွ၊ ခေါင်းချက်ညီညီ လှုပ်ရှားရင်း Ear Phone (အီးယားဖုန်း)ကိုတပ်ကာ DJ တီးတတ်သော ဟန်ပန်ရယ်တွေကြောင့် ယောကျ်ားလေးတွေပါ းစပ်ဖျားမှာတော့ ခင်လိပ်ပြာဟာ နာမည်ကြီးလှသည်။

နာမည်ကြီးလှသော ခင်လိပ်ပြာသည် အသည်းခွဲတတ်သောနေရာမှာလည်း နာမည်တစ်လုံးနဲ့နေကာ ယောကျ်ားလေးတွေကို ကြောင်တစ်ကောင်က ကြွက်ကိုဖမ်းပြီး ကစားတတ်သလို



www.burmeseclassic.com

www.burmeseclassic.com



လည်း ကစားတတ်သည်။ ရည်းစားရယ်လို့ ဘယ်သူ့ကိုမှ အတည်တကျ မထားပေမယ့် သူ့ကိုပဲကြည့်တော့မလိုလို၊ ငါ့ကိုပဲ ကြည့်တော့မလိုလို ကစားထားတတ်ကာ၊ သူမ စိတ်မပါတော့ရင်တော့ တိခနဲပင် အညှာအတာမရှိ ဖြတ်ချပစ်တတ်ပါသည်။ ခင်လိပ်ပြာကို ရည်းစားများသည်ဟု ပြောရင်လည်း ရသလို၊ ရည်းစားမရှိဘူးဟု ပြောရင်လည်း ရသောပုံစံဖြစ်သည်။ ဘယ်သူမှ ခင်လိပ်ပြာရဲ့ခံစားချက်က သူမဖန်တီးသော DJ တီးလုံးတွေလိုပဲ အနိမ့်အမြင့်၊ အတက်အကျ၊ အမြူးအငြိမ် ရောထွေးနေတတ်တာတော့သေချာသည်။

လင်းထင်း ဆိုတဲ့ တစ်ယောက်ကတော့ ဘယ်လိုမှ ခင်လိပ်ပြာ အသုံးချနေကျ Type (တိုက်(ပ))မျိုး မဟုတ်တာမို့ ဒီပွဲဟာ တော်တော်လေး စိတ်ဝင်စားဖို့တော့ ကောင်းသည်ဟု ဝင့်ဝင့် ထင်ပါသည်။ ဒါပေမဲ့ လင်းထင်းကိုလည်း ခင်လိပ်ပြာ လွယ်လွယ်နဲ့ ညှို့ငင်နိုင်မယ်လို့ ဝင့်ဝင့် မထင်ပြန်။ လင်းထင်းဟာ အခုခေတ်နဲ့ ကင်းကွာပြီး စစ်ကြိုခေတ်ကို ပြန်ရောက်နေတဲ့ပုံစံကြီးမို့ ခင်လိပ်ပြာလိုပုံစံဟာ လင်းထင်းအတွက် မျက်စိဆံပင် မွေးစူးစရာပုံပေါက်ရင် ပေါက်နေနိုင်သည်။ ရဲတင်းပြီး ဣန္ဒြေမဲ့သော မိန်းကလေးမို့ အထင်သေးနေနိုင်သည်။ လင်းထင်းဟာ ခင်လိပ်ပြာ မျှော်လင့်သလို သူမအပေါ် စိတ်ဝင်စားကာ ဒူးထောက်လာနိုင်မည့် ယောကျ်ားတစ်ယောက် ဖြစ်ချင်မှ ဖြစ်လာနိုင်သည်။





ဝင့်ဝင့် ထိုသို့တွေးရင်း အကြံတစ်ခု ရလိုက်ပါသည်။

"နင်နဲ့ငါ လောင်းကြေးထပ်မလား"

"ပြော"

"ငါပြောတာ ဘယ်လိုမှမထင်နဲ့၊ နင့်အစွမ်းအစကိုလည်း ယုံသလို၊ လင်းထင်းရဲ့သမာဓိကိုလည်းယုံလို့ လောင်းကြေးလုပ်ကြည့်ချင်လာတာ"

"အေးပါ... ပြောပါဆို"

"လင်းထင်း နင့်ကိုကြွေသွားဖို့ကို နင် ဘယ်လောက်ထိ အချိန်ခန့်မှန်းထားလဲ"

"သုံးလ ... အများဆုံးပဲ"

"အဲဒီသုံးလကျော်သွားတဲ့အထိ မထူးခြားခဲ့ရင်ရော"

"အိုခေ ... ဟုတ်ပြီ၊ လောင်းကြေးပြောရအောင်"

ဝင့်ဝင့် ဒီလောက်လေး စကားစလိုက်တာနဲ့ ခင်လိပ်ပြာက သဘောပေါက်ပြီးသား ဖြစ်နေတော့လေသည်။

"သုံးလအတွင်း လင်းထင်းကို နင်ရရင် နင်နိုင်တယ်။ နင် လိုချင်တာပြော။ ငါပေးမယ်"

"နင့်ဆီမှာ ငါလိုချင်တာ ဘာမှမရှိဘူး။ ငါက ရွှေတွေ စိန်တွေလည်း စိတ်မဝင်စားဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ဒီလိုလုပ်၊ နှင်ကြိုက်တာ ငါသိတယ်၊ နှင် DJ David Guetta (ဒီဗေ့ဒ်ဂွေးတား)ကို သိပ်ကြိုက်တယ်။ သူ့ပွဲကိုကြည့်ချင်တယ်လို့ ခဏ ခဏ ပြောတယ်နော်။ ငါ သတင်းရထားတယ်၊ သူ စင်ကာပူမှာ ရှိုးလာလုပ်လိမ့် မယ်။ သူ့ပွဲလာလုပ်မယ့်အချိန်ကလည်း ငါတို့လောင်းကြေး ရဲ့အနိုင်အရှုံးသိရမယ့်အချိန်နဲ့ အံကိုက်ပဲ။ ဒီတော့ ငါရှုံး ခဲ့ရင် နှင့်ကို စရိတ်စက အကုန်ကျခံပြီး ခေါ်သွားပြီး အဲဒီ ရှိုးကို ငါပြမယ်၊ ဘယ်လိုလဲ"

"အိုး ... သိပ်ကြိုက်တာပေါ့ ဝင့်ဝင့်ရယ်၊ အဲဒါဟာ ငါ့ အလိုချင်ဆုံးကြေးပဲပေါ့"

ဝင့်ဝင့်က အသံသဲ့သဲ့ရယ်သည်။ သိပ်အထင်မကြီး ဦး။ နှင် ရှုံးနိုင်သေးတယ်ဆိုသော အဓိပ္ပာယ်ပါသည့် အသံမျိုး ရယ်တာဖြစ်ကြောင်း သူမကိုယ်သူမ သိပါသည်။

"ငါနိုင်ခဲ့ရင်ရော၊ နှင် ဘာလုပ်ပေးမလဲ ပြောဦး၊ လောင်း ကြေးဆိုတာ တစ်ဖက်သတ်ပဲ မဟုတ်ဘူးလေ"

"နှင်နိုင်ခဲ့ရင်လား၊ ငါ့ဆီက ငါအကြိုက်ဆုံး၊ အမြတ်နိုးဆုံး ပစ္စည်းကို နှင် တောင်းနိုင်တယ်"

"နှင့်အကြိုက်ဆုံးက နှင့်ရဲ့ Twin Cam လေး"

"အဲဒါလည်း ဟုတ်တယ်"

"နောက်ပြီး နှင့်ရဲ့ DJ ပစ္စည်းတွေ"





"အင်း ..."

"DJ ပစ္စည်းတွေက ဘာလုပ်မှာလဲ၊ ငါနဲ့လည်း အသုံးမ တည့်ပါဘူး။ နှင့်ရဲ့ကားလေးပဲယူမယ်၊ ပေးနိုင်လား"

ခင်လိပ်ပြာ ဒီကားလေးကို သိမ်သဘောကျလှတာ ကြောင့် ဂျပန်က ရောက်ရောက်ချင်း ကိုယ်တိုင် အရင်ဦးဆုံး ပိုင်ရှင်ဖြစ်ရအောင် ဝယ်ထားရသည်ဖြစ်ရာ သိပ်တော့ မပေးချင်။ ခင်လိပ်ပြာ၏ဖေဖေက ဂျပန်ကကားပစ္စည်းတွေ၊ ကားဘော်ဒီ အစိတ်အပိုင်းတွေ၊ အင်ဂျင်တွေ မှာယူတင်သွင်းသောကုမ္ပဏီဖွင့် ထားတာမို့ ဒီကားလေးကို မှာယူရရှိနိုင်ခဲ့တာပင်။ ဒါကြောင့် တစ်လက်ကိုင် တစ်ဦးတည်းမောင်းသည်ဖြစ်ရာ ကားလေးက တော်တော့်ကို ကောင်းပါသည်။ ကားထဲမှာ ခင်လိပ်ပြာစိတ်ကြိုက် ထည့်ထားသော ကက်ဆက်ရဲ့တန်ဖိုးကလည်း မနည်း။ သွားလေ ရာ ပါနေကျ အဖော်တစ်ယောက်လိုမို့ အနီရဲရဲ Twin Cam ကား လေးကိုတွေ့ရင်၊ DJ တီးလုံးသံပြင်းပြင်းဖွင့်သော ဒီကားလေးကို တွေ့ရင် ခင်လိပ်ပြာပဲဆိုတာ ဆွဲမရအောင် ရှိနေတတ်သည်။ ခင် လိပ်ပြာရဲ့ Trade Mark (ထရိတ်ထ်မာ့ခ်)ထဲမှာ တစ်ခုအပါအဝင် ဖြစ်သော ဒီကားလေးကို ပေးပစ်ရမတဲ့လား။ အိုး ... နေဦးလေ။ ငါရှုံးမယ်လို့ ဘာကြောင့် ကြိုပြောရမှာလဲ။ လင်းထင်းလိုကောင် များ သုံးလတောင် ကြိုးစားစရာ မလိုဘူးလေ။

"သိပ်စဉ်းစားသွားရပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"မစဉ်းစားပါဘူး"

"ဒါဖြင့် ကျေနပ်တယ်ပေါ့"

"ကျေနပ်တယ် ... ရတယ်၊ ဒီနေ့ကစပြီး စောင့်ကြည့်နေတော့နော်"



## ၃

"မောင်လင်းထင်းရေ ... မင်းကိုလာကြိုတဲ့ကား ရောက်နေပြီတဲ့"

"ခင်ဗျာ"

လင်းထင်းသည် တအံ့တဩပင် အာမေဋိတ်သံပြုမိသွားပါသည်။ အိမ်ရှင်အန်တီ၏ မျက်နှာမှာလည်း အံ့ဩမှုလေးတွေ ရှိနေလျက်၊ တစ်စုံတစ်ခုကို မေးချင်ဟန်တွေ တွေ့နေရသည်။

ဒီနေ့ လင်ထင်း စာလာသင်ရသော (ဂိုက်ဒ်လုပ်ပေးသော)အိမ်ကို မလာခင်၊ ကားစက်နိုးမရ၍ ကားကို ဒီတိုင်းထားခဲ့ပြီး ဘတ်စ်နဲ့ ဒီအိမ်ကိုရောက်လာပါသည်။ ဒီအိမ်ကလည်း သင်ချိန်ပြီးလျှင် ထစ်ခြားတစ်ယောက်အိမ် ပြောင်းဖို့ကို လိုက်ပေးမည်ဟု ပြောထားပြီးသား ဖြစ်နေပါသည်။ သို့သော် ... စာသင်လို့ပြီးခါနီးလေးအချိန်မှာ ဘယ်လိုကဘယ်လို လာကြိုသူကပေါ်လာရသနည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုမှ လာကြိုဖို့ မမှာထားခဲ့ပါဘူး အန့်တီ၊ ဘယ်သူလာကြိုနေတာလဲ"

"ခင်လိပ်ပြာလို့ ပြောတယ်"

"ခင်ဗျာ"

ခင်လိပ်ပြာဟူသော အမည်ကို ဖျတ်ခနဲ ကြားလိုက်ရသော လင်းထင်းရဲ့ကျောင်းသား ထွန်းထွန်းထံမှ ရှီ … ရှီနဲ့ လေသံတစ်ချက်ချွန်လိုက်သံ ပေါ်လာသည်။

"ဘာဖြစ်လို့ လေချွန်ရတာလဲ"

"ခင်လိပ်ပြာဆိုတဲ့ နာမည်မျိုးက နှစ်ယောက်မရှိဘူးလေ ကိုလင်းထင်းရဲ့"

"အဲ့မှာ … မင်း ဘာကြောင့် သိရတာလဲ"

"DJ ခင်လိပ်ပြာကို မသိရင် ခေတ်နောက်ကျသွားမှာပေါ့၊ ယောကျ်ားလေးတွေပဲ ဆရာကြီးဖြစ်နေတဲ့ DJ ခင်လိပ်ပြာကလည်း ယောကျ်ားလေးတွေကို ယှဉ်နိုင်တဲ့ အစွမ်းအစနဲ့ ဝင်နေရာရနေတဲ့ DJ တစ်ယောက်လေ"

"စိတ်ရှုပ်စရာတွေ"

"DJ တီးလုံးတွေက ပျော်စရာကောင်းပါတယ် ကိုလင်းထင်းရဲ့"

"ငါသိပါတယ်၊ ငါ အခုပြောနေတာက ငါနဲ့လည်းမသိဘဲနဲ့ ငါ့ကို ဘာကြောင့် လာကြိုရသလဲဆိုတာ တွေးပြီး စိတ်ရှုပ်လို့ပြောတာ"





"ဟား … ဟား … ကိုလင်းထင်း မညာပါနဲ့ဗျာ၊ တကယ် မသိဘဲနဲ့တော့ ကိုလင်းထင်းကို လာမကြိုပါဘူး၊ ကားမျက်တာလည်း သိတယ်။ စာသင်ချိန် ဘယ်အချိန်ပြီးမလဲပါ သိတယ်ဆိုတော့ …"

လင်းထင်းမှာ ဘယ်လိုရှင်းပြရမှန်း မသိတာကြောင့် ထွန်းထွန်းကိုသာ အနိုင်ပိုင်းပြီး …

"ဟေ့ … ဟေ့ကောင်၊ စကားရော ဖောရောနဲ့ လုပ်မနေနဲ့၊ မင်းကို ကျက်ခိုင်းထားတဲ့အပုဒ် ရအောင်ကျက်၊ ဒါပြီးမှ အတန်းဖြုတ်မယ်"

ဟု အမိန့်ပေးလိုက်ပါသည်။

"ကျွန်တော် မရနိုင်ဘဲ ထစ်အ ထစ်အ ဖြစ်နေရင်ရော"

"ရရမှာပေါ့၊ ငါ ဒီလောက်ရှင်းပြပြီးနေတာ"

"ခင်လိပ်ပြာ အိမ်ရှေ့မှာ စောင့်နေတယ်ဆိုတဲ့ စိတ်ကူးက ရှိနေတော့ စာကမရနိုင်ဘူး ဖြစ်နေပြီ"

"အဲဒါဆို မင်း ငါ့အစား သွားပြောပေးမလား။ ငါ သူ့ကားနဲ့ မလိုက်နိုင်ဘူး၊ မစောင့်ပါနဲ့လို့"

"ကိုလင်းထင်နဲ့ ခင်လိပ်ပြာ တစ်ခုခုတော့ တစ်ခုခုပဲ၊ သူများကြား ဝင်မပါချင်ပါဘူးဗျာ၊ ငရဲကြီးနေပါမယ်"

"ဟေ့ကောင် … သူနဲ့ငါ ဘာမှမဆိုင်ဘူး"

"ဟီး ဟီး"



www.burmeseclassic.com

www.burmeseclassic.com



**ထွန်းထွန်း**က မယုံသလိုအသံဖြင့်ရယ်ကာ သူ့ကို [illegible]ထားသောစာကို ဆက်ကျက်နေသည်။ လင်းထင်းမှာ **ဒီအိမ်က**ပြီးရင် ရင်ဆိုင်ရမယ့်အဖြစ်ကိုတွေးပြီး စိတ်အတော်ကြီး ရှုပ်လျက် လေအေးစက်ကြောင့် အေးနေသောအခန်းထဲမှာပေမယ့် စိတ်ကြောင့် ပူအိုက်လောင်မြိုက်သလိုဖြစ်ကာ၊ ဝတ်နေကျတိုက်ပုံ ကိုပင် အသာချွတ်မိသည်။ ရုပ်လက်ရှည်တို့၏ ကြယ်သီးတွေကို လည်း ဖြုတ်လိုက်ပြီး ခဏခေါက်တင်မိသည်။

ရုပ်အင်္ကျီလက်ရှည်ရယ် တိုက်ပုံရယ် ပုဆိုးရယ်ဆို တာက လင်းထင်း ငယ်ငယ်တည်းက အမေဆင်ပေးတတ်တဲ့ အဝတ်အစားတွေမို့ နေသားကျကာ အဲဒါတွေမှ မဝတ်ရရင် တစ်ခုခု လိုနေသလို ခံစားရတတ်သည်။ အမေဟာ ဘာကြောင့်မှန်း မသိ လင်းထင်း ကလေးဘဝတည်းကရော လူပျိုဖားဖားဖြစ်လာတဲ့ အထိရော ဒီဝတ်စုံကိုပဲ ဝတ်စေခဲ့ပါသည်။ လင်းထင်းကလည်း တခြားလူငယ်တွေလို မဟုတ်ဘဲ ဒီဝတ်စုံကိုပဲ နှစ်ခြိုက်နေကာ အခု အရွယ်ရောက်လာတဲ့အထိတောင် ဒါကို ဆက်လက်ခံပြီး ဝတ်နေဆဲဖြစ်သည်။

လင်းထင်းက ဆယ်တန်းမှာ ခြောက်ဘာသာဂုဏ် ထူးနဲ့အောင်ပြီး မြန်မာတစ်ပြည်လုံး Top Ten (တော့(ပ)တန်း)ထဲ ဝင်ပေမယ့် အမှတ်အမြင့်ဆုံးဖြစ်သော ဆေးတက္ကသိုလ်ကို မတက် ခဲ့ပါ။ အင်ဂျင်နီယာတစ်ယောက်ဖြစ်ချင်ပြီး ဗိသုကာပညာကိုလည်း





စိတ်ဝင်စားလှတာမို့ နည်းပညာတက္ကသိုလ်ကိုသာ ရွေးချယ်ခဲ့ပါ သည်။ အခုတော့ ဗိသုကာဘာသာရပ်ဖြင့် တတိယနှစ်လည်းတက် ရင်း ကျောင်းအားချိန်တွေမှာတော့ ကိုးတန်းနဲ့ဆယ်တန်းကျောင်း သား စုစုပေါင်းငါးယောက်ကို တစ်အိမ်စီလှည့်ပြီး ဂိုက်ဒ်လုပ်ပေး လျက် အပိုဝင်ငွေရှာနေဆဲ ဖြစ်ပါသည်။

အဲဒီလို အေးအေးချမ်းချမ်းနဲ့ ကိုယ့်ကျောင်းကိုယ် သွားတက်လိုက်၊ စာသင်စရာရှိ သွားသင်လိုက်လုပ်ရင်း ဖြတ်သန်း နေခဲ့တာ အခုအချိန်လောက် စိတ်ရှုပ်ထွေးစရာ မကြုံခဲ့ဖူးဘူးဟု ထင်သည်။ ဘယ်ကဘယ်လို ပေါ်လာသည်မသိသော မိုးကျရွှေ ကိုယ်လို ဖြစ်နေသည့် ခင်လိပ်ပြာကြောင့် လင်းထင်းမှာ အတော် ပင် စိတ်ညစ်ညူးနေလေသည်။ သူ့ဘဝမှာ မိန်းကလေးတစ် ယောက်၏ နှောင့်ယှက်မှုကို ခံရလိမ့်မယ်လို့ ဘယ်တုန်းကမှလဲ မထင်ခဲ့ပေမယ့် အခုတော့ တကယ်ကြုံရလေပြီတည်း။

"ကိုလင်းထင်း ... ကျွန်တော် ဆိုရတော့မလား"

"ဩော် ... အေး ... ဆိုလေ"

"ကိုလင်းထင်း ဒီနေ့ စိတ်မပါတော့ရင်လည်း ရတယ်နော်၊ နောက်နေ့မှ ကျွန်တော် ဆိုလို့ရတယ်"

"အံမာ ... စာကိုအကြွေးမထားပါနဲ့ မောင်ရင်ရာ၊ ငါက ဘာလို့ စိတ်မပါရမှာလဲ"

"တိုက်ပုံတွေ ဘာတွေတောင် ချွတ်ထားရပြီဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... ထဲ ... တော် ... တော်။ ဒီအပုဒ်ရပြီဆိုရင် တစ်ခေါက်ပြန်ပြောကြည့်ပါဦး၊ မင်း ဒါရမှ ဖြစ်မယ်နော်။ ဒီအပုဒ်က ဒီနှစ်အတွက် အရမ်း Hot နေတာ။ ဝါကိုပါမယ့်အပုဒ်။ ဆယ့်ငါးမှတ် သေချာပြီးသားကိုမှ ကိုယ်မရလိုက်ရင် ခံရမယ်"

"ဟူး ... ဒီဆရာကြီးက မလွယ်ပါဘူး"

ထွန်းထွန်း ခေါင်းကုတ်ရင်း သူ့ကိုပေးထားသော စာတစ်ပုဒ်ကို လင်းထင်းအား အလွတ်ပြန်ရွတ်ပြနေရပါသည်။

ထွန်းထွန်းက ဉာဏ်ကောင်းပေမယ့် လူငယ်ပီပီ အပျော်အပါး အသွားအလာများကာ အဆိုတော်ပဲလုပ်တော့မလိုလို၊ မော်ဒယ်လ်ပဲ လုပ်မလိုလို၊ Dancer (ဒန်ဆာ)ပဲ လုပ်ရမလိုလို၊ နိုင်ငံခြားမှာပဲ ကျောင်းသွားတက်ရင် ကောင်းမလိုလို စသဖြင့် ရေရေရာရာ ဘာရည်ရွယ်ချက်မှ မရှိလေရာ စာဘက်မှာ အာရုံစိုက်မှု နည်းနေလေသည်။ မိဘတွေကတော့ ဘာသာစုံဂုဏ်ထူးထွက်ကာ ဆေးကျောင်းအရင်တက်စေချင်ပြီး ကျောင်းပြီးမှ စာဆက်သင်ချင်ရင် နိုင်ငံခြားလွှတ်မည်ဟု ရည်ရွယ်ထားကြတာမို့ လင်းထင်းကို အားကိုးလေသည်။ လင်းထင်း ကြပ်ကြပ်မတ်မတ် ဂိုက်ဒ်လုပ်ပေးစေချင်သဖြင့် လင်းထင်းကလည်း သူ့တာဝန်သူ ကျေအောင်တော့ လုပ်ပါသည်။





ထွန်းထွန်း စာလည်းရပြီမို့ စာသင်ချိန်လည်းစေ့နေပြီဖြစ်လေရာ ဗိုင်းဇာကိုရပ်လိုက်ပါသည်။ ခေါက်ထားသောအကျီလက်ကို ပြန်ချ၊ ကြယ်သီးတပ် တိုက်ပုံကောက်ဝတ် လုပ်နေသော လင်းထင်းကို ထွန်းထွန်း တစ်ယောက် ပြုံးစိစိနှင့် ကြည့်လေသည်။ အရွယ်ချင်း သုံးနှစ်ကျော်လောက်ပဲကွာပြီး လင်းထင်းကလည်း ဆရာတပည့်ပုံစံမနေဘဲ တရင်းတနှီးပင် သူငယ်ချင်းလို၊ ညီအစ်ကိုလို ဆက်ဆံလေရာ ဒီကောင်က လင်းထင်းကို မကြောက်လှပါ။

"ကိုလင်းထင်း ... ခုနပုံစံက ပိုမိုက်တယ်ဗျ"

"ဘာပုံစံလဲ"

"တိုက်ပုံမပါတဲ့ ပုံစံလေ"

"အင်း ... ပြီးတာပဲ"

"ပြီးတာပဲ လုပ်မနေနဲ့၊ အရမ်းမိုက်တဲ့ ခင်လိပ်ပြာနဲ့ ကိုလင်းထင်း တခြားစီဖြစ်နေမယ်၊ ဒီပုံကြီးကိုပြင်ဦး ... ဟဲ ဟဲ"

"တယ် ... ငါ ဆောင့်ကန်ထည့်လိုက်ရ"

ထွန်းထွန်း တစ်ယောက် လင်းထင်း နောက်ကပါလာပြီး ခြံဝမှာတွေ့ရမယ့် ခင်လိပ်ပြာနဲ့ လင်းထင်းပုံစံကို စိတ်ဝင်စားခြင်းကြီးစွာ ကြိုတင်ရင်ခုန်လျက် ပါလာသည်။ ခြံဝမှာတော့ ခင်လိပ်ပြာရဲ့ကားဟု လင်းထင်း သိထားပြီးဖြစ်သော အနီရောင်ကားလေးက ရပ်စောင့်နေသည်။ ခင်လိပ်ပြာကတော့



www.burmeseclassic.com

www.burmeseclassic.com



ကားရှေ့ဘောနက်ပေါ်ထိုင်လျက် လင်းထင်း ထွက်အလာကို ဒူးခေါင်းလက်ထောက်မေးတင်ပုံစံဖြင့် မရယ်မပြုံးမျက်နှာနဲ့ စောင့်နေသည်။

ဒီတစ်ခါတော့ Bon Jovi စတစ်ကာပါသော တီရှပ်ခရမ်းရင့်ကို ဝတ်ထားပြန်ကာ အကောင်းစား Levi 501 (လီဗိုင်း ဖိုက်အိုဝမ်း)အနက်ရောင် လည်ပင်းရှည်လည်သာဘုတ်တို့ကို ဝတ်ထားပြန်သည်။ မိတ်ကပ်ပါးပါးသာ တင်ထားတဲ့ မျက်နှာပြင်တွင် နှုတ်ခမ်းဆိုးဆေးကတော့ပြိုင်ကားအရောင်လိုပဲ နီနီရဲရဲ ဖြစ်နေသည်။

"ကိုလင်းထင်း ... ကိုလင်းထင်း"

လင်းထင်းအပြင်ကိုမထွက်ရဲသလိုဖြစ်ကာ ထွန်းထွန်းတို့အိမ်ပေါက်ဝမှာ ချီတုံချတုံ ဖြစ်နေစဉ် ထွန်းထွန်းက သတိပေးသလိုလို၊ သံဝေဂရသလိုလို၊ စပ်စုချင်သလိုလို ဘာမှန်းဝေခွဲမရသော အသံဖြင့် ကပ်ခေါ်လေသည်။

"ဘာလဲ"

"ကောင်မလေး စောင့်နေပြီ"

"ဘာကောင်မလေးလဲ"

"ကောင်မလေး မဟုတ်လို့ မိန်းမကြီးလို့ ပြောရမှာလား ဗျာ။ အထအနတွေ ကောက်မနေပါနဲ့။ ဟိုမှာ စောင့်နေရတာ အားနာစရာ၊ သွားလိုက်ပါတော့"





"ငါ့ကို သူ ဘာမှလာကြိုစရာ မလိုဘူးကွ"

လင်းထင်း ပြောမိပြောရာတွေ ပြောလျက် နောက်ဆုံးတော့လည်း အိမ်ထဲက မထွက်ရင် မရတာမို့ ထွက်လာလိုက်ရသည်။ သေချာတာကတော့ ထွန်းထွန်းတို့ တစ်အိမ်လုံးဟာ လင်းထင်းတို့နှစ်ယောက်ကို အိမ်ထဲကနေ နည်းမျိုးစုံနဲ့ ချောင်းကြည့်နေကြမယ် ဆိုတာပင်။

လင်းထင်း ခြံဝရောက်ခါနီးတော့မှ ခင်လိပ်ပြာက ကားရှေ့ဘောနက်မှာ ထိုင်နေရာမှ မြေပြင်ပေါ်သို့ ဆတ်ခနဲခုန်ချလာပါသည်။

"လာကြိုတာ"

ဟု ခပ်ပြတ်ပြတ် မတင်းမမာအသံဖြင့် လှမ်းပြောသည်။

"ခင်ဗျားကို ဘယ်သူကမှ လာမကြိုခိုင်းဘူး"

"ခင်လိပ်ပြာက သူများခိုင်းရင်လည်း လုပ်ချင်မှလုပ်တယ်။ သူများက မလုပ်ခိုင်းရင်လည်း အတင်းလုပ်ချင်တာ ဇွတ်လုပ်တတ်တယ်"

"ခင်ဗျားနဲ့ကျွန်တော် ဘာမှမဆိုင်ဘူး။ သိလည်းမသိဘူး။ ဒီတော့ လာကြိုပေးစရာကို မလိုဘူး"

"ဘယ်သူကရော ဆိုင်တယ်ပြောလို့လဲ။ သူ သွားရလာရ ခက်နေမှာစိုးလို့ လမ်းကြုံတုန်း စေတနာနဲ့ ဝင်ခေါ်ပြီး သွားစရာရှိတဲ့နေရာကို ပို့ပေးမလို့ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကားပျက်တာ ဘယ်လိုလုပ်သိလဲ"

"မမေးနဲ့ သေတောင်မပြောဘူး"

"ခင်ဗျားမပြောလည်း နေပါ။ ကျွန်တော်လည်း ခင်ဗျားကားကို အလကားနေရင်း လိုက်မစီးနိုင်ပါဘူး"

"ဟိုတစ်ခါ ရှင့်ကားနဲ့ လိပ်ပြာကားကြုံလိုက်စီးတယ်လေ။ ဒီတော့ အကြွေးတင်နေတယ်။ ဒါကြောင့် အကြွေးပြန်ဆပ်တာ။ လက်ခံလိုက်ပါ ဒီဘဝမှာ သူများအကြွေးတင်နေရင် နောက်ဘဝမှာ တစ်မျိုးမဟုတ်တစ်မျိုးပုံစံနဲ့ လိုက်ဆပ်ရတတ်တယ်ဆိုတာ ကြားဖူးပြီး ကြောက်လို့ပါ"

လင်းထင်းက ဘာမှဆက်ငြင်းခုန်မနေတော့ဘဲ ခင်လိပ်ပြာ၏ကားကို ကျော်ဖြတ်ကာ လျှောက်သွားလျှင် ခင်လိပ်ပြာက ...

"အိုခေ ... မလိုက်လဲနေ"

ဟု တစ်ချက်ပြောကာ ကားပေါ်တက်ပြီး ကားစက်နှိုးသံ ကြားရသည်။ ကောင်းတယ် ... သူ့ဘာသာ ထွက်သွားပြီလို့ တွေးပြီး ဝမ်းသာမလို့ကြံတုန်း လင်းထင်း နံဘေးမှာ ခင်လိပ်ပြာရဲ့ကားက ဘွားခနဲ ဘီးလှိမ့်ရုံ ပါလာတော့လေသည်။

"လင်းထင်း ... ရှင့် ကားပေါ်မတက်မချင်း လိုက်မှာနော်"

လမ်းသွားလမ်းလာတွေ ကြည့်ကြသဖြင့် လင်းထင်း ထူပူကာ ရှက်ရွံ့ပြီး မျက်နှာမထား ဘတ်အောင်ဖြစ်လျက် ...





"ခင်ဗျား ... ခင်ဗျား ... မရှက်ဘူးလား"

ဟု ထစ်ထစ်အအ လှည့်မေးမိသည်။

"ရှင့် စကားထစ်တတ်တာ ခုမှသိတယ်၊ ကြည့်စမ်း"

ခင်လိပ်ပြာကတော့ သူ့မေးခွန်းကို မဖြေဘဲ လင်းထင်းရဲ့အားနည်းချက်ကို သိလိုက်ရ၍ ဝမ်းသာအားရ ဖြစ်သွားသလိုအသံဖြင့် ပြောနေလေသည်။

"ကျွန်တော် စကားမထစ်ပါဘူး"

"မလိမ်နဲ့၊ ခုနက ထစ်တယ်"

"အဲဒါ ... အဲဒါ ကျွန်တော် စိတ်လှုပ်ရှားမှ"

"စိတ်လှုပ်ရှားတယ်ပေါ့ ... ဟုတ်လား"

"မခင်လိပ်ပြာ ... ကျွန်တော့်ကို ဘာရန်ငြိုးရှိလို့ ဒီလိုလုပ်နေတာလဲဗျာ"

"ရန်ငြိုးရှိရင် ဒီလိုမလုပ်ဘူး။ ရှင့်ကို ကားနဲ့လိုက်တိုက်သတ်နေမှာ"

"လူတွေ ... လူတွေ ... ကြည့် ... ကြည့်ကုန်ပြီ"

"အကြည့်မခံချင်ရင် တက်လိုက်ခဲ့"

လင်းထင်းမှာ နောက်ဆုံးတော့ ကြံရာမရတော့ဘဲ ခင်လိပ်ပြာ၏ကားတံခါးကို အမြန်ဆုံးဖွင့်ပြီး ဝင်ထိုင်လိုက်ရတော့လေသည်။ သူ့တစ်သက်မှာ တစ်ခါမှ လူတွေက စိတ်ဝင်တစား လှည့်ကြည့်တာ၊ အာရုံစိုက်ခံရတာမျိုး မကြုံဖူး၍ လူက အရှက်ကြီးရှက်ကာ တုန်ယင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ၊ စာသင်ရမယ့်နောက်တစ်အိမ်ကို သွားဦးမှာလား"

"သွားမှာပါ"

"ကော်ဖီလေး ဘာလေး သောက်ပါဦးလား၊ ဟိုဘက်အိမ်က လေးနာရီမှစရမှာလေ။ အခုမှ သုံးနာရီခွဲပဲရှိသေးတယ်"

"ခင်ဗျား ကျွန်တော့်အကြောင်းတွေ ဘယ်လိုသိနေလဲ"

"ဒီလိုပဲပေါ့"

"ကျွန်တော့်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တာတော့ မကောင်းပါဘူး"

"ကားနဲ့လာကြိုပေးတာပဲ စိတ်အနှောင့်အယှက် ဖြစ်စရာလား။ လင်းထင်းအတွက် ထက္ကစီခတောင် သက်သာသေးတယ်"

"ထွန်းထွန်းတို့အိမ်က တစ်မျိုးထင်မှာပေါ့"

"ဘာလို့ တစ်မျိုးထင်ရမှာလဲ"

"ဟိုဟာ ... ဟိုလို ... ဟိုဒင်း ဖြစ်တာပေါ့"

"ဘာတွေလဲ ... ဘာမှမသိဘူး။ ကဲ ... ကော်ဖီသောက်မယ်နော်"

"မသောက်ဘူး"

"ရှင် မလိမ်ပါနဲ့ လင်းထင်းရယ်။ ဂိုက်ဒ်သင်ရမယ့်အိမ် တစ်အိမ်နဲ့ တစ်အိမ်ကြားမှာ အနည်းဆုံး လေးဆယ့်ငါး





မိနစ် ခြားထားတယ်။ အချိန်သိပ်ပိုနေရင် ကော်ဖီဆိုင်ထိုင်တတ်တယ်ဆိုတာ လိပ်ပြာ သိပါတယ်ရှင်။ လိမ်ဖို့မကြိုးစားပါနဲ့၊ လိမ်တာဟာ မကောင်းဘူး"

ဒီလိုနဲ့ပဲ လူတွေစိတ်ဝင်တစား ကြည့်တာကို ခံနိုင်ရည်မရှိသော လင်းထင်းဟာ လုံးဝ ခြားနားကွဲပြားနေသော opposite (အောပိုဆစ်)ပုံစံ သူတို့နှစ်ဦးကို ဝိုင်းကြည့်လေ့လာခံရတဲ့အဖြစ်ကို ရင်ဆိုင်ရတော့လေသည်။

ခင်လိပ်ပြာကတော့ ဒါကိုပဲ ကျေကျေနပ်နပ်ဖြစ်ရင်း ရှေ့ကနေ ဦးဆောင်ဝင်သွားသည်။ လင်းထင်း တစ်ယောက် အားနည်းပျော့ညံ့လှပြီး ခင်လိပ်ပြာကို ငြင်းဆန်နိုင်စွမ်းမရှိသည့်သူ့ကိုယ်သူ စိတ်တိုမုန်းတီးရင်း နောက်ကပါလာရတော့သည်။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၄

တစ်ဖက်မှပြောနေသော ခင်လိပ်ပြာ အသံကို ဖုန်းထဲမှတစ်ဆင့် နားထောင်ရင်း ဝင့်ဝင့်သည် သူမအခန်းထဲမှတစ်ဆင့် မြင်နေရသော လင်းထင်းတို့အိမ်ကို လှမ်းကြည့်နေမိသည်။ လင်းထင်းတို့အိမ်က ဒီလိုရပ်ကွက်၊ ဒီလိုနေရာမျိုးမှာဆိုရင်တော့ သိပ်ကြီးအပျံစား၊ အကောင်းစားကြီးမဟုတ်။ ခြံမကျဉ်းမကျယ်နဲ့ ခပ်ဟောင်းဟောင်း တစ်ထပ်ခွဲတိုက်ပုလေးပါသော အိမ်သာဖြစ်သည်။ ဝင့်ဝင့် ကြားသိရသလောက်ကတော့ လင်းထင်းတို့က ဒီအိမ်ကို အမွေရလိုက်လို့ ပြောင်းလာနေတာဟု သိထားပါသည်။

လင်းထင်းအမေက နာမည်ကြီး အထက်တန်းကျောင်းကြီးရဲ့ ကျောင်းအုပ်ဆရာမကြီးဖြစ်ကာ အဖေကတော့ တရားသူကြီးတစ်ဦးဖြစ်သည်။ လင်းထင်းမှာ အစ်ကိုတစ်ယောက်





ရှိပေမယ့် ထိုအစ်ကိုနဲ့ လင်းထင်းက အသက်ဆယ်နှစ်ကျော်ကွာပြီး အဲဒီကလည်း အိမ်ထောင်ကျပြီဖြစ်သဖြင့် သူ့ဘာသာသီးသန့်နေကြောင်းလည်း သိထားပါသည်။

ဝင့်ဝင့် ကြည့်နေချိန်မှာ လင်းထင်းက ခြံထဲဆင်းလာကာ လက်တွန်းမြက်ရိတ်စက်ဖြင့် မြက်စရိတ်နေတာ တွေ့ရသည်။ အိမ်နေရင်းကိုပင် ရှပ်အင်္ကျီလက်စကဖြင့် ပုဆိုးခပ်တိုတို ဝတ်ထားသေး၏။

ဘယ်တော့မှ တီရှပ်၊ သရီးကွာတား၊ ဘောင်းဘီတို ဝတ်တာ မမြင်ဘူးခဲ့။ သူမို့ နေပဲနေတတ်တယ်ဟု ဝင့်ဝင့် အံ့သြမိနေသည်။

"သိလား ဝင့်ဝင့်။ သူ အဲဒီနေ့က ငါ့မေးခွန်းတွေကို အလှူးအလဲ ခံရတယ်"

တစ်ဖက်မှ ခင်လိပ်ပြာကလည်း မနေ့တစ်နေ့က အကြောင်းကို ကြွားဝါလို့ ကောင်းနေပြန်သည်။ မိန်းကလေးတန်မဲ့ လုပ်ရဲလှသော ခင်လိပ်ပြာကိုတော့ ဝင့်ဝင့် လက်ဖျားခါမိသည်။ အရှက်ကို မရှိဘူးဟုလည်း စိတ်ထဲတွင် ကဲ့ရဲ့လို့ကောင်းနေတော့လေသည်။

"နင်က ဘာတွေမေးလို့လဲ မေးစရာတောင် မလိုဘူး။ ငါ ဆီကမေးတာရော။ နင့်ဘာသာ စုံစမ်းထားတာရော"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဝဲပေါ့၊ ဘာများ ထပ်ကြားရဦးမလဲ သိချင်ပြီး personal (ပါဆင်နယ်)နဲ့ဆိုင်တာလေးတွေ မေးခဲ့တယ်"

"ပြောပါဦး ... ဘာသိရလဲ"

ဝင့်ဝင့်လည်း သိချင်သဖြင့် ဆက်မေးမိသည်။ အပြင်ပန်း သိထားတာတွေအပြင် ခင်လိပ်ပြာ ဘာများပိုသိသွားသလဲ။

တစ်ဖက်မှ ခင်လိပ်ပြာကတော့ မနေ့တစ်နေ့က မြင်ကွင်းကို ပြန်မြင်ယောင်နေမိတော့သည်။ ဒီလိုကောင်နဲ့တွဲရတာ ရှိုးတော့ပဲ့တာပေါ့။ တကယ့်ကို လုံးဝ တလွဲကြီးတွေပုံစံနဲ့ လိုက်လည်းမလိုက်ဘူး။ ဒါပေမဲ့ အဖြူဟာ အမည်းနဲ့တွဲရင် ပိုပြီး ဖြူလာသလို အမည်းကလည်း ပိုပြီးမည်းသွားသလိုပဲ ခင်လိပ်ပြာ ပုံစံကလည်း ပိုထင်ရှားလာပြီး လင်းထင်းပုံစံကလည်း ပိုမြင်သာလာစေတယ်ဟု ခင်လိပ်ပြာ ယူဆပါသည်။

ကော်ဖီမှာသော ခင်လိပ်ပြာက သူမအကြိုက် Cafe latte (ကဖေးလာတေး)ကိုမှာပြီးလျှင် လင်းထင်းကို ...

"ရှင်ရော ... လိပ်ပြာနဲ့အတူတူ သောက်မလား"

ဟု မေးလေရာ ဒါကိုပဲ အသည်းအသန်ကြီး အကြောက်အကန်ငြင်းလျက် ...

"ဟာ ... မသောက်ပါဘူး။ ,မသောက်ဘူး၊ ဘာဖြစ်လို့ အတူတူ သောက်ရမှာလဲ"





ခင်လိပ်ပြာက လှောင်ပြောင်ချင်သလိုအသံဖြင့် ရယ်တောင်ရယ်ပစ်မိသည်။ သူကများ ငါနဲ့သူ့ကို ရည်းစားအထင်ခံရမှာ ကြောက်သလိုလို၊ စိုးရိမ်သလိုလိုနဲ့ ကော်ဖီတောင် ပုံစံတူတာ မသောက်ချင်ရတယ်ရှိသေး။

"ကျွန်တော့်ကို Espresso (အက်(စ)ပရက်ဆိုး)ကော်ဖီပေးပါ။ သကြားလုံးဝမထည့်ဘူး"

"လိပ်ပြာကတော့ အချိုကြိုက်တယ်။ သကြားထည့်မှကြိုက်တယ်။ လင်းထင်းက အချိုတွေ သိပ်မစားတော့ sugar (ရှုးဂါး)ဓာတ်တွေနည်းပြီး မှုးလဲနေဦးမယ် သတိထား။ Body ထဲမှာ သကြားဓာတ်ကတော့ လိုသင့်သလောက် လိုတာပဲ"

"ကျွန်တော် အချိုမကြိုက်ဘူး"

"ဒါဖြင့် ဘာကြိုက်လဲ အခါးလား၊ အချဉ်လား အစပ်လား"

"အစပ်"

"အိုးဟိုး ... ထူးဆန်းလိုက်တာ"

လင်းထင်း မျက်နှာကြီး ရှုံ့တွလျက် ...

"အစပ်ကြိုက်တာ ဘာမှမဆန်းဘူး"

ဟု မိန်းမကြီးလိုအသံနဲ့ မျက်စောင်းတောင် ထိုးလိုက်သေးကာ ပြန်ပြောပါသည်။

"အဲဒီလို မျက်စောင်းမထိုးနဲ့ မိန်းမနဲ့တူတယ်"



www.burmeseclassic.com

ဒီလိုဝေဖန်လိုက်တော့ ရှက်ပြီး သူ့မျက်နှာကို လူမမြင်အောင် တအားကို ငုံ့ချထားပုံများ လူတွေသာမရှိရင် ခင်လိပ်ပြာတော့ အားပါးတရပင် ဗိုက်နှိပ်ပြီး ရယ်မိမည်ထင်သည်။ အခုတောင် ရယ်ချင်လွန်းအားကြီးလို့ အောင့်ထားရတာမို့ အသည်းထဲမှာ ကလိ ... ကလိနဲ့ ယားနေကာ နေရတာ သက်သောင့်သက်သာပင် မရှိလှ။

"အစပ်ဆိုတာ မိန်းကလေးတွေ ကြိုက်တာလေ"

"မိန်းမနဲ့ယောက်ျား အတူတူပဲ၊ မိန်းမမို့ ဒါကြိုက်ရမယ်၊ ယောက်ျားမို့ ဒါကြိုက်ရမယ်လို့ သတ်မှတ်လို့ မရဘူး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... မှတ်ထားလိုက်ပါမယ်"

လင်းထင်း သူ့ကိုရွဲ့ရမလားဟု စိတ်ဆိုးပြီး မျက်စောင်းထပ်ထိုးမိတော့မလို ပြင်ပေမယ့် ခင်လိပ်ပြာ ခုလေးတင် ဝေဖန်ထားတာကို သတိရသွားသလိုဟန်ဖြင့် ချက်ချင်း အမူအရာ ပြင်လေသည်။

"အစားအစာထဲမှာရော ဘာကြိုက်လဲ"

"ခင်ဗျားနဲ့ ဘာဆိုင်လို့ သိချင်ရတာလဲ"

"ပြောမှာလား မပြောဘူးလား"

"........"

"ပြောရင် လင်းထင်းက အချိုမကြိုက်ဘူး၊ အစပ်ကြိုက်ပါတယ်ဆိုတာ တစ်ဆိုင်လုံးကြားအောင် အော်ပြောပေးမယ်"





"ဟာ ... မလုပ်နဲ့ မပြောပါနဲ့"

"ရှင်ပဲ အစပ်ကြိုက်တာ မဆန်းဘူးဆို"

"ဒါပေမဲ့ ကိုယ့်အကြောင်း သူစိမ်းတွေ သိကုန်တာတော့ ဘယ်ကောင်းမလဲ။ ခင်ဗျားမေးလို့ပြောတာ ခင်ဗျားပဲသိပေါ့"

"ဟုတ်ပြီ ... ဒါဆို ဒီကခင်ဗျား မေးနေတာတွေပဲ ဖြေပေါ့။ ဘာတွန့်တိုနေတာလဲ"

ခင်လိပ်ပြာက သူ့ကိုယ်သူ လက်ညှိုးပြန်ညွှန်ပြီး "ဒီကခင်ဗျား"ဟု စနောက်လိုက်မိပြန်သည်။ သူ့ပါးစပ်ထဲ ခင်ဗျား ခင်ဗျားနှင့် ပြောဆိုသုံးနှုန်းတာ ခံရတိုင်း ရင်ထဲမှာ အဲဒါကြီးကို အလိုလို မုန်းနေမိတော့သည်။ လိပ်ပြာကို လိပ်ပြာလို့တောင် တစ်ခွန်းမှ မခေါ်သော လင်းထင်း၏စကားပြောဆိုမှုပုံစံကို ညချ ယူရသည်။ သူဟာ ကိုယ့်အပေါ် ချက်ချင်းကြီး ကြွေလာမယ်လို့တော့ မမျှော်လင့်ပေမယ့် မိန်းကလေးနဲ့ ယောက်ျားလေးပဲ။ ရွယ်တူချင်းတွေပဲ။ စကားပြောပုံဆိုပုံဟာ ဒီလောက်ကြီးတော့ လူကြီးဆန်နေစရာမလို။ သူစိမ်းဆန်နေစရာမလိုဟု ထင်မိပါသည်။

"ရှင်က အစပ်ကြိုက်တယ်ဆိုတော့ ထိုင်းစာကြိုက်တယ်ပေါ့"

"ဘာလို့ ကြိုက်ရမှာလဲ၊ မြန်မာလူမျိုးပဲ မြန်မာထမင်းဟင်းပဲ ကြိုက်တာပေါ့"

www.burmeseclassic.com



"အရောင်ရော"

"မပြောတော့ဘူး"

"ပန်းရောင် ကြိုက်လား"

"မိန်းမဆန်တဲ့အရောင်ကြီး"

"ဒါဖြင့် ခရမ်းရောင်"

"မိန်းမအရောင်တွေပါဗျာ"

"ဟုတ်ပြီ ... အနီရောင်"

ခင်လိပ်ပြာ တမင်ပဲ ယောကျ်ားလေးတွေ မကြိုက်နိုင်သောအရောင်တွေ လျှောက်ပြောကာ စနောက်နေမိပြန်သည်။ သူ မကြိုက်တာပြောလေလေ မျက်မှောင်ကြီးတွန့်ချိုးကာ စိတ်အလိုမကျလေလေပုံ ပေါက်နေသော လင်းထင်းကို အဘိုးကြီးအိုလေး ကျနေတာပဲဟု ကဲ့ရဲ့နေမိသည်။ ရုပ်က သိပ်အချောကြီးလည်းမဟုတ်၊ သာမန်ယောကျ်ားလေးတစ်ယောက်ပုံစံသာထွက်လျက် ရုပ်လည်းမဆိုး၊ ချောလည်းမချောသော လင်းထင်းသည် ခင်လိပ်ပြာအတွက်တော့ ကစားစရာ အရုပ်တစ်ရုပ်လောက်သာ သတ်မှတ်ထားရတော့မည်ပင်။

"ကျွန်တော် အဖြူရောင်ပဲ ကြိုက်တယ်"

"ဖြူစင်ခြင်းရဲ့အဓိပ္ပာယ်ပေါ့"

"အဓိပ္ပာယ်တွေ ဘာတွေ ဖွဲ့နွဲ့မနေပါဘူး၊ ကြိုက်လို့ကို ကြိုက်တာ"





"ဘာဖြစ်လို့ ကြိုက်တာလဲ"

"အဖြူရောင်က ရှင်းတယ်၊ ဘာမှမရှိဘူး၊ အဲဒီလို ရှင်းနေတာကို ကြိုက်တာ"

"ဒါဆို လင်းထင်းနဲ့ လိပ်ပြာက တကယ့်ဆန့်ကျင်ဘက်တွေ သိလား။ လိပ်ပြာ ဘာကြိုက်တယ် ထင်လဲ"

သူ ဖြေလိမ့်မယ်လို့ မမျှော်လင့်ထားခဲ့ပေမယ့် သူက အမှတ်မထင်ဘဲ မှန်တေတေမျက်နှာဖြင့် ဖြေသည်။

"အနက်ပေါ့"

"ဟယ်"

ခင်လိပ်ပြာ အံ့အားသင့်ပြီး အာမေဋိတ်သံပြုမိသွားပါသည်။ ဖြေမယ်လို့ မထင်ထားတဲ့သူက ဖြေလည်းဖြေလိုက်သလို၊ အရောင်မှန်ကိုလည်း ဒက်ထိပြောနိုင်သေးရာ တော်တော်လေး အံ့သြသွားမိသည်။

"တော်လိုက်တာ၊ ဘယ်လိုလုပ် ကြိုသိလဲ"

"ခင်ဗျားပဲ ပြောတာလေ၊ ဆန့်ကျင်ဘက်ဆို"

"ရှင် မဆိုးဘူး၊ ဗေဒင်ဆရာလုပ်စားဖို့ ကောင်းတယ်"

သူ ဘာမှမတုံ့ပြန်လာတော့ ခင်လိပ်ပြာပဲ မနေနိုင်ဖြစ်ပြီး ...

"သိလား ... ဗေဒင်ဆရာတွေက ပညာတတ်တာလည်းတစ်ပိုင်း၊ လူ့အရိပ်အကဲ စကားအပြောအဆိုကိုကြည့်ပြီး ဟောပြောတာလည်း တစ်ပိုင်းနဲ့ လုပ်စားနေကြတာလေ"



www.burmeseclassic.com

www.burmeseclassic.com



လင်းထင်းကတော့ စကားဆက်မပြောတော့ဘဲ လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်ကာ ...

"ကျွန်တော် သွားမှဖြစ်တော့မယ်"

ဟု သတိပေးလိုက်သဖြင့် ခင်လိပ်ပြာလည်း ကော်ဖီတောင် ကုန်အောင်မသောက်နိုင်တော့ဘဲ ခပ်မြန်မြန် ထလိုက်ရသည်။

အံမယ် ... သူကတော့ ယောကျ်ားပီသစွာ၊ လူကြီးလူကောင်းပီသစွာပင် ခင်လိပ်ပြာအတွက် ကော်ဖီဖိုးကိုပါ သူ့ဘာသာ ထုတ်ရှင်းပြီးသား ဖြစ်နေသတဲ့။

ဝင့်ဝင့်ထယ်သည် ခင်လိပ်ပြာ ပြောနေသမျှ အနှောင့်အယှက်မပေးဘဲ အင်း ... အဲ ... ဩော် ... ဟုတ်လားတွေ ထောက်ပေးပြီး နားထောင်ပေးနေခဲ့ရာမှ အဆုံးသတ်ကိုရောက်တော့မှ ...

"ကြည့်ရတာ လင်းထင်းက မကြွေဘဲ နင်ကကြွေသွားတော့မယ့်ပုံပဲ"

ဟူ၍ မထိတထိလေး ဝေဖန်ပေးလိုက်ပါသည်။

ထိုသို့ဝေဖန်ခံလိုက်ရတော့ တစ်ဖက်မှ ခင်လိပ်ပြာ ရှုးရှုးရှဲရှဲ ဖြစ်သွားလျက် ...

"အံမာ ... ဘာကြွေရမှာလဲ၊ ဒီလိုပုံကြီးများ ကြွေစရာလား ဝင့်ဝင့်ရယ်၊ ကြည့်ကျက်လည်း ပြောပါဦး"





"ကြည့်ပြောတာပဲ၊ အခုပုံကလေ နင်ကချည်း သူ့ကောင်းကြောင်းတွေ၊ သူ လူချွေ့ရကြောင်းတွေ၊ တည်ကြည်ယောကျ်ားပီသတာတွေ စုံနေအောင် ချီးမွမ်းနေတော့ ငါ့စိတ်ထဲမှာ အဲဒီလို တွေးမိလာတာပဲ"

"ဝင့်ဝင့်နော် မဟုတ်တာ မပြောနဲ့၊ ငါကတော့ လုံးဝပဲ၊ လုံးဝစိတ်ဝင်စားမှာ မဟုတ်ဘူး၊ တစ်ယောက်နဲ့တစ်ယောက် ပုံစံချင်းတခြားစီ အကြိုက်ချင်းတခြားစီ ဘယ်လိုမှ ဖြစ်လာနိုင်မှာ မဟုတ်ဘူး"

"နင် မကြားဖူးဘူးလား၊ တစ်ခါတလေကျတော့လည်း အဲဒီလို ဆန့်ကျင်ဘက်တွေ စနေတာကို မုန်းရင်း မုန်းရင်းက ချစ်သွားတတ်ကြတယ် ဆိုတာမျိုးလေ"

"တော် ... တော် ... တော်စမ်း ... ဝင့်ဝင့်။ နင်နဲ့ငါ အလောင်းအစားတစ်ခုနဲ့ သူ့ကို ငါလိုက်ပူးနေတာလေ။ ဘာကြောင့် ငါ့ကို အလကားနေရင်း ဒီလိုပုံတုံးပုံရိုးကြီးနဲ့ ချစ်သွားပါမယ်လို့ တမင်ပြောနေတာလဲ။ ဘာလဲ နင်က အဲဒီလိုဖြစ်လာမယ့်အကွက်ကို ချောင်းနေတာလား"

ပြောရင်းနဲ့ ခင်လိပ်ပြာလေသံက မာလာပြီး ဒေါသသံပါလာသဖြင့် ဝင့်ဝင့်လည်း တဟင်းဟင်း တဟဲဟဲ ရယ်ပြလိုက်ကာ အနည်းငယ်တင်းမာချင်သွားသော အခြေအနေကို ဖြေဖျောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။ ဝင့်ဝင့်ထယ် ဆိုတာက ခင်လိပ်ပြာရဲ့ လုပထင်ပေါ်မှုတွေ၊ သူများနဲ့မတူတဲ့ ထူးချွန်မှုတစ်မျိုးနဲ့ DJ လောကမှာ နာမည်ကြီးတာတွေကို အားကျမနာလိုရင်းကပဲ ခင်လိပ်ပြာနား ကပ်လျက် ခပ်လိပ်ပြာကြောင့် ဝင့်ဝင့်ထယ်ကိုပါ လူသိများနေစေ ချင်သော ရည်ရွယ်ချက်နဲ့ ပေါင်းနေရတာလေ။ ခင်လိပ်ပြာကြောင့် ပဲ ဝင့်ဝင့်ထယ်ဟာ ဘာအရည်အချင်းမှလဲ သိပ်မရှိဘဲ အနုပညာ လောကအသိုင်းအဝိုင်းမှာ ဝင်ဆန့်လူသိများခံနေရသော အရသာ ကိုလည်း ရှူးသွပ်သာယာမက်မောနေရတာလေ။ ဒါကြောင့် ခင် လိပ်ပြာနဲ့ ခွာပြိကြလို့ ဘယ်ဖြစ်မလဲ။

အများအမြင်မှာ သိထားတဲ့ ခင်လိပ်ပြာရဲ့ BFF ဆိုတာကို အချိန်တစ်ချိန်ထိ တည်တံ့နေအောင်တော့ ဆွဲထားရ ဦးမှာပေါ့။

"နင့်ကို စနေတာပါ လိပ်ပြာရဲ့။ နင် မကြိုက်မှန်းသိလို့ စိတ်ဆိုးအောင် စနေတာ"

"အေး ... ဒါဆိုလည်း ပြီးရော၊ ဒါပေမဲ့ ဒီတစ်ခါနောက် ဆုံးဖြစ်ပစေနော်။ နင် နောက်တစ်ခါ အဲဒီလိုစလို့ကတော့ ငါက ငါ့ဘက်က up to date ဖြစ်တာတွေ မပြောတော့ ဘူး။ ငါနိုင်တဲ့အခါကျမှသာ နင့်ရှေ့ကို လက်ဆွဲခေါ်လာပြ လိုက်မယ်"





"အဲဒီလိုတော့ မလုပ်နဲ့ဟယ်၊ ငါအမြဲသိချင်ပါတယ်၊ လက်ဆွဲခေါ်လာပြမှ သိရတာမျိုးတော့ မကြိုက်ပါဘူး။ လိပ်ပြာကလည်းလေ ... ဘယ်လိုများ ဖြစ်နေတာလဲ။ ငါက တစ်ခါတလေလေး စ,မိပါတယ်"

ဝင့်ဝင့်ထယ် မကျေမနပ် ဖြစ်ရင်းကပဲ ခင်လိပ်ပြာ အကြိုက်ပြောပြီး ချော့မော့လိုက်ရပါသည်။ စိတ်ထဲမှာတော့ ဘယ် ကြည်ပါ့မလဲ။ ရွယ်တူအချင်းချင်းမှာ သူက နာတစ်ဖျားသာနေ သလိုလိုပုံစံနဲ့ ကိုယ့်ဘက်က လိုက်လျောအလျှော့ပေးရတဲ့ပုံစံကို ဘယ်ကြိုက်နိုင်ပါ့မလဲ။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၁

လင်းထင်းသည် ရှေ့ပင်းမောလ်၏ ကားပါကင် တစ်နေရာတွင် သူ့ကားကို အကျအနရပ်လိုက်ပြီး တံခါးဖွင့်ဆင်း လိုက်၏။ တံခါးဖွင့်ဆင်းဆင်းချင်းမှာပင် ဘေးမှာရပ်ထားသော ကားကို သတိပြုမိသွားသည်။ ပြိုင်ကားပုံစံ ပြားပြားရှည်ရှည် ကားနီနီလေး။ ဒီလိုကားမျိုးကို တွေ့လေ့တွေ့ထရှိပေမယ့် ကား တံခါးဘေး တစ်ဖက်တစ်ချက်မှာ မီးလျှံတွေထတောက်နေသော သဏ္ဌာန် လီမွော်ရောင်ဆေးခြယ်ထားတဲ့ ဒီဇိုင်းရယ်၊ ကားရှေ့ ဒက်ရှ်ဘုတ်မှာ မျက်စိနောက်စရာကောင်းလောက်အောင်ပင် လှုပ် တုတ်လှုပ်တုတ် အရုပ်သေးသေးလေးတွေ တသီကြီး တန်းစီတင် ထားတာရယ်၊ ကားနောက်ခုံရှိ ကျော[illegible]ရသော နောက်ကျော[illegible] လျှောက်ရှိ ဒက်(ရှ်)ဘုတ်ခေါ်မလာ [illegible]ဲဒီနေရာမှာကျတော့ စ[illegible] ဝိုက်ပုံပြင်ထဲက လူပုလေးခုနစ်ယော[illegible]က်ပုံ မွေးပွအရုပ်တွေပြည့်[illegible]





အောင် တန်းစီတင်ထားတာရော စုပေါင်းပြီး တစ်စုံတစ်ယောက် ရဲ့ကားအပြင်အဆင်ဆိုတာ မှတ်မိနေလေရာ သတိကြီးစွာ ဘေးဘီ ဝဲယာကို မျက်စိကစား ရှာဖွေမိလိုက်ပါသည်။

သတိကြီးစွာဟု သုံးနှုန်းရသည်မှာ လင်းထင်း မထင်မှတ်၊ မမျှော်လင့်ထားသော ပုံစံအနေအထားမျိုးတွေနဲ့ ခင် လိပ်ပြာ ရောက်ရောက်လာတတ်၍ပင်။ နှစ်ခါတိတိ ဘယ်က ဘယ်လို ပေါ်လာမှန်းမသိ ပေါ်လာခဲ့သော ခင်လိပ်ပြာကို လင်းထင်း ကောင်းကောင်းမှတ်မိနေပြီ။ ,

ခင်လိပ်ပြာရဲ့ကားကိုလည်း သေသေချာချာ သတိ ထားကြည့်ထားတာမို့ ဒီကားအနီရောင်ပြိုင်ကားဟာလည်း ခင် လိပ်ပြာရဲ့ကားပါပဲလို့ အတပ်ကိုသိနေပြီတည်း။

ဘေးဘီဝဲယာကို လှေလာကြည့်ရှုရှာဖွေပြီးသောအခါ ခင်လိပ်ပြာ ရှိမနေမှန်း သိနိုင်ပါသည်။ ရှိနေလို့ကတော့ ခင်လိပ်ပြာ ဟာ ပုန်းအောင်းစောင့်ကြည့်နေမယ့် သူမျိုးတော့မဟုတ်။ လင်းထင်း အနားကို ဗွန်းဒိုင်းကြီးနေအောင် ရောက်လာပြီးနှင့်နေမှာ။ လင်းထင်း ဘောင် ပြင်ဆင်စရာ အချိန်မရှိလောက်အောင် ခင်လိပ်ပြာကပဲ ဦးဆောင်ပြီး ပြောချင်ရာတွေပြော၊ လုပ်ချင်ရာတွေလုပ်သွားမှာ။

လင်းထင်းသည် ရှေ့ပင်းမောလ်ဆီ မသွားသေးဘဲ [illegible]ဘုံချတုံ ဖြစ်နေပါသည်။ ရှေ့ပင်းမောလ်ရဲ့ကားပါ့ခ်မှာ ခင် [illegible]ိပ်ပြာကားကို တွေ့တာမို့ ဒီထဲမှာ သူမ ရှိကိုရှိနေမှာပင်။



www.burmeseclassic.com

www.burmeseclassic.com



ဧကော်တာဆ ဆိုလိုက်ရမှာကို မလိုလားသော လင်းထင်းသည် ဒီရှော့ပင်းမောလ်ထဲကို ဝင်လိုက်ရမှာ လန့်နေသည်။

"ဟာ ... ရှော့ပင်းမောလ်ကဖြင့် လေးထပ်တောင်ရှိတာပဲ။ သူနဲ့ငါ ပက်ပင်းတွေ့မယ်လို့ ဘယ်သိလိုလုပ် ပြောနိုင်မလဲ၊ ဘာမှစိုးရိမ်နေစရာ မရှိဘူး။ ကိုယ့်ကိစ္စပြီးရင် ပြန်ရုံပဲ"

ဟု သူ့ဘာသာ ရေရွတ်ပြောဆိုပြီး အားပေးလိုက်ကာ လင်းထင်းတစ်ယောက် ရှော့ပင်းမောလ်ဆီ စက်လှေကားမှ တစ်ဆင့် တက်လာလိုက်ပါသည်။

ဒီကိုလာရတာကလည်း မေမေ သွားခိုင်းလို့ရောက်လာရတာဖြစ်သည်။ တော်ရုံဆို လင်းထင်းက ခေတ်ပေါ်ရှော့ပင်းမောလ်တွေကို အလကားနေရင်း မလာပါ။ ဝယ်စရာရှိရင်တောင် လာခဲပါသည်။ မေမေ့ကိုမှာလိုက်တာမျိုး ဖေဖေ့ကိုမှာလိုက်တာမျိုးတွေသာ ရှိတတ်သည်။ လင်းထင်းဆီမှာ ဝယ်စရာဆိုတာကလည်း ဘယ်တော့မှ များများစားစား ရှိမနေတတ်။ ကျောင်းသုံးပစ္စည်းနဲ့ သူ့ရဲ့ တစ်ကိုယ်ရည်သုံးပစ္စည်းတွေဖြစ်သော After Shave (အာဖတာရှေ့(ဗ))၊ Body spray (ဘော်ဒီစပရေး)၊ မုတ်ဆိတ်ရိတ်တဲ့ဂျူတ်၊ ရေချိုးရင်သုံးသော ဆပ်ပြာရည် စသဖြင့်တွေသာ တစ်ခါတလေ ကုန်သွားတတ်လျှင် ဝယ်ဖို့အကြောင်းဖန်လာတာပါ။ ထိုအခါမျိုးတွေမှာ သူ မသွားချင်ရင် မေမေ ရှော့ပင်းသွားတဲ့ရက်စောင့်ပြီး စာရင်းရေးပေးကာ မှာတတ်သည်။





အဝတ်အစားတို့ ဘာတို့အတွက် တစ်ခါမှမဝယ်ဖြစ်ပါ။ မေမေသာ ရွေးချယ်ဝယ်ယူပေးတတ်သည်။ လင်းထင်းအတွက် သိပ်လိုအပ်လွန်းတဲ့ပစ္စည်း ပြတ်နေချိန်၊ မေမေလည်း ရှော့ပင်းမသွားချင်တဲ့ အချိန်ကြုံမှသာ မဖြစ်မနေ လာဝယ်ဖြစ်သော ခေတ်ပေါ်ရှော့ပင်းမောလ်ကို ဒီနေ့ရောက်လာရတဲ့ အကြောင်းရင်းကလည်း မေမေ သွားခိုင်းလို့ဖြစ်သည်။

"မမစောတို့ အမေရိကားက သူတို့ပိုင်ရက်ကန်းစင်တွေ သွားစစ်ပြီး ပြန်လာတော့ ပခုက္ကူဘက်က သနပ်ခါးသည်တွေ ဆင်းလာတာနဲ့ကြုံလို့တဲ့ သနပ်ခါးတုံးကောင်းကောင်းတွေ မေမေ့အတွက်ပါ ဝယ်လာတယ်တဲ့။ သူက အိမ်လာပေးမယ်ပြောပါတယ်၊ ဒါပေမဲ့ မေမေက အားနာသွားတော့ သား ကျောင်းကအပြန် ဝင်ယူခိုင်းလိုက်ပါ့မယ်လို့ ဖုန်းဆက်ပြောလိုက်တယ်။ ဝယ်လည်းလာရသေး၊ အိမ်တိုင်ရာရောက်လည်း လာပေးရသေးဆိုရင် မကောင်းဘူးပေါ့။ ပြီးတော့ မမစော သမီးအငယ်ဆုံးလေး ပြည့်ပြည့်ဝင်းနဲ့လည်း သားကို ဆုံစေချင်တယ်။ မေမေ့တပည့်ထဲမှာ စိတ်တိုင်းအကျဆုံး တပည့်မလေး။ ပြီးတော့ အမေချင်းလည်း မိတ်ရင်းဆွေရင်းတွေ ဖြစ်ကြတယ်။ သားနဲ့လည်း မတိမ်းမယိမ်းလေးတွေ ဖြစ်တယ်ဆိုတော့ သား ကျောင်းပြီးရင် ပြည့်ပြည့်ဝင်းနဲ့ပဲ အိမ်ထောင်ချပေးချင်တယ်။ အခု ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်နဲ့ အမေ့ကိုကူပြီး ပိုးထည်ဆိုင်ထိုင်နေပြီတဲ့။ သားနဲ့လည်း ပြန်ရင်းနှီးရအောင် မကြာခဏဆုံဖို့ မေမေတို့စီစဉ်ရမယ်”

လင်းထင်းသည် မေမေကိုယ်တိုင်က သဘောတကျ ရွေးချယ်ထားသော သူလက်တွဲရမယ့် မိန်းကလေးကို တွေ့ဖို့လည်း လိုတာမို့ မေမေ့စကားနားထောင်ပြီး ဒီကိုလာရတာလည်းဖြစ်သည်။ ပြည့်ပြည့်ဝင်း ဆိုတာ လင်းထင်းထက် လပိုင်းသာငယ်သော မေမေ့တပည့် ဖြစ်ခဲ့ဖူးသော မိန်းကလေးမှန်း လင်းထင်း မှတ်မိပါသည်။ အစ်ကိုကြီးတုန်းကလည်း ဖေဖေ မေမေ စီစဉ်ပေးသော အိမ်ထောင်ရေးကိုသာ လက်ခံခဲ့လေရာ လင်းထင်းအလှည့်မှာလည်း လက်မခံနိုင်စရာမရှိဟု ဆုံးဖြတ်ထားပါသည်။ ရည်းစားထားဖို့လည်း စိတ်မဝင်စားသော လင်းထင်းက ကျောင်းပြီးရင် ဒီကောင်မလေးကိုပဲ လက်ထပ်ရမယ်၊ သူ့ကိုသဘောကျတယ်။ သူနဲ့ယူရမယ်လို့ မိဘတွေ ကြိုစီစဉ်တိုင်ပင်ကြသောအခါ လင်းထင်းအတွက် ဘာမှငြင်းဆန်စရာမရှိပါ။

ဖေဖေမေမေက ဒါကောင်းတယ်၊ ဒါလုပ်လိုက်ပြောလျှင် ခေါင်းညိတ်လက်ခံနေတတ်သည်မှာ အကျင့်လိုဖြစ်နေပြီ။

လင်းထင်းသည် မေမေညွှန်လိုက်သော ရှော့ပင်းမောလ်၏ ဒုတိယထပ်ရှိ “ပြည့်ပြည့်စုံစုံ”အမည်ရှိ ပိုးထည်ဆိုင်ကြီးကို ရောက်လာပါသည်။ ဆိုင်ထဲ ဝင်လိုက်တာနဲ့ ...





“ဘာရှာပါသလဲရှင်၊ ဘာအလိုရှိပါသလဲ”

ဟု ဖိတ်မန္တကပြုကာ ကြိုဆိုသော မြန်မာဝတ်စုံဝတ် အရောင်းဝန်ထမ်းမိန်းကလေးကို အရင်ဆုံရသည်။

“ကျွန်တော် ဒီဆိုင်က အန်တီစောတို့ မပြည့်ပြည့်ဝင်းတို့ကို တွေ့ချင်လို့ပါ”

“သြော် ... အန်တီ့မိတ်ဆွေလား ... ကြွပါ ... ကြွပါ။ အန်တီတို့ကောင်တာက အနောက်ဘက်ထဲမှာပါ”

လင်းထင်းသည် ဝန်ထမ်းမိန်းကလေး ဦးဆောင်ရာသို့ ဝင်လိုက်လာသည်။ ပိုးထည် ချိတ်ထည် စသည်များကို ဗီရိုတွေ၊ စင်တွေ အဆင့်လိုက်စီထားသည်မို့ ဆိုင်အနောက်ဘက်ငွေရှင်းကောင်တာမှာ ထိုင်နေတဲ့သူကို အလွယ်တကူ မတွေ့ရသလို ဖြစ်နေသည်။

ထိုအချိန်မှာပင် လင်းထင်း၏ကျောပြင်ကို ဖျတ်ခနဲ တွေ့လိုက်ရသော သူတစ်ဦးကတော့ ...

“အိုးဟိုး ... တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတာ ဟန်ကျလိုက်တာနော်”

ဟူ၍ ရေရွတ်ကာ ရွေးလက်စ ပိုးထည်တစ်ထည်ကို အသာချရင်း လင်းထင်းနောက်ကိုလိုက်ဖို့ ခြေလှမ်းပြင်လိုက်ပါသည်။ သူကား ... ခင်လိပ်ပြာပဲ ဖြစ်သည်။ ခင်လိပ်ပြာက ဒီဆိုင်ထဲ ဝင်ရွေးနေတုန်း ခပ်သဲ့သဲ့စကားသံကြောင့် ဒီအသံ ငါကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်လို့ တွေးပြီးမော့ကြည့်စဉ် လင်းထင်းရဲ့ကျောပြင်ကိုတွေ့လိုက်ရတာဖြစ်သည်။ ကျောပြင်ကို မြင်ရုံနဲ့တင် လင်းထင်းမှန်း ခပ်လိပ်ပြာ မှတ်မိလေသည်။

ခင်လိပ်ပြာ စောင့်ကြည့်နေစဉ် လင်းထင်းကတော့ မြန်မာဆန်သောမျက်နှာနှင့် အသားညိုညို မျက်နှာတည်တည် အမျိုးသမီးကြီးကို ရယ်ပြုံးနှုတ်ဆက်နေတာ တွေ့ရ၏။ ထိုအမျိုးသမီးကြီးဟာ ကိုယ်ပေါ်မှာ လက်ဝတ်လက်စား ဘာမှဝတ်မထားဘဲ နားတစ်ဖက်တစ်ချက်မှာတော့ ဝိုင်းစက်ကြီးမားလှသော စိန်နားကပ်ကြီးတစ်ရန်ကို ပန်ဆင်ထားပါသည်။ ထိုနားကပ်ပန်ထားသောကြောင့် အဲဒီအမျိုးသမီးကြီး အနည်းငယ် လှပ်ရှားလိုက်ရုံမျှ ဖြင့်ပင် ပတ်ဝန်းကျင်တစ်ခုလုံး တဖျပ်ဖျပ် ဖြစ်နေတော့လေသည်။

အမျိုးသမီးကြီးနှင့် လင်းထင်းတို့ စကားပြောနေစဉ် ဆိုင်၏အနောက်ဘက်ရှိ အခန်းငယ်လေးအတွင်းမှ မိန်းကလေး တစ်ယောက် ထွက်လာတာကို တွေ့ရသည်။ အမျိုးသမီးကြီး၏ မျက်နှာနှင့် အတော်ဆင်လှကာ မြန်မာဆန်ဆန်ပင် ရင်စေ့လက်စ အင်္ကျီလုံချည်တို့ကို ဝတ်ဆင်ထားလျက် ဖြောင့်စင်းသော ကျော လယ်ရှိ ဆံပင်တို့ကိုတော့ ဒီတိုင်း ဖားလျားလေးချထားတဲ့ မိန် ကလေးဟာ လင်းထင်းနဲ့ တစ်စုံတစ်ရာ ပတ်သက်နေလိမ့်မယ် လို့ ခင်လိပ်ပြာစိတ်ထဲမှာ ဖျတ်ခနဲ တွေးကြည့်မိလိုက်သောအခါ အနည်းငယ် လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။





ပြိုင်ဘက်ကို မမျှော်လင့်ထားပါပဲ ပြိုင်ဘက်တစ်ယောက် ရလိုက်သလိုပဲမို့ ခင်လိပ်ပြာဟာ လင်းထင်းနဲ့ပတ်သက်ရင်း ငါ နိုင်ကိုနိုင်ရမယ်လို့ ကြွေးကြော်ဖူးတာတွေအတွက် စိတ်နည်းနည်းပူသွားပါသည်။

လင်းထင်းနဲ့ ကောင်မလေးတို့ဟာ တစ်ယောက်ကို တစ်ယောက် ရှက်သလိုလို၊ မဝံ့မရဲဖြစ်သလိုလိုတွေ အပြန်အလှန်ကြည့်လျက် အမျိုးသမီးကြီးပြောနေသမျှ နားထောင်နေကြသည်။ နောက်ဆယ်မိနစ်လောက်အကြာမှာတော့ ခင်လိပ်ပြာသည် ရှေ့က သွားနေသော လင်းထင်းနဲ့ ကောင်မလေးတစ်ယောက်နောက်ကို လိုက်ပါစောင့်ကြည့်ရသူ ဖြစ်သွားပါသည်။

တစ်ယောက်နဲ့တစ်ယောက် ပခုံးချင်း၊ အသားချင်း မထိတထိ ထိသွားမှာစိုးသည့်အလား ခပ်ရွံ့ရွံ့၊ ခပ်တွန့်တွန့်တွေ ပြုမူလျက် တွဲသွားနေသော ထိုကျောပြင်နှစ်ခုတို့ကို အကဲခတ်လျက် ခင်လိပ်ပြာ ခေါင်းထဲတွင် အကြံတွေအများကြီး ထုတ်နေရတော့သည်။

"ဝင်မယ့်ဝင်ထိုင်တော့လည်း Food court (ဖုတ်ထ်ကုတ်ထ်) ထဲက အအေးဆိုင်မှာမှ ဝင်ထိုင်ရတယ်လို့လေ၊ တော်တော် တုံးတဲ့အကြံပဲ"

ခင်လိပ်ပြာ ထိုသို့ တစ်ချက်ရေရွတ်လိုက်ပြီးလျှင် ခြေလှမ်းတွေကို ပြင်ဆင်လိုက်ပါသည်။ ခုမှဝင်ထိုင်ပြီးရုံရှိသေး



www.burmeseclassic.com

www.burmeseclassic.com



သော စုံတွဲမှာ ခင်လိပ်ပြာကပါ ခုံတစ်လုံးဆွဲထုတ်ပြီး ဝင်ထိုင်တာ သိလိုက်လျှင် ...

"ဟဲလို"

သူတို့ မော့ကြည့်ကြည့်ချင်းပဲ ခင်လိပ်ပြာဟာ ခပ်ရွှတ်နောက်နောက်လေး နှုတ်ဆက်ပြလိုက်သည်။

လင်းထင်းကတော့ မထင်မှတ်ထားစဉ်မှာပင် ခင်လိပ်ပြာ မြှုန်းခနဲ၊ ဘွားခနဲ သူ့ရှေ့ပေါ်လာသောကြောင့် လန့်ဖျပ်သွားပါသည်။ ပြီးတော့ လင်းထင်းနဲ့ မိန်းကလေးတစ်ယောက်တွဲရက်ထိုင်နေတဲ့ဆီကို ရောက်လာခဲ့ရဲလိမ့်မယ်လို့ ထင်ကိုမထင်ခဲ့ပါ။

"ဘယ်လိုလဲ လင်းထင်းရဲ့။ ထိုင်ပါဦးလေး ဘာလေးတောင်မပြောတော့ဘူးလား"

လင်းထင်း နှုတ်ဖျားက ဘာစကားမှ ထွက်မလာဘဲ အကြာကြီး စိုက်ကြည့်နေလျှင် ပြည့်ပြည့်ဝင်းကတော့ မိန်းကလေးချင်းမို့ အားနာလာပြီး ...

"ကိုလင်းထင်း သူငယ်ချင်းလားဟင်၊ ထိုင်ပါ ... ထိုင်လို့ရပါတယ်"

"အိုခေ ... ထိုင်ပါပြီရှင်"

သုံးယောက်စာ စားပွဲဝိုင်းလေး ဖြစ်တာကြောင့် လူသုံးယောက် ပြည့်သွားသောအခါ အားလုံး တစ်ယောက်ကို





တစ်ယောက် မျက်နှာချင်းဆိုင် ကြည့်ကြသလို ဖြစ်နေပါသည်။ လင်းထင်းကတော့ မျက်မှောင်ကြီးတွန့်ချိုးကာ တိတ်ဆိတ်နေသည်။

"ဟော့ ... လင်းထင်း၊ မိတ်ဆက်ပေးဦးလေ"

လင်းထင်း ဒီတော့မှ သက်ပြင်းခိုးချသလို အသက်ရှူလိုက်ရင်း ...

"မခင်လိပ်ပြာတဲ့"

ဟု ပြည့်ပြည့်ဝင်းကို အရင်လှည့်ပြောသည်။

"သူကတော့ ပြည့်ပြည့်ဝင်းပါ၊ ကျွန်တော်နဲ့ အထက်တန်းကျောင်းတုန်းက သူငယ်ချင်း"

ပြည့်ပြည့်ဝင်းကတော့ သူမနဲ့လုံးဝခြားနားသော အပြင်အဆင်တွေနဲ့ ရှုပ်ထွေးနေသော ခင်လိပ်ပြာကိုလည်းကောင်း၊ လင်းထင်းကိုလည်းကောင်း ဘယ်လိုကဘယ်လို အသိအကျွမ်းဖြစ်ပြီး ခင်မင်နေသည်ကို စဉ်းစားလို့မရမလို ပုံစံဖြင့် ယဉ်ကျေးမှုအရ ပြုံး၍သာ ခေါင်းညိတ်ပါသည်။ စိတ်ထဲမှာ သိပ်တော့နှစ်မြို့ပုံမရဟု ခင်လိပ်ပြာ ရိပ်မိလေသည်။ ဒါမျိုးက မိန်းမတွေရဲ့မွေးရာပါ ဗီဇခေါ်မလား။ မွေးရာပါ အရည်အချင်းခေါ်မလား မသိဘူး။ ကိုယ်နဲ့ပြိုင်ဘက်ဖြစ်လာမယ့်သူကိုဆိုရင် (အထူးသဖြင့် ရည်းစားလုဖက်)စိတ်ထဲမှာ အလိုလိုနေရင်း သိနေပြီး မနှစ်မြို့တတ်ကြဘူး။ ခေါင်းထဲမှာလည်း အချက်ပေးခေါင်းလောင်းတွေ အကြိမ်ကြိမ် မြည်နေတာမျိုးနေတာမျိုးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



“ခင်လိပ်ပြာဆိုတဲ့ နာမည်က တစ်မျိုးလေးပဲနော်၊ ဆန်းတယ်”

“ဟုတ်လား ... ကျေးဇူးတင်ပါတယ်၊ လိပ်ပြာက အဲဒီနာမည်ကို သိပ်ကြိုက်တာ၊ ဒီလိုနာမည်လှလှလေးပေးတဲ့ မိဘတွေကိုလည်း သိပ်ကျေးဇူးတင်တယ်”

“ဟော ... မှာထားတဲ့ အအေးတောင် ရောက်လာပြီ။ ခင်လိပ်ပြာရော ဘာသောက်မလဲ”

“ဆန်းကစ်(စ)တစ်ဘူး”

ပြည့်ပြည့်ဝင်းက မေးပေမယ့် ခင်လိပ်ပြာက ပြည့်ပြည့်ဝင်းကို တိုက်ရိုက်မပြောတော့ဘဲ စားပွဲထိုးကောင်လေးကိုသာ လက်ညှိုးတစ်ချောင်းထောင်ရင်း ခပ်တည်တည် မှာလိုက်ပါသည်။ ကောင်လေး ထွက်သွားမှ ...

“နာမည်အကြောင်း ဆက်ပြောရရင် ...”

ဆိုပြီး စကားဆက်ပြန်သည်။ လင်းထင်းကတော့ အားလုံး သတိထားမိလောက်အောင် တိတ်ဆိတ်လျက် စိတ်ကျဉ်းကျပ်နေပုံဖြင့် ရှပ်အင်္ကျီလည်ပင်းကြယ်သီးကိုကိုင်ပြီး ဟိုရွှေ့ဒီရွှေ့ ချောင်ချိအောင်လုပ်လိုက်၊ တိုက်ပုံကို ဟိုဆွဲချဒီဆွဲချလုပ်လိုက် ဖြစ်နေသည်။ ပြည့်ပြည့်ဝင်းကတော့ ဒါကို ကောင်းကောင်းကြီး သတိထားမိနေသည်။





“လင်းထင်း ဆိုတဲ့ နာမည်ကို ကြည့်ပါလား၊ ကြားလိုက်တာနဲ့တင် မျက်စိထဲရော ခေါင်းထဲမှာပါ လင်းခနဲ ထင်းခနဲ ဖြစ်သွားစေတာမျိုးလိုပဲ ခံစားရတယ်”

လင်းထင်း သူ့နာမည်ကိုပါ ဆွဲထည့်ပြောတာ ခံရသဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

“ခင်လိပ်ပြာ”

သူ့အသံ ခပ်ဩဩဖြင့် ခင်လိပ်ပြာ၏အမည်ကို ခေါ်လိုက်တာကြောင့် ...

“What ? (ဝှက်(ထ်))”

ဟု အင်္ဂလိပ်လို ပြန်မေးလိုက်သလို အမှုအရာကပါ အမေရိကန်ရုပ်ရှင်ကားတွေထဲက ဇာတ်လိုက်တွေလိုပဲ ပခုံးနှစ်ဖက်တွန့် လက်နှစ်ဖက်ပါဖြန့်ပြပြီး မျက်လုံးလေးပြူးပြကာ ပြန်မေးလိုက်ပါသည်။

“ခင်ဗျား ဘာကိစ္စ ဒီမှာ လာထိုင်တာလဲ၊ နာမည်အကြောင်း ဝေဖန်ဖို့ဆို ဝေဖန်ဖို့ မလိုဘူး”

“ဩော် ... မဝေဖန်ရဘူးလား၊ ဒါဆို မပြောတော့ဘူး။ ဆောရီး”

“ဘာလို့ ဒီမှာလာထိုင်တာလဲ”

“ဖြစ်ရလေ၊ ခင်လို့မင်လို့ လာနှုတ်ဆက်ရင်း အအေးအတူတူသောက်မှာကို မတိုက်ချင်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတိုက်ရိုက်ပြန်မေးတော့ လင်းထင်းဟာ အားနာ ညှာတာတတ်သူပီပီ ဘာဆက်ပြောရမှန်း မသိပြန်ပါ။ သူနဲ့အတူ ပါလာတဲ့ ပြည့်ပြည့်ဝင်းကိုလည်း အားနာကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။ လူကြီးတွေက (အထူးသဖြင့် အမေတွေက) သူတို့ နှစ်ယောက် ရင်းနှီးပါစေ၊ စကားပြောပါစေဆိုပြီး လွှတ်ပေးလိုက်တာ။ အခုကျတော့ သူတို့ချင်း ဘာမှတောင် တိုက်ရိုက်မပြောရသေးခင်မှာ ခင်လိပ်ပြာ ရောက်လာ၊ သူမကပဲ ဒိုင်ခံစကားတွေ ပြော၊ လုပ်နေတော့လေသည်။

ခင်လိပ်ပြာ မှာထားသော ဆန်းကစ်ဖျော်ရည်ဘူးက တော့ ချက်ချင်းရောက်လာသည်။ ခင်လိပ်ပြာက ဖျော်ရည်ဘူး ရရချင်းပဲ ဘူးကို ထောက်ခနဲဖွင့်ပြီး တစ်ချက်ငုံသောက်လိုက်ပါ သည်။

မျိုချချလိုက်ချင်းပဲ ...

"အီး"

ခနဲအော်ကာ မျက်နှာကို ရှုံ့မဲ့ပြပါသည်။ လင်းထင်း နဲ့ ပြည့်ပြည့်ဝင်းတို့မှာ ခင်လိပ်ပြာကိုပဲ ငေးမောကြည့်ရှုနေကြရ သူတွေ ဖြစ်နေပါသည်။

"Brain Freeze (ဘရိန်းဖရိ(စ်)) ဖြစ်သွားတာလေ။ အရမ်း အေးတာကြီးကို ရုတ်တရက် မျိုချလိုက်တော့ ခေါင်းထဲ





ချက်ချင်း ဆောင့်တက်သွားတယ်၊ ဦးနှောက်ထဲထိ အေးခဲ သွားတယ်ဆိုတာ ဒါပဲထင်တယ်"

ခင်လိပ်ပြာ သူမဘာသာ ရှင်းပြရင်း ...

"ဟင် ... အအေးတွေ မှာထားတာ ခုထိမသောက်ကြသေး ဘူးလား။ သောက်လေ။ လိပ်ပြာလိုမျိုး ရေခဲစိမ်ထားတဲ့ ဘူးမှာ သောက်တာလည်း မဟုတ်ကြဘူး။ ရေခဲနဲ့ဖျော် ထားတဲ့ ကမ္ဘလာသီးရည်တွေ။ ရေခဲအရည်ပျော်ကုန်ရင် သောက်မကောင်းဘူး။ သောက်လိုက်ကြပါဦး"

ဟု လင်းထင်းတို့နှစ်ယောက်ကိုပါ ဆက်ပြောလျှင် နှစ်ယောက်သား ယောင်ပြီး ကိုယ့်အအေးခွက်ပိုက်တံ ခုမှ စုပ် သောက်လိုက်မိကြတော့သည်။

ခင်လိပ်ပြာကချည်း ပြောနေသလို ဖြစ်တာကြောင့် ပြည့်ပြည့်ဝင်းကလည်း မခံချင်စိတ် ဖြစ်လာပုံရသည်။ အားကျမခံ အသံထွက်လာပါသည်။

"ခင်လိပ်ပြာက ဘယ်ကျောင်းတက်နေတာလဲ"

"အဝေးသင်ပဲ ယူထားတယ်၊ အင်္ဂလိပ်စာနဲ့"

"ပြည့်လည်း အီကိုနဲ့ အဝေးသင်ယူထားတာပဲ"

"ဟုတ်လား ... ကောင်းတာပေါ့။ စီးပွားရေးလုပ်ငန်းလုပ် နေတဲ့သူက အီကိုယူထားတော့ လိုက်ဖက်တာပေါ့။ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



လင်းထင်းကျတော့ တက်တော့ နည်းပညာတက္ကသိုလ် ဗိသုကာကျောင်းသားနော်။ ဝတ်ပုံစားပုံကျတော့ တက္ကသိုလ်က မြန်မာစာကထိကလိုလို ပါမောက္ခလိုလို ဖြစ်နေတာ။ ဘာလို့ အဲဒီပုံဖြစ်နေတာလဲ၊ စဉ်းစားလို့ကို မရဘူး”

ခင်လိပ်ပြာက ပြည့်ပြည့်ဝင်း စကားတစ်ခွန်းစလိုက်တိုင်း အကြောင်းအရာကို ပြည့်ပြည့်ဝင်းနဲ့ပဲ စကားဆက်ပြောရအောင်မလုပ်ဘဲ လင်းထင်းဘက်ကိုချည်း လှည့်လာအောင်တမင်ဆွဲယူပြောပါသည်။ ဒါကို ပြည့်ပြည့်ဝင်းလည်း နှစ်ခါလောက်ကြုံလိုက်ရသောအခါ ရိပ်မိသလိုလို ဖြစ်လာပြီး မျက်နှာနည်းနည်းပျက်လာသည်။

လင်းထင်းနဲ့ ခင်လိပ်ပြာ ဘာတွေလဲ။ ဘယ်လိုပတ်သက်သလဲဆိုတာ စိတ်ထဲမှာ သံသယဖြစ်လာပုံဖြင့် ဟိုဘက်ဒီဘက် အပြန်အလှန် ကြည့်လာသည်။

ကြာတော့ လင်းထင်း အနေရကျပ်လာပြီး လက်ပတ်နာရီကို အရေးတကြီး ကြည့်ချင်ဟန်ဆောင်လိုက်ကာ ...

“ကျွန်တော် ဂိုက်ဒ်သင်ရမယ့်အိမ်ကို သွားဖို့လေးရှိလို့ ပြည့်ပြည့်။ အအေးသောက်ပြီးရင် သွားကြမယ်နော်”

ပြည့်ပြည့်ဝင်းကလည်း ဒီလိုပြောတာကိုပင် ဝမ်းသာအားရဖြစ်ဟန်ဖြင့် ...





“သွားကြမယ်လေ၊ ပြည့်လည်း အအေးကုန်အောင်မသောက်နိုင်တော့ပါဘူး”

တစ်ဝက်သာသောက်ရသေးသော အအေးခွက်ကိုအသာတွန်းရင်း ထရန်ပြင်လေသည်။

“လင်းထင်း သွားစရာရှိတယ်ဆို၊ အတော်ပဲ လိပ်ပြာကို ကားကြုံခေါ်သွားပါ။ ကားမပါဘူး”

ခင်ဖျားကားကို ကျွန်တော် တွေ့ခဲ့တယ်ဆိုသော စကားကို ပြောလိုက်ချင်သော်လည်း ပြည့်ပြည့်ဝင်း ရှိနေတာကြောင့် ပြောသင့်၊ မပြောသင့် ချိန်ဆနေမိပါသည်။ မိန်းကလေးချင်းချင်း ရှေ့မှာ တစ်ဖက်ကို သိက္ခာချလိုက်သလိုစကားမျိုး ပြောထွက်ရမှာ လင်းထင်းမရဲပါ။ မိခင်၏ဆုံးမသွန်သင်မှုအောက်မှာ ကြီးပြင်းလာရသည်ဖြစ်ရာ ကြီးသူဆိုရိုသေ၊ ရွယ်တူဆိုလေးစား၊ ငယ်သူအားသနားဟူသော ဆောင်ပုဒ်က ရင်ထဲမှာ စွဲနေတာမို့ ရွယ်တူချင်းအပေါ် လေးစားသမှုတော့ ရှိထားတတ်ပါသည်။

သုံးယောက်သား ယှဉ်လျှောက်လာသော အခါမှာတော့ လင်းထင်းက အလယ်မှာ ဆန့်ကျင်ဘက်ပုံစံ မိန်းကလေးနှစ်ယောက်က တစ်ဖက်တစ်ချက်မှာ ဖြစ်နေသော အနေအထားကြီးဟာ အတော်ကသိကအောက်ဖြစ်စရာ ကောင်းလှပြန်သည်။ အထူးသဖြင့် ဒီလို ရှော့ပင်းမောလ်ဆိုတာက ခေတ်မီသောလူငယ်လူရွယ်တွေ အများဆုံး ဈေးဝယ်လာကြရာ နေရာမျိုးလည်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com


လေရာ အများစု (ဆယ်ယောက်မှာ ခုနစ်ယောက်လောက်ကတော့) ခင်လိပ်ပြာကို သိနေကြသည်။

"ဟယ် ... DJ ခင်လိပ်ပြာ ဟိုမှာ ..."

"DJ ခင်လိပ်ပြာဆိုတာ သူပဲလေ ... သူပဲ၊ ကြည့် ... မိုက်တယ်နော် ဒီဗိုင်းက"

"အမြဲ တီရှပ်နဲ့ဂျင်းနံ့ဝတ်တာ သူ့ဖက်ရှင်ပဲ"

"အရမ်း attractive (အက်ထရက်တစ်(ဗ))ဖြစ်တယ်ကွာ"

စသဖြင့် ကောင်လေး၊ ကောင်မလေး အများစုထံမှ တီးတိုးဝေဖန်သံတွေနဲ့အတူ စူးစမ်းအကဲခတ်သောအကြည့်တွေ လက်ခံရရှိနေသည်။ တော်ရုံဆို ဘယ်သူကမှ လင်းထင်းကိုအရေးတယူကြည့်ကြမယ့်သူ မရှိပေမယ့် အခုတော့ ခင်လိပ်ပြာကြောင့် သူပါ ရောအကြည့်ခံရသည်ကို လင်းထင်း အမြဲလို စိတ်ပျက်မိသည်။ ခုလိုကြည့်ရတာ မှတ်မှတ်ရရဆို နှစ်ခါရှိပြီ။ ပထမတစ်ခါက ကော်ဖီဆိုင်မှာ အခုက ဒီရှော့ပင်းမောလ်မှာ ...။

ပြည့်ပြည့်ဝင်းကတော့ မျက်နှာအပျက်ကြီးပျက်လျက် ဘယ်သူ့ကိုမှပင် နှုတ်မဆက်တော့ဘဲ သူမဆိုင်နားရောက်ရောက်ချင်း ဖျတ်ခနဲ ဝင်ရောက်ပျောက်ကွယ်သွားတော့လေသည်တည်း။

❣ ○ ❣

၆

ကားပါခ်ရှိရာသို့ အတူတူ ထွက်လာကြသောအခါ လင်းထင်း ချက်ချင်းပဲ ပြောလိုက်သည်။

"ခင်ဗျားကားပါတာ ကျွန်တော်သိတယ်၊ ကျွန်တော့်ကားနဲ့ ဘေးချင်းယှဉ်ရက်မှာ ရပ်ထားတာ ကျွန်တော့်ကားပဲ"

"ဪ ... ကားကို မှတ်မိနေတယ်ပေါ့၊ မဆိုးပါဘူး"

လင်းထင်း ဒီစကားကို ဘာမှမတုံ့ပြန်ဘဲ ...

"ခင်ဗျား ဘာလို့ သူများကြား လိုက်ရှုပ်ချင်ရတာလဲ"

ဟုသာ တိုက်ရိုက်ပြန်မေးလိုက်သည်။

"ဘယ်မှာရှုပ်လို့လဲ၊ လာနှုတ်ဆက်ပြီး အတူတူ အအေးသောက်တာပါ။ ရှင်တို့ဘာသာ ပြောစရာစကားတွေ ရှိရင်လည်းပြောပေါ့။ ဘာကြောင့် အအေးကို တစ်ငုံပဲသောက်ပြီး ချက်ချင်းထပြန်ကြလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ပြည့်ပြည့်က ခင်ဗျားနဲ့မှ မရင်းနှီးတာ"

"လင်းထင်းကတော့ လိပ်ပြာနဲ့ရင်းနှီးတယ်ပေါ့"

လင်းထင်း မျက်မှောင်ကြုတ်ကာ ...

"ခင်ဗျားနဲ့လည်း ကျွန်တော် နှစ်ခါပဲ တွေ့ဖူးတာ၊ ဘယ်လိုမှ မရင်းနှီးဘူး"

"နှစ်ခါမဟုတ်ဘူး၊ အခုနဲ့ပါဆို သုံးခါ၊ သုံးခါမှာ သိပ် မရင်းနှီးဘူးဆိုရင် အိုခေလေ၊ နောက်ဆို ခဏ ခဏတွေ့တာပေါ့"

"ဟာ ... ဘာလို့တွေ့ရမှာလဲ၊ မတွေ့ဘူး။ တွေ့စရာ အကြောင်းမရှိဘူး"

လင်းထင်းက ငြင်းပေမယ့် ခင်လိပ်ပြာကတော့ အလျှော့မပေးသော အသံဖြင့် ရယ်ပြလေသည်။ လင်းထင်းသည် ခင်လိပ်ပြာကိုအတော်လည်း အံ့သြလေသည်။ အရင်ကဆို မိန်းကလေးတွေအပေါ် အားနာသမှု၊ လေးစားသမှုများစွာဖြင့် သူအမြဲ ယဉ်ကျေးစွာ ဆက်ဆံစကားပြောတတ်ပါသည်။ ပြီးတော့ ရဲရဲဝံ့ဝံ့ ဝေဖန်ရဲတာမျိုး၊ ပြန်ပြောရဲတာမျိုးလည်း မရှိခဲ့။ မိန်းကလေးတွေနဲ့ စကားပြောရလျှင်ပင် အယောင်ယောင် အမှားမှား အိုးနင်းခွက်နင်း စကားပြောတတ်ကာ စကားလည်း မြန်မြန်ဖြတ်တတ်သဖြင့် သုံးလေးခွန်းပြည့်အောင်ပင် မပြောခဲ့ဖူးတာများသည်။





အခု ခင်လိပ်ပြာနဲ့ကျမှ သူစကားတွေအများကြီး ပြန်ပြောဖြစ်လာသည်။ မကြိုက်ရင် မကြိုက်တဲ့အတိုင်း ပြန်ပြော ဆဖန်ကာ တစ်ခါတစ်ရံ မယဉ်မကျေး၊ မချေမငံပင် ပြန်ပြော တတ်လာသည်။ ခင်လိပ်ပြာကြောင့် သူ့အမူအကျင့်တွေ ပြောင်းလဲ သလို ဖြစ်လာရသည့်အတွက် ခင်လိပ်ပြာကို အံ့သြရခြင်းဖြစ်သည်။ အမှန်အတိုင်း ပြောရရင် လင်းထင်းလိုမျိုး ဘာမှစိတ်ဝင်စားစရာ ပုံစံမရှိသောသူကို ခင်လိပ်ပြာ ဘာကြောင့် အရောဝင် ပတ်သက် ချင်ရသနည်းဆိုတာ အတော်သိချင်ပါသည်။

အကြံအစည်တစ်ခု ရှိကိုရှိမယ်လို့လည်း သူ့ရဲ့ဆဋ္ဌမ အာရုံထဲမှာ ခံစားလို့ရသလိုပင်။

"အို ... အိတ်ထဲမှာ သနပ်ခါးတုံးကြီးတွေပါလား"

ခင်လိပ်ပြာက သူစလွယ်သိုင်း လွယ်ထားသော လည်သာသားရေအိတ်ထဲမှ တစ်စွန်းတစ်စ ထွက်နေသည့် သနပ်ခါး တုံးကြီးများကို မြင်သွားကာ ဖျတ်ခနဲ လာဆွဲကိုင်လျှင် လင်းထင်း ဟာ အလန့်တကြား သူ့အိတ်သူ ရှေ့ကိုဆွဲယူလိုက်မိသည်။ ဒီတော့ ခင်လိပ်ပြာ လှောင်သလို ရယ်ပါသည်။

"မယူပါဘူး၊ သူများမပေးဘဲ အတင်းမယူပါဘူး။ ပြီးတော့ ဒီမှာကြည့် ... လိပ်ပြာ မျက်နှာမှာ သနပ်ခါးနဲ့ ပတ်သက်တာ တွေ့လား"



www.burmeseclassic.com

www.burmeseclassic.com



လင်းထင်း မကြည့်ပါ။ ရှေ့ကသာ သွက်သွက်သွားသလို ဖြစ်နေသည်။ ဒါပေမဲ့ မိန်းကလေးတန်မဲ့ ခြေလှမ်းမြန်သော ခင်လိပ်ပြာကလည်း အမီလိုက်နိုင်ပါသည်။

"သနပ်ခါးမလိမ်းတာ ကြာပြီ"

ခင်လိပ်ပြာ ရယ်သံလေးဖြင့်ပြောရင်း ...

"ခုန ပြည့်ပြည့်စုံစုံဆိုတဲ့ မိန်းကလေးက ..."

"ပြည့်ပြည့်ဝင်းပါ"

လင်းထင်း စကားကိုဖြတ်ပြီး နာမည်အမှန်ကိုပြင်ပြောလျှင် ခင်လိပ်ပြာက သူမကိုယ်ပိုင်အမူအရာဖြစ်သော ပခုံးတွန့်မျက်လုံးပြူး လက်ဖဝါးဖြန့်ပြလိုက်ပြီးလျှင် ...

"နာမည်တောင် အမှားမခံဘူး"

"ခင်ဗျားနာမည်ကိုရော ခင်ပိတုန်းလို့မှားရင် ကြိုက်မလား"

"ဟီ ဟီ ... မိုက်တယ် ... ခင်ပိတုန်းတဲ့။ ခင်လိပ်ပြာထက်တောင် ပိုဆန်းသေးတယ်။ စိတ်ဝင်စားသွားပြီ။ မှတ်ပုံတင်ထဲမှာရှိတဲ့ ခင်လိပ်ပြာကိုတောင် ကြေညာပြီး ပြောင်းပစ်ချင်သွားပြီ"

ကားရပ်ထားရာဆီ ရောက်လာပြီမို့ ...

"ခင်လိပ်ပြာ ... ခင်ဗျားမှာ ကားလည်းပါတယ်၊ ကျွန်တော် ဒီတစ်ခါတော့ အားနာမနေတော့ဘူး၊ ခင်ဗျားကို မခေါ်နိုင်တဲ့အကြောင်း အပြတ်ပဲ ပြောတော့မယ်"





"တယ်ဟုတ်ပါလား၊ တစ်ခါထက်တစ်ခါပိုပြီး သတ္တိတွေရှိလာပြီ။ ပြောရဲ ဆိုရဲ ငြင်းရဲလာပြီ"

ခင်လိပ်ပြာက လက်ပိုက်ရပ်ရင်း ဝေဖန်သလိုပြောလိုက်သည်။

"ရှင့်ကားနဲ့မလိုက်စေချင်ရင် လိပ်ပြာကို ခုနက ပြည့်ပြည့်စုံစုံအကြောင်း နည်းနည်းပြောပြခဲ့"

"ပြည့်ပြည့်ဝင်းပါ ဆိုနေဗျာ"

"သူ့ဘာသာပြည့်ပြီး ဝင်းရုံမကလို့ ရွှေရောင်ပဲထွက်ထွက် လိပ်ပြာစိတ်ထဲမှာတော့ ပြည့်ပြည့်စုံစုံဆိုတဲ့ နာမည်ကိုပဲ အသေမှတ်ထားတယ်။ လင်းထင်း မကြိုက်ရင်လည်း သေလိုက်။ လိပ်ပြာကတော့ ခေါ်ချင်သလို ခေါ်မှာပဲ"

လင်းထင်းလည်း သူ့ကားနဲ့မလိုက်ဘူးဆိုတာ သိလိုက်ရတာမို့ ဆက်အငြင်းမပွားတော့ဘဲ ...

"ခင်ဗျား ဘာသိချင်လို့လဲ"

ဟုသာ လိုရင်းကို ဆက်မေးလိုက်ပါသည်။

"သူနဲ့ရှင် ဘယ်လိုပတ်သက်လဲ"

"အထက်တန်းကျောင်းတုန်းက သူငယ်ချင်းလို့ပြောပြီးပြီလေ"

"သူငယ်ချင်းဆိုရင် သိပ်ပြီးတော့ ရင်းရင်းနှီးနှီး ရှိရမယ်။ လင်းထင်းတို့ကို ကြည့်ရတာ စကားပြောရမှာ စကားလုံး



www.burmeseclassic.com

www.burmeseclassic.com



ရှာမရသလိုလို ရှက်သလိုလို ရှိန်သလိုလိုနဲ့။ လိပ်ပြာကို မညာနဲ့နော် မရဘူး။ ရှင်တို့ကြားမှာ တစ်ခုခုတော့ရှိ ရမယ်"

"မရှိဘူး ... ဘာမှမရှိဘူး၊ ကျွန်တော်နဲ့သူ အထက်တန်း ကျောင်းတုန်းက သူငယ်ချင်းဆိုပေမယ့် အတန်းအတူတူ တက်ခဲ့ဖူးတာပဲရှိတယ်။ တအားရင်းနှီးတဲ့ သူငယ်ချင်း မဟုတ်ဘူး"

"ဩော် ... ဩော် ... Class Mate (ကလပ်(စ)မိတ်)တွေ ပေါ့"

"ကျွန်တော် သွားတော့မယ်"

"နေဦး"

ခင်လိပ်ပြာ ဖျတ်ခနဲပင် လင်းထင်းရှေ့ ပိတ်ရပ် လိုက်ပါသည်။ ကားတံခါးကို ဖွင့်လုဆဲဆဲ လင်းထင်းနှင့် ဝင်တိုက် တော့မလိုတောင် ဖြစ်သွားသည်။ လင်းထင်းကတော့ အလျင်အမြန် ပင် ရှောင်တိမ်းပေးလိုက်ပါသည်။

"သူနဲ့ဘာလို့ အအေးဆိုင်ထိုင်ပြီး စကားပြောရတာလဲ"

"ခင်လိပ်ပြာ"

လင်းထင်းသည် ခင်လိပ်ပြာ၏အမေးကို မဖြေ ခင်လိပ်ပြာ၏အမည်ကိုသာ စိတ်ပျက်လက်ပျက် ခေါ်လိုက်၏။

"ဘာလဲ"





"ကျွန်တော့်ကို ဒုက္ခမပေးပါနဲ့ဗျာ၊ ခင်ဗျားသိချင်တာသိရ ပြီးပြီပဲ။ ကိုယ်ရေးကိုယ်တာအထိ လိုက်မမေးပါနဲ့"

"လင်းထင်း ဆိုတဲ့လူတဲ့ ကိုယ်ရေးကိုယ်တာကိုမှ သိချင် လို့မေးတာပေါ့"

"ခင်ဗျားဗျာ ... ခင်ဗျား။ ဘယ်သူ့မှန်းကို စဉ်းစားမရဘူး။ ရုတ်တရက်ကြီး ဘယ်ကဘယ်လိုပေါ်လာမှန်းမသိဘဲ ကျွန် တော့်နား ရောက်လာပြီး မထင်မှတ်တာတွေ ဒုက္ခပေးနေ တော့တာပဲ"

လင်းထင်း စိတ်ပျက်လက်ပျက် ရေရွတ်ညည်းညူ လိုက်ကာ သူ့စိတ်ထဲမှာ ဖြစ်ပေါ်နေတာကို ပြောလိုက်မိတော့သည်။ ခင်လိပ်ပြာဟာ မထင်မှတ်တာတွေ လုပ်တတ်တဲ့အကျင့်ရှိသူပီပီ ပြက်ချင်းပဲ ...

"အိုခေ ... ရှင့်စိတ်ထဲမှာ ဒုက္ခပေးနေတယ်လို့ ခံစားလာရ ပြီဆိုရင် လိပ်ပြာ ထွက်သွားပေးပါ့မယ်၊ စိတ်ချမ်းချမ်းသာ သာနေတော့၊ ဟုတ်ပြီလား"

ဟု တုံ့ပြန်ပြောလိုက်ပြီးလျှင် သူမရဲ့ကားကို ရီမုဒ် နှင့် တံခါးကြိုဖွင့်ထားလိုက်တာမို့ လင်းထင်းကားဘေးကို ဖျတ် ခနဲလျှောက်၊ ကားတံခါးဖွင့်၊ စက်နှိုး စသဖြင့် လျင်မြန်စွာ ပြုမူ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုတွေဟာ မိနစ်ပိုင်းလေးအတွင်းမှာပဲ လျှင်မြန်လှသဖြင့် လင်းထင်း အံ့သြဒေးကြောင်နေတုန်းမှာပင် ခင်လိပ်ပြာကတော့ ...

"တာ့တာ"

လို့ လက်ပြပြီး ကားမောင်းထွက်သွားတော့လေသည်။

လင်းထင်းသည် ခင်လိပ်ပြာ သူ့နားကအလွယ်တကူ ထွက်သွားချင်တဲ့အခါလည်း ထွက်သွားတတ်သည်ကို ကြုံရလျှင် ခါးခပ်ပြေပြေထောက်ရပ်၍ ...

"ဘယ်လိုမိန်းကလေးမှန်း မသိဘူး။ ခန့်မှန်းရ ခက်လိုက်တာ"

ခင်လိပ်ပြာ၏ ကားဘာရိုတ်မီးတန်းကို မြင်ကွင်းမှ ပျောက်သည်အထိ ငေးကြည့်ကာ ကျန်ခဲ့ရတော့သည်။

❣ ○ ❣





၇

ခင်လိပ်ပြာ ဝင်နှောင့်ယှက်လိုက်သော အကျိုးဆက်ကြောင့် လင်းထင်း ရင်ဆိုင်ရတာကတော့ မေမေ့မေးခွန်းတွေပဲ ဖြစ်သည်။

"မမဆောက စကားလှလှသုံးပြီးမေးတာနော် မောင်လင်းထင်းမှာ ဒီလိုပုံစံ ဝတ်စားဆင်ယင်တဲ့ မိန်းကလေးသူငယ်ချင်း ရှိနေတာကို သမီး အံ့သြမဆုံးဖြစ်နေလို့ မေးကြည့်တာပါတဲ့၊ ဒေါ်မြတ်မွန်တို့များ သိထားလားလည်း သိချင်မိသတဲ့ ... တဲ့"

ကိုယ့်ဘက်က, ဘာမှအမှားမရှိပါဘဲ လင်းထင်း အနေရကျပ်နေသည်။

"မေမေလည်း ကြားခါစကတော့ အံ့သြပြီး ပြန်ဖြေစရာ စကားတောင် မရှိဘူး။ သားက မေမေ့ဆို ဘာမဆိုအသိ



www.burmeseclassic.com

www.burmeseclassic.com



ပေးတဲ့သားလေ။ ပြီးတော့ သားရဲ့မိတ်ဆွေသူငယ်ချင်းဆိုလည်း မမေသိတဲ့သူချည်းပဲဆိုတော့ ဒီလိုပုံစံမျိုးလေးနဲ့ ဘယ်လိုကဘယ်လို ပတ်သက်နေပါလိမ့်ပေါ့။ မျက်စိနဲ့မြင်ပြီး ပြန်ပြောပြခံရတဲ့သတင်းမျိုး မဟုတ်ဘဲ ပြည့်ပြည့်ပါ စကားပြောဆို ဆုံတွေ့လိုက်ရတယ်ဆိုတော့ မသေချာစရာဘာမှမရှိဘူး။ မမစောက သံသယရှိပုံလည်းရတယ်။ သားမှာ ရည်းစားတွေ ဘာတွေရှိရင်လည်း လူကြီးချင်းပြောဆိုစီစဉ်တာမျိုး မလုပ်ချင်ပါဘူးတဲ့။ နှစ်ဦးနှစ်ဖက် စိတ်ဆင်းရဲရမယ့်အဖြစ်မျိုး စကတည်းက မလုပ်တာ အကောင်းဆုံးပါပဲတွေ ဘာတွေ ပြောလာတာ"

"ရည်းစား မရှိပါဘူး မေမေရာ"

လင်းထင်း အလျင်အမြန်ပဲ ပြောလိုက်ရသည်။

"ဒါဖြင့် အဲဒီမိန်းကလေးက ဘယ်ကလဲ သား။ သားနဲ့ တော်တော်ရင်းနှီးလား"

"သိပ်မရင်းနှီးပါဘူး"

"ဘယ်လိုလုပ်ပြီးတော့များ သူငယ်ချင်း ဖြစ်သွားရတာလဲ"

"သူငယ်ချင်းလို့ ဆိုရလောက်အောင်လည်း မရင်းနှီးပါဘူး။ ခင်လည်း သိပ်မခင်ပါဘူး။ မတော်တဆ တွေ့သွားလို့လာ နှုတ်ဆက်တာပါ"





"ခေတ်မီတာ၊ ဟော့တာ၊ ဆံပင်အရောင်ဆိုးတာ၊ ဂျင်းနံပင်နံ့ ဝတ်တာတွေကိုတော့ မေမေ အပြစ်မပြောပါဘူး။ အခုခေတ်မှာက ဒါမျိုးပဲ ဝတ်ကြတာလေ။ ကိုယ့်သားက မဝတ်လို့ သူများဝတ်ရင် မကြိုက်ဘူး။ ကြည့်မရဘူး ဆိုတာလည်း မရှိပါဘူး။ ဒါပေမဲ့ သားလိုလူက အဲဒီမိန်းကလေးနဲ့ သိကျွမ်းနေတာမို့ အံ့သြတာပါ"

ဘယ်လိုပုံစံနဲ့ သိကျွမ်းခဲ့သလဲ ဆိုတာကို လင်းထင်း ပြောလိုစိတ်မရှိပါ။ မိန်းကလေးတစ်ယောက်က ကိုယ့်ကိုသဘောကျပြီး ချဉ်းကပ်လာပါသည်ဟုလည်း အထင်ကြီးစွာ မတွေးချင်ပါ။ ခင်လိပ်ပြာကလည်း သူ့လိုပုံကို သဘောကျလို့ လာရောသည်ဟုလည်း မထင်ပါ။ ဘာအကြံအစည်နဲ့ လာရောမှန်းမသိတာမို့ မေမေ့ကို ပြောပြရခက်နေသည်။ အပြောများသွားရင် မေမေ အစိုးရိမ်ကြီးသွားမှာ စိုးရိမ်ပါသည်။

"သူက ဘယ်ကျောင်းကလဲ"

"အဝေးသင် တက်နေတာ"

တကယ်တော့ ခင်လိပ်ပြာ အဝေးသင်တက်နေတယ်ဆိုတာကိုတောင် မနေ့တစ်နေ့ကမှ ပြည့်ပြည့်ဝင်းနဲ့ စကားပြောကြစဉ် ကြားခဲ့တာဖြစ်သည်။ လင်းထင်းလည်း မမေးမိသလို ခင်လိပ်ပြာကလည်း မပြောပြခဲ့ပါ။ ခင်လိပ်ပြာကတော့ လင်းထင်း အကြောင်း အကုန်သိပြီးသားလို ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာနေလဲ၊ ဘယ်သူ့သားသမီးလဲ"

"အဲဒါတော့ သား မသိဘူး မေမေ"

"မင်းနဲ့ ကြုံကြုံဖန်ဖန် ဘယ်လိုတွေ့ကြတာလဲ"

ထိုမေးခွန်းကို မေမေက ထပ်မေးလာသဖြင့် လင်းထင်း ခေါင်းထဲရှိရာ ရွေးပြောလိုက်ပါသည်။

"ကော်ဖီဆိုင်မှာ"

"အေးပါ ... ထားပါ၊ ဘယ်လိုပဲတွေ့တွေ့ပါ။ သားလို အေးအေးဆေးဆေး နေတတ်တဲ့သူနဲ့တော့ ဖြစ်မယ်မထင်ဘူး။ ဒီထက်ပိုမရင်းနှီးစေနဲ့နော်။ မေမေ ပြည့်ပြည့်ကိုပဲ သဘောကျပြီးသား။ သားလည်း ပြည့်ပြည့်နဲ့ အဆင်ပြေအောင်နေ။ ပြည့်ပြည့်ကိုလည်း ရှင်းပြလိုက်ပါဦး"

"သူ တိုက်ရိုက်မမေးဘဲနဲ့တော့ မရှင်းပြချင်ဘူး မေမေရာ။ အခုဟာက ပြည့်ပြည့်နဲ့ ကျွန်တော်နဲ့က ဘာမှလဲ မဟုတ်သေးဘူးဆိုတော့ ဟိုဟာရှင်းပြ ဒီဟာရှင်းပြရမှာ မလုပ်ချင်ဘူး။ သူ မေးရင်တော့ ပြောပြမှာပါ"

မေမေက ဘာမှဆက်မတိုက်တွန်းတော့ပဲ ...

"ပြည့်ပြည့်ကိုတွေ့တော့ သားစိတ်ထဲ ဘယ်လိုသဘောရလဲ"

ဟု သူမ စိစဥ်ထားသည်ကိုသာ အာရုံစိုက်ဟန်ဖြင့် ထပ်မေးပြန်သည်။

"ဘာကို ဘယ်လိုသဘောရရမှာလဲ မေမေ"





"သားစိတ်ထဲမှာ လက်ခံနိုင်တဲ့ မိန်းကလေးမျိုးလား"

"အဲဒါတော့ သား မသိဘူး"

တကယ်လည်း အဲဒီလို စိတ်ထဲမှာရှိပါသည်။ မေမေက ဒီမိန်းကလေးကို သဘောကျတယ်၊ သဘောတူတယ်၊ သွားကြည့်လိုက်၊ ရင်းနှီးအောင်လုပ်လိုက်ဟု ညွှန်ကြား၍သာ ရောက်အောင်သွားတွေ့ရသည်။ ပြည့်ပြည့်ဝင်း ဆိုတာကို ဆယ်တန်းအောင်ပြီးကတည်းက မတွေ့တော့တာ သုံးနှစ်ကျော်လောက်ရှိပြီမို့ ရုပ်ရည်ဘယ်လိုဆိုတာတောင် မေ့တော့တော့ ဖြစ်နေခဲ့သည်။

ဒါပေမဲ့ ပြန်ဆုံကြတော့လည်း ဆယ်တန်းမှာတွေ့ထားဖူးတဲ့ရုပ်ထက် ဘာမှပိုထူးခြားနေတာမျိုးမရှိဘဲ ပိုပြီးရင့်ကျက်တည်ငြိမ်ပုံ ပေါက်လာသော ယဥ်စစ မိန်းကလေးကို ရင်ထဲမှာ ဘယ်လိုခံစားချက်မှ ဖြစ်ပေါ်မလာခဲ့ပါ။ ငါတို့ချင်းကို မိဘတွေ သဘောကျကြတယ်။ တစ်ယောက်နဲ့တစ်ယောက် အကဲခတ်ရမယ် ဆိုသော အသိစိတ်ကသာ ကြီးစိုးနေရာ လင်းထင်းလည်း ရှက်ကိုးရှက်ကန်း ဖြစ်သလိုလို ဘာလိုလို ဖြစ်တာလောက်တော့ ခံစားရပါသည်။

"မင်းအစ်ကိုကြီးတုန်းကလည်း မေမေပြတဲ့ မိန်းကလေးကို သဘောကျပြီး ယူသွားတာနော်။ မေမေကလည်း သား သဘောမကျနိုင်တာကို မရွေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သတိပေးသလိုပုံစံနဲ့ ပြောတာဖြစ်ကြောင်း လင်းထင်း ရိပ်မိပါသည်။ မေမေ၊ လင်းထင်းနှင့် ပြည့်ပြည့်ဝင်းတို့ကြားမှာ ခင်လိပ်ပြာဟာ အနှောင့်အယှက်တစ်ခု ဖြစ်လာမှာတော့ မေမေ စိုးရိမ်နေပုံရသည်။

သားလည်း စိုးရိမ်တာပါပဲ မေမေ။ ဘာကိုစိုးရိမ်မှန်းမသိ စိုးရိမ်နေမိတာမျိုးမို့ ထုတ်မပြောတော့ပါဘူး။





## ၈

"ဘယ်လိုလဲ လိပ်ပြာ။ တစ်လပြည့်ပြီနော်"

ဝင့်ဝင့်ထယ်က တွေ့တွေ့ချင်း ထိုစကားဖြင့် ကလိလိုက်လျှင် ခင်လိပ်ပြာကလည်း အားကျမခံ ...

"နောက်နှစ်လ ကျန်သေးတယ်လေ။ နှစ်လဆိုတာ ရက်ခြောက်ဆယ်ရှပါ၊ သုံးဆယ့်တစ်ရက်ကုန်တဲ့လဆို ခြောက်ဆယ့်တစ်ရက် ဒါမှမဟုတ် ခြောက်ဆယ့်နှစ်ရက်လို့ တွက်လို့ရတာပဲ"

"အခုကတော့ ဒီဇင်ဘာနဲ့ ဇန်နဝါရီဆိုတော့ နှင့်အတွက် နှစ်ရက်ကြီးများတောင် ပိုရတာပေါ့၊ ခြောက်ဆယ့်နှစ်ရက်ပေါ့လေ ... ဟင်း ဟင်း"

"အံမယ် ... စကားအဆုံးမှာ ဘာလို့ရယ်သံပါရတာလဲ၊ ငါက နှစ်ရက်တောင် ကတ်သတ်တွက်နေရလောက်အောင် ရှုံးနိုင်ချေရှိတယ်လို့ လှောင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မလျှောင်ပါဘူးဟယ်၊ ငါက အရမ်းကို စိတ်ဝင်စားလို့ပါ။ ဓာတ်သိမ်းကို မြင်ချင်တာပါ"

"ဓာတ်လမ်းတစ်ပုဒ်ဟာ စမိရင် ဓာတ်မသိမ်းတာ မရှိပါဘူးဟယ်၊ စောင့်ကြည့်နေပါ"

"နင်ပြောတော့ ပြိုင်ဘက်တစ်ယောက် ပါလာပြီဆို"

ခင်လိပ်ပြာက ပြည့်ပြည့်ဝင်းနဲ့ ဆုံဆုံချင်းနေ့မှာပဲ အိမ်ရောက်တော့ ဝင့်ဝင့်ထယ်ကို ဖုန်းဖြင့်ပြောပြထားသည်ဖြစ်ရာ ဝင့်ဝင့်ထယ်လည်း အကုန်သိနေပါသည်။

"ပြိုင်ဘက်လို့ကို မသတ်မှတ်ချင်ပါဘူး။ သူ့ပုံစံလေးက မနို့တရို့လေးလိုလို၊ ယဉ်စစလေးလို ဖြစ်နေပေမယ့် ငါနဲ့ အပြတ်အသတ်ကိုကွာတာ။ သိပ်ပြီး ထူးခြားမနေဘူး။ အားလုံးထဲမှာ ထင်းနေအောင်လည်း မလှဘူး။ ငါလည်း ငါ့ကိုယ်ငါ သိပ်ပြီးလှတယ်လို့ကို မထင်ပါဘူး။ ဒါပေမဲ့ ခင်လိပ်ပြာ ဆိုရင် အားလုံးငေးနေရတာလေ"

"ဟုတ်တယ် ... ဒါတော့ ငါလက်ခံတယ်၊ နင်ကအရမ်း attractive ဖြစ်တာ။ နင် ဘာပဲလုပ်လုပ် လူတွေက တစ်ချက်ချင်း လိုက်ငေးနေရတာမျိုးလေ။ နင့်ထက်ပိုလှတဲ့ မိန်းမတွေမှာတောင် အဲဒီလိုဆွဲဆောင်မှုမျိုး မရှိကြဘူး"

ဝင့်ဝင့်ထယ်က ဒီတ[illegible] ကိုတော့ တကယ်ပဲ စိတ်ထဲကပါလို့ ပြောတာဖြစ်ပါသည်။ ဝင့်ဝင့်ထယ်တောင်မှ ခင်လိပ်ပြာ





နား ကပ်နေလို့။ ခင်လိပ်ပြာကြောင့်မို့လို့ တွဲသိပြီး လူသိများသလို ဖြစ်နေတာလေ။ ကိုယ်ကလည်း ကိုယ့်ဘာသာနေရင် သူလိုငါလိုပဲလို ဖြစ်နေမယ်မှန်းသိလို့ ခင်လိပ်ပြာကို အသေကပ်ပြီး BFF လုပ်ထားရတာလေ။

"ဒါပေမဲ့ နင် သတိထားရမှာက သူဟာ လင်းထင်းနဲ့ပုံစံတူ လို ဖြစ်နေတာလေ။ မြန်မာဝတ်စုံဝတ်ပြီး ဆံပင်ရှည်ကြီးနဲ့ ထဘီနဲ့ဆိုတာ အခုခေတ်မှာ ရှားပါးပစ္စည်းလို ဖြစ်နေပြီ"

"အေး ... ဒါတော့ ဟုတ်တယ်။ သူတို့ကိုကြည့်ရတာ သာမန်သူငယ်ချင်းပေါင်းနဲ့ လုံးဝကိုမတူဘူး။ သူတို့ကြား မှာ အလွှာပါးပါးတစ်ခု ရှိသလိုပဲ၊ ဟာ ... ငါသိပြီ"

ခင်လိပ်ပြာ ခေါင်းထဲမှာ တစ်ခုခုတွေးမိသလိုလိုဖြင့် လက်ဖျောက်တစ်ချက် တီးလိုက်ပါသည်။ ဝင့်ဝင့်ထယ်ကတော့ ခင်လိပ်ပြာ ဘာပြောမလဲဆိုတာကို စောင့်ကြည့်နေပါသည်။

"လင်းထင်း အိတ်ထဲမှာ သနပ်ခါးတုံးတွေ တွေ့လိုက်တယ်။ လင်းထင်းဟာ အဲဒီ ပြည့်ပြည့်ဝင်းရဲ့အမေနဲ့လည်း တရိုတသေအမူအရာနဲ့ စကားပြောကြတာတွေ့တယ်။ သနပ်ခါးတုံးတွေဟာ ပြည့်ပြည့်ဝင်းရဲ့အမေ ပေးလိုက်တာ၊ ငါအခုမှ သတိရတယ်။ ငါ ဖျတ်ဆို တွေ့လိုက်တော့ ကိုယ်နဲ့လည်းမဆိုင်တဲ့ ပစ္စည်းမို့ စိတ်မဝင်စားတော့ အဲဒါကိုမေ့သလိုလို ဖြစ်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

"ငါတော့ ခုထိ ဘာမှန်းမသိသေးဘူး၊ သနပ်ခါးတုံးနဲ့ ဘယ်လိုပတ်သက်လို့လဲ"

"အမေချင်းချင်း လက်ဆောင်တွေ အပြန်အလှန် ပေးတာလေဟာယ်၊ ဒါပဲရှိတာပေါ့"

"ဪ ... ငါမှန်းမိပြီ၊ မိဘချင်း သဘောတူနေကြတာမျိုး ဖြစ်မလား"

"အေး ... ဟုတ်တယ် ဝင့်ဝင့်၊ နင် တော်တယ်"

"လင်းထင်းလိုလူက ဘယ်တော့မှ သူ့ဘာသာ သူကြိုက်တဲ့လူရှာပြီး ရည်းစားထားမှာလည်း မဟုတ်ဘူး။ မိန်းမယူမှာလည်း မဟုတ်ဘူး။ သူ့အမေရှာပေးစားမှ ယူမှာဆိုတာ သိသာနေတဲ့ ပုံစံကြီးလေ"

ထိုသို့ ဖြစ်နိုင်ချေကို တွေးယူရရှိပြီးသောအခါ ခင်လိပ်ပြာ ခေါင်းထဲတွင် အကြံအစည် တော်တော်ထုတ်နေရတော့လေသည်။ အစကတော့ သူ့ကို အေးအေးဆေးဆေးလေး ကိုယ့်ဘက်ပါအောင် လုပ်ယူပြီး စိတ်ကြိုက်ကစားပြီးတဲ့အခါ ထားခဲ့ရုံပဲ ဟု အလွယ်တကူ တွေးခဲ့တာပဲ။

အခုတော့ မထင်မှတ်ဘဲနဲ့ ကြားမှာ "အမေစီစဉ်ထားသူ"ဆိုသော မိန်းကလေးက ပေါ်လာသောအခါ ခင်လိပ်ပြာအတွက် တော်တော်လေး ခက်ခဲသွားနိုင်သော အခြေအနေမှာရှိလာသည်။ လင်းထင်းနားမှာ ဘယ်မိန်းကလေးမှလဲမရှိ၊ ဘယ်သူလဲ မလွှမ်းမိုးနေလျှင် ခင်လိပ်ပြာ ဝင်ရတာ အသာစီးအနေအထားရှိလေသည်။ ခုတော့ လင်းထင်းရဲ့အာရုံထဲမှာ ခင်လိပ်ပြာဆိုသော မိန်းကလေးတင် မကတော့ဘူး ပြည့်ပြည့်ဝင်းကိုပါ အမေစီစဉ်ထားကြောင့် ခေါင်းထဲထည့်ရလျှင် လင်းထင်းလို ကောင်မျိုးကသားလိမ္မာပီသစွာပင် အမေစီစဉ်ထားတာကို ဘယ်တော့မှ ဖျက်လိုဖျက်ဆီး လုပ်တော့မှာမဟုတ်။ ခင်လိပ်ပြာ သူ့ကို ဘယ်လောက်ကြီး လွှမ်းမိုးနိုင်လေလေ လင်းထင်းကတော့ သူ့ခံစားချက်ကို ဖုံးကွယ်ပြီး ရှောင်ထွက်မှာလေလေဆိုတာ သေချာနေပေပြီ။

"ပြည့်ပြည့်ဝင်းဟာ ပြိုင်ဘက်တော့မဟုတ်ဘူးပေါ့၊ သတိထား စောင့်ကြည့်ရမယ့်သူ အဖြစ်တော့ ခေါင်းထဲမှာထည့်ထားတယ်"

"အမေ့စကားကိုပဲ နားထောင်ပါ့မယ် ဆိုတာမျိုး လင်းထင်းစိတ်ထဲ စွဲနေရင် နင့်ဘက်က မလွယ်ဘူး လိပ်ပြာ"

"လွန်ဆွဲပွဲတစ်ခုလို ဖြစ်သွားတာပေါ့၊ ဒါပေမဲ့ ငါ့ကိုယ်ငါ Confidence (ကွန်ဖစ်ဒန့်(စ))ရှိတယ် ဝင့်ဝင့်။ ခုချိန်မှာ လင်းထင်းရဲ့စိတ်ထဲမှာ ငါဟာ တစ်နေရာရပြီးပြီဆိုတာ"

❣○❣






www.burmeseclassic.com

www.burmeseclassic.com








# အပိုင်း(၂)

www.burmeseclassic.com

www.burmeseclassic.com







## ၉

"လင်းထင်း ရှိလား ... လင်းထင်း"

ပရက်တီကယ်ခန်းထဲမှာ အားလုံး ကိုယ့်အာရုံနဲ့ကိုယ် ရှိနေစဉ် အခန်းတာဝန်ကျဆရာထံမှ နာမည်ခေါ်သံကြောင့် လင်းထင်း ခေါင်းမော့လိုက်သည်။ မျက်စိကိုကာကွယ်ရန်တပ်ရသော ပလတ်စတစ်အကြည်မျက်မှန် (Safty Glass)ကို နဖူးပေါ် ထင့်တင်ရင်း ...

"ဒီမှာပါ ဆရာ"

"အေး ... ဒီမှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်။ သိပ်ကိုအရေးကြီးလို့ပါတဲ့။ ခဏလေး ထွက်တွေ့ပေးပါတဲ့"

စပ်စုတတ်သူတချို့က ဆရာရပ်နေရာ အခန်းဝဆီ ကြည့်ကြလျှင် နံရံကွယ်နေသော အခန်းထောင့်မှာ ရပ်နေသူကို မြင်သည့်သူက မြင်နိုင်ပြီး တချို့ မမြင်သဖြင့် ကုန်းကိုင်းပြူးပြဲ ကြည့်နေတာကိုပါ လင်းထင်း သတိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုးဟိုး ... လင်းထင်း ... လျှိုတယ်ကွာ၊ ပြောတောင်
မပြောပြထားဘူး"

မရမက ကုန်းကြည့်ပြီး အပြင်မှာရှိသော ဧည့်သည်ကို မြင်လိုက်ရသော အတန်းဖော် သူငယ်ချင်းတစ်ယောက်က အံ့သြသလို လှည့်ပြောနေစဉ် ...

"ကိုယ့်အလုပ် ကိုယ်လုပ်ပါ၊ စကားမများနဲ့၊ စကားများရင် အမှတ်လျှော့မယ်နော်"

အခန်းအနောက်ဘက်နံ့ထောင့်မှာ စောင့်ပေးရသော ဆရာမတစ်ယောက် အသံကြောင့် ထိုကျောင်းသား စကားဆက်မလာဘဲ လင်းထင်းခြေလှမ်းတွေကိုသာ လိုက်စပ်စုလေသည်။

လင်းထင်း ဖြတ်လျှောက်လာလျှင် အားလုံးထံမှ "အူး ဟူး ဟူး"ဟူသော အသံတွေ ကြားရသည်။ ဘယ်လိုဧည့်သည်မျိုးမို့ ပရက်တီကယ်လုပ်နေတဲ့ တစ်ခန်းလုံး လှုပ်လှုပ်ရှားရှား၊ အံ့သြတကြီးတွေ ဖြစ်ရသလဲ။ ရုတ်တရက် အရင်ဆုံးခေါင်းထဲရောက်လာသူကတော့ "ခင်လိပ်ပြာ"ဆိုသော အမည်နာမတစ်ခုပင်။ တခြားလူဆီ ခင်လိပ်ပြာ လာလည်ခဲ့ရင် ဒီလောက်စိတ်ဝင်စားကြမှာ မဟုတ်ပေမယ့် လင်းထင်းလို လူအေး၊ လူတည်၊ လူလိမ္မာပုံစံ တစ်ယောက်ဆီ လာလည်ရင်တော့ အားလုံးမယုံကြည်တဲ့ မျက်လုံးတွေနဲ့ ငေးမောကြည့်ကြလိမ့်မည်မှာ သေချာသည်။





ခင်လိပ်ပြာ မဟုတ်လောက်ဘူး ထင်ပါရဲ့။ ပြည့်ပြည့်များလား။ အခုရက်ပိုင်း ပြည့်ပြည့်နဲ့ တော်တော်လေး ဖုန်းပြောဖြစ်ကာ ခင်လိပ်ပြာကြောင့် ဖြစ်ခဲ့သော အဖုအထစ်လည်း ပြေသွားသဖြင့် သူတို့အရင်ကထက်တော့ ပိုရင်းနှီးလာကြပြီဖြစ်သည်။ မျက်နှာချင်းဆိုင် စကားထိုင်ပြောရတာထက် ဖုန်းပြောရတာပင် ကောင်းသည်ဟု လင်းထင်း ယူဆသည်။ ဖုန်းထဲကဆိုတော့ အသံသာကြားရပြီး လူချင်းတွေ့စရာမလို၍ ပိုပြီး ပြောရဲဆိုရဲရှိတာမို့ ပြည့်ပြည့်နဲ့လည်း တရင်းတနှီး နောက်ပြောင်၊ အကြိုက်ချင်းဖလှယ်၊ ရုပ်ရှင်မှန်းချက်တွေ အသီးသီး အသိပေးဖြင့် နည်းပညာတက္ကသိုလ်ကို မရောက်ဖူး၍ လာလည်ချင်ပါသည် ဆိုတာတောင် ပြည့်ပြည့်ထံမှ သိထားရသောကြောင့် ပြည့်ပြည့်ဟုလည်း မျှော်လင့်ပါသည်။ ပြည့်ပြည့်ကလည်း လင်းထင်းလို ပုံစံတူစွာ မြန်မာဆော်စုံလေးတွေကိုသာ ဆင်မြန်းတတ်သည့် အခုခေတ်ကာလမှာတွေ့ရခဲသော အပြင်အဆင်လေးမို့ ပရက်တီကယ်ခန်းကကောင်တွေဟာ လင်းထင်းနဲ့ လိုက်ဖက်လှချည့်လား၊ ရှာတတ်လှချည့်လားဆိုပြီး အံ့သြကြတာမျိုးရော မဖြစ်နိုင်ဘူးလား။

လင်းထင်းရဲ့ပဟေဠိ ခြေလှမ်းတွေဟာ ပရက်တီကယ်အခန်းဝ ရောက်တဲ့အခါ ထောင့်ချိုးအကွယ်မှာ ရပ်နေရာကိုကြည့်လိုက်မိချိန်မှာတော့ အဖြေရသွားပါသည်။

"ဘယ်သူများလဲလို့ ခင်လိပ်ပြာကိုး"



www.burmeseclassic.com

www.burmeseclassic.com



ခင်လိပ်ပြာက လင်းထင်း ဘာမှမပြောခင် ကြိုတင်ပြီး **လင်းထင်းအစား** ပြောပေးလိုက်ပါသည်။ Aerosmith (**အေရိုစမစ်**)အဖွဲ့ရဲ့ခေါင်းဆောင် အဆိုတော် Steven Tyler (စတီဗင်တိုင်လာ)သီချင်းအော်ဆိုနေပုံ စတစ်ကာပါသော တီရှပ်အနက်၊ ဂျင်းန်အနက်ဖြင့် တစ်ကိုယ်လုံး နက်မှောင်နေပေမယ့် နှုတ်ခမ်းအရောင်တွေကိုတော့ ငွေမင်တွေလဲ့လဲ့ပါသော ပန်းဆီရောင်ဆိုး ထားပါသည်။

"ကျွန်တော် ပရယ်တီကယ်ခန်း ဝင်နေရတယ်၊ ခင်ဗျားမှာ ဘာကိစ္စမှလဲ အရေးတကြီး မရှိဘဲနဲ့ ဘာကြောင့် ခေါ်ခိုင်းရတာလဲဗျ"

"တကယ်အရေးကြီးလို့ပါ၊ လိပ်ပြာကား ဒီကျောင်းနဲ့မလှမ်း မကမ်း လမ်းမပေါ်မှာ ကားဘီးပေါက်သွားလို့ပါ"

"ကားဘီးပေါက်တာ ကျွန်တော်နဲ့ ဘာဆိုင်လဲ"

"ဘီးအပိုပါပါတယ်၊ ဒါပေမဲ့ ကားဘီးကို ကိုယ်တိုင်ဖြုတ် ကိုယ်တိုင်ပြန်တပ်ဖို့ထိ မလုပ်နိုင်လို့ပါ။ ဒါနဲ့ ခေါင်းထဲမှာ လျှောက်စဉ်းစားတော့ လင်းထင်းကို သတိအရင်ဆုံးရသွားတယ်။ လင်းထင်းက ဒီမှာကျောင်းတက်တာ ဆိုတော့ လင်းထင်းပဲ ကူညီမယ့်လူရှိတယ်"

"ကျွန်တော် မအားဘူး"





လင်းထင်း ခပ်စိမ်းစိမ်းပြောပြီး ခင်လိပ်ပြာကို ကျောခိုင်းကာ အခန်းထဲ ပြန်ဝင်လာသည်။ သူတို့ကိုကြည့်နေကြသော တစ်ခန်းလုံး၏ မျက်ဝန်းအစုံများစွာတို့ကို ရင်ဆိုင်ရပါသည်။

"လိပ်ပြာ အတန်းပြီးတဲ့ထိ စောင့်မယ်"

တစ်ခန်းလုံး "ဝိုး"ဟူသော အသံတွေ ညံသွားပါသည်။ ခင်လိပ်ပြာကတော့ သူမ လုပ်ချင်ရာလုပ်သွားသူပီပီ မြူးစိစိဖြင့် အားလုံးကို ရင်ဆိုင်နိုင်ပေမယ့် လင်းထင်းကတော့ အရှက်ကြီးရှက်ကာ ဘယ်သူ့ကိုမှ မကြည့်ရဲတော့။

တစ်စားပွဲတည်း ပရယ်တီကယ်ထိုင်လုပ်နေသော သူငယ်ချင်းတွေကတော့ လင်းထင်းကို လူစွမ်းကောင်းကြီးလိုလို၊ လူထူးလူဆန်းကြီးလိုလို ဝိုင်းကြည့်လျက် ...

"စောင့်နေမယ်တဲ့"

"ချိန်းထားရင်လည်း မြန်မြန်လေးလုပ်ပြီး ထွက်ပါတော့ မောင်ရင်ရယ်။ ခင်လိပ်ပြာလို တစ်ယောက်လုံးက စောင့်နေတာ မောင်ရင်မို့လို့ မတုန်မလှုပ် နေနိုင်တယ်"

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသံတွေကို ခပ်တည်တည်ကြီးလုပ်ပြီး ရင်ဆိုင်ပစ်လိုက်ရလေသည်။ ဒါတောင် ဒီနေ့ ပရက်တီကယ်ခန်းစောင့်တဲ့ ဆရာနှစ်ယောက်တည်းက ဆရာမတစ်ယောက်က တော်တော်လေး စည်းကမ်းတင်းကျပ်ပြီး ဆူဆူပူပူ လုပ်တတ်သူမို့ ဒီနေ့ အတော်ငြိမ်ဝပ်ပိပြားနေရတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လင်းထင်းလည်း နားဒုက္ခနည်းနည်းသက်သာတာဖြစ်သည်။

တစ်ခန်းလုံး ရှုစိ၊ ရှုစိဖြစ်လျက် ကိုယ်လုပ်နေသော ပရက်တီကယ်ကိုပင် စိတ်မဝင်စားနိုင်ဘဲ အခန်းရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်။ ကော်ရစ်ဒါမှာ လက်ပိုက်ရပ်လိုက်၊ ပင့်တင်ထားသော နေကာမျက်မှန်အဝိုင်းကြီးကို နဖူးပေါ်တင်လိုက် ပြန်ချလိုက် စသဖြင့် ပုံစံမျိုးစုံလုပ်ကာ စောင့်ဆိုင်းနေသော ခင်လိပ်ပြာကိုသာ စိတ်အဝင်စားကြီး စိတ်ဝင်စားနေတော့လေသည်။

လင်းထင်းမှာကား ဒီပရက်တီကယ်ချိန် ပြီးရမှာကိုပင် စိုးရိမ်နေသည်။ ပရက်တီကယ်ပြီးရင် အခန်းဝမှာ စောင့်နေမယ့် ခင်လိပ်ပြာနဲ့ သူ ဆုံကိုဆုံရတော့မည်။ တခြားထွက်ပေါက်ရှိပေမယ့် အားလုံး အာရုံစိုက်ခံနေရချိန်မှာ သိသိသာသာ ထွက်ပြေးတိမ်းရှောင်ရတာမျိုးလည်း သူ မလုပ်ချင်။ အဲဒါဆို ပိုပြီး အာရုံစိုက်တော့မည်။ ပိုပြီး ဣန္ဒြေပျက်မည်။ တစ်ဖက်ကလည်း သူ ခင်လိပ်ပြာနဲ့ဆုံပြီး အတူတူ တွဲသွားလျှင် တစ်ကျောင်းလုံး ဟိုးလေးတကျော်ဖြစ်အောင် အကြည့်ခံရမှာလည်း သေချာနေသည်။

နည်းပညာတက္ကသိုလ်ဆိုတာဖြင့် မိန်းကလေးဦးရေနည်းပြီး ယောကျ်ားလေး အများစု ကြီးစိုးရာ ကျောင်းကြီးလည်းဖြစ်ရာ အားလုံးက လှောင်ဖို့ ပြောင်ဖို့ ဝန်မလေးကြချေ။ အထူးသဖြင့်တော့ ခင်လိပ်ပြာကို လှောင်ပြောင်မှာထက် လင်းထင်းကိုသာ လှောင်ကြမှာပင်။ ကျောင်းစတက်ကတည်းက မြန်မာပြည်တစ်ပြည်လုံး နံပါတ်ငါးချိတ်သော ကျောင်းသားအဖြစ် လူတွေလက်တို့ပြောခံရသူ လင်းထင်းဟာ အများနဲ့မတူတဲ့ ဝတ်စားဆင်ယင်မှုကြောင့်လည်း အစခံ၊ အလှောင်ခံရသူတစ်ဦး ဖြစ်နေခဲ့တာ။ "ကျောင်းဆရာကြီး" လို့နာမည်ပြောင်ပေးခံထားရတာတွေလည်းရှိတာမို့ အခုတော့ လင်းထင်းဆီ ပထမဦးဆုံးရောက်လာတဲ့ မိန်းကလေးသည်သည်ဟာလည်း အသွင်အပြင် လုံးဝကွဲပြားသော DJ ခင်လိပ်ပြာ ဖြစ်နေလေရာ တကယ့်ကို အံ့သြတကြီး၊ ဟိုးလေးတကျော်ဖြစ်ရသည့် အကြောင်းအရာကြီး ဖြစ်နေတော့သည်။





တက္ကသိုလ်ကျောင်းသားကျောင်းသူဘဝ ဆိုတာက အင်မတန်မှ လွတ်လပ်ပျော်ရွှင်စရာကောင်းလှပြီး ဘာမဟုတ်တဲ့ အကြောင်းအရာလေးကိုပဲ ကြီးကြီးမားမား အရေးလုပ်ပြောတတ်ကြတာပဲမို့ လင်းထင်းရဲ့သတင်းက တစ်ခဏချင်း (လင်းထင်းတောင် ပရက်တီကယ်ခန်းက မထွက်ခင်)မှာပင် တစ်ကျောင်းလုံးနီးပါး ပျံ့နှံ့သွားပြီ။

"DJ ခင်လိပ်ပြာက 3rd year Civil(သဒ္ဒါရီးယားဆေဗယ်လ်) တက်နေတဲ့ လင်းထင်းဆီ လာလို့တဲ့"

"ဩော် ... လင်းထင်း ဆိုတာ ပုဆိုးနဲ့တိုက်ပုံ အမြဲဝတ်တတ်တဲ့ တစ်ယောက်လား"

"ဟုတ်တယ်၊ ကျောင်းဆရာလေ"



www.burmeseclassic.com

www.burmeseclassic.com

စသဖြင့် တစ်ယောက်နဲ့တစ်ယောက် သတင်းပေးရင်းကနေ အတော့်ကို အုံ့ဩစရာကောင်းလောက်အောင် ပျံ့နှံ့သွားလေတော့လေသည်။

ဖရက်ရှာတီကယ်လ်အချိန် စေ့သွားသောအခါမှာတော့ လင်းထင်း ရင်မဆိုင်ချင်ဆုံးအချိန်ကို ရင်ဆိုင်လိုက်ရတော့လေသည်။ ခင်လိပ်ပြာကတော့ ဝိုင်းကြည့်ကြသော မျက်လုံးအစုံပေါင်းများစွာတို့အလယ်မှာ အောင်နိုင်သူတစ်ဦးလိုပဲ လင်းထင်း ထွက်လာတာနဲ့ လင်းထင်းနဲ့အတူ ယှဉ်တွဲလျှောက်လာလိုက်ဖို့ အသင့်ဖြစ်နေတော့သည်။

မိန်းကလေးဖြစ်ပြီး အရပ်တော်တော်မြင့်လှသော ခင်လိပ်ပြာသည် တီရှပ်နဲ့ ဂျင်းန်ဝတ်ဆင်ထားပုံမှာ အပိုအလိုမရှိအောင် ပြေပြစ်လျက် သူမနဲ့တော့ အတော်လိုက်ဖက်လှသည်။ ဂျင်းန်ပင်န်ဆိုတာမျိုးက ခြေထောက်တွေ ပေါင်တံတွေ သိပ်ရှည်လွန်းလည်းမလှ၊ သိပ်တိုလွန်းလည်း မလှ၊ သိပ်သေးသွယ် ပိန်လှီနေလည်း ကြည့်မကောင်း၊ သိပ်ပြီး ပြည့်ဖြိုးနေပြန်လျှင်လည်း မသင့်တော်၊ ဒါ့အပြင် ခါးတုတ်၊ တင်ပါးကြီးနေပြန်လည်း မလိုက်ဖက်လှ။

အခုတော့ ခင်လိပ်ပြာဟာ ဂျင်းန်ပင်န်နဲ့တော့ တော်တော်လိုက်ပါသည်။ CK တံဆိပ်၊ Levi 501 တံဆိပ်၊ Guess





တံဆိပ်တွေမှာ ကြော်ငြာပေးသော မော်ဒယ်လ်တွေလိုပဲ ခြေသလုံး ပေါင်တံ၊ ခါး၊ တင်ပါး အနေတော်နဲ့မို့ မြင်ရသူမှာ အဆင်ပြေလှသည်။ ကိုယ်ဟန်မတ်မတ်ဖြင့် လမ်းလျှောက်ဟန်မှာလည်း အရာရာကို ဂရုမစိုက်ဘဲ ကိုယ့်ကိုယ်ကိုယ် အထင်ကြီး ယုံကြည်စိတ်ချသူတစ်ယောက်လိုပဲ ဖြစ်နေသည်။

လင်းထင်းလည်း အရပ်တော့ မြင့်ပါသည်။ သို့သော် ခင်လိပ်ပြာ သူ့အားယှဉ်ရပ်သောအခါ သူနဲ့သိပ်မကွာတော့သလိုတောင် ထင်ရသည်။

"ကျောင်းဆရာ ... ရေလည်လေးစားတယ်ဗျာ"

ခပ်နောက်နောက် ပြောရဲဆိုရဲရှိသော ကျောင်းသားတစ်ယောက်ကတော့ သူတို့သွားနေရာလမ်းရှေ့ပိတ်ရပ်ပြီး လင်းထင်းကို အတင်းလက်ဆွဲနှုတ်ဆက်လိုက်သေးလေသည်။ ပြီးမှ ...

"ဟဲလို ... ခင်လိပ်ပြာ၊ ကျွန်တော် ခင်လိပ်ပြာရဲ့ပရိသတ်ပါ၊ Big Fan (ဘစ်(ခ)ဖန်)တစ်ယောက်ပါ။ အမြဲတမ်း အားပေးနေတယ်ဗျာ"

ဟု ခင်လိပ်ပြာကို ဦးညွှတ်နှုတ်ဆက်ကာ စကားပြောလာပြန်သည်။

"အားပေးရင် နယူးရီးယား မြရိပ်ညိုပွဲကို လာခဲ့လေ၊ လက်မှတ်ဝယ်ထားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဝယ်ထားတာပေါ့၊ DJ ခင်လ်ပြာပါရင် ဘယ်ပွဲမှမလွတ်ဘူး"

"အိုခေ ... သိုင့်(ခ)နော်။ ဟိုမှာ မင်းသားကသွားပြီ။ ပြေးချော့ဦးမှ"

ခင်လိပ်ပြာ စကားပြန်ပြောနေတာကို ရပ်မစောင့်ဘဲ လင်းထင်း သုတ်ခြေတင်လျှင် ခင်လိပ်ပြာဟာ သူမတို့ကို အကဲခတ်ကြည့်ရှုနေသူအားလုံး ကြားလုနီးပါးပြောကာ လင်းထင်းနောက်ကို အမီလိုက်ပြပါသည်။

"ပြေးချော့ဦးမှ"

ဟူသော စကားရဲ့အဓိပ္ပာယ်ထဲမှာ တစ်စုံတစ်ရာပတ်သက်မှုပါသလိုလို ရှိလေရာ အားလုံးအတွက် တီးတိုးပြောစရာကြီးလို ဖြစ်နေသည်။

"လင်းထင်း ... ဘယ်လိုဖြစ်နေတာလဲ၊ စောင့်ပါဦး"

"ခင်ဗျားနဲ့ ကျွန်တော် ချိန်းမှမချိန်းထားတာ။ ဘာလို့စောင့်ရမှာလဲ"

"ချိန်းမထားပေမယ့် လိပ်ပြာ အကူအညီတောင်းထားပြီးရှင့်ကို စောင့်နေတာလေ"

"ဝပ်ရှော့ကို ဖုန်းဆက်ခေါ်ရင် မရဘူးလား"

"ရှင် ... ဘီးလဲရမှာ ပင်ပန်းယ်ဆိုလည်း လိပ်ပြာကားကို ထားခဲ့မယ်။ ရှင့်ကားနဲ့ ထဲထိ ပြန်လိုက်မယ်လေ"





"ဟာ ... နောက်တစ်မျိုး ဖြစ်လာပြန်ပြီ"

"ကဲ ... ကြိုက်တာကိုရွေး။ ကားဘီးလဲပေးမလား။ ကားကြို့ပေးစီးမလား"

"ခင်ဗျားမို့ အမျိုးမျိုး ပြဿနာကြုံတတ်တယ်။ ပြီးတော့ ဒီကျောင်းနားမှာမှ"

"ဘယ်သူကများ ပြဿနာကြုံချင်ပါမလဲ လင်းထင်းရယ်။ ကားဘီးဆိုတာ နေရာရွေးပြီး ပေါက်မှမပေါက်တတ်တာ။ လင်းထင်းတို့ကျောင်း ဒီနားမှာရှိတယ်။ ကားဘီးမပေါက်နဲ့ဦးလို့ တားလို့မှမရတာ ... ဟင်း ဟင်း"

ခင်လိပ်ပြာ စ,သလို နောက်သလို ပြောရင်းကျောင်းကင်န်တင်းတွေနား ရောက်လာသဖြင့် ...

"ဟာ ... အတော်ပဲ၊ ရင်ပူနေလို့ အအေးသောက်ချင်တယ်။ အအေးသောက်မယ်"

ဟု လင်းထင်းကို ပြောလာပြန်သည်။ လင်းထင်းစိတ်ကတော့ ခင်လိပ်ပြာကို ဒီကျောင်းထဲက မြန်မြန်ခေါ်ထုတ်သွားဖို့သာ တွေးနေလေရာ ...

"ခင်ဗျားကားကိစ္စ ပိုအရေးကြီးတယ်၊ မသောက်နဲ့"

"ဟယ် ... သူတစ်ပါး ရေငတ်နေတာကို ပိတ်ပင်တယ်။ နောက်ဘဝကျ ပြိတ္တာကြီး ဖြစ်တော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျား အအေးသောက်မယ်ဆိုရင် ထိုင်သောက်နေခဲ့။ ကျွန်တော့်ကို ခင်ဗျားကားရှိတဲ့နေရာသာ ပြောလိုက်။ ကျွန်တော် သွားနှင့်မယ်"

ခင်လိပ်ပြာ မိန်းမပီသစွာပင် မျက်စောင်းထိုး၊ ခြေဆောင့်လိုက်ပြီး နှုတ်ခမ်းစူကာ ...

"ကဲပါ ... ကဲပါ ... မသောက်တော့ပါဘူး၊ စိတ်ချမ်းသာသွားပြီ မဟုတ်လား။ လိပ်ပြာ အအေးမသောက်မှ ရှင်စိတ်ချမ်းသာမယ်ဆိုရင် မသောက်ဘဲ အငတ်ခံပါ့မယ်"

အဝေးမှ လှမ်းကြည့်နေသူများကတော့ ခင်လိပ်ပြာဟာ လင်းထင်းကို စိတ်ကောက်မူနွဲ့နေသည်။ ချစ်သူချင်းမို့ မူနေ၊ နွဲ့နေရတာကိုပဲ နှစ်ဦးသား သာယာနေကြသည်လို့သာ မြင်ကြမယ့်ပုံစံမျိုးဖြစ်အောင် ခင်လိပ်ပြာ တမင် ဟန်ဆောင်ဖန်တီးနေတာပဲ ဖြစ်လေသည်။

❣○❣





## ၁၀

နေပူကြီးထဲ ချွေးဒီးဒီးကျအောင် ကားဘီးကိုဖြုတ်နေသာ လင်းထင်းကို ဘေးကကြည့်ရင်း ခပ်လိပ်ပြာ ရင်ထဲမှာ သနားတော့ သနားသွားပါသည်။ ဒီကောင်ဟာ မိကောင်းဖခင်သားသမီး၊ ယဉ်ကျေးသိမ်မွေ့ပြီး သူတစ်ပါးအပေါ် အားလည်းနာတတ်၊ ရိုင်းလည်းမရိုင်းတတ်သူမှန်း ခင်လိပ်ပြာ သိပါသည်။ ကြောင့်လည်း သူ့ကို ခင်လိပ်ပြာ လုံးဝဂရုမစိုက်ဘဲ ခပ်ရဲရဲ ဝင်ရောရဲသလို လုပ်ချင်တာလည်း လုပ်ရဲနေတာဖြစ်သည်။ ဟာ လုံးဝမရိုင်းစိုင်းတတ်ပဲ တစ်ဖက်မိန်းကလေးအပေါ် အားနာတာ ထောက်ထားတတ်လို့သာ ခင်လိပ်ပြာ အတင်းခေါ်သို့ အေးအေးသက်သာ လိုက်လာပြီး ကူညီပေးတာလည်းဖြစ်သည်။ သူ့နေရာမှာ တခြားယောကျ်ားလေးသာဆို ခင်လိပ်ပြာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလုပ်ရဲလိမ့်မည်ဟု ကိုယ့်ကိုယ်ကိုယ် မထင်ပါ။ ခင်လိပ်ပြ
အရှက်ကွဲအောင်တောင် ပြန်ဆက်ဆံချင် ဆက်ဆံနိုင်မှန်း ကြို
ပါသည်။

"ရှင် ဒီလောက် ပူအိုက်ပြီး ချွေးတွေတဒီးဒီးကျနေ
ဘာဖြစ်လို့ တိုက်ပုံကြီး မချွတ်တာလဲ၊ ချွတ်လိုက်ပါလာ

ခင်လိပ်ပြာ မနေနိုင်တော့ဘဲ တစ်ချက်ပြောကြ
လိုက်တော့ လင်းထင်း သူ့ဘာသာပဲ တိုက်ပုံကို ချွတ်လိုက်သ
ပြီးတော့ ခင်လိပ်ပြာရဲ့ကားရှေ့ဘောနက်ပေါ် တင်မလို့ပြင်လျှ

"ပေး ... ပေး ... လိပ်ပြာကိုင်ထားပေးမယ်၊ ကားပေါ်
ဖုန်တွေနဲ့ ရှင့်အကျီ ပေကုန်မယ်"

ဟု ဘယ်ကဘယ်လို ပေါ်လာမှန်းမသိသော အား
စိတ်ဖြင့် ပြောမိပါသည်။

"ချွေးတွေနဲ့"

လင်းထင်း အဲဒီလောက်သာ ပြောပေမယ့် သူ့
ထဲကနေ လှမ်းယူနေပြီးဖြစ်သော တိုက်ပုံကိုတော့ ခင်လိပ်
လက်ထဲကို ထည့်သည်လည်းမဟုတ်၊ မထည့်သည်လည်း မ
အလိုလို ပေးလိုက်ပြီးသား ဖြစ်နေသည်။ သူ့ဘဝတွင် သူ
ထားသော တိုက်ပုံကို ပထမဦးဆုံး ရင်ဘတ်တွင်ပိုက်ကာ ကိုင်
ဖူးသူဆိုလို့ မမေပြီးလျှင် ခင်လိပ်ပြာပဲ ရှိလေသည်။





လင်းထင်းခေါင်းထဲ ဒါကို ဖျတ်ခနဲသာ တွေးမိလိုက်ပြီး လူကပူလောင်အိုက်စပ်နေတတ်တာ၊ ကားဘီးကိစ္စ မြန်မြန်ပြီးချင်တာရောပေါင်းပြီး ကြာကြာခေါင်းထဲမထည့်ဖြစ်တော့ပါ။ အထဲမှာဝတ်ထားသော လက်ကြယ်သီးပြည့်တပ် ရှပ်လက်ရှည်ကိုလည်း တံတောင်ဆစ်အပေါ်ထိ ခေါက်တင်လိုက်သလို လည်ပင်းကြယ်သီးတွေကိုလည်း ဖြုတ်ထားလိုက်မှပဲ ရင်ဘတ်နဲ့လည်ပင်းမှာ နည်းနည်းသက်သာသလို ဖြစ်သွားပါသည်။

ခင်လိပ်ပြာကတော့ မြင်နေကျ လက်ရှည်တွေ၊ လည်ပင်းကြယ်သီးအပြည့်တပ်တွေ၊ တိုက်ပုံတွေ မတွေ့ရတော့သလိုမို့ ပုံစံတောင် နည်းနည်းပြောင်းသလို ဖြစ်သွားသော လင်းထင်းကို ငေးကြည့်နေမိသည်။ သူဟာ မချောသော်လည်း ကြည့်ကောင်းပြီး ရုပ်ရည်ပြေပြစ်သော ယောက်ျားလေးတစ်ယောက်ဖြစ်ပါရက် ဒီလိုလူကြီးပုံစံ ဝတ်စားဆင်ယင်မှုတွေကြောင့် ပုံစံတစ်မျိုးကြီးဖြစ်ကာ ရင့်ရော်သလို ဖြစ်နေတာပါ။ တကယ်တော့ အခုလို နည်းနည်းပေါ့ပေါ့ပါးပါး ပုံစံလေး ဖြစ်သွားတဲ့အခါတော့ ကြည့်ကောင်းသွားတာပဲ။ ဒါတောင် အခုခေတ် ကောင်လေးတွေလို အိမ်မိုးဆံပင်တွေ၊ တီရှပ်တွေ၊ ဂျင်းန်တွေ မဆင်သေးလို့။ အဲဒါတွေသာ ဝတ်လိုက်ရင် လင်းထင်း ဆိုတာလည်း နည်းပညာတက္ကသိုလ်မှာ လူသိများတဲ့ ယောက်ျားလေးတစ်ယောက် ဖြစ်လာနိုင်တာပဲ။

"လင်းထင်း"



www.burmeseclassic.com

www.burmeseclassic.com



ခင်လိပ်ပြာ သူ့နာမည်ကို ခေါ်ပေမယ့် လင်းထင်း မော့လည်းမကြည့်။ ဖြေလည်းမဖြေ။ စိတ်ထဲမှာ ဒေါသဖြစ်တာရော။ ကိုယ့်ကိုယ်ကိုယ် အလိုမကျတာရော ဘာကြောင့် ဒီလို ဒီလိုတွေ ပတ်သက်ပြီး ဒီမိန်းကလေးနဲ့ ရင်းနှီးသလိုလို ဖြစ်လာရတာရော အားလုံးပေါင်းပြီး စကားတောင် ပြောချင်စိတ်မရှိအောင် အလိုလို စိတ်ကုန်နေသည်။

လင်းထင်း ဆိုတဲ့ သူ့ဘဝဟာ သာမန်ဖြစ်ရိုးဖြစ်စဉ်တွေပဲ ကြုံရပြီး အေးအေးဆေးဆေးပဲ ဖြတ်သန်းသွားရမယ်ထင်ခဲ့တာပါ။ ရိုးရိုးအေးအေးနေမယ်။ စာကြိုးစားမယ်။ မိဘစကားနားထောင်မယ်။ ဖြစ်ချင်တဲ့ ဗိသုကာအင်ဂျင်နီယာကောင်းတစ်ယောက် ဖြစ်အောင်လုပ်မယ်။ စိတ်ကြိုက် မိန်းကလေးကို အမှတ်မထင် တွေ့ခဲ့ရင်တော့ သူ့ကိုပဲယူမယ်။ မတွေ့ခဲ့ရင်တော့ မေမေ ပေးစားတဲ့သူကိုယူမယ်။ မိသားစုကောင်းလေးတစ်ခုဖြစ်အော ကြိုးစားဖန်တီးမယ်. စသဖြင့်သာ အနာဂတ်စိတ်ကူးတွေ ရှိခဲ့တာပါ။ လူပျိုဖော်ဝင်စ အရွယ်တည်းက ရှိခဲ့သော စိတ်ကူးတွေဟာ ပုံမှန်လေး ဖြည်းဖြည်းနဲ့မှန်မှန် တစ်ခုပြီးတစ်ခု ပြည့်မြောက်လ မယ်ကြံတုန်း၊ ဘယ်ကဘယ်လို ပေါ်လာမှန်းမသိတဲ့ မိန်းကလေးကြောင့် လင်းထင်း အတော်ကြီးကို စိတ်ကုန်စိတ်ရှုပ်ထွေးနေသည်။





လင်းထင်းရဲ့ စိတ်ကူးထဲက အစီအစဉ်တွေထဲက နောက်ဆုံးတစ်ခုလေးဖြစ်သော မေမေ ပေးစားသော မိန်းကလေးကိုယူ ... ဟူသည့် အကြောင်းအရာနား ရောက်ခါနီးလေးမှာ ခင်လိပ်ပြာဟာ အပြေးအလွှား ဝင်ရောက်နှောင့်ယှက်လာသည်ဟု ထင်မိပါသည်။

"ရှင် ဘာဖြစ်လို့ တိုက်ပုံကြီး အမြဲဝတ်တာလဲ"

"........."

"တိုက်ပုံကြိုက်လို့ ဝတ်တာကို မကောင်းဘူးလို့ ဝေဖန်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ ခုလို ပူတဲ့အိုက်တဲ့ အချိန်ကြီးမှာ ကျတော့ အဆင်မပြေဘူးပေါ့"

"........"

"ရှပ်တွေ ပုဆိုးတွေပဲ ဝတ်တတ်လို့ ဆိုရင်လည်း ရှပ်လက်တိုတို ဘာတို့ ဝတ်ပေါ့။ အခုလိုရာသီမှာ ရှပ်လက်ရှည်တွေ တိုက်ပုံရောဆိုတော့ ရှင့်ကြည့်ရတာ မသက်သာလိုက်တာလေ"

"ခင်ဗျား အရှေ့အလယ်ပိုင်းဒေသက အာရပ်တွေကို မြင်ဖူးတယ် မဟုတ်လား"

အသံတိတ်နေရာမှ မဆီမဆိုင် ပြောလိုက်သော တုံ့ပြန်စကားကြောင့် ခင်လိပ်ပြာ ကြောင်တောင်တောင် ဖြစ်သွားပါသည်။ ခင်လိပ်ပြာကသာ ဘေးကနေ ဝေဖန်နေတာ။ သူက



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမတုံ့ပြန်ဘဲ သဲကြီးမဲကြီး ကားဘီးကို လုပ်နေတော့တာမို့ နောက်တစ်ခွန်း ထပ်ပြောလို့မှ အသံမကြားရရင်တော့ သူ့ကို အတင်းတွန်းပစ်မိတော့မယ်လို့တောင် တွေးနေတာ။

"အပြင်မှာ မမြင်ဖူးပေမယ့် ဓာတ်ပုံတွေ၊ ဘာတွေ၊ ရုပ်ရှင်တွေထဲမှာတော့ သူတို့ကို ခင်ဗျား မြင်ဖူးမှာပါ"

"အင်းလေ ... ဘာဖြစ်လို့လဲ၊ ဒါတော့ မြင်ဖူးတာပေါ့"

"အဲဒီဒေသကရော အေးလို့လား"

"ရှင် ဘာတွေမေးနေတာ။ ဘယ်သူက အေးတယ်ပြောလို့လဲ။ အရှေ့အလယ်ပိုင်း Middle East ဆိုတာ သဲကန္တာရ Desert တွေပဲရှိတဲ့နေရာ။ သိပ်ပူပြင်းခြောက်သွေ့တဲ့နေရာ ဆိုတာ ကျောင်းမှာ ပထဝီသင်ဖူးရင် နည်းနည်းပါးပါးတော့ သိတာပဲလေ"

"သူတို့နေရာက မအေးဘဲနဲ့ သူတို့ ဘာကြောင့် ဝတ်ရုံရှည်ကြီးတွေ၊ လက်ရှည်ကြီးတွေ၊ ခေါင်းဆောင်းရှည်ကြီးတွေနဲ့ နေလဲ"

ခင်လိပ်ပြာ ရေးရေးလေး သဘောပေါက်သွားပြီး ...

"ဪ ... ဟော် ... သိပြီ၊ ရှင်က သူတို့တောင် ဒီလောက်ပူတာ အရှည်တွေဝတ်နိုင်ရင် ငါရော ဘာလို့မဝတ်နိုင်ရမှာလဲဆိုပြီး လိုက်တုဝတ်တာလား"

လင်းထင်း ဖျတ်ခနဲကြည့်ပြီး ...





"ပြောလိုက်ရင် တလွဲကြီးပဲ။ မမှန်တာပဲ ရွေးပြောသလား ထင်ရတယ်"

ဟု ဝေဖန်သံဖြင့် ဆူငေါက်သလို ပြောလေသည်။

…ဆီက ရှားရှားပါးပါး တွေ့ရသော တရင်းတနှီး အပြောအဆို၊ အမူအရာကြောင့် ခင်လိပ်ပြာ ရင်ထဲမှာ ဘာကိုကျေနပ်သွားမှန်း …သိ ကျေနပ်သွားပါသည်။

"ရှင် သိပ်သိနေရင်လည်း တစ်ခါတည်း ပြောပါလား၊ လူကို ဘာလို့ ပဟေဠိလုပ်နေလဲ။ ပြန်လှန်မေးခွန်းထုတ်ရတာနဲ့။ ဆွေးနွေးရတာနဲ့ လုပ်ပြနေတယ်၊ ရှင် တိုက်ပုံဝတ်တဲ့ကိစ္စကနေ အာရပ်တွေဆီ ရောက်သွားတာ ဘယ်လိုမှ ဆက်စပ်လို့ကို မရဘူး"

"မှတ်ထား ... အဲဒီလို အဝတ်အစား အရှည်တွေ ဝတ်ထားခြင်းအားဖြင့် လူ့ခန္ဓာကိုယ်ထဲမှာထွက်တဲ့ချွေးနဲ့ သူ့ဘာသာ သူ ဓာတ်သဘာဝအရ အေးပြီးနေလို့ကောင်းတယ်။ အသားလည်း နေမလောင်ဘူး။ ခင်ဗျားလက်တွေ့စမ်းသပ်ကြည့်ပါလား။ နေပူထဲကို အင်္ကျီလက်ပြတ်နဲ့သွားရင် အသားတွေ အရမ်းပူစပ်နေမယ်လေ၊ အဲဒီအသားပေါ်မှာ အဝတ်တစ်ခုခု ကာကွယ်ထားရင် ပူစပ်ရတဲ့ဒဏ်က သက်သာတယ်လို့ ခံစားရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

"ထားပါတော့၊ လက်တွေ့တော့ မစမ်းသပ်တော့ပါဘူး။ ရှင်တိုက်ပုံဝတ်တာက အဲဒါကြောင့် ဝတ်တာလား၊ ဒါပဲ သိချင်တယ်"

"အဲဒါနဲ့ မဆိုင်ပါဘူး။ ခင်ဗျားပဲ ပြောတာလေ၊ ပွဲတော်ရာသီ မှာကျတော့ လက်တိုလေး ဘာလေး ဝတ်သင့်တယ်ဆို။ ဒါကြောင့် ကျွန်တော် ရှင်းပြတာပါ။ တိုက်ပုံဝတ်ပေမယ့် ကျွန်တော့်အတွက်တော့ သိပ်ပူ သိပ်အိုက်တယ်လို့ မခံစားရပါဘူး၊ အခုလို ခင်ဗျား ဒုက္ခလာမပေးရင် ကျွန်တော် တိုက်ပုံကို ဘာမှချွတ်ပစ်စရာ အကြောင်းမရှိဘူး"

ပြောရင်း နဖူးကချွေးတွေကိုလည်း သူ့ပုဆိုးခါးကြားမှာ ထိုးထားသော မွေးပွလက်ကိုင်ပဝါဖြင့် တို့သုတ်နေရသဖြင့် ခင်လိပ်ပြာ မကြည့်ရက်နိုင်တော့ပါ။ ကားထဲမှာပါလာသော ဂျာနယ်တစ်စောင်ကိုယူကာ သူ့ကို အသာယပ်ခတ်ပေးလိုက်ပါသည်။

"ဟာ ... မလုပ်နဲ့ ရတယ် ... ရတယ်"

"ဘာရရမှာလဲ၊ ရှင် ဒီလောက် ပင်ပန်းပြီး ချွေးတွေထွက်နေတာ။ နည်းနည်းပါးပါး သက်သာသွားတာပေါ့"

"သူများ မြင်လို့မကောင်းဘူး"

"လိပ်ပြာက သူများတွေကို ဂရုစိုက်တဲ့သူ မဟုတ်ဘူး။ ကိုယ့်ဘာသာ မှန်တယ်ထင်ရင် လုပ်မှာပဲ"





ဘာပဲပြောပြော ယပ်ခတ်ပေး၍ လေအေးလေး နည်းနည်းရသွားတော့ သက်သာတာလည်း အမှန်ပဲမို့ လင်းထင်း ငြိမ်သွားတော့ပါ။ တားလည်းမရမှန်း သိနေသဖြင့် လက်လျှော့ လိုက်တာလည်း ပါပါသည်။ ကားဘီးအသစ်လဲတပ်ပြီးသွားသော အခါ ခင်လိပ်ပြာက နောက်တစ်မျိုး စလာပြန်သည်။

"အအေးသောက်ကြမယ်နော်"

"ဟာ ... မသောက်ဘူး။ မသောက်ပါဘူး။ ကျွန်တော် အတန်းတက်ရဦးမယ်"

"ဒါဆို လိပ်ပြာ လိုက်ထိုင်စောင့်မယ်။ လင်းထင်း အတန်း ကုန်အောင်တက်ပြီးမှ သောက်မယ်"

"ခင်ဗျားကားဘီးလည်း ကောင်းသွားပြီလေ၊ ပြန်ပါဗျာ"

"အံမယ် ... လူကိုများ အလှူခံနှင်သလို နှင်နေလိုက်တာ။ ကားဘီးကောင်းသွားရင် ပြန်မယ်လို့ ဘယ်တုန်းကမှ မပြောခဲ့ဖူးဘူး"

အခုထိ သူ့တိုက်ပုံကိုလည်း ပြန်မပေးသေးဘဲ လက်နှစ်ဖက်ထဲ ထည့်ပိုက်ထားသော ခင်လိပ်ပြာကို လင်းထင်း ဘယ်လိုနိုင်အောင်ပြောရမှန်းမသိ ဖြစ်နေသည်။

"ရှင် ဟန်ဆောင်မနေပါနဲ့။ ရှင်လည်း ဒီလောက်ချွေးတွေ ထွက်နေတာ၊ အေးတာတစ်ခုခုတော့ သောက်ချင်မှာပဲ။ လိပ်ပြာဆို ခုနတည်းက သောက်ချင်နေတာ ရှင်ကမသောက် ရဘူးဆိုလို့ မသောက်ဘဲ အောင့်ထားတာ ကြာလှပြီ"


www.burmeseclassic.com

www.burmeseclassic.com


"အအေးက ဘယ်မှာသောက်မှာလဲ"

"ရှင်ပဲ ကျောင်းတက်ရဦးမယ်ဆို၊ ကျောင်းကင်န်တင်းမှာ သောက်တာပေါ့"

"ဟာ ... မဖြစ်ဘူး မသောက်နဲ့"

"ဘာဖြစ်လို့လဲ၊ ကျောင်းထဲမှာရှိတဲ့ ရည်းစားတွေ့ရင် ပြဿနာဖြစ်မှာစိုးလို့လား"

"ဘာရည်းစားမှ မရှိဘူး"

"ဒါဖြင့် ဘာလို့ ကျောင်းကင်န်တင်းမှာ မသောက်ချင်ရတာလဲ"

"ဒီနားတစ်ဝိုက်က အအေးဆိုင်ပဲ သွားမယ်၊ ကဲ ... ကျွန်တော့်တိုက်ပုံ ပြန်ပေးတော့။ ကျွန်တော် ရှေ့ကသွားမယ်"

"မပေးသေးဘူး။ အအေးဆိုင်ထဲရောက်မှ ပေးမယ်"

"ဟာ ... ဘာဖြစ်တာလဲ၊ မိန်းကလေးနဲ့ တိုက်ပုံနဲ့ ဘာဆိုင်လို့ ယူထားရတာလဲ"

"ယူထားတာ မဟုတ်ဘူး။ သိမ်းထားပေးတာ။ အအေးသောက်ပြီးမှ ပေးမယ်"

ဒီလိုနဲ့ပဲ အချီအချပြောပြီး နောက်ဆုံးတော့လည်း လင်းထင်းပဲ ရှုံးရကာ ခင်လိပ်ပြာနဲ့အတူ အအေးဆိုင်ထိုင်ရတော့လေသည်။



လင်းထင်းမှာ ပြောစရာစကား သိပ်မရှိပေမယ့် ခင်လိပ်ပြာမှာတော့ ပြောစရာတွေ ကုန်ပဲမကုန်အောင် ဖြစ်နေသည်။ သူမ DJ တီးတဲ့အကြောင်း၊ Hip Hop အဆိုတော်တွေအကြောင်း၊ သူမ ကြည့်ထားသည့် ရုပ်ရှင်တွေအကြောင်း စသဖြင့် ဟိုရောက်ဒီရောက် လျှောက်ပြောလေရာ လင်းထင်းကတော့ နားထောင်သမား ဖြစ်နေသည်။ တဖြည်းဖြည်းနဲ့ သူတို့ကြားမှာတော့ ခပ်ပါးပါးရင်းနှီးမှုက ရှိလာသလိုဖြစ်ကြောင်း ခံစားရသည်။ အအေးသောက်ပြီး လမ်းခွဲသောအခါမှာတော့ လင်းထင်းလည်း ကျောင်းပြန်ရောက်ချင်ဇောနဲ့ ကိုယ့်ကားကိုယ်မောင်းပြီး ပြန်လာလေရာ လမ်းတစ်ဝက်ရောက်မှ တိုက်ပုံပြန်ပါမလာတာကို သတိရပြီး ...

"သွားပါပြီကွာ၊ တိုက်ပုံမပေးလိုက်ဘူး၊ တော်တော်ဆိုးတဲ့ ခင်လိပ်ပြာပဲ"

ဟူ၍ စိတ်ပျက်လက်ပျက် ညည်းညူမိတော့သည်။

❦ ○ ❦


www.burmeseclassic.com

www.burmeseclassic.com



## ၁၁

"သားက နောက်နှစ်နှစ်ဆိုရင်ပဲ ကျောင်းပြီးပြီ မေမေ သိရသလောက်ကတော့ တစ်ခါမှလည်း ရည်းစားမထားခဲ့ဖူးဘူး၊ အဲဒါ ဟုတ်လား"

မနက်ကျောင်းမသွားခင် နံနက်စာဝိုင်းမှာ ဆုံကြတော့ မေမေက လင်းထင်း ပန်းကန်ထဲ မုန့်ဟင်းခါးဟင်းရည် ခပ်ထည့်ပေးရင်း အဆက်အစပ်မရှိ စပြောပါသည်။

"ခုတလောမှ သားငယ်ကိစ္စ တယ်ကြားရပါလားကွာ၊ ဘာတွေဖြစ်နေတာလဲ"

ဖေဖေက သတင်းစာလှန်ရင်း မေးသည်။

"ခုတလော ကြားရမှာပေါ့၊ ပြည့်ပြည့်လေးနဲ့ သဘောတူတော့မယ်ဆိုမှ သားနဲ့မိန်းကလေးတစ်ယောက်သတင်းက သိုးသိုးသန့်သန့် ထွက်လာတော့တာကို"





"ဘယ်က မိန်းကလေးလဲ သားငယ်"

"သားမှာ ဘယ်သူမှ မရှိပါဘူးဗျာ"

"ဟိုတစ်ရက်က ကျောင်းမှာတောင် လာတွေ့တယ်လို့ မင်းတို့ဆရာဦးမြတ်မင်းပဲ ပြောတာ"

လင်းထင်း ကိုယ့်နဖူးကိုယ် ရိုက်ချင်သွားပါသည်။ ဆရာဦးမြတ်မင်းက လင်းထင်းတို့ကျောင်းမှာ ဘာသာရပ်တစ်ခုကို သင်ကြားသော ကျူတာတစ်ဦး ဖြစ်ပါသည်။

မေမေ့ရဲ့ကျောင်းနေဖက်သူငယ်ချင်းလည်း ဖြစ်ဖူးသဖြင့် လင်းထင်းကိုလည်း မေမေ့သားအဖြစ် ဂရုတစိုက်ရှိသလို လို့အပ်တာလည်း ကူညီပေးနေကျဆရာ ဖြစ်ပါသည်။ ခင်လိပ်ပြာ လာတွေ့သောနေ့က ဆရာဦးမြတ်မင်း သူတို့ကို ဘယ်လိုကဘယ်လို တွေ့သွားပါလိမ့်။ အင်း ... မတွေ့လည်း အဲဒီနေ့ရဲ့ရေပန်းအစားဆုံးသတင်းကတော့ DJ ခင်လိပ်ပြာဟာ သာ့ဒ်ရီးယားဆောဗယ်လ်က လင်းထင်းကို လာတွေ့တယ်ဆိုတဲ့ သတင်းဖြစ်ခဲ့တော့လည်း ဦးမြတ်မင်း နားထဲ ပြန်ရောက်တာ မဆန်းဘူးလို့ထင်သည်။

"အရင်တစ်ခါ ပြည့်ပြည့်နဲ့တုန်းက ဝင်စကားပြောတဲ့ ကောင်မလေးပဲ မဟုတ်လား။ ဦးမြတ်မင်း ပြောတဲ့ပုံစံက အဲဒီပုံစံနဲ့ တစ်ထေရာတည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဆရာဦးမြတ်မင်းပါ လှမ်းတွေ့လိုက်တယ်ပေါ့။ အသွင်သဏ္ဍာန်ကိုတောင် ပြောပြလို့ရတယ် ဆိုတော့။

စိတ်ရှုပ်ရှုပ်နဲ့ မုန့်ဟင်းခါးကို စားလိုက်ရသောကြောင့် ရေတ်သီးစပ်ပြီး သီးတောင်သီးသွားပါတော့သည်။

"ဟဲ့ ... ဟဲ့ ... ရေသောက်လိုက်၊ အမယ်လေး ... ဖြည်းဖြည်းစားမှပေါ့ မောင်လင်းထင်းရယ်"

မေမေက လင်းထင်းကျော့ကို ထုပေးရင်း ရေသောက်ဖို့ ကမ်းပေးသည်။ ဖေဖေက ရယ်မောကာ ...

"မင်းက သူ့ကိုအနေရ အထိုင်ရခက်အောင် မေးခွန်းတွေ စွတ်မေးနေတော့ ကလေးစိတ်ရှုပ်ပြီး အမှားမှားအယွင်းယွင်းတွေ ဖြစ်ကုန်တော့တာပေါ့ကွ"

ဟု ဝင်ပြောပါသည်။

"ကိုလင်းမောင် ... ရှင်ကတော့ သားတွေကိစ္စ ခေါင်းထဲမထည့်ဘဲ အမြဲပေါ့ပေါ့တန်တန် နေတတ်တော့ မေပဲ Serious (ဆီးရီးယပ်စ်)ဖြစ်သလို ထင်တာပေါ့။ သားကြီးလင်းဝင်းတုန်းကလည်း မေပဲ စီစဉ်ပြီး အဆင်ပြေအောင်လုပ်ပေးလိုက်တော့ အခု သူတို့ ဘယ်လောက်သာယာလဲ နှစ်ယောက်စလုံး စရိုက်တူ၊ နေအထိုင်တူတဲ့ပုံစံရွေးပြီး စီစဉ်ပေးလိုက်တာပါ။ မေက ချမ်းသာတာ ဆင်းရဲတာလိုက်ရွေးတာလည်း မဟုတ်ဘူး။ ပညာလေးသင့်ရုံတတ်ရမယ်။ မိကောင်းဖခင်သားသမီး ဖြစ်ရမယ်။ ဣန္ဒြေရရမယ်။ ကိုယ့်သားတွေနဲ့ ပုံစံအနေအထား တူရမယ် ဆိုတာပဲရွေးပြီး စီစဉ်ခဲ့တာ။ အိမ်ထောင်တစ်ခုမှာ တစ်ယောက်နဲ့တစ်ယောက် အကြိုက်လည်းမတူ၊ စရိုက်လည်းမတူရင် နားလည်မှုလည်း လွဲကုန်တယ်။ ဒီတော့ ဘယ်လိုမှသာယာတဲ့ အိမ်ထောင်ရေးကို ရမှာမဟုတ်ဘူး။ သားကြီးရော သားငယ်ရောက သူတို့ဘာသာကြိုက်လို့ ရှာလာတဲ့ရည်းစားလည်း မရှိခဲ့လို့ မေ ခေါင်းရှုပ်ခံပြီး စီစဉ်ရတာ။ အခုတော့ ထင်သလိုဖြစ်မလာဘဲ ဟိုက ဒီကအသံတွေ ကြားရတော့ စိတ်ပူပြီး မေးနေတာပါရှင်။ သားကို ဒီကောင်မလေးနဲ့ မတွဲနဲ့။ မကြိုက်နဲ့။ မယူနဲ့လို့ တားချင်လို့ မဟုတ်ဘူး"

မေမေက ချက်ကျလက်ကျ ပြန်ပြောသဖြင့် ဖေဖေလည်း ခေါင်းညိတ်ကာ လက်ခံသလို အမူအရာပြုပါသည်။

"အေး ... သားငယ်ရာ။ မင်းအမေ မေးနေတာ ဟုတ်ရင်လည်း သူကျေနပ်အောင် ပြောပြလိုက်စမ်းပါ။ ကြိုက်တာတွေ့ရင်လည်း အဖေအမေမသိအောင် ရည်းစားခိုးထားစရာလည်း မလိုပါဘူး။ ကိုယ်ကြိုက်လို့ယူရင် ဒီအိမ်ထောင်ရေးအတွက် ကိုယ်ဖြစ်ကိုယ်ခံပဲပေါ့"







www.burmeseclassic.com

www.burmeseclassic.com



လင်းထင်း စိတ်တော်တော်ညစ်ကာ ဘယ်လိုရှင်းရမှန်းမသိ ဖြစ်နေသည်။ ငရုတ်သီးအစပ်ကို ဟန်မပျက်စားနိုင်ခဲ့သော လင်းထင်းအတွက် ဒီနေ့ မုန့်ဟင်းခါးထဲ ထည့်စားရသော ငရုတ်သီး ပိုစပ်နေသလိုဖြစ်ကာ ဆက်တောင်မစားချင်တော့သလို ခံစားရသည်။ စားနေသော မုန့်ဟင်းခါးပင် အရသာမရှိသလိုဖြစ်နေသည်။ လိပ်ပြာ ... လိပ်ပြာ ... အင်း ... ခင်လိပ်ပြာ၊ မင်းတော်တော်ဒုက္ခပေးပါလား။ ငါ့တိုက်ပုံလည်း ယူသွားပြီး ပြန်လာမပေးဘူး။ ဘယ်တော့မှ ဘယ်လိုပုံစံနဲ့ ပေါ်လာမလဲဆိုတာ ရင်တထိတ်ထိတ်နဲ့ စောင့်နေမိတယ်။ အခုတော့ ခင်လိပ်ပြာ ထပ်ပြန်ပေါ်မလာသေးခင်မှာ မေမေ့ဆီက အမေးအမြန်းတွေကို ရင်ဆိုင်ရပြန်ပြီ။

"ဖေဖေနဲ့မေမေကို သား,မညာပါဘူး။ အဲဒီကောင်မလေးက သားနဲ့ ဘာမှမဆိုင်ပါဘူး။ မိတ်ဆွေသူငယ်ချင်းအဆင့်ပါ။ အဲဒီနေ့က သူ ကျောင်းကို တမင်လာတာမဟုတ်ပါဘူး။ သားတို့ကျောင်းနားမှာ သူ့ကားဘီးပေါက်သွားလို့ သူလည်း သားရှိတာ သတိရသွားပြီး ကျောင်းထဲခဏဝင်လာပြီး ဘီးကူလဲပေးဖို့ လာခေါ်တာပါ။ အဲဒါပါ။ ဟို ... သူ့ပုံစံက ထူးခြားနေတော့ ကျောင်းမှာ တော်တော်များများ သတိထားမိသွားကြပြီး လျှောက်ပြောကြတာ ဖြစ်မှာပါ"





"ကောင်မလေးပုံစံကလည်း ထူးခြားသလို သားဝတ်ပုံစားပုံကလည်း ထူးခြားတာကိုး။ ဒီတော့ ဦးမြတ်မင်း ပြောတော့ အရမ်းကို opposite ဖြစ်နေတဲ့နှစ်ယောက် တွဲသွားတော့ သူ သတိထားကြည့်မိလိုက်တာတဲ့"

"ဟုတ်လား ... ကောင်မလေးက ဘယ်လိုထူးခြားလို့လဲ"

ဖေဖေက စိတ်ဝင်တစား မေးသည်။

"ပြည့်ပြည့် ပြောပြတာတော့ ဆံပင်ခပ်တိုတိုပေါ့၊ လည်ကုပ်လောက် စတုက်(ပ)ဆံပင်ပုံစံနဲ့။ ထိပ်မှာ ပန်းရောင်လေးဆိုးထားသတဲ့။ တီရှပ်အနက်နဲ့တဲ့။ ရိုးရိုးတီရှပ် မဟုတ်ဘူး။ ယောက်ျားလေးတွေသာ ဝတ်တတ်တဲ့ စတစ်ကာပါတဲ့တီရှပ်နဲ့တဲ့။ ကျင်းနံ့ပင်နံ့နဲ့ဆိုပဲ။ လက်နှစ်ဖက်အပြည့် စတီးလက်ကောက်တွေ ဟန်းချိန်းတွေ ဝတ်ထားတယ်တဲ့"

"ဟော ... တယ်ဆန်းပါလား။ မိန်းကလေးက ယောက်ျားလေး ရော့(ခ်)အဆိုတော်တွေ ဝတ်သလို ဝတ်တာပေါ့"

"ဟုတ်တယ် ... ဟုတ်တယ်၊ အဲဒါဆန်းတာ။ အခုခေတ်က ကောင်မလေးတွေ ဟော့ရှော့ဝတ်ကြပါတယ်။ ဂါဝန်အတိုနဲ့ စတော့ကင်းအရှည်နဲ့ ဘာညာပေါ့။ အဲဒီပုံစံလေးတွေ ကိုရီးယားကားထဲက ပုံစံလေးတွေ အမြင်များတာ။ နေရာတစ်နေရာ သွားလိုက်ရင် အပြင်အဆင် ဆင်တူလေးတွေလိုတောင် ဖြစ်နေလို့ ယိမ်းအဖွဲ့လို့တောင် ထင်ရတာ



www.burmeseclassic.com

www.burmeseclassic.com



မျိုးလေ။ မေ့အနေနဲ့ ဒါမျိုးနဲ့ သား တွဲတွေ့ရင်တော
မဆန်းဘူး။ အခုဟာကကျတော့ ယောကျ်ားလျာလေးပုံ
လိုလို ရော့(ခ်)ဂီတသမားလိုလို ဝတ်ပုံစားပုံနဲ့ အားလုံးထဲ
က ပုံစံကွဲထွက်နေတော့ သူ့ကို လူတိုင်းသတိထားမိတာ
ပေါ့။ သားနဲ့မှ ကြံကြံဖန်ဖန်တွဲတွေ့တယ်ဆိုတော့ ပိုလည်း
အံ့သြရတာပေါ့"

"သူက ဘာလဲ သား၊ ယောကျ်ားလျာလား"

လင်းထင်း ဖြေရတာ စိတ်မပါလှပေမယ့် ဖေဖေ
မေးတာကိုတော့ ဖြေတော့ဖြေလိုက်ရပါသည်။

"မဟုတ်ပါဘူး၊ တမင် ထွင်ဝတ်တာလို့ ထင်တာပဲ"

"အဆိုတော်လား"

"မဟုတ်ဘူး၊ DJ တီးတာတဲ့"

"ဟော"

"အလို ... ဘုရားရေ"

ဖေဖေရော မေမေပါ အံ့သြပြီး လင်းထင်းကိုတော
မမြင်ဖူးသလို ငေးကြည့်ကြသည်။ ရှိုးပွဲတွေဆိုတာ တစ်ခါမှတော
မသွားဖူးတဲ့ လင်းထင်းက DJ တစ်ယောက်နဲ့ ဘယ်လိုခင်မ
သိကျွမ်းရသလဲဆိုသော အံ့သြမှုတွေ သူတို့မျက်နှာမှာ အထင်းသား
တွေ့နေရသည်။

"မိန်းကလေးက DJ တီးလို့လား"





"အဲဒါတော့ သား သေသေချာချာ မသိဘူး။ သူ DJ ဘယ်သူဘယ်ဝါဆိုတာတောင် သူများပြောလို့သိတာ"

"ဘယ်သူတဲ့လဲ"

"ခင်လိပ်ပြာတဲ့"

"နာမည်ကလည်း အဆန်းပါလား။ နာမည်ရင်းရော ဟုတ်ရဲ့လား"

မေမေ့မေးခွန်းတွေကို လင်းထင်း စိတ်ကျဉ်းကျပ်စွာ ရင်ဆိုင်နေရစဉ် အိမ်ရှေ့မှာ ဖုန်းမြည်လာသည်။ အိမ်ဖော်ကောင်မလေးက ဖုန်းဖြေနေသံ ကြားရသည်။ ပြီးတော့ cordless ဖုန်းကို ကိုင်လာပြီး ...

"ကိုလေးလင်းထင်း ... တဲ့"

ဟု ဖုန်းကို သူ့လက်ထဲ လာထိုးပေးပါသည်။

လင်းထင်းလည်း ဒီတော့မှ အကျဉ်းအကျပ်ထဲမှ လွတ်သလို ခံစားလိုက်ရပြီး ဖုန်းကိုနားမှာကပ်၍ ...

"ဟဲလို ... လင်းထင်း ပြောနေပါတယ် ခင်ဗျာ"

ဟူ၍ ဖြေလိုက်လျှင်ပဲ ...

"မင်္ဂလာပါရှင်"

ဆိုတဲ့ ရယ်သံစွက်နေသော တစ်ဖက်မှ နှုတ်ဆက်သံကြောင့် လင်းထင်း ခေါင်းတွေထူပူသွားသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအသံ ... ဒါ ... ဒါ ... ခင်လိပ်ပြာ။ ဖုန်းထဲမှာ ကြားရပေမယ့် အသံမပြောင်းသောကြောင့် ဒါဟာ ခင်လိပ်ပြာ အသံပါပဲဟု လင်းထင်း ချက်ချင်းမှတ်မိလိုက်သည်။

ခုလေးတင် သူ့ကြောင့် မိဘတွေရဲ့အမေးအမြန်း အောက်မှာ နာလန်မထူနိုင်သေးခင်မှာ သူ့အသံကို ဖုန်းထဲက ကြားလိုက်ရသောကြောင့် လင်းထင်း အမူအရာတွေ ပျက်နေသည်။ ဖေဖေ မေမေ ရှေ့မှာ ဖုန်းဘယ်လိုပြောရမှန်းမသိဖြစ်ကာ နောက်ဆုံးတော့ ဖုန်းကိုင်ရင်းပဲ အိမ်ရှေ့ဧည့်ခန်းကို မသိမသာ ထွက်လာလိုက်ရပါသည်။

"ကျွန်တော့်ဖုန်းနံပါတ် ဘယ်လိုလုပ်ရလဲ"

"ခင်လိပ်ပြာက သိချင်ရင် ဒီလိုပဲ မရ,ရအောင် ရှာတတ်တယ်"

"ကျွန်တော် ... ..."

"နေဦး ... မပြောနဲ့ဦး။ လိပ်ပြာ အရင်ပြောမယ်"

ခင်လိပ်ပြာက လင်းထင်း့အသံကို ဖြတ်တားလိုက်ပါသည်။

"ဒီနေ့ ကျောင်းသွားမှာလား"

"သွားမှာပေါ့"

"ဒါဆို လိပ်ပြာလာခဲ့မယ်"





"ဟာ ... မလာနဲ့ ... မလာပါနဲ့"

"ဘာဖြစ်တာလဲ၊ အလဲန့်တကြားနဲ့"

"ကျောင်းကို ထပ်လာလို့ မဖြစ်ဘူး။ ပိုဆိုးကုန်မယ်"

"ဘာတွေဆို ကုန်မှာလဲ"

"ခင်ဗျားလာတာ ဟိုးလေးတကြော်ဖြစ်ပြီး အခု အိမ်ကပါ သိကုန်ပြီ"

"တယ်ဟုတ်ပါလား"

"ကျောင်းမှာ မေမေ့ငယ်သူငယ်ချင်း ကျွန်တော့်ဆရာတစ်ယောက်ရှိတယ်။ သူကတစ်ဆင့်သိသွားပြီး အိမ်မှာ ဟိုမေး ဒီမေး ဖြစ်လာပြီဗျ"

"ဘာတွေမေးလဲ"

လင်းထင်း မဖြေပါ။ ခင်ဗျားနဲ့ကျွန်တော့်ကို ပတ်သက်နေပြီလို့ ထင်ကြတယ် ဆိုတာမျိုး သူ ထုတ်မပြောရဲ။ တစ်ဘက်မိန်းကလေးကို စိတ်ဝင်စားလို့ စကားစထားသည်ဟု ထင်သွားမှာ စိုးရိမ်မိလေသည်။

"ဘာတွေမေးလဲ၊ ပြောလေ"

"ဩော် ... ဒီလိုပါပဲ၊ လူကြီးတွေဆိုတော့ စိုးရိမ်ပြီးမေးတာပေါ့"

"ရှင်နဲ့ လိပ်ပြာနဲ့ကို သမီးရည်းစားလို့ ထင်ကြတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



လင်းထင်းသည် ခင်လိပ်ပြာက မရှက်ရဘဲ သူက တစ်ပြန် ရှက်သလိုဖြစ်ကာ အသံတောင်မထွက်ရဲသလို ဖြစ်နေသည်။

"ရှင့်တိုက်ပုံ ပေးမလို့ဟာ"

ခင်လိပ်ပြာက သူ့ဆီက တုံ့ပြန်သံကို စောင့်မနေတော့ဘဲ ဒီလိုထပ်ပြောလိုက်မှတော့ လင်းထင်းလည်း ခုမှပြန်ပြောစရာရသလို ဖြစ်သွားပါသည်။ ခင်လိပ်ပြာဆီပါသွားတဲ့ တိုက်ပုံလေးကို သူ့သိပ်ပြန်လိုချင်ပါသည်။ လင်းထင်းက လူငယ်လူရွယ် ယောက်ျားလေးပေမယ့် ပိုက်ဆံလည်းသိပ်မသုံး၊ အင်မတန်မှလည်း နှမြောတတ်ကာ အသုံးအစွဲလည်း ဆင်ခြင်လှသူဖြစ်သည်။ ဘာပစ္စည်းလေးမဆို တရိုတသေ ကိုင်တွယ်သုံးစွဲတတ်ပြီး မတော်တဆ ပျောက်ရှပျက်စီးသွားခဲ့ရင် အင်မတန်မှ နှမြောမဆုံးဖြစ်တတ်သည်။

သို့သော် သူဟာ နှမြောတတ်လှပေမယ့် အသုံးအစွဲကျစ်လျစ်လှပေမယ့် လှူဖို့တန်းဖို့ လိုအပ်တဲ့သူကို ပေးကမ်းစွန့်ကြဲကျွေးမွေးဖို့ကျပြန်တော့လည်း ရက်ရောတတ်ပါသည်။ သူ့အယူအဆက အလကားသုံးပစ်တာထက် လိုအပ်တဲ့လူကို ပေးလိုက်ရတာ အကျိုးရှိတယ်။ မတော်တဆ ပျောက်ရှပျက်စီးသွားတဲ့အစားတကယ်သုံးစွဲဖို့ လိုအပ်နေသူကို အဝတ်အစား ဖိနပ် စသဖြင့် ပေးကမ်းလှူဒါန်းလိုက်ရင် အကျိုးရှိတယ်ဆိုသော အတွေးမျိုး သူ့မှာ ရှိလေသည်။





"ကျွန်တော်လည်း ကျွန်တော့်တိုက်ပုံကို ပြန်လိုချင်နေတာ။ ခင်ဗျားကို ဘယ်လိုဆက်သွယ်ရမှန်း မသိလို့"

"ဪ ... ဟုတ်သားပဲ၊ လိပ်ပြာရဲ့မိုဘိုင်းလ်နံပါတ်ယူထားလိုက်။ အိမ်ဖုန်းနံပါတ်တော့ မပေးတော့ပါဘူးလေ။ လိပ်ပြာက အိမ်သိပ်မကပ်ဘူး။ ဆက်လည်းရှိမှာမဟုတ်ဘူး။ လိပ်ပြာရဲ့နံပါတ်က (.........)နော်၊ ရှင့်မှာမှတ်စရာရှိလား။ ဒါမှမဟုတ် ရှင့်ဖုန်းရဲ့ memory (မီမိုရီ)ထဲ ထည့်ထားလိုက်"

"ကျွန်တော့်မှာ ဟန်းဖုန်းမရှိဘူး"

"ဝယ်ပေါ့၊ ဘာလို့ ကပ်စေးနဲနေလဲ"

"ကျွန်တော်က ဟန်းဖုန်းကိုင်ရလောက်အောင် အလုပ်မများပါဘူး။ ကျောင်းသားပဲဟာ မလိုပါဘူး"

"အလုပ်များမှ ကိုင်ရမယ်လို့ ဘယ်သူပြောလဲ။ အလကားပါ ... ရှင် ကပ်စေးနဲလို့ မဝယ်တာပါ"

လင်းထင်း ဆက်မငြင်းတော့ဘဲ ဖုန်းကို မြန်မြန်ဖြတ်လိုက်ဖို့ စိတ်ကူးနေသည်။ တိုက်ပုံပေးဖို့ကိစ္စဆက်တာ လိုရင်းမပြောရဘဲ စကားတွေအများကြီး ဆက်ပြောနေရသည့်အဖြစ်ကို သူ မနှစ်မြို့ပါ။

"ကျွန်တော့်တိုက်ပုံကို လာယူမယ်၊ ခင်ဗျားကို ဘယ်မှာတွေ့ရင် ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လာယူမှာလား"

"လာယူမှာပေါ့ဗျ၊ ကျွန်တော်က ဘာလို့ ညာရမှာလဲ"

"ဒါဆို မစ္စတာဂစ်တာကို လာခဲ့"

"ကျွန်တော် ဆိုင်အကြာကြီးထိုင်ဖို့ အချိန်မပေးနိုင်ဘူး"

"အဲဒါကြောင့် ကျောင်းကိုလာပေးမယ်ဆိုတော့လည်း ရှင်ကမှ မလာစေချင်တာ"

"ကျွန်တော် နေ့လယ်နှစ်နာရီဆို အတန်းအားလုံးပြီးပြီ။ ခင်ဗျား အဲဒီအချိန်အားလား"

"အားတယ်"

"ဒါဆို ခင်ဗျားပြောတဲ့ဆိုင်မှာ တွေ့ကြမယ်"

လင်းထင်း မြန်မြန်စကားဖြတ်လိုက်ပြီး တစ်ဖက်က ခင်လိပ်ပြာ အိုခေ … ဘိုင့်ဘိုင်တွေ လုပ်နေတာကိုလည်း မစောင့်။ လာခဲ့မယ်။ စောင့်နေမယ် စသဖြင့် တုံ့ပြန်မှာကိုလည်း မစောင့်တော့ဘဲ ဖုန်းချပစ်လိုက်တော့သည်။ ဖုန်းပြန်ခေါ်ဦးမလားလို့တော့ ရင်ထိတ်မိပေမယ့် ထပ်မခေါ်တော့မှပဲ အသက်ကို ရဲရဲရှူရဲတော့သလို ဖြစ်နေသည်။ လင်းထင်း အဖြစ်ကလည်း အံ့သြဖို့လည်းကောင်းသလို ရယ်စရာလည်း ကောင်းနေသည်။ ကိုယ့်ထက်အားနွဲ့ပြီး ပေါင်တစ်ရာလောက်ပဲရှိတဲ့ မိန်းကလေးကို အကြောက်ကြီးကြောက်နေရသည့် အဖြစ်ပင်။

❣ ○ ❣





## ၁၂

အမှန်စင်စစ်တော့ မစ္စတာဂစ်တာလို ဆိုင်မျိုးထိ ချိန်းပြီး အကျီကို ပြန်ပေးဖို့ ဆိုစရာမလိုကြောင်း လင်းထင်းဟာ ကားကိုရပ်လိုက်ရင်း မကျေမလည် တွေးနေမိသည်။ ရင်ထဲမှာ မကျေမလည် ဖြစ်ရပေမယ့်လည်း သူဟာ ဆိုင်အထိတော့ ကားကိုမောင်းလာခဲ့ပြီးနေလေပြီ။

သို့သော် ခင်လိပ်ပြာနဲ့ဆိုရင် သူဟာ အမြဲလိုပဲ ရှုံးနေရသည်မို့ ခင်လိပ်ပြာကို နိုင်အောင်မပြောနိုင်ဘဲ သူမချိန်းသောနေရာကိုသာ ရောက်လာခဲ့ရတော့လေသည်။

ဆိုင်ရှေ့ကွက်လပ်မှာ ရပ်ထားသောကားတွေကို ဝေ့ကြည့် အကဲခတ်တော့ ခင်လိပ်ပြာရဲ့ပြိုင်ကားကို တွေ့ရသည်။ ဆိုင်ထဲဝင်ဖို့ လှေကားထစ်တွေမှတစ်ဆင့် ဆင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းဘက် ကျောင်းဖွင့်ရက် ရုံးဖွင့်ရက်နေ့မျိုးဖြစ်တာမို့ ဆိုင်မှာလူရှင်းနေပြီး TV ဖန်သားပြင်မှာပြနေသော MTV ထဲက Micheal Bubble` (မိုက်ကယ်လ်ဘက်ဘလေး)၏ "I just haven't met you yet" ဟူသည့် သီချင်းသံသဲ့သဲ့ကသာ ပျံ့လွင့်နေသည်။ လင်းထင်း MTV ကို တစ်ချက်ကြည့်မိ၏။ Micheal Bubble` ကလည်း သူကြိုက်သော အဆိုတော်တစ်ဦးမို့ ရင်ထဲမှာ နည်းနည်းမကြည်မလင် ဖြစ်နေတာတွေပင် သက်သာသွားသလို ခံစားရသည်။

"လင်းထင်း"

လင်းထင်း ဟိုကြည့်ဒီကြည့် ဖြစ်နေသောကြောင့် ခင်လိပ်ပြာက ထောင့်တစ်ခုမှာ ထိုင်နေရာမှ လက်ထောင်ပြလိုက်ပြီး ခေါ်လိုက်ပါသည်။ ဆိုင်ထဲမှာရှိနေပြီးသော လူငယ်အနည်းငယ်မျှတို့ကတော့ DJ ခင်လိပ်ပြာဟု သိပြီးပုံဖြင့် ခင်လိပ်ပြာကို အကဲခတ်နေစဉ်မှာ ခင်လိပ်ပြာ လှမ်းခေါ်လိုက်သော လင်းထင်းဆီ အာရုံရောက်သွားကြလျှင် မြူးစီစီတွေ ဖြစ်ကုန်ပါသည်။

"ခုတလော သတင်းကြားနေတာ ဟုတ်နေပြီ၊ DJ ခင်လိပ်ပြာက ကျောင်းဆရာလိုလိုကောင်တစ်ယောက်နဲ့ တွဲနေတယ်ဆိုတာ"

လင်းထင်း ဖြတ်လာတော့ ကောင်လေးတစ်ယောက်၏ မှတ်ချက်ချသံသဲ့သဲ့ကို ကြားရပါသည်။





လင်းထင်းမှာ ထိုမှတ်ချက်ချသံကြောင့် ပူထူသွားပါသည်။ ဒီလောက်တောင် သတင်းကပျံ့နေသလား။ ဒါကြောင့်သည်း မေမေ့နားထဲထိရောက်တာ မဆန်းဘူး။ အင်း ... မဖြစ်ဘူး။ မဖြစ်ပါဘူး။ ဒီတစ်ခါ တွေ့ခြင်းဟာ နောက်ဆုံးတွေ့ခြင်းဖြစ်အောင် လုပ်ရမယ်။ နောက်ထပ် ဘယ်တော့မှ မတွေ့မိစေဖို့ ရှောင်ရမယ်။

"ဘာတွေ အကြီးအကျယ်တွေးလာတာလဲ"

လင်းထင်း၏ တစ်စုံတစ်ခုကို အသည်းအသန်တွေးလာပုံရသော မျက်နှာကြီးကိုမြင်လျှင် ခင်လိပ်ပြာက ရယ်ဟဟအသံဖြင့် ဆီးမေးသည်။

"ဘယ်မှာလဲ ကျွန်တော့်တိုက်ပုံ"

ရောက်ရောက်ချင်း ဒါကိုအရင်မေးချလိုက်သောကြောင့် ...

"ဟယ် ... ဘယ်လိုဖြစ်နေတာလဲ၊ ပေးမှာပေါ့၊ သူ့တိုက်ပုံများ ရောင်းစားပစ်မှာ ကျနေတာပဲ"

"ကျွန်တော် တိုက်ပုံပြန်ယူဖို့ လာတာ"

"သိပါတယ် ... သိပါတယ်။ လိပ်ပြာ မမေ့ပါဘူး၊ ကားထဲမှာ ပါပါတယ်"

"ကျွန်တော် မထိုင်တော့ဘူး။ ခင်ဗျားကားထဲမှာရှိတဲ့ ကျွန်တော့်တိုက်ပုံကို သွားယူကြမယ်။ ယူပြီးတာနဲ့ ပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို မပေးတော့ဘူး"

"ဟာ ... ခင်ဗျား"

လင်းထင်းမှာ ဘယ်လိုနိုင်အောင် ဆက်ပြောရမှန်း မသိဖြစ်ကာ ခါးကိုခပ်ပြေပြေထောက်ရင်း ရပ်နေမိသည်။ ဒီတိုက်ပုံကို မယူတော့ရင် ကောင်းမလား။ ခဏလေး ကော်ဖီထိုင်သောက်ရင် ဘာဖြစ်သွားမလဲ။ ဆိုင်ထဲမှာရှိတဲ့ လူငယ်အုပ်စုဆီက အကဲခတ်တဲ့မျက်လုံးတွေကို ရင်ဆိုင်ပြီး ထိုင်ရမှာလား။ ဒါမှမဟုတ် ပြန်လှည့်ထွက်ရမလား။

"မပေးလည်းနေတော့ဗျာ၊ ကျွန်တော် ပြန်တော့မယ်"

"အဲဒါဆို ကျောင်းမှာလာပေးမယ်၊ ကျောင်းကိုလာလို့မှ ရှောင်နေရင် အိမ်ကိုလာပေးမယ်၊ ကဲ ... ဘယ်လိုလဲ အဲဒီ အစီအစဉ်ရော"

"မဟုတ်ဘူး။ ဟာ ... မဖြစ်ဘူး။ မဖြစ်ဘူး ... မဖြစ်သေးပါဘူး၊ ခင်ဗျား အဲဒီလိုလုပ်လို့ ဘယ်ရမလဲ။ ကျွန်တော် ပြဿနာတွေ ရှုပ်ကုန်မှာပေါ့"

လင်းထင်း ကြဲရာမရှစွာဖြင့် နောက်ဆုံးတော့ ခင်လိပ်ပြာနဲ့အတူ ဝင်ထိုင်လိုက်ရတော့သည်။ ခင်လိပ်ပြာက လင်းထင်းရဲ့သဘောကို မမေးတော့ဘဲ လင်းထင်းအကြိုက် **Espresso** ကော်ဖီကို မှာပေးလိုက်သည်။





"အေးအေးဆေးဆေးပေါ့ရှင်။ ကျောင်းလည်းသွားစရာမှ မရှိတာ"

"ခင်ဗျားကို ကျွန်တော်ပြောရမှာ အားတော့နာပါတယ်၊ ဒါပေမဲ့ မပြောရင်လည်း ကြာရင် ကျွန်တော့်ဘက်မှာ ပြဿနာတွေ ပိုရှုပ်လာနိုင်လို့ အခုတစ်ခါတည်း ပြောလိုက်တော့မယ်"

"တကယ့်ကို serious ပါလား"

လင်းထင်း မျက်နှာကို အတည်ဆုံးထား၊ အသက်ကို ဝအောင်ရှူပြီး အားနာစိတ်ကို မရမကဖျောက်ဖျက်ကာ ခင်လိပ်ပြာကို ခပ်ရဲရဲပင် ပြန်စိုက်ကြည့်လိုက်သည်။ အရင်ကတော့ သူဟာ ရဲရဲတောင်မကြည့်ဘဲ စကားပြောတတ်တာမျိုးဖြစ်သည်။ အခုတော့ ဒီနေ့တော့ သတ္တိကို အစွတ်နိုင်ဆုံးမွေးထားသလို ဖြစ်နေသည်။ ဒီလိုမှ မလုပ်လည်း မရတော့။ တဖြည်းဖြည်းနဲ့ သူတို့သတင်းဟာ ဟိုပြောဒီပြောနဲ့ လူသိများသလိုတောင် ဖြစ်နေရာ လင်းထင်းအတွက် မကောင်းလှဟု ထင်မိသည်။

"ခင်ဗျား ဘာရည်ရွယ်ချက်နဲ့ ကျွန်တော့်နားကို ရောက်လာသလဲ ဆိုတာတော့ မသိဘူး။ ဒါပေမဲ့ ကျွန်တော် ခင်ဗျားကို ခုချိန်ကစပြီး ခင်ဗျားရဲ့ရည်ရွယ်ချက်တွေ ရပ်တန်းကရပ်ဖို့ ပြောချင်တယ်။ ကျွန်တော့်အတွက်တော့ ခင်ဗျားရောက်လာခြင်းဟာ ကောင်းသောလာခြင်းမျိုးမ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘဲ တစ်သက်လုံး ကျွန်တော့်အပေါ် ယုံကြည်စိတ်ချတဲ့ အမေ့ရဲ့မယုံကြည်မှုကိုရတယ်။ ကျွန်တော် ရည်မှန်းထားတဲ့ အတိုင်းဖြစ်ခါနီးကျမှ အနှောင့်အယှက် ဝင်သလိုလည်းဖြစ် စေတယ်။ ခင်ဗျား နောက်ဆုတ်လိုက်ပါ။ ခင်ဗျား တစ်ခုခု ကို ရည်ရွယ်တယ်ဆိုရင်တော့ အဲဒီရည်ရွယ်ချက် အောင် မြင်တယ်လို့ပဲ သဘောထားလိုက်ပါတော့ဗျာ”

လင်းထင်းက တကယ့်ကို ခပ်တည်တည်ဖြင့်ပြော သောအခါ ခင်လိပ်ပြာလည်း ရယ်ရယ်ပြုံးပြုံးလုပ်နေသော မျက်နှာ ကို တည်ပစ်လိုက်တာ တွေ့ရသည်။ လင်းထင်းအပေါ် ကြောင် တစ်ကောင်က ကြွက်ကိုကစားနေသလို ပုံစံနဲ့ ဆက်ဆံသည့် ခင်လိပ်ပြာထံမှ မျက်နှာတည်တည်ကို ဒီတစ်ခါ ပထမဦးဆုံးမြင် ရခြင်းလည်း ဖြစ်ပါသည်။

“ကျွန်တော် မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာကို ငဲ့နေလို့ ခင်ဗျားကစားချင်တိုင်း ကစားသမျှ ခံရသလိုဖြစ် နေတာပါ။ တကယ်တော့ ကျွန်တော် လူညံ့မဟုတ်ပါဘူး။ ခင်ဗျားမှာ ရည်ရွယ်ချက်တစ်ခုခု မရှိဘဲနဲ့တော့ ကျွန်တော် ဆီ အလိုလို ရောက်မလာဘူးဆိုတာ သိပါတယ်။ ဘာရည် ရွယ်ချက်လဲဗျာ၊ ခင်ဗျား တော်တော်လည်း ရှုပ်ထွေးတဲ့ မိန်းမပဲ။ ခင်ဗျားနဲ့ကျွန်တော် ပုံစံခြင်း အရှေ့နဲ့အနောက်လို ကွာခြားနေတဲ့လူကိုမှ ဒုက္ခပေးချင်တဲ့ ရည်ရွယ်ချက်လား





ခင်လိပ်ပြာ မဖြေပါ။ ခပ်တည်တည်၊ ခပ်စူးစူးသာ ပြန်ကြည့်နေသည်။ သူမ၏အကြည့်က လင်းထင်းကို “နင်သိနေ ရင်လည်း သိပေါ့။ အဲဒီတော့ ဘာလုပ်ချင်လဲ”ဟူသည့် အဓိပ္ပာယ် ပါသည့် စိန်ခေါ်တဲ့အကြည့်မျိုး ဖြစ်နေသည်။

“ကျွန်တော့်လိုလူကို ဈေးပြီးတွဲမှ ခင်ဗျားကို တခြားလူတွေ ပိုစိတ်ဝင်စား ခဲ့ရမယ်။ ခင်ဗျားရဲ့ကျော်ကြားမှု ပိုထင်ရှား လာမယ်လို့များ စိတ်ကူးရှိသလား။ အဲဒီလိုနည်းနဲ့လိုချင် တာကိုရအောင်ယူမယ်ဆိုရင် အဲဒါဟာ ဘယ်တော့မှမမြဲ ဘူး။ ခဏလေးနဲ့ ပျောက်သွားလိမ့်မယ်ဆိုတာ မှတ်ထား လိုက်စမ်းပါ”

“အံမယ်လေး... ရှင်ကများ ဆရာကြီးလုပ်လို့ ဆုံးမနေရ သေးတယ်”

ခင်လိပ်ပြာထံမှ ပထမဦးဆုံးအကြိမ် တုံ့ပြန်စကား ကို ကြားရပါသည်။

“ဒီမှာ ခင်လိပ်ပြာဆိုတာ ဘယ်လိုမိန်းကလေးလဲ ဆိုတာ ပဲ စုံစမ်းလိုက်ဦး။ လူသိများဖို့၊ ထင်ရှားဖို့၊ ကျော်ကြားဖို့ ကို လုပ်ယူနေစရာတောင် မလိုဘူး။ ရှင်က ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးတဲ့စကားတွေ ပြောနေတယ်နော်။ ရှင့်နား မှာကပ်နေမှပဲ ခင်လိပ်ပြာဟာ လူပိုသိမယ်။ ပိုထင်ရှားမယ် လို့များ ထင်နေလား။ မေးပါရစေဦး ... ရှင်က ဘာကောင် ကြီးမို့လဲ။ ဘယ်နေရာမှာ ဘယ်လိုကျော်ကြားနေလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



ခင်လိပ်ပြာ ဆိုတာ DJ ခင်လိပ်ပြာအဖြစ် လူသိများ ထင်ရှားပြီးသား။ မြင်သူ၊ ဆုံသူ ယောကျ်ားလေးတိုင်းက သဘော တကျ စွဲလမ်းခံရသော ဆွဲဆောင်မှုနဲ့ အားလုံးကို ညှို့ငင်နိုင်ပြီး သားဆိုတာ ဒီကောင်မသိဘဲ သူ့ကိုကပ်မှပဲ ပိုလူကြည့်ခံရမယ်လို့ တစ်ဖက်သတ် ဘဝင်မြင့်နေတာမို့ ခင်လိပ်ပြာ ငြိမ်မနေနိုင်တော့ ပါ။ နဂါးမှန်းသိအောင် အမောက်တော့ ထောင်ပြရဦးတာပေါ့ ဟု တွေးလိုက်ပါသည်။

"ကျွန်တော် ဘာကောင်မှလဲ မဟုတ်ပါဘူး။ ခင်ဗျားမှာ တတ်ထားတဲ့ပညာမျိုးလည်း ကျွန်တော်မတတ်ဘူး။ အဲဒီ ပညာကြောင့် လူသိများတာမျိုးလည်း ကျွန်တော့်မှာမရှိပါ ဘူး။ ဒါပေမဲ့ ခင်ဗျား ကျွန်တော့်အနားက ထွက်သွားပေးဖို့ တွေးနေတာပါ"

ခင်လိပ်ပြာဟာ အင်မတန်မှ မှန်းဆရခက်သော မိန်းကလေးတစ်ဦးလည်းဖြစ်ကြောင်း လင်းထင်း အခိုက်အတန့် အတွင်းမှာ သိလိုက်ရတာကတော့ ဘာမပြော ညာမပြောနဲ့ ဖြန်း ဆို ထထွက်သွားတာပင်။ လင်းထင်းရဲ့စကားတောင် မဆုံးလိုက် သလို ဖြစ်သွားပါသည်။

ခင်လိပ်ပြာ ထထွက်သွားသော မသောက်ရသေး သော ကော်ဖီနှစ်ခွက်နှင့် တစ်ယောက်တည်း ကျန်ခဲ့သည့် လင်း ထင်းမှာ သူတို့ကို စိတ်ဝင်တစား စောင့်ကြည့်နေတဲ့ ကောင်လေး အုပ်စုရဲ့ စ,နောက်စရာပစ်မှတ်ကြီး ဖြစ်နေတော့လေသည်။





"ထွက်သွားပြီ ... နောက်ကလိုက်သွားလေ"

"လိုက်ချော့လိုက်ပါ ကျောင်းဆရာရယ်"

"မနက်ဖြန်မှာတီးမယ့် DJ တီးလုံးတွေတော့ အပြင်းစား တွေ ဖြစ်တော့မယ်ဟေ့။ ခင်လိပ်ပြာ မုန်တိုင်းထန်သွားပြီ"

အမှန်တော့ လင်းထင်းလည်း ကော်ဖီနှစ်ခွက်နှင့် ဘာဆက်လုပ်ရမှန်း မသိတော့တာမို့ ထသွားချင်ပါသည်။ သို့သော် ခင်လိပ်ပြာ ထသွားပြီးပြီးချင်း မရှေးမနှောင်း ထသွားလျှင် အဲဒီ ကောင်လေးအုပ်စုဆီမှ ဝေဖန်သံမျိုးစုံဖြင့် စနောက်မှာကို မခံရဲ၍ ပင်။ သူ့မှာ ဝဋ်ကြွေးကြီးတစ်ခုလိုဖြစ်ကာ သူ့ကော်ဖီသူ မသောက် ချင်ပါဘဲ ကုန်အောင်ထိုင်သောက်နေရသည်။ ကောင်လေးအုပ်စု ကလည်း မသွားနိုင်ဘဲ ဖြစ်နေသည်။ လင်းထင်းကိုလည်း ပုံစံ မျိုးစုံ၊ အသံမျိုးစုံတွေဖြင့် နှောင့်ယှက်စ,နောက်နေသည်။

မတော်တဆ သူတို့ဘက် လင်းထင်း ကြည့်မိလျှင် မျက်နှာအမူအရာမျိုးစုံတွေဖြင့် ပေါ်တင်ပဲ စကြသည်။ လင်းထင်း မကြည့်လျှင် အသံဖြင့် စကြသည်။ နာရီဝက်လောက် ဒုက္ခခံနေ ရစဉ် သူတို့အုပ်စုတစ်စုထဲမှ တစ်ယောက်ထံ ဖုန်းလာသည်။ ထို တစ်ယောက် ဖုန်းကိုင်၊ တစ်ဖက်ကိုပြန်ပြော၊ အချိန်းအချက်လုပ်။ ဖုန်းပြန်သိမ်း။

"ဟေ့ကောင်တွေ ... လစ်မယ်။ အင်ဒရူးတို့ စောင့်နေပြီတဲ့ ကွ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသောပြောလိုက်သံ၊ ထိုအသံသည်ကား လင်းထင်
ဘဝတွင် ကြားရသည့်အသံများအားလုံးထဲတွင် နားဝင်အချိုဆုံး
စိတ်ချမ်းသာစရာအကောင်းဆုံး အသံလို ဖြစ်နေတော့လေသည်။

ကောင်လေးတစ်အုပ်စုလုံး ထွက်မသွားသေးခင်
လင်းထင်းကိုတော့ ပေါ်တင်ပဲ လာရပ်ကြည့်ကြကာ ...

"မနက်ဖြန် မြရိပ်ညိုမှာ ခင်လိပ်ပြာ DJ တီးမယ်၊ ကျွန်
တော်တို့ အဲဒီပွဲသွားမှာ။ ဘာမှာလိုက်ဦးမလဲ"

ဟု တစ်ယောက်တစ်ပေါက် မေးကြလေသည်။
လင်းထင်း ရယ်ရမလို၊ တည်ရမလို မျက်နှာဖြင့်သာ တုံ့ပြန်လျှ
ခေါင်းခါလိုက်မိသည်ဟု သူ့ကိုယ်သူ ထင်သည်။ လူကရှက်ပြီး
ထူပူတာရော၊ ကောင်လေးတွေကို စိတ်တိုတာရော (တကယ်တော့
အားလုံးဟာ လင်းထင်းနဲ့ မတိမ်းမယိမ်းတွေပါ။ လင်းထင်းကသာ
လူကြီးဆန်နေတာ) ပေါင်းပြီး ဘာတွေ တုံ့ပြန်မိမှန်းတောင်မသိ

သူတို့ထွက်သွားပြီးမှ လင်းထင်းလည်း အသက်
ရှူပြီး ထွက်လာရဲတော့သည်။ တိုက်ပုံလည်း ပြန်မရတော့ဘူး
ဆုံးပြီထင်ပါရဲ့လို့ နှမြောစွာ တွေးလာစဉ် လင်းထင်းရဲ့ကားရှေ့
ဘောနက်ပေါ်မှာ စက္ကူအထူအိတ်ဖြင့် သေသေချာချာ ထည့်ထား
သော တိုက်ပုံအင်္ကျီကို တွေ့ရပါသည်။

သို့သော် ...

"ဟာ ... ဒါ ငါ့တိုက်ပုံမှ မဟုတ်တာ"



လင်းထင်း အင်္ကျီကိုယူကြည့်ပြီး ရှေ့စွတ်မိ၏။
တိုက်ပုံက တကယ့်ကို အသစ်စက်စက်ဖြစ်ကာ လင်းထင်းကိုယ်
တိုင်းနဲ့တော့ တော်သည့် size ဖြစ်ပါသည်။ အရောင်ကလည်း
ခင်လိပ်ပြာဆီမှာ ပါသွားသော ခရမ်းရင့်ရောင်ပုပ်ပုပ် အရောင်မျိုး
ဖြစ်သည်။

တစ်ထေရာတည်းပုံစံ၊ အရောင် ဖြစ်ပေမယ့် အသစ်
ကျပ်ချွတ်ကြီး ဖြစ်နေသည်။

"သူ့ အထားမှားပြီး ပျောက်သွားလို့ အစားပြန်ဝယ်ပေးတာ
ထင်တယ်"

လင်းထင်း ထိုသို့ ရိုးရိုးသားသားတွေးပြီး တိုက်ပုံ
ကို ဆိုင်တံဆိပ်ပါသော စက္ကူအိတ်ထဲ ခေါက်ရက်သား ပြန်ထည့်
ပြီး ယူလာလိုက်မိတော့သည်။

တကယ်တော့ သူ သေသေချာချာ မစစ်ဘဲ ယူလာ
လိုက်သော တိုက်ပုံအသစ်စက်စက်ဆီမှာ မထင်မှတ်တာတွေ ပါ
လာကြောင်း လင်းထင်း မသိခဲ့ချေ။

❣○❣

www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"ပြည့်ပြည့်တို့အိမ်က အလှူဖိတ်ထားတယ်၊ သွား လိုက်ခဲ့နော်။ သားဝတ်နေကျ တိုက်ပုံထဲက အသစ်လေးတစ်ထည် ထုတ်ပေးခဲ့။ အလှူသွားမှာဆိုတော့ တိုက်ပုံလေးပြန့်နေမှ ကောင်းမယ်၊ ကောင်မလေးကို မီးပူထိုးပြီး ချိတ်ခိုင်းထားလိုက်မယ်"

မေမေ မနက်က မှာသဖြင့် လင်းထင်းလည်း ဒီရက်ပိုင်းအတွင်း ရထားသော ခင်လိပ်ပြာ ဝယ်ပေးထားသည့် ခရမ်းရင့်ရောင် တိုက်ပုံကိုသာ အလွယ်တကူ ထုတ်ပေးထားခဲ့သည်။ ခရမ်းရောင်မှောင်နေသော ပိုးတွဲပုဆိုး အသစ်တစ်ထည်၊ ရှပ်အဖြူတို့ကိုပါ မီးပူထိုးရန် အတွဲလိုက်ထုတ်ပြီး ပုံပေးထားခဲ့သည်။ မီးပူတိုက်ထားပြီး ချိတ်နဲ့ ချိတ်ထားလျှင် ယူဝတ်သွားရုံပဲဟု မနက်ခင်း အိမ်ကမထွက်ခင်မှာ တွေးပြီးထွက်လာခဲ့တာဖြစ်သည်။





သို့သော် ညနေခင်း ဂိုက်ဒ်ဝင်သင်ပြီးအပြန် ညနေ ခြောက်နာရီကျော်မှာတော့ မေမေက မေးခွန်းတွေ တစ်ထွေးကြီးကို တစ်နေကုန် မှိုသိပ်ထားရသော မျက်နှာဖြင့် လင်းထင်းကို စောင့်နေခြင်းအား ရင်ဆိုင်လိုက်ရပါသည်။

အိမ်ထဲဝင်ဝင်ချင်း မေမေ့မျက်လုံးတွေကို မြင်လိုက်တာနဲ့ လင်းထင်းရဲ့ အမေ့သားပီပီ တစ်စုံတစ်ခု မှားယွင်းနေပြီဖြစ်ကြောင်း မေမေ မပြောရသေးခင်' ကြိုသိလိုက်ပါသည်။

"မေးစရာရှိလို့ တစ်နေကုန် စောင့်နေတာ"

"ဘာများလဲ မေမေ"

"နေပါဦးလေ၊ မင်း ရေမိုးချိုး အဝတ်လဲပါဦး။ တော်ကြာ မင်းအဖေမြင်ရင် ကလေးကို ခရီးရောက်မဆိုက် မေးတယ် မြန်းတယ် ဖြစ်ဦးမယ်"

"ဒါဆိုလည်း ခဏလေး မေမေ။ ကျွန်တော် ပူအိုက်လာလို့ ရေလေးပြေးချိုးလိုက်ဦးမယ်၊ မဟုတ်မှလွဲရော မေမေ့ လက်ထဲမှာ ကိုင်ထားတဲ့ တိုက်ပုံအသစ်ကိစ္စဆိုရင် ဖြေဖို့ အသင့်ပဲ။ အဲဒီအသစ် သားဝယ်ထားတာ မကြာသေးဘူး မေမေ"

လင်းထင်း မျက်စိလျှင်စွာပင် မေမေ့လက်ထဲမှာ ကိုင်ကိုင်လုပ်နေသော ခရမ်းရင့်ရောင်တိုက်ပုံကို လှမ်းမြင်ပြီး ရင်ဦးအောင် ကြိုပြောထားနှင့်သည်။ မေမေက လင်းထင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com

အဝတ်အစားတွေ သူပဲဝယ်ထည့်ပေးနေကျမို့ လင်းထင်းမှာ ဘာတွေ အသယ်လိုရှိတယ်ဆိုတာ အကုန်သိပါသည်။ ဒီတိုက်ပုံဟာလည်း ခင်လိပ်ပြာဆီ ပါသွားသောတိုက်ပုံနဲ့ အတူတူပဲ ဖြစ်နေပေမယ့် မေမေက ဆိုင်တံဆိပ်မတူတာကိုတော့ သတိထားမိမည်။ ဒါမှ မဟုတ် အသစ်စက်စက်နဲ့ တစ်ခါ နှစ်ခါ ဝတ်ပြီးသားရဲ့ကွာခြားမှုကို သတိပြုမိလို့လည်း ဖြစ်ရင်ဖြစ်မည်။ မင်း ဒါဘယ်တုန်းက များ ဝယ်ထားသလဲ မေးမယ်ဟု လင်းထင်း ထင်လေသည်။

လင်းထင်းကတော့ ကိုယ့်စိတ်ကူးနဲ့ကိုယ် မေမေ့ကို ဖြေရှင်းဖို့ စကားလုံးတွေ စီစဉ်နေခဲ့ပေမယ့် တကယ်ရင်ဆိုင်ရသောအခါမှာတော့ ဖြေစရာစကားလုံးပင် ရှာမရသလို ဖြစ်စေခဲ့တော့သည်။

"ကဲ ... ဒီစာထဲမှာပါတဲ့ အကြောင်းအရာက ဘာသဘောလဲ"

လင်းထင်း အံ့ဩငေးကြောင်သွားပါသည်။ တိုက်ပုံအင်္ကျီအိတ်ထဲမှာ ပန်းရောင်စာအိတ်တစ်အိတ် ရှိနေခဲ့တာကို သူ မသိခဲ့ချေ။ တိုက်ပုံပြန်ရတုန်းက အလွယ်တကူပဲ ခဏဖြန့်ကြည့်၊ ပြန်ခေါက်၊ ယူလာ ဗီရိုထဲ အသာထည့်သိမ်းရုံသာ လုပ်ခဲ့မိသည်။ ဘယ်သူကရော အင်္ကျီအသစ်စက်စက်ရဲ့အိတ်ထဲ နှိုက်ကြည့်မိမှာလဲ။ အဲဒီလိုပဲ လင်းထင်းလည်း အင်္ကျီအိတ်ထဲကို နှိုက်မကြည့်ခဲ့မိပါ။ ခုတော့ မီးပူတိုက်ဖို့ ထားခဲ့တာမို့ ...





"မိဖြူ မီးပူတိုက်ပေးရင်း တွေ့တာလေ၊ မေမေ့လာပေးတော့ အံ့တောင်အံ့ဩတယ်။ ငါ့သားမှာ ကဗျာဆန်ဆန် ရည်းစားစာတွေ ဘာတွေရှိလို့ ဆိုပြီး ..."

"ကျွန်တော် ... ကျွန်တော် အဲဒီစာအကြောင်း သတိတောင် မထားမိဘူး မေမေ"

"ဒီအချိန်ထိတောင် မင်းအမှန်မဖြေချင်သေးတာကို မေမေဖြင့် စဉ်းစားလို့ကို မရဘူး"

ပန်းရောင်စာအိတ်လေးကို မေမေက လက်ထဲထည့်ပေးသည်။ စာအိတ်က မွှေးပျံ့နေသည်။ အထဲမှာလည်း စာအိတ်ဆါက အသည်းနှစ်ထပ်ပုံနဲ့ဆင်တူ အသည်းနှစ်ထပ်ပါသော ပန်းရောင်စာရွက်လေး ခေါက်ရက်သား ရှိနေသည်။

"လင်းထင်း ...

လိပ်ပြာယူကိုင်ထားတဲ့ ရှင်ဝတ်ပြီးသား တိုက်ပုံလေးကိုတော့ သေသေချာချာ လျှော်ဖွပ်မီးပူတိုက်ပြီး အမှတ်တရ အနေနဲ့ သိမ်းထားလိုက်တယ်။ လိပ်ပြာရဲ့ဗီရိုထဲမှာ လိပ်ပြာရဲ့အင်္ကျီလေးတွေနဲ့ အတူတူထားတာပါ။ အဲဒီတိုက်ပုံလေးကို ဗီရိုဖွင့်လို့ တွေ့ရတိုင်း (နေ့တိုင်း ... နေ့တိုင်းပေါ့) လင်းထင်းကို သတိရပြီး လင်းထင်း လိပ်ပြာနားမှာရှိသလို ခံစားရတယ်။


www.burmeseclassic.com

www.burmeseclassic.com

အခု ဝယ်ပေးလိုက်တဲ့ တိုက်ပုံလေးကတော့ အစားပြန်ဝယ်ပေးတာမို့။ လင်းထင်းလည်း ဒီခရမ်းရင့်ရောင်တိုက်ပုံလေးကို ဝတ်တိုင်း လိပ်ပြာကို သတိရရင် ကျေနပ်ပါတယ်။

ခင်လိပ်ပြာ"

လင်းထင်း စာကိုဆုံးအောင်ဖတ်ပြီးလျှင် မေမေ့ကို ပင် ရင်ဆိုင်ပြီး မကြည့်ရဲသလို ဖြစ်သွားပါသည်။ စာက သူနဲ့ ခင်လိပ်ပြာ ဘာလိုလိုထင်ရအောင် ရေးထားတဲ့ပုံစံ ပေါက်နေပါသည်။ လုပ်ချလိုက်ပြန်ပြီ ခင်လိပ်ပြာရယ်။ ဘာကြောင့် ဒီလောက်ထိ နှောင့်ယှက်နေတာလဲ။ တောက် … ငါကလည်း ငါပဲ။ အကျႌကို နည်းနည်းပါးပါးတောင် မစစ်ကြည့်မိဘူး။ တကယ်ဆို ဒီစာဟာ မေမေ့လက်ထဲတောင် ရောက်စရာမရှိပါဘူး။ ငါ အရင်တွေ့ခဲ့ရင် ဖျောက်ဖျက်ပစ်ရုံပဲ။ ခုတော့ … သွားပြီ။ ပြဿနာတွေ ပိုရှုပ်ကုန်ပြီ။ မေမေ ဘယ်လိုမှ ယုံတော့မှာ မဟုတ်ဘူး။ အကြိမ်ကြိမ် လိမ်ညာခဲ့ပေါင်း များနေပြီ။

"မင်းတိုက်ပုံကို ယူသိမ်းပြီး အသစ်ဝယ်ပေးရအောင် သူ့လက်ထဲ မင်းဝတ်လက်စတိုက်ပုံ ဘယ်လိုရောက်သွားတာလဲ"

"သူ … သူ … အဲဒီနေ့က ဟို … ကျောင်းကိုရောက်လာလို့ ဆရာဦးမြတ်မင်း မေမေ့ကို ပြန်ပြောတယ်လေ"

"ဩော် … အင်း … အဲဒါနဲ့ ဘာဆိုင်လဲ"





"အဲဒီနေ့က သူ ကားဘီးပေါက်လို့ ကျောင်းနားမှာပဲ လဲဖြစ်နေတော့ ကျွန်တော့်ဆီဝင်လာပြီး အကူအညီတောင်းတာပါ။ သူ့ကားဘီးကို လဲပေးနေတုန်း အိုက်လာလို့တိုက်ပုံခဏချွတ်ပြီး သူ့ကိုပေးထားတာ။ သူက ပြန်မပေးဘူး။ သားလည်း မေ့ပြီးပြန်မယူမိဘူး။ အဲဒါက စတာပဲ မေမေ။ သူ့ဘာသာ အသစ်ပြန်ဝယ်ပေးပြီး စာရေးပေးလိုက်တာတော့ တကယ်မသိပါဘူး။ မေမေ့ကိုလည်း မညာရဲပါဘူး။ သား ပြောတာတွေ အားလုံးအမှန်ပါ မေမေ"

လင်းထင်း ရှင်းပြလိုက်တော့ မေမေက အသံထွက်ရယ်လေသည်။

"ဘုရားရေ … ငါ့သားကို အဲဒီကောင်မလေးက ကြိုက်နေတဲ့သဘောပေါ့၊ ဟုတ်လား … အံ့သြစရာ"

ဒီတော့ လင်းထင်း ရှက်ကိုးရှက်ကန်း ဖြစ်သွားပြီး …

"ဟာ … မဟုတ်ပါဘူး၊ မဟုတ်ပါဘူး မေမေ၊ ဘယ်ကလာ သားကို ကြိုက်ရမှာလဲ"

"စာအရေးအသားကိုပဲကြည့်ဦး၊ သူက တစ်ဖက်သတ်ကြိုက်နေတဲ့ပုံစံပဲ။ တယ်ဟုတ်ပါလား၊ ငါ့သားလို ရိုးရိုးကြီး နေယျှပုံစံကို ဟော့ရှော့လေးက လိုက်ကြိုက်ရတယ်လို့"


www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး ... မဟုတ်နိုင်ပါဘူး၊ သူက တော်တော်လည်း လူကြိုက်များပြီး ယောကျ်ားလေးတိုင်းက DJ ခင်လိပ်ပြာ ဆိုတဲ့ အချက်ကြောင့် သဘောကျတဲ့သူပဲ။ ပြီးတော့ သူ သိပ်ပြီးမလှပေမယ့် တော်တော့်ကို attractive ဖြစ်တဲ့သူပါ။ တစ်ခါကြည့်မိတဲ့သူဟာ ခဏခဏ ပြန်ကြည့်နေချင်လောက် အောင် ဆွဲဆောင်မှုတစ်မျိုးရှိတဲ့ မိန်းကလေးပါ။ အဲဒီလို ပေါ်ပြူလာဖြစ်တဲ့သူက သားကို ဘာလို့ လာကြိုက်ရမှာလဲ"

"မင်းကသာ ငြင်းနေ။ မင်း အခု ဝေဖန်ပြတဲ့ပုံစံကတင် မင်းကိုယ်တိုင်ပါ ကောင်မလေးတော်တော့်ကို attractive ဖြစ်လို့ စွဲလမ်းနေပုံပဲ။ ဟိုကလည်းကြိုက်၊ ကိုယ့်ဘက်က လည်း ပြန်ကြိုက်တယ်ဆိုလည်း စောစောစီးစီးပြောထား။ ရှုပ်ရှုပ်ယှက်ယှက်တော့ မလုပ်နဲ့။ မေမေ့ဘက်က ပြည့်ပြည့် တို့နဲ့ ဘာစကားမှမလွန်ခင် ဝန်ခံထားလိုက်ပါ။ မေမေက မင်းတို့ကောင်းရာမွန်ရာဖြစ်ဖို့ သင့်တော်တဲ့သူနဲ့ စီစဉ်ပေး တယ်။ ဒါပေမဲ့ ကိုယ့်သဘောနဲ့ကိုယ် ရှာတွေ့လာလည်း သဘောမတူတာ၊ လက်မခံတာတွေ မရှိပါဘူး။ ကိုယ်ကြိုက် လို့ယူတာ မတားပါဘူး"

လင်းထင်းမှာ ဘယ်လိုဆက်ရှင်းရမှန်းမသိ ဖြစ်သွား ပါသည်။ မေမေ ဒီလိုထင်တာကိုလည်း အလိုလိုနေရင်း အရှက် ကြီးရှက်ကာ မခံချင်။ သူ ဘာမှမမှားဘဲ အထင်ခံရတာရော၊





သူ့လိုလူက တကယ့်ဟော့ရှော့ သူ့ပုံစံနဲ့ တခြားစီ မိန်းကလေး ကမှ ကြိုက်တယ်လို့ စွပ်စွဲကြတာရော အားလုံးကို သူ လက်မခံ နိုင်ပါ။

"ကဲ ... ဒီတိုက်ပုံကို ဝတ်မယ်မဟုတ်လား၊ မေမေသွား ချိတ်ထားလိုက်မယ်"

"ဟို ... မေမေ"

"ပြော"

မေမေက လင်းထင်းရဲ့ အုတုတု၊ ရှက်ကိုးရှက်ကန်း အမူအရာတွေရောနေသော ပုံစံကိုကြည့်ကာ စိတ်မရှည်သလို ဆောင့်နေသည်။

"မေမေ့ကို သား တကယ်ပြောတာပါ၊ ပြည့်ပြည့်ဝင်းနဲ့ သဘောတူထားတာကိုပဲ သား ကျေကျေနပ်နပ် လက်ခံ ပါတယ်။ သား သူ့ကိုပဲ လက်တွဲချင်ပါတယ်။ သူကပဲ သားနဲ့ အသင့်တော်ဆုံးလို့ ထင်တယ်၊ အဲဒါ သား တကယ်ပြောတာပါ၊ ယုံပါ မေမေ၊ မညာပါဘူး။ ခင်လိပ်ပြာ ဆိုတာကို မေမေ မေ့ထားပေးပါ"

❣ ○ ❣


www.burmeseclassic.com

## ၁၄

"ဘယ်လိုလဲ လိပ်ပြာ၊ နှစ်လရှိပြီနော်၊ လင်းထင်းက နှင့်ရဲ့ Record ကို ချိုးဖျက်နိုင်မယ့်သူပဲ ထင်တယ်"

ဝင့်ဝင့် ပြောလိုက်သော စကားကြောင့် ခင်လိပ်ပြာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။

"ငါ တကယ်ဝန်ခံတယ် ဝင့်ဝင့်"

"အင်း ... ပြောပါဦး"

"လင်းထင်းက ထင်ထားတာထက်တောင် တော်နိုင်တဲ့လူပဲ"

"ငါ မပြောဘူးလား"

"သူ့လို ရည်းစားလည်းမရှိ၊ ရိုးလည်းရိုး၊ အားလည်းနာတတ်၊ ရှက်လည်းရှက်တတ်တဲ့ လူရိုးလူအေးတစ်ယောက်ဟာ သူ့ဘဝမှာ တစ်ခါမှ မမျှော်လင့်ဘူးတဲ့ မိန်းကလေး





တစ်ယောက်နဲ့ ဆုံရရင် တစ်ခါတည်းကို ပစ်လဲသွားမှာပဲ ထင်ခဲ့တာ။ အတွေ့အကြုံလုံးဝမရှိတဲ့သူကို ဆွဲဆောင်ရတာ ပိုလွယ်မယ်လို့ ထင်ခဲ့တာလေ"

"နင့်ရဲ့တွင်ကျန်လေးကို ယူရမှာ အားတော့နာပါတယ်ဟယ်"

"သုံးလမပြည့်သေးဘူးလေ၊ စောင့်ကြည့်ပါဦး"

"အေးပါ ... အရင်က တစ်လအတွင်း ယောကျ်ားလေးတစ်ယောက်ကို လက်ဖျောက်တီးခေါ်သလို တွဲပြနိုင်တဲ့ ခင်လိပ်ပြာ လင်းထင်းနဲ့ကျမှ နှစ်လထိ ဘာမှမစွမ်းဆောင်နိုင်သေးတာကို အံ့သြလို့ ပြောတာပါ"

ဝင့်ဝင့်နဲ့ ဖုန်းပြောပြီးချိန်မှာ ခင်လိပ်ပြာ စိတ်တွေ ယောက်ယက်ခတ်သွားပါသည်။ ခင်လိပ်ပြာ လင်းထင်းစိတ်ကို စမ်းချင်တာနဲ့ တိုက်ပုံပေးပြီးကတည်းက လုံးဝသွားမတွေ့ဘဲနေတာ နှစ်ပတ်ကျော်ပြီ။ တိုက်ပုံထဲကစာကိုတွေ့ရင် ခင်လိပ်ပြာဆီ လင်းထင်း ဖုန်းဆက်လာမှာပဲလို့ ထင်မိခဲ့လေသည်။ အင်း ... ကိုယ်ကသာ မှန်းဆနေတာ။ လင်းထင်းဟာ ခင်လိပ်ပြာရဲ့ဖုန်းနံပါတ်ကိုတောင် မှတ်ထားရဲ့လားမသိ။

လင်းထင်း ... လင်းထင်း ...။ လူပုံကြည့်တော့ ရိုးပုံရိုးလက်နဲ့ တော်တော် အရှောင်အတိမ်း တော်ပါလား။ ခင်လိပ်ပြာရဲ့ ခြေလှမ်းတွေကို သိများသိနေသလား။ ခင်လိပ်ပြာ

www.burmeseclassic.com



ဘာရယ်မဟုတ် အဝတ်ဗီရိုကို သွားဖွင့်ကြည့်မိသည်။ လင်းထ
ဝတ်ထားခဲ့ဖူးသော တိုက်ပုံလေးက ဗီရိုရဲ့အပေါ်ဆုံးအဆင့်
ရှိနေခဲ့သည်။ အဲဒီတိုက်ပုံကိုလည်း ရည်ရွယ်ချက်မရှိ ယူထာ
ပြီးမှ အခုတော့ မကြာခဏ (နေ့တိုင်းနီးပါး ဗီရိုဖွင့်တိုင်း) ထ
ချက်လောက်ကိုင်ကြည့်၊ ထိကြည့်၊ ရင်ဘတ်ထဲထွေးကြည့်
စသဖြင့် လုပ်မိတာမို့ ကိုယ့်ကိုယ်ကိုယ်လည်း ဒေါသဖြစ်မ
ဖြစ်နေသည်။ လင်းထင်းက အမြဲလိုလို တိုက်ပုံဝတ်တတ်တာ
တိုက်ပုံဝတ်ထားတဲ့သူ တစ်ယောက်ယောက်များ မတော်တ
လှမ်းမြင်လိုက်ရင် လင်းထင်းများလားလို့ သေသေချာချာ ကြ
မိလည်း ခဏ ခဏ။

ခပ်တည်တည် နေတတ်ပေမယ့် မိန်းကလေးတ
ယောက်နဲ့ စကားပြောဆက်ဆံရရင်တော့ တစ်ဖက်မိန်းက
အပေါ် အရေးပေးတတ်မှု၊ အားနာတတ်မှု၊ လေးစားတ
အပြည့်ပါသော သူ့အမူအရာကို စိတ်ထဲမှာရော၊ မျက်လုံးထဲ
ပါ စွဲနေသည်။

ခင်လိပ်ပြာကို ခင်လိပ်ပြာလို့သာမြင်လျက် တ
ယောကျ်ားလေးတွေလို ခင်လိပ်ပြာရဲ့အောင်မြင်မှု ထူးချွန်မှု
ကို အထင်ကြီးနေတာမျိုး မရှိတတ်သော လင်းထင်းရဲ့ ပ
ဟန်ကပင် ခင်လိပ်ပြာရဲ့စိတ်တို့ကို ဆွဲဆောင်ထားလေသ
သူဟာ တကယ်ပဲ DJ ခင်လိပ်ပြာ ဆိုတာကို မသိလို့ သူ့ရဲ့





အမူအရာနဲ့ ဆက်ဆံနေတာပေမယ့် ဒီအမူအရာကပင် ခင်လိပ်ပြာ အတွက် သီးသန့်လိုတောင် ဖြစ်နေခဲ့သည်။

ခင်လိပ်ပြာသည် အခုရက်ပိုင်း အခါများစွာတွေမှာ သူမကိုယ်သူမ အားမလိုအားမရဖြစ်လျက် ပြန်မေးခွန်းထုတ်ခဲ့တဲ့ အကြိမ်ပေါင်းလည်း မနည်းတော့ပါ။

“ကျွတ် ... ဒီလိုလူကို အဲဒီလောက် ဖြစ်စရာလား”

ဟု မကြာခဏ ရေရွတ်လိုက်၊ ခေါင်းခါလိုက်။ သို့သော် လင်းထင်းအကြောင်း တစိမ့်စိမ့် ငြိမ်ငြိမ်လေးထိုင်တွေး နေရရင်တော့လည်း ရင်ထဲမှာ ဘယ်တုန်းကမှ မရရှိခဲ့ဖူးတဲ့ ကြည်နူးခြင်းမျိုးကို ခင်လိပ်ပြာ ခေါင်းတခါခါဖြစ်ရင်းကပဲ တပ်မက်နေပြန်သည်။

ခင်လိပ်ပြာသည် စိတ်ရှုပ်ရှုပ်နှင့် ကားကိုတရကြမ်း မောင်းကာ အပြင်ထွက်လာခဲ့မိသည်။ ဦးတည်ရာမရှိဘဲ လျှောက် မောင်းနေမိပြီးမှ လင်းထင်းတို့အိမ်ဘက် ခဏသွားကြည့်ချင်စိတ် တော့ ဖြစ်မိသည်။ ဒါပေမဲ့ ခက်တာက ဝင့်ဝင့်က လင်းထင်းတို့ အိမ်နဲ့ မျက်နှာချင်းဆိုင်မှာနေတာ။ အိပ်ဆောင် ခပ်ကျယ်ကျယ် ရှိသော ထင်ရှားတဲ့ပုံစံနဲ့ ခင်လိပ်ပြာကားကို ဝင့်ဝင့် မတော်တဆ မြင်လျှင် ခင်လိပ်ပြာကို ရယ်မောတော့မည်ဆိုတာ အလိုလိုသိသည်။

“ဟ ... ဟား ... ဒီလူ့ကျမှပဲ ခင်လိပ်ပြာတို့ ပုံစံပြောင်းပြီး အိမ်ရှေ့မှာ ကားနဲ့လာချောင်းရတဲ့အဖြစ် ရောက်တော့တယ်”



www.burmeseclassic.com

www.burmeseclassic.com



ဆိုသော လှောင်ပြောင်ပြောဆိုသံကိုပင် ကြိုတ
ကြားယောင်နေသည်။

ခင်လိပ်ပြာရဲ့ကားဟာ အဲဒီဘက်ကို ဦးတည်နေ
မှ တခြားလမ်းကြောင်းဘက် ပြောင်းလိုက်ပါသည်။ အမှတ်မထ
ဘဲ မီးပွိုင့်မိတော့ ခဏရပ်စဉ် ခင်လိပ်ပြာ၏ကားနဲ့ယှဉ်ရ
လမ်းကြောင်းမှာ ကားတစ်စီး ရပ်လာပါသည်။ ခင်လိပ်ပြာ အ
ရယ်မဟုတ် ကြည့်မိလျှင် ...

"ဟယ် ... ကြည့်စမ်း"

ခင်လိပ်ပြာ ယောင်ယမ်းပြီး ရေရွတ်မိ၏။ လင်းထ
ရဲ့ကား ဖြစ်နေသည်။ သို့သော် ကားထဲမှာ လင်းထင်း တစ်ယော
တည်းတော့ မဟုတ်ချေ။ တစ်ခါက လင်းထင်းနဲ့ အတူတွဲ
ဖူးသော ...

"သြော် ... ပြည့်ပြည့်စုံစုံနဲ့ကိုး"

ခင်လိပ်ပြာ၏ရေရွတ်သံမှာ မနာလိုမှုတွေ ပါ
သယောင်ယောင် ဖြစ်သွားပါသည်။

ခင်လိပ်ပြာသည် ကိုယ့်စိတ်ကိုယ် ဘာမှမမေး
ဘဲ သူတို့ကားနောက်ကို လမ်းကြောင်းပြောင်းပြီး နောက်ကလို
လာခဲ့တော့သည်။

လင်းထင်းသည် ကားနောက်ကြည့်မှန်မှတစ်
မြင်လိုက်ရသော ခင်လိပ်ပြာ၏ကားကြောင့် ရင်ထဲမှာ ထိတ်





ဖြစ်သွားပါသည်။ ဒုက္ခပါပဲ ... ပြည့်ပြည့်လည်း ပါလာတယ်။
ဒီတစ်ခါ ငါတို့ကြားထဲ ဝင်ဦးမယ်ဆိုရင်တော့ ပိုပြီးရှင်းရတာ
ခက်ကုန်တော့မယ်။ ကျွတ် ... ကြုံကြုံဖန်ဖန် သူနဲ့မှ လာဆုံရ
တယ်လို့။

ခင်လိပ်ပြာရဲ့ကားကတော့ တောက်လျှောက် ထက်
ကြပ်မကွာ လိုက်လာနေလေရာ လင်းထင်း အလိုလို ထိတ်လန့်
နေသည်။

"သိလား ... ကိုလင်းထင်း၊ ပြည့်က ကိုလင်းထင်းလိုတော့
မြန်မာဆန်ဆန်ကြီး အမြဲဝတ်တာမဟုတ်ဘူး။ တစ်ခါတလေ
ဝတ်ချင်စိတ်ရှိရင် ဝတ်တယ်။ တစ်ခါတလေကျလည်း
စကတ်လေးတွေ၊ ဂါဝန်လေးတွေ၊ သရီးကွာတားလေးတွေ
ဝတ်တယ်။ ဒါကြောင့် ဒီနေ့တော့ သရီးကွာတားနဲ့
တီရှပ်လေး ဝတ်လာတာပါ"

ပြည့်ပြည့်ဝင်းက လင်းထင်း မျက်မှောင်ကြီး အလိုလို
ကြုတ်ကြုတ်လာတာကို မငဲ့မရဲဖြစ်ပြီး သူမ၏ဝတ်ပုံစားပုံအကြောင်း
ရှင်းပြလေသည်။ တကယ်တော့ ပြည့်ပြည့်ဝင်း ဘာဝတ်လာမှန်း
ပင် လင်းထင်း သတိမထားခဲ့မိပါ။

မနက်က မေမေ့အိမ်ကို ပြည့်ပြည့်ဝင်းတို့သားအမိ
ရောက်လာ၊ အုန်းနို့ခေါက်ဆွဲချိုင့်ပေး၊ လင်းထင်းနဲ့ ပြည့်ပြည့်ဝင်း
စကားထိုင်ပြောကြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ပြည့်က မြို့ထဲမှာ စာအုပ်သွားဝယ်မလို့"

ဟု အမှတ်မထင် သိရလျှင် လင်းထင်းလည်း ...

"ဟုတ်လား ... ကျွန်တော်လည်း ခုလေးတင် စာအုပ်သွား ဝယ်စရာရှိလို့ သွားဖို့ပြင်နေတာ"

လို့ ပြောမိ။

ဒီတော့ ပြည့်ပြည့်ဝင်း အမေကရော၊ လင်းထင်း အမေကပါ ...

"ဒါဆိုလည်း သားတို့ အတူတူသွားကြလေ၊ ပြည့်ပြည့် အမေက မေမေနဲ့ စကားတွေပြောဦးမှာ၊ သားတို့သွားဝယ် ပြီးပြန်လာမှ ဒီကပဲအတူတူပြန်ကြပေါ့ ... နော် မမစော"

"ဟုတ်တယ် ... သမီးတို့ အတူတူ သွားလိုက်ကြလေ၊ တကယ်လို့ မေမေ ပြန်ချင်လာရင်လည်း ကားမောင်းပြီး ပြန်နှင့်မယ်။ အိမ်မှာ မေမေစောင့်နေရတယ်ဆိုပြီး အလော တကြီး ပြန်မလာနဲ့ပေါ့၊ အေးအေးဆေးဆေးသာသွား မေမေ့ဘာသာ ပြန်နှင့်မယ်၊ မောင်လင်းထင်းက သမီးကို ပြန်ပို့ပေးနိုင်မလား"

အဲဒီလိုတွေ ချက်ချင်းစီစဉ်ကြတော့ လင်းထင်းနှင့် ပြည့်ပြည့်ဝင်းတို့ အတူတွဲထွက်လာရသော အခြေအနေကိုရောက် သွားပါသည်။





"ကိုလင်းထင်းကတော့ အမြဲ တိုက်ပုံနဲ့ပုဆိုးပဲ ဝတ်တယ် နော်"

"အင်း ... ဟုတ်တယ်၊ အဲဒါ ပုံသေလို ဖြစ်နေပြီ။ တခြား ဟာဝတ်ရင် မနေတတ်သလိုလို မလုံခြုံသလိုလို ဖြစ်လို့ပါ"

"ခေတ်မီတဲ့ပုံစံ မကြိုက်တာမျိုးလား"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ကျွန်တော် မဝတ်တတ်ပေ မယ့် သူများဝတ်ရင်တော့ မကြိုက်တာတို့ သဘောမကျ တာတို့ မဖြစ်ပါဘူး"

"ကိုလင်းထင်း ဘယ်စာအုပ်ဆိုင် သွားနေတာလဲဟင်"

"ကျွန်တော် အင်းဝတိုက်ကိုသွားတာ၊ ပြည့်ပြည့်က ဘယ် ဆိုင်သွားချင်လို့လဲ"

"သြော် ... ပြည့်ပြည့် ဝယ်မှာက ဒီလထုတ် မဂ္ဂဇင်းတို့ ပြည့်ပြည့်ဖတ်နေကျ ဝတ္ထုတို့ ဝယ်မှာပါ။ (၃၂)လမ်းကို သွားချင်တာ"

"ဟုတ်ပြီလေ၊ ဒါဆို ပို့ပေးလို့ ရပါတယ်၊ ကျွန်တော်ဝယ် ချင်တဲ့စာအုပ်မျိုးကတော့ အဲဒီလမ်းထဲက စာအုပ်ဆိုင်တွေ မှာ ရှိမှာမဟုတ်ဘူး"

လင်းထင်း စကားသာပြောနေရပေမယ့် ခင်လိပ်ပြာ ထံ အာရုံရောက်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံး တောက်လျှောက်လိုလို ပါလာနေတာ သချာသဖြင့် လင်းထင်း လှည့်တောင်ပြန်ချင်လာသည်။ သို့သော် လှည့်ပြန်လိုက်ပြန်ရင်လည်း ပြည့်ပြည့်ဝင်းက ပိုပြီးတော့တော်င် သံသယတွေဖြစ်၊ သူ့အမေကို ပြန်ပြော၊ သူ့အမေကတစ်ဆင့် လင်းထင်းမေမေသိ ဖြစ်ပြန်လျှင် ရှင်းရလင်းရတာတွေ တသီကြီး ဖြစ်လာဦးတော့မည်။

(၃၂)လမ်းစာအုပ်တန်းဆီကိုတော့ ကားမောင်းမဝင် သွားတော့ဘဲ ကားပါကင်လွယ်ရာ နေရာတစ်ခုတွေ့သဖြင့် မြန် မြန်ဝင်ရပ်လိုက်၏။ နောက်က ထက်ကြပ်မကွာ လိုက်လာသော ခင်လိပ်ပြာတော့ ကောင်းကောင်းဒုက္ခရောက်တော့မည်။ ကားပါကင် အရမ်းကျပ်တဲ့အချိန်မို့ တော်ရုံဆို ပါကင်တစ်နေရာမရနိုင်တာမို့ ရှာပေတော့လို့ လင်းထင်း တွေးလို့မဆုံးခင်မှာပင် ခင်လိပ်ပြာက တော့ လုပ်ချင်ရာလုပ်ချလိုက်လေသည်။ ဒါကို လင်းထင်း မမြင် လိုက်။

အဲဒါကတော့ ကားနှစ်ထပ် ရပ်ထားလိုက်တာပင်။ ပြီးတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်သော အမူအရာဖြင့် ကားတံခါးကို ဖြုန်းဆိုဖွင့်၊ ဆောင့်ကြီးအောင့်ကြီးထွက်၊ ဒိုင်းခနဲမြည်အောင်ဆောင့် ပိတ်။

"အစ်မ ... အစ်မလေး ... ဒီနေရာမှာ ကားနှစ်ထပ်ရပ်လို့ မရဘူး ခင်ဗျ"





ကားပါကင်စောင့်သော ကောင်လေးက ပြေးလာပြီး ပြောပေမယ့် ...

"အရေးကြီးတဲ့ကိစ္စရှိတယ်၊ သေရေးရှင်ရေးလောက်ကို အရေးကြီးတယ်၊ ဒီတော့ ငါ ကားကို ရပ်ချင်တဲ့နေရာ ထိုးရပ်ကိုရပ်မှဖြစ်မယ်၊ ဒီတော့ ဒီတိုင်းပဲ ထားလိုက်၊ ယာဉ်ထိန်းရဲလာရင် ပြောလိုက်၊ ဒဏ်ငွေဆောင်မယ်လို့"

ပတ်ဝန်းကျင်မှာရှိသော လူတော်တော်များများက တော့ တီရှပ်၊ ဂျင်းနှင့် ပြိုင်ကားမောင်းသော မိန်းကလေးကို အံ့တသြ ဝေဖန်ပြောဆို ကျန်ခဲ့တော့သည်။ ကားပါကင်စောင့် သော ကောင်လေးကတော့ ခေါင်းတကုတ်ကုတ်ဖြင့် ...

"ဒုက္ခပါပဲဗျာ၊ သူများကားတွေ ပိတ်ရပ်ခဲ့ပြီ၊ ကားပိုင်ရှင် တွေ ပြန်ထွက်ချင်ရင် ကျွန်တော် ဘယ်လိုရှင်းရမလဲ မသိ တော့ဘူး"

ဟူ၍ အော်ဟစ်ပြောဆို ကျန်ခဲ့ပါသည်။

ခင်လိပ်ပြာကတော့ ခပ်ပျပျသာ မြင်ရသည့် လင်း ထင်းတို့နောက်ကို အပြေးလိုက်ပါသည်။ ဥဒဟိုသွားလာနေကြသော လူတွေကို လုံးဝမရှောင်၊ ပခုံးချင်းတိုက်ချင်သလောက်တိုက်ပစ်ပြီး ဖြင့် တိုးတိုက်လျှောက်သွားလေရာ ...

"ဟ ... ဟ ... ဘယ်လိုဖြစ်တာလဲ၊ မိန်းကလေးဖြစ်ပြီး ရိုင်းလှချည့်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ DJ ခင်လိပ်ပြာ မဟုတ်လား"

"ဟယ် ... ခင်လိပ်ပြာဟဲ့ ... ခင်လိပ်ပြာ ... ဟိုမှာ"

"မှိုက်တယ်"

စသဖြင့် ခင်လိပ်ပြာကို သိသူရော၊ မသိသူရော အသံတွေ ညံသွားသည်။ လင်းထင်းတို့ကတော့ (၃၂)လမ်းထဲကို ပင် ချိုးဝင်သွားသည်။ ခင်လိပ်ပြာ လိုက်လို့မီသွားချိန်တွင် ပြည့်ပြည့်ဝင်းကတော့ စာအုပ်ဆိုင်တစ်ဆိုင်မှာ စာအုပ်ရွေးနေပါသည်။ လင်းထင်းက ဆိုင်ရှေ့မှာ ရပ်စောင့်လျက်သား တွေ့ရ၏။

"လင်းထင်း"

ခင်လိပ်ပြာ လင်းထင်းဘေး ယှဉ်ရပ်လိုက်ပြီး မတိုးမကျယ်အသံဖြင့် ခေါ်လိုက်သည်။ လင်းထင်းမှာ အလွန်အမင်း အံ့ဩသွားသလိုဟန်ဖြင့် လှည့်ကြည့်၏။ ခင်လိပ်ပြာ အချိန်တို အတွင်းမှာ ပါကင်ဘယ်လိုရပြီး ဘယ်လိုလိုက်လာခဲ့သလဲဆိုတာ သူ မမြင်လိုက်ရ၍ ခင်လိပ်ပြာ သူ့ဘေးကို ရောက်လာခြင်းမှာ သူ့ကို တော်တော်တုန်လှုပ်သွားစေပါသည်။

"ဒီလိုလုပ်တာတော့ မကောင်းပါဘူး"

ခင်လိပ်ပြာ ပြောသံကြောင့် ပြည့်ပြည့်ဝင်းမှာ ရွေးပြီးမွှေ့ထားသော စာအုပ်တွေပင် အသာပြန်ချပြီး သိသိသာသာပင် သူတို့ကို ကြည့်လေသည်။





"လိပ်ပြာကတော့ ဟိုနေရာလေး လိုက်ပို့ပါ၊ ဒီနေရာလေး လိုက်ပို့ပါပြောရင် စာမေးပွဲရှိတယ် ပြောလိုက်၊ ကျူရှင်ပြစရာရှိတယ် ပြောလိုက်၊ ဂိုက်ဒ်သွားသင်ရမယ် ပြောလိုက် ရှောင်တယ်။ အခုကျတော့ တခြားတစ်ယောက်အတွက် အချိန်ပေးလို့ ရတယ်ပေါ့လေ ... ဟုတ်လား"

"ခင်လိပ်ပြာ ... ကျွန်တော် ... ဟို ... အဲဒါ ..."

"ဘာလဲ ... မေမေသဘောမကျလို့ ရှောင်ရပါတယ် ဘာဖြစ်တယ် ညာဖြစ်တယ်တွေ ပြောမလို့လား၊ အဲဒီလိုတော့ မရဘူးနော်။ လင်းထင်းနဲ့ ဆိုင်တာ ခင်လိပ်ပြာပဲ ... ဟင်း ဟင်း။ စမ်းကြည့်လိုက်လေ၊ လိပ်ပြာက စိတ်ကြီးတယ်။ အချစ်လည်းကြီးတယ်၊ အမျက်လည်းကြီးတယ် နော်၊ လိုချင်တာကိုလည်း ရအောင်ယူတတ်တယ်။ အရမ်း သဝန်တိုလည်း တိုတတ်တယ်။ ကိုယ်ပိုင်တဲ့အရာကို ဘယ်သူ့ကိုမှလဲ မပေးနိုင်ဘူး။ အလွယ်တကူလည်း လက်လွှတ်မခံဘူး"

လင်းထင်းမှာ တရစပ်ပြောချင်ရာ ပြောနေသော ခင်လိပ်ပြာကြောင့် ထူပူကာ ရှက်အန်းနေသည်။ အနီးဝန်းကျင်မှ လူတချို့လည်း ကြားတာမို့ အားလုံး အာရုံစိုက်သွားကြတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြည့်ပြည့်ဝင်းကဆို ဟန်တောင်မဆောင်နိုင်တော့ဘဲ ဝယ်နှန့်ရည်ရွယ်ထားသော စာအုပ်တွေကို ပြန်ချထားပြီး ပြန်လည်ကောက်ယူနေဖို့ မစဉ်းစားတော့ဘဲ ချက်ချင်း ဆိုင်ထဲက ထွက်လာသည်။

"ကိုလင်းထင်း မြို့ထဲသွားမယ်ဆိုလို့ ပြည့် လမ်းကြုံလို့ လိုက်တာပါ။ တမင်ချိန်းပြီး ထွက်ကြတာ မဟုတ်ပါဘူး"

ခင်လိပ်ပြာကို မခံချင်ဟန်ဖြင့် ရှင်းပြလိုက်ပါသည်။

"ယူ့ကို အိုင် အပြစ်တင်တာ မဟုတ်ဘူး။ သူ့ကို ... သူ့ကို။ ယောက်ျားလေးတွေက အဲဒီလိုပဲလေ။ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးတွေဆိုတော့ မယုံရဘူး။ လူပုံကြည့်တော့ ရိုးပုံရိုးလက်နဲ့ နှစ်ယောက်တစ်ယောက် ရှုပ်ချင်တယ်တော့၊ နောက်က အမြဲလိုက်ချောင်းနေရတယ်"

"ဟာ ... ဟာကွာ ... ခင်လိပ်ပြာ၊ မင်း ဘာတွေပြောနေတာလဲ။ ဘာတွေ စွပ်စွဲနေတာလဲ။ မဟုတ်တာတွေပါကွာ"

ခင်လိပ်ပြာဟာ ဖတ်ခနဲ လင်းထင်း လက်မောင်းကို တွဲချိတ်ပစ်လိုက်ကာ ...

"လိပ်ပြာကို ခုပဲ ရှင် ရှင်းမလား၊ မရှင်းဘူးလား ပြော။ ရှင့်ဆီက ယုံအောင်ရှင်းပြမယ့်စကားကို ကြားရမှ ကျေနပ်မယ်"



ခင်လိပ်ပြာ၏ မထင်မှတ်သော အပြုအမူကြောင့် င်းထင်း တုန်ခနဲ ဖြစ်သွားပါသည်။ အသားချင်း မတော်တဆ ိတွေ့မှုမှာ သူ့ရင်ထဲတွင် အပူစီးကြောင်းတစ်ခု စီးဝင်သွား ာလိုလည်း ခံစားလိုက်ရသည်။ အဲဒီလိုပဲ ခင်လိပ်ပြာ ကိုယ်တိုင် ည်း မရည်ရွယ်ဘဲ သူ့လက်မောင်းကို ချိတ်လိုက်ပေမယ့် ိသို့ မိုတွယ်ချိတ်ထားလိုက်ရခြင်းကို ရုတ်ခြည်း မက်မောသလို ြစ်သွားပါသည်။

"ပြည့် တက္ကစီနဲ့ပဲ ပြန်လိုက်ပါတော့မယ်"

"မဟုတ်ဘူး ... မဟုတ်ဘူးလေ ပြည့်ပြည့်၊ ကျွန်တော်နဲ့ လာတာပဲ။ လိုက်ပို့ရမှာပေါ့။ အဲဒီလို မလုပ်ပါနဲ့"

"ကိုလင်းထင်းတို့နှစ်ယောက်ကြားမှာ ပြည့် ဝင်မရှုပ်ပါရစေနဲ့လေ၊ ဒီမှာ ... ဒီမှာ ... ကားအားလား၊ ခဏရပ်ပါ၊ ကျွန်မ လိုက်မယ်"

ပြည့်ပြည့်ဝင်းက လင်းထင်းကိုလည်း ပြန်ပြောသလို ာမ်းထဲကို အချိန်ကိုက်လို ဝင်လာသော အငှားကားတစ်စီးကိုပါ ာမ်းတားပြီး မေးလည်းမေး၊ ကားတံခါးကိုလည်း ဖွင့်တက်ပြီး ာားဖြစ်နှင့် တစ်ဆက်တည်းပင် ဆက်တိုက်လို လုပ်သွားတော့ ာည်။ မိနစ်ပိုင်းလေးမျှပင် ကြာသည်မို့ လင်းထင်း အချိန်မီတား ာည်း မတားနိုင်တော့။ လူတွေကလည်း ကြည့်လှပြီ။ ခင်လိပ်ပြာ ာ လက်မောင်းကို တွဲထားတာလည်း မလွှတ်။

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်ဇီဒီယိုရိုက်ကွင်းအလား ဖြတ်သွားဖြတ်လာ တွေကပင် ရပ်စောင်စောင့်ကြည့်နေတော့တာမို့ ဒီလမ်းထဲက အမြန်ထွက်သွားခြင်းသည်သာ အကောင်းဆုံးလို ဖြစ်နေသည်။

"မြန်းမြန်းလျှောက်ပါ၊ နောက်က ကျားလိုက်လာတဲ့ အတိုင်းပဲ ... ဟင်း"

"ခင်ဗျား ... ခင်ဗျား ... တောက် ... ကျွတ် ... ဒုက္ခပါပဲ။ ဘာတွေလျှောက်လုပ်နေမှန်းကို မသိတော့ဘူး။ ရူးများရူးနေလား"

"ဟုတ်တယ် ... ရူးနေတာ။ ရှင်လည်း အရူးပဲ။ လိပ်ပြာလည်း အရူးပဲလေ။ လူတိုင်း လူတိုင်းဟာ တစ်စုံတစ်ခုမှာ ရူးသွပ်နေလေ့ရှိတယ်ဆိုတာ ရှင် မကြားဖူးဘူးလား"

လူတွေကြားထဲ တိုးဝှေ့လမ်းလျှောက်ရင်း သူတို့ အပြန်အလှန် စကားနိုင်လုလာမိသည်။

"ကဲ ... ခုကျတော့ တွဲလေ ... တွဲထားလေ။ ဘာလို့မတွဲတော့တာလဲ။ ဘာလို့ လက်မောင်းကို လာမချိတ်တော့လဲ"

လင်းထင်းမှာ ဒီစကားကိုပြောပြီး ခနဲ့လိုက်မိပြီးမှ သူ့ကိုယ်သူပင် အံ့သြသွားသည်။ ဘုရားရေ ... ငါ ဒီလိုမျိုး ညစ်တီးညစ်ကျယ်စကားတွေတောင် ပြောတတ်နေပါလား။





"ချိတ်ချင်လို့ ချိတ်တယ်များထင်လား။ ဟို ... ပြည့်ပြည့် စုံစုံ တစ်ယောက်က အဲဒီလိုလုပ်မှပဲ ရှင့်နားမှာ တောက်တဲ့ လို ကပ်မနေတော့မှာလေ"

"နေစမ်းပါဦး ... ခင်ဗျားနဲ့သူ ဘာရန်ငြိုးရှိလို့ သူစိတ်ဆင်း ရဲရအောင် လိုက်လုပ်နေပြန်တာလဲ"

"ရှင်နဲ့ပတ်သက်တဲ့ မိန်းကလေးမှန်သမျှဟာ ခင်လိပ်ပြာ အတွက် အကုန်လုံး ရန်သူတွေပဲလေ"

"ကျွန်တော့်ကို ခင်ဗျား မပိုင်ဘူး"

"မပိုင်ပေမယ့် ရှင့်နားကို လိပ်ပြာ စပြီးရောက်လာတဲ့နေ့ ကတည်းက လင်းထင်း ဆိုတာ ခင်လိပ်ပြာ အတွက် သီးသန့်ပဲ ဖြစ်နေရမယ်"

လူတွေကိုရှောင်ရင်း စကားအပြန်အလှန်ပြောရင်း လင်းထင်း ပါကင်ရပ်ထားသောကားဆီ ရောက်လာသည်။ လင်း ထင်း သူ့ကားသော့ကို ဖွင့်မလိုပြင်လျှင် ...

"ရှင် လိပ်ပြာကို ဘယ်လိုမြင်လဲ"

ဟု ခင်လိပ်ပြာ ပွင့်ပွင့်လင်းလင်းပဲ မေးလိုက်သည်။ လင်းထင်း ကားတံခါးဖွင့်၊ ကားထဲဝင်ထိုင်ပြီးသည်အထိ မဖြေ သေးဘဲ အရင်ဆုံး သူ့ရှေ့တည့်တည့်ကို ခဏစိုက်ကြည့်လေသည်။ ပြီးမှ ခင်လိပ်ပြာကို တည့်တည့်ပြန်ကြည့်၏။ တကယ့်ကိုအသေ အချာ စိမ်ပြေနပြေ ကြည့်နေတာကြောင့် ဘယ်သူ့ကိုမဆို မျက်


www.burmeseclassic.com

www.burmeseclassic.com



လုံးချင်းဆိုင်ကြည့်ရဲသော ခင်လိပ်ပြာပင် အနည်းငယ် ရှက်စွဲ့သလိုလို၊ ရင်မဆိုင်ရဲသလိုလို ဖြစ်သွားပါသည်။

ခင်လိပ်ပြာရဲ့မျက်ဝန်းအကြည့်တွေ ရွေ့သွားမှပဲ လင်းထင်းထံမှ ခပ်သဲ့သဲ့ရယ်သံနှင့်အတူ ...

"အမှန်အတိုင်းပြောမယ်၊ ကျွန်တော် မိန်းကလေးတစ်ယောက် အရူးအမူး ပစ်ကျရလောက်အောင် ချောမောလွန်းနေတဲ့ ယောက်ျားတစ်ယောက် မဟုတ်တာမို့ ခင်ဗျားလည်း ကျွန်တော့်အပေါ် ဘယ်လိုသဘောမှ ရှိခဲ့မှာ မဟုတ်ဘူး။ တမင် ဒုက္ခပေးချင်လို့ အလိုလိုနေရင်း ကြည့်မရလို့ ကျွန်တော့်နား ရောက်လာတယ်လို့ ထင်ခဲ့ဖူးတယ်။ ဒါပေမဲ့ ခုတော့ ..."

လင်းထင်း ပြောပြလိုက်ရမှာ ပါးစပ်မရဲတော့သလို ဖြင့် ခဏ တိတ်ဆိတ်သွားပါသည်။ ပြီးမှ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချပြီးသော ဟန်ဖြင့် ...

"ခင်ဗျား ကျွန်တော့်ကို ...။ အဲ ... အင်း ... ကျွန်တော့်ဆီက တစ်စုံတစ်ရာကို လိုချင်တယ်လို့ ထင်ပါတယ်"

ဟု ရှက်လည်းရှက်၊ ပြောပြလိုက်ရတာလည်း ကျေနပ်သွားသောအသံဖြင့် ထစ်အ ထစ်အ ပြောပြီးမြီးချင်းပဲ ကားကို ချက်ချင်းမောင်းထွက်ခဲ့တော့သည်။

❦ ○ ❦





## ၁၅

"ဟော ... ခင့်လိပ်ပြာ၊ အပြင်မှာ ညှိသည်တစ်ယောက် ရောက်နေတယ်။ ဝင်ခွင့် pass သူ့မှာမရှိလို့ ပေးမဝင်တာနဲ့ အပြင်ကစောင့်မယ်တဲ့။ ဘယ်သူ့ကို ဖိတ်ထားတာလဲကွာ"

ပြုံးစိ ပြုံးစိနဲ့ အထဲဝင်လာကာ ပြောလိုက်သော ဟစ်(ပ)ဟော့(ပ)အဆိုတော်ကြောင့် ခင်လိပ်ပြာ ဇဝေဇဝါ ဖြစ်သွားပါသည်။ ဒီနေ့လုပ်မယ့် မျှော်စင်ကျွန်းရှိုးပွဲမှာ,ခင် အဆိုတော်များ၊ အတီးသမားများ သီးသန့်နားရသော နားနေခန်းတွင်းထိုင်နေစဉ် ထိုသတင်းကို ကြားရတာဖြစ်သည်။

"ဘယ်သူမှ မဖိတ်ထားဘူး"

"ဟုတ်ရဲ့ ... ... လား ... ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့"နဲ့ "လား"ကြားမှာ အသံရှည်ကြီးလုပ်
"လား"အဆုံးမှာလည်း အသံရှည်ကြီးလုပ်ကာ ပြန်မေးသောကြောင့်
ခင်လိပ်ပြာ စိတ်မရှည်တော့ဘဲ ...

"နေစမ်းပါဦး၊ ဘယ်သူ့မို့လို့ နင်က နောက်ချင် စချင်ရ
ရတာလဲ"

"အပြင်မှာ သွားတွေ့လိုက်ပါဟာ၊ သနားစရာကောင်း
တယ်။ ဖိုးင်းတို့အလယ်က တောကျီးကန်း ဖြစ်နေရှာပါပြီ"

ခင်လိပ်ပြာ ဘာမှဆက်မေးမနေတော့ဘဲ အပြင်
ထွက်လိုက်လျှင် ...

"ဟင် ... လင်းထင်းပါလား"

ရင်ထဲမှာ ထိတ်ခနဲလည်းဖြစ်၊ ဝမ်းသာသွားမိသော
ခံစားချက်ကလည်း ဘယ်တုန်းကမှ မရခဲ့ဘူးသော ခံစားချက်မျိုး
လည်းဖြစ်၊ တစ်ခါမှ မဖြစ်ခဲ့ဖူးသော သူစိမ်းယောကျ်ားလေးတ
ယောက်ဆီက လက်ခံရရှိတဲ့ အကြည့်ထဲမှာ နွေးထွေးရင်ဖိုရခြင်း
လည်းဖြစ် စသော ခံစားချက်တွေ စုပြုံသွားကာ ခင်လိပ်ပြာ
မျက်ရည်တွေပင် ဝေ့ခနဲ တက်လာမိပါသည်။

အဲဒီလို ခံစားချက်ပေါင်းစုံ ခံစားရချိန်မှာ လင်းထင်း
ဟာ ကိုယ်နဲ့သာလျှင် အသက်ဆိုင်ဆုံးသူရယ်လို့ကို ရင်ထဲ
ကျေနပ်စွာ ခံစားရလျက် ထိုအရာကို လက်လွှတ်မခံချင်တော့
သလိုပင် ဖြစ်နေတော့လေသည်။





ခင်လိပ်ပြာ တုန်လှုပ်စွာ ခံစားနေရသလောက်
လင်းထင်းကတော့ အေးဆေးတည်ငြိမ်လွန်းလှသည်။ သူဝတ်ဆင်
နေကျ တိုက်ပုံ၊ ပုဆိုးတို့ကို ရိုးသားစွာပင် ဝတ်ဆင်မြဲဝတ်ဆင်
ထားပြီး အေးချမ်းစွာပြုံး၍ စောင့်နေသည်။ သူ့ပုံစံက အင်မတန်
မှ ဆိုးသွမ်းမှုနဲ့ တတ်သော၊ အနိုင်ယူတတ်သော ချစ်သူလေးတစ်
ယောက်လို ခွင့်လွှတ်စွာ အရှုံးပေးလျက်၊ သူလေးလိုအင်ဆန္ဒမှန်
သမျှ အားလုံးလိုက်လျော ဖြည့်ဆည်းတော့ဖို့ ဆုံးဖြတ်ထားပြီး
သလိုလည်း ဖြစ်နေသည်။

"ခင်လိပ်ပြာကို လာနှုတ်ဆက်တာပါ၊ ကျွန်တော် ဒီရှိုးပွဲကို
ကြည့်ဖို့ လက်မှတ်ဝယ်ထားပါတယ်"

"လိပ်ပြာ ... ဟို ... ဟိုဟာ ... ဒီမှာ လိပ်ပြာပါမှန်း
လင်းထင်း ဘယ်လိုသိလဲ"

ဒီတစ်ခါတော့ စကားပြောလျှင် ထစ်အ ထစ်အ
ဖြစ်ရသူမှာ ခင်လိပ်ပြာ ပြန်ဖြစ်သွားပါသည်။

"ကြော်ငြာဘုတ်(ထ်)တွေ နေရာအနှံ့တွေ့နေရတာပဲလေ"

"ရှင် ... ဒါမျိုးတွေ စိတ်မှမဝင်စားတာ"

"ခုတော့ စိတ်ဝင်စားပါပြီ"

သူ့စကားအသွားအလာထဲမှာ အဓိပ္ပာယ်တစ်မျိုးလေး
ပါနေတာကို ခင်လိပ်ပြာ ဝမ်းသာဖို့ပင် မေ့နေသည်။

"ကျွန်တော် စင်အောက်ကကြည့်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရှင် ... ဖြစ်ရဲ့လား"

ခင်လိပ်ပြာ သူ့အတွက် အလိုလို စိတ်ပူမိသွားသည်။ ရှိုးပွဲတွေကတော့ ဘာအနှောင့်အယှက်မှ သိပ်မရှိဘဲ အေးအေးချမ်းချမ်း ပြီးစီးလေ့ရှိပေမယ့် ခင်လိပ်ပြာကတော့ လင်းထင်းအတွက် ပူပန်ပါသည်။ သူ့လို သမာဓိပုံစံကြီးနဲ့ ပုဆိုးတိုက်ပုံ ဝတ်ထားခြင်းကိုက အများအမြင်မှာ တစ်မူထူးခြားပြီး စ,စရာ နောက်စရာ ဖြစ်နေလေရာ သူ့အတွက် အလိုလို စိုးရိမ်မိနေပြန်သည်။

"ဘာလို့ မဖြစ်ရမှာလဲ"

"ဟို ... သူများတွေက ရှိုးပွဲလာရင် ဒီပုံမဟုတ်ကြဘူးလေ"

"အင်း ... အဲဒီတော့ ..."

"ရှင့်ကို စနောက်စရာကြီးလို ဖြစ်နေမှာ"

"ကျွန်တော့်အတွက် ဒါမျိုးက ရိုးနေပါပြီ"

"မတူဘူးနော်၊ ဒီမှာ အစခံရတာနဲ့ ရှင့်ကို ကျောင်း[illegible] စကြတာမျိုး မတူနိုင်ဘူး"

"ကျွန်တော် ရန်မဖြစ်တတ်ဘူး။ စိတ်လည်းမဆိုးတတ်ဘူး[illegible] သူတို့ ကျွန်တော့်ကို စ,ခဲ့နောက်ခဲ့ရင်တောင် သူတို့အလွ[illegible] မဟုတ်ဘူးလို့ ထင်ပါတယ်။ ကျွန်တော့်ပုံစံက ဒီပွဲနဲ့မှမအ[illegible] စပ်ပဲလေ"

"ကဲ ... ဒါဆိုရင်လည်း တားမရလည်း ကြည့်ပေါ့"





"ပွဲက ခြောက်နာရီစမှာဆို၊ ခုထိမစသေးပါလား"

"မြန်မာ့ထုံးစံလေ၊ နာရီအတိအကျ ဘယ်တော့မှ စ,လို့မရဘူးပေါ့"

"ဘယ်တော့လောက် ပြီးတတ်လဲ"

"ဆိုချင်တဲ့အသစ်တွေကို နောက်ဆုံးမှာတင်တယ်၊ သူတို့ပြီးရင် ပြီးတာပေါ့။ ဆယ့်နှစ်နာရီဝန်းကျင် ပြီးပါတယ်။ ဒီထက်တော့ မကျော်ပါဘူး"

"ခင်လိပ်ပြာက အဲဒီအချိန်ကြီးကျမှ တစ်ယောက်တည်း ကားမောင်းပြီး ပြန်ရတာလား"

သူ့ပုံစံက ခင်လိပ်ပြာကို စိတ်မချတော့သလိုပုံစံ ဖြစ်နေသည်။

"ဒါပေါ့"

"အိမ်က ဘယ်သူမှ လာမကြိုဘူးလား"

"လာမကြိုပါဘူး၊ ဘာမှ စိတ်ပူစရာမှ မလိုတာ၊ လိပ်ပြာ ဒီလိုလုပ်နေခဲ့တာ သုံးလေးနှစ်ပဲရှိပြီ၊ ပြီးတော့ လိပ်ပြာ မဟုတ်တာ လျှောက်လုပ်နေတာလည်း မဟုတ်ဘူး။ ဝါသနာပါတဲ့အလုပ်ကို လုပ်နေတာလေ။ ဒီတော့ မိဘတွေက စိတ်ချတာပေါ့"

"နောက်ဆို ကျွန်တော် လိုက်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းထင်း ပြောလိုက်ဟန်မှာ တကယ့်ကို ပိုင်စိုးပိုင်နင်းနိုင်ကာ ကိုယ့်စကားကိုယ်လည်း ယုံကြည်စိတ်ချပြီးနေဟန် ပေါ်သည်။ ဒီစကားကို ခင်လိပ်ပြာ မငြင်းဘူးဆိုတာ သိကိုသိနေတဲ့ မျက်လုံးတွေနဲ့ ပြောလိုက်တာလည်း ဖြစ်သည်။ သူဟာသူ့ကိုယ်သူ ခင်လိပ်ပြာနဲ့ သက်ဆိုင်သူတစ်ဦးအဖြစ် သတ်မှတ်ပြီးသလို ကြည်း ဖြစ်နေသည်။

"ပွဲစတော့မယ် ခင်လိပ်ပြာ။ ကျွန်တော် စင်ရှေ့ရောက်အောင် တိုးဝင်ထားလိုက်တော့မယ်"

ဒီညရဲ့ပွဲကတော့ ခင်လိပ်ပြာအတွက် တကယ့်ကို စိတ်လှုပ်ရှားစရာ အကောင်းဆုံး ပွဲတစ်ပွဲဖြစ်လေသည်။ တစ်ယောက်ပြီးတစ်ယောက် တက်ဆိုလိုက်၊ ဆင်းသွားလိုက် လုပ်နေသော အဆိုတော်တွေ ဈာန်ဝင်,မဝင်တော့မသိ။ ခင်လိပ်ပြာကတော့ အရင်ကထက်ပင် ဈာန်ဝင်ကာ ပိုပြီးတက်ကြွနေခဲ့သည်။ ပိုပြီးတော့ DJ တီးလုံးတွေ ဖန်တီးလို့ ကောင်းနေခဲ့သည်။ နားကြပ်တပ်ပြီး လက်တစ်ဖက်ဖြင့် စီဒီချပ်ကို ကစားရင်း၊ ကျန်တစ်ဖက်ကတော့ စည်းချက်အတိုင်း မြှောက်လိုက်၊ ဘယ်ညာယိမ်းလိုက် လှုပ်ရှားရင်း၊ စည်းချက်နဲ့အညီ ခေါင်းလေးကိုလည်း လှုပစ္စာခါလိုက် ငြိမ့်လိုက်လုပ်ရင်း လင်းထင်းနဲ့အကြည့်ချင်း၊ အပြုံးချင်း ဖလှယ်နေရတဲ့ နာရီတွေကို ဘယ်တော့မှ မကုန်ဆုံးချင်တော့။





အဆိုတော်တွေကတော့ သူတို့ရင်ထဲက ခံစားချက်တွေနဲ့ သီချင်းတွေဆို၊ ဟာစ်(ပ)ဟော့(ပ)စာသားတွေ ရွတ်တာပေမယ့် သီချင်းအပုဒ် တော်တော်များများဟာ (အချစ်နဲ့ပတ်သက်တဲ့ သီချင်းမှန်သမျှ) ခင်လိပ်ပြာရဲ့ရင်ထဲကို လာထိလျက် အပုဒ်တိုင်း လိုလို ကောင်းနေခဲ့သည်။

လှုပ်ရှားကခုန် မြူးထူးနေကြသော ရောင်စုံဖက်ရှင်ဒီဇိုင်းစုံ လူငယ်လူရွယ်တွေကြားမှာ လက်အသာပိုက်လျက် အေးဆေးစွာရပ်ကြည့်နေသော တိုက်ပုံပုဆိုးနဲ့ လူထူးလူဆန်းဖြစ်နေတဲ့ လင်းထင်းရဲ့ အကြည့်တွေကလည်း ခင်လိပ်ပြာထံမှာသာ။ ဘယ်သူ့ကိုမှမကြည့် ဘယ်အဆိုတော်ကိုမှမကြည့်။ မမှိတ်မသုန် ဘယ်သူ့ဆီမှ အာရုံမပျံ့ဘဲ သူမို့ နေပဲနေနိုင်လွန်းတဲ့ပုံစံ။

ဒီညလောက် သာယာလှပတဲ့ညမျိုး ခင်လိပ်ပြာ မကြုံဘူးခဲ့သလို ခံစားရသည်။

ဒီညလောက် ကောင်းကင်မှာ ကြယ်တွေစုံတာ မတွေ့ဖူးသလိုလည်း တင်စားမိသည်။

ဒီညလောက် ရင်ထဲမှာ ခွန်အားတွေ ပြည့်နေခဲ့တာမျိုးလည်း မရှိခဲ့ဖူးသလို ထင်မိသည်။

ဒီညလောက် မက်မောစရာအကောင်းဆုံး ညတစ်ညကို မပိုင်ဆိုင်ခဲ့ဖူးသလိုလည်း ထင်မိသည်။ နာရီလက်တံတွေဟာ အလွယ်တကူပဲ အကုန်မြန်လှချည့်လားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ပွဲပြီးတော့ ဆယ့်နှစ်နာရီ ထိုးလုထိုးခင်သာကျန်တော့သည်။ မျှော်စင်ကျွန်းထဲက ပြန်ထွက်ခွာသွားကြသော လူပရိသတ်ရဲ့ခြေလှမ်းတွေဟာ သွက်လက်တက်ကြွမှု၊ ပျော်ရွှင်မှုတွေနဲ့ ဖြစ်နေခဲ့သလိုပဲ၊ စင်အောက်ကို DJ ပစ္စည်းတွေသိမ်းပြီး ပြန်ဆင်းလာသော ခင်လိပ်ပြာရဲ့ခြေလှမ်းတွေဟာလည်း ...။

"ဘယ်လိုလဲ"

ဟစ်(ပ်)ဟော့(ပ)အဆိုတော်ကောင်လေး၊ ကောင်မလေးတွေက ခင်လိပ်ပြာရဲ့ အရေးတကြီးခြေလှမ်းတွေကို "ဘယ်လိုလဲ ..."ဆိုတဲ့အသံနဲ့ "လဲ"အနောက်မှာ အသံရှည်ကြီးလုပ်အော်ကာ လှမ်းနောက်ပြန်သည်။ လင်းထင်း ရောက်လာတာ၊ ခင်လိပ်ပြာနဲ့ ခဏရပ်စကားပြောတာ၊ လင်းထင်း စင်အောက်မှာ တစ်ချိန်လုံး ရပ်ကြည့်နေခဲ့တာတွေကို သတိထားမိလိုက်ကြသူတွေ တော်တော်လည်း များတာမို့ တစ်ဆင့်ပြီးတစ်ဆင့် အချင်းချင်းတွေကြား သတင်းပြန့်ကာ အားလုံး စိတ်ဝင်စားနေကြတာကို ရင်ဆိုင်ရတော့၏။

"ပေး ... ကျွန်တော် ကူသယ်ပေးမယ်"

"ရတယ်"

"ရတယ် မလုပ်ပါနဲ့၊ ဒီလောက်လေးတဲ့စက်ကို။ ဘာကြောင့်တစ်ယောက်ယောက် ကူမသယ်ပေးလဲ။ အမြဲဒီလိုတစ်ယောက်တည်း သယ်နေရတာပဲလား"





လင်းထင်းဟာ ခင်လိပ်ပြာ လက်ထဲမှာ တချို့ဆွဲလာသော DJ စက်တွေကို အတင်းကူသယ်ပေးရင်း မေးနေပြန်သည်။

"ကူသယ်ပေးပါတယ်"

"ဒါဖြင့် ဘယ်မှာလဲ ... ပြ"

"ဒီညတော့ သူတို့ ဘယ်သယ်ပေးတော့မလဲ၊ လင်းထင်း ရှိနေတာကို။"

"နောက် ... ကျွန်တော်မလာဖြစ်တဲ့ပွဲတွေမှာ ဆိုရင်တော့ တစ်ယောက်ယောက်ကို ကူသယ်ခိုင်းနော်၊ အဲဒီလိုတစ်ဖွတ်ထိုးတွေ လုပ်မနေနဲ့။ ငယ်တုန်း အလေးအပင်တွေ ထင်တိုင်းမ,နေရင် အသက်ကြီးလာတဲ့အခါ Arthritis (အာသရိုက်တစ်(စ))ဖြစ်မယ်။ အဆစ်အမြစ်တွေ ရောင်ရမ်းကိုက်ခဲပြီး ညည်းညူနေရမှ ငယ်ငယ်က ပေတဲ့တေခဲ့တာတွေ နောင်တရမယ်"

ခင်လိပ်ပြာ ကားနောက်ဖုံးကို ဖွင့်ပေးရင်း ...

"ရှင်ဟာလေ အဘိုးကြီးအိုလေးပဲ သိလား။ ဗျစ်တောက်ဗျစ်တောက်နဲ့ တကယ်။ ဘယ်နေရာမှာ ဘာဆူရမလဲပဲ ကြည့်နေတာ"

ဟု၍ မျက်စောင်းလေးထိုး၊ နှုတ်ခမ်းလေးစူကာ မှုမှုနွဲ့နွဲ့လေး ပြောမိတော့လေသည်။ လင်းထင်းက အမှတ်မထင်ဘဲ ခင်လိပ်ပြာရဲ့ငယ်ထိပ်လေးကို ဖိကိုင်လှုပ်ယမ်းပစ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားလေးက အဲဒီလိုဆူပေးမှ။ မဆူရင် မဆူတဲ့အတိုင်း တစ်ခွတ်ထိုးလေးတွေ လုပ်ချင်တဲ့အကျင့် ရှိကိုရှိနေလို့"

ဟု ချစ်စနိုး ပြန်ပြောသောအခါမှာတော့ ခင်လိပ်ပြာရဲ့နှလုံးသားတွေဟာ တကယ်ပင် အရည်ပျော်လာသကဲ့သို့ ခံစားလိုက်ရတော့သည်တည်း။

❣ ○ ❣






## အပိုင်း(၃)

www.burmeseclassic.com

www.burmeseclassic.com







## ၁၆

ခင်လိပ်ပြာသည် ဝင့်ဝင့်ထယ်ရှေ့မှာ ကြွားကြွားဝင့်ငံလေး ပြောလိုက်လေသည်။ ဝင့်ဝင့်မှာ ပြုံးသာပြုံးထားရသော်ည်း ဘယ်လိုမှကို မကျေနပ်နိုင်သလို ဖြစ်နေပါသည်။ ဒီအခြေနေမျိုး ဖြစ်လာစရာ အကြောင်းကိုမရှိဘူး။ လင်းထင်းလိုလူ ခင်လိပ်ပြာကို ဘယ်တော့မှ စိတ်ဝင်စားစရာ အကြောင်းမရှိဘူးဟု တစ်ထစ်ချ ယုံကြည်ထားခဲ့သမျှ အခုကြားရသောခြည်းပြောင်းလဲမှုမှာ ဝင့်ဝင့်ကို များစွာ Shock (ရှော့(ခ်)) သည်။

"အခုဆို သူ ဇနေ့တိုင်း ဖုန်းဆက်တယ်၊ ငါက ဘာမှမပြောရသေးဘူး။ ငါ့ရှိုးပွဲတွေ ဘယ်မှာရှိတယ်ဆိုတာ သူ ကြိုသိနေတယ်၊ နှစ်ရက်တစ်ခါလောက် ကော်ဖီဆိုင်ထိုင်ပြီး စကားပြောကြရအောင်လို့ သူ့ပဲစပြီး ချိန်းတတ်တယ်။ ငါ



www.burmeseclassic.com

www.burmeseclassic.com



အကြိုက် တော်တော်များများကိုလည်း သူ မှတ်မိနေတ[illegible]
တယ် ... ကဲ"

ခင်လိပ်ပြာရဲ့စကားအဆုံး "ကဲ"ဟူသော မေးသံ[illegible] နှင့် ဘာတတ်နိုင်သေးလဲဆိုတဲ့ ဟန်တွေပါနေပါသည်။

"ဒါပေမဲ့ သူ့ဆီက ခင်လိပ်ပြာကို ကျွန်တော်ချစ်ပါတ[illegible] ဆိုတဲ့ စကားမျိုး မကြားရသေးမချင်း ငါတို့ပွဲဟာ အ[illegible] မဆုံးဖြတ်နိုင်သေးဘူး။ အခုဆို နှစ်လခွဲရှိသွားပြီ လိပ်ပြ[illegible] သုံးလပြည့်တဲ့နေ့မှာ သူဟာ နင့်ကို အဲဒီစကားပြော[illegible] နင် အနိုင်ရမှာနော်။ သုံးလကျော်သွားမှ ပြောရင်တေ[illegible] လုံးဝအကျုံးမဝင်တော့ဘူး ... ဟဲ ဟဲ"

"အေးပါ ... အေးပါ ... ဝင့်ဝင့်ရယ်၊ ဒီစကားကို [illegible] ခဏ မပြောပါနဲ့။ ငါ သတိရပါတယ်၊ ခုထိ အနိုင်အရှုံ[illegible] အဖြေမပေါ်သေးပါဘူး"

"ငါ နင့်ကို မရှုံးချင်လို့ မဟုတ်ဘူးနော်၊ နင် ပြောပုံ[illegible] အရဆို သူဟာ နင့်ကို တော်တော်ကြွေသွားပါပြီ။ ဒါ[illegible] ချစ်ပါတယ်ဆိုတဲ့စကားဟာ ဘယ်တော့လောက်မှ သူ[illegible] ပြောလာမလဲဆိုတာ မှန်းဆလို့မှ မရတာလေ"

ခင်လိပ်ပြာကလည်း ဒါကိုလက်ခံပြီး ခေါင်း[illegible] သည်။





"ငါ အံ့သြတာက သူ ရုတ်တရက်ကြီးကို ပြောင်းလဲသွားတာကိုပဲ။ သဘောကဟယ် မနေ့တစ်နေ့ကအထိ ငါ့ကို သရဲသဘက်တစ်ယောက်လိုပဲ ရှောင်တိမ်းနေတဲ့သူက နေ့ချင်းညချင်းအတွင်း မျက်လှည့်ပြလိုက်သလိုပဲ ပြောင်းလဲသွားလို့ပါ။ သူက လူပုံကြည့်တော့ ခပ်ရိုးရိုးပေမယ့် သိပ်ပြီး ဦးနှောက်ပြေးတဲ့သူဆိုတော့ သူ့ရဲ့ပြောင်းလဲမှုကို ငါ နည်းနည်းတော့ လန့်တယ်။ သူ့မှာ ဘယ်လိုစိတ်ကူး အကြံအစည်မျိုး ပြန်ရှိနေမလဲဆိုတာ ငါ တွေးကြည့်မိတယ်"

ထိုအချိန်မှာပင် ခင်လိပ်ပြာရဲ့ဟန်းဖုန်း မြည်လာ[illegible]ည်။ DJ တီးလုံးတွေ အဆန်းအပြားထွင်ပြီး တီးတတ်တဲ့ ခင်[illegible]ပြာဟာ ဖုန်းသံလေးကိုတော့ ခပ်ရိုးရိုးပဲ Nokia (နိုကီယာ) [illegible]ကိုသာ ထည့်ထားသည်။

ဖုန်းကိုထုတ်ကြည့်လိုက်တော့ လင်းထင်းအိမ်က [illegible]တ် ပေါ်နေတာ တွေ့ရသည်။ ခင်လိပ်ပြာ ဝင့်ဝင့်ကို ထိုးပြ[illegible] ...

"အဲဒါ လင်းထင်းဆီကပဲ"

ဟု ခပ်ကြွားကြွားလေး (သို့သော်) ရင်ထဲမှာတော့ [illegible]ည်းစွာ ပြောလိုက်တာမျိုး ဖြစ်နေသည်။

"ပြော ... ပြော ... ပြောပါ ... ပြောလိုက်မျှါရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဝင့်ဝင့်က ရွှဲတဲ့တဲ့လေးပြန်ပြောလိုက်၏။ ခင်လိပ်ပြ
ထတော့ လင်းထင်းဆီက ဖုန်းကောလ်ဝင်တာကိုပင် ဘဝမှာအ
ချင်ဆုံး ဆုတစ်ဆု ပြည့်သွားရသလို အပြုံးမျိုးနဲ့ စကားတွေစ
တော့လေသည်။

"လိပ်ပြာ"

အခုတော့ လင်းထင်းက ခင်လိပ်ပြာကို "လိပ်ပြာ"
ပင် ပြောင်းခေါ်နေတတ်သည်။

"အင်း ... ပြောပါ၊ လိပ်ပြာ နားထောင်နေတယ်
ဘာပြောစရာရှိလို့လဲ"

"လိပ်ပြာရဲ့မွေးနေ့က နောက်အပတ်ထဲမှာလို့ ကျွန်
ခုပဲ သိလိုက်ရလို့"

ခင်လိပ်ပြာ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပါသည်

"ဘယ်လိုလုပ် သိလဲ"

"အခုပဲ ဂျာနယ်တစ်စောင်ရဲ့ အင်တာဗျူးမှာ ပြောထား
တွေ့လို့၊ အဲဒါ တကယ်လား"

"ဘာကို တကယ်လား မေးတာလဲ"

"မွေးနေ့မှာ တရားစခန်းဝင်မှာမို့ အလုပ်တွေကို အ
မတိုင်ခင်ကစပြီးနားတယ်၊ ကိုးရက်စခန်းဝင်မယ်
ပြောထားတယ်၊ အဲဒါ ဖတ်မိလို့ပါ"

"ဘာဖြစ်လို့ တကယ်လား မေးတာလဲ"





လင်းထင်း ခပ်သဲ့သဲ့ရယ်သည်။ ရယ်သံမှာ အားနာ
လိုလိုအသံမျိုးဖြစ်နေသည်။ သူ့ရယ်သံကို ခင်လိပ်ပြာ သဘော
ါက်ပါသည်။ ဒီလိုပုံစံနဲ့ ဒီအလုပ်မျိုးလုပ်တဲ့ မိန်းကလေးက
းနေ့မှာ နှစ်တိုင်း တရားစခန်းဝင်သတဲ့လား ဆိုတဲ့ သဘောမျိုး
ပေါ့။

"သြော် ... သြော် ... ဖြစ်နိုင်ပါ့မလား၊ ဒီလို ပုံစံနဲ့ ခင်
လိပ်ပြာက ဒါမျိုးတွေ လုပ်သလား၊ တမင် ပေါပင်လုပ်
ပြီး ရှိုးပေးသလားပေါ့၊ အဲဒီလိုမျိုး မယုံတာ မဟုတ်လား"

"ကျွန်တော် မငြင်းပါဘူး"

"မယုံရင် အဲဒီနေ့ကျ မဟာစည်ရှေ့မှာ လာချောင်းနေပေါ့"

"မချောင်းပါဘူးဗျာ ... ယုံပါတယ်။ လိပ်ပြာက ဘယ်တော့
မှ ညာမပြောတတ်ဘူးလို့ ယုံပါတယ်ဗျာ"

သူ ဒီလိုပြောလိုက်တော့ ခင်လိပ်ပြာမှာ ကိုယ့်ကိုယ်
ယ်ပင် မလုံမလဲ ဖြစ်သွားပါသည်။ ခင်လိပ်ပြာက လင်းထင်းကို
ညာထားခဲ့တဲ့ သူတစ်ယောက် ဖြစ်နေခဲ့ပါတယ် လင်းထင်း
။ လင်းထင်းရဲ့နှလုံးသားထဲမှာရှိတဲ့ အရာကို လိမ်ညာပြီးယူ
သူပါ။

"မွေးနေ့ဘယ်နေ့လဲ သိလိုက်တော့မှ လိပ်ပြာဟာ ကျွန်တော့်
ထက် တစ်နှစ်လောက်ငယ်မှန်း သိလိုက်တယ်။ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းတာက ကျွန်တော့်မွေးနေ့က နောက်လမှာ။ ပို
ထူးဆန်းတာက လိပ်ပြာနဲ့ ရက်အတူတူပဲ၊ လရယ် နှစ်ရ
နေ့ရက်သာ ကွာသွားတယ်"

"ဟယ် ... ဟုတ်လား"

"လိပ်ပြာကို မွေးနေ့လက်ဆောင်ပေးချင်တယ်၊ ခုတည်
ကြိုပေးလို့ ရမလား"

"လိပ်ပြာမွေးနေ့ပွဲမှ မလုပ်တာ"

"မွေးနေ့ပွဲလုပ်မှရယ် မဟုတ်ပါဘူး။ အမှတ်တရ တ
ပေါ့ ပေးချင်စိတ် ရှိလို့ပါ"

"ဒါဆိုလည်း မငြင်းပါဘူးရှင်"

"ဘယ်တော့လောက် တွေ့ရမလဲ"

ခင်လိပ်ပြာ တစ်ချက်စဉ်းစားလိုက်ပြီးလျှင်

"လိပ်ပြာ မနက်ဖြန် အားပါတယ်"

"ဒါဆို ကျွန်တော်တို့ တွေ့ကြတာပေါ့"

"မနက်ဖြန် တွေ့နေကြ ကော်ဖီဆိုင်ကို လာခဲ့
လင်းထင်း အားတဲ့ ညနေပိုင်းပေါ့"

"ဟုတ်တယ်၊ ညနေပိုင်းဆိုရင် ဂိုက်ဒ်လည်း သင်ပြီး
"သုံးနာရီခွဲနော်"

"ဟုတ်ပြီ"





"ဒါဆို တာ့တာ၊ လိပ်ပြာ ဖုန်းချတော့မယ်"

ခင်လိပ်ပြာ ဖုန်းလေးကို ပြန်ခေါက်လိုက်၏။ ဝင့်ဝင့်
သိချင်ဟန်မျက်လုံးတွေနဲ့ ကြည့်နေပါသည်။

"သူ ငါ့မွေးနေ့ကို သိသွားတယ်"

"ဘယ်လိုလုပ်သိလဲ"

"ဂျာနယ်မှာ အင်တာဗျူးထားတာ ဖတ်လိုက်ရလို့တဲ့။
သူက ငါ နှစ်တိုင်း မွေးနေ့အထိမ်းအမှတ် တရားစခန်း
ကိုးရက်ဝင်တာကို အံ့ဩနေပုံပဲ"

"ဒါပေါ့ ... နင့်ပုံစံက တခြားစီကိုး"

"သူနဲ့ငါ မနက်ဖြန် ဆုံကြမယ်၊ ဆုံနေကျ ကော်ဖီဆိုင်ပဲ
ချိန်းလိုက်တယ်၊ မွေးနေ့အကြို လက်ဆောင်ပေးထားချင်
လို့ဆိုပဲ"

"ဘယ်လိုလက်ဆောင်မျိုးပါလိမ့်"

ဒီဘက်မှာ ဖုန်းပြောပြီး ခင်လိပ်ပြာတို့သူငယ်ချင်း
ယောက် လင်းထင်းနဲ့ ပတ်သက်တာတွေ ဆက်ဆွေးနွေးနေခဲ့
ို ဒီဘက်မှာတော့ လင်းထင်း တစ်ယောက်တည်း အိမ်ဖုန်း
အသာချကာ အတွေးနယ်ချဲ့လို့မဆုံး ဖြစ်နေပြန်သည်။

လင်းထင်းသည် ရက်ပိုင်းအတွင်းမှာ ပြောင်းလဲသွား
ာ သူ့ကိုယ်သူ ဘယ်လိုမှကို နားမလည်နိုင်တော့တာတော့
န်ပင်။ ပြည့်ပြည့်နဲ့သူ စာအုပ်ဆိုင်သွားစဉ် လိုက်နှောင့်ယှက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့နေ့ကတည်းကစပြီး သူ့စိတ်ဟာ အလိုလို ပြောင်းလဲသွား
ဖြစ်သည်။

သူ ခင်လိပ်ပြာကို သေသေချာချာ လေ့လာချင်သ
သည်။ ခင်လိပ်ပြာရဲ့သဘောထားကို အနီးကပ်ပေါင်းကြည့်
ရှုစမ်းချင်သည်။ သူလည်း အရွယ်ရောက်ပြီး ယောက်ျား
တစ်ယောက်ဖြစ်တာမို့ ခင်လိပ်ပြာဟာ ဘာရည်ရွယ်ချက်နဲ့
အနား ရောက်လာရသနည်း ဆိုသော အဖြေကို ရှာစရာမလိုအေ
အလိုလို သုံးသပ်လို့ ရနေပါသည်။

အစကတော့ မယုံရဲရဲဖြင့် မဖြစ်နိုင်ပါဘူး။
ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းတာပါ။ စသဖြင့် သိစိတ်
ငြင်းဆန်နေပေမယ့် မသိစိတ်မှာတော့ ဒါကို လက်ခံနေမိတာ
အခုတော့ လင်းထင်ဟာ သူ့ရင်ထဲက ခံစားချက်ကို လျစ်လျ
လို့ မရနိုင်တော့။ သူ ခင်လိပ်ပြာနားမှာ နေချင်သည်။ မကြာခ
ဆုံချင်သည်။ သူမ ရင်ထဲမှာ သူဟာ တကယ်ရှိ၊မရှိ သိချင်သ

ဒါနဲ့ပဲ ... ...။ တဖြည်းဖြည်းနဲ့ ... ...။

"မဖြစ်နိုင်မှန်း သိပေမယ့် ရှေ့ဆက်တိုးချင်နေပါပြီ လို
ရယ်"

၊၀၊





## ၁၇

လူတွေအားလုံးက ကော်ဖီဆိုင်ထဲ ဝင်လာသော
တိုက်ပုံ၊ ပုဆိုးနဲ့ ကောင်လေးကို တအံ့တသြ ကြည့်ကြသည်။
မြင်သူကလည်း မမြင်သူကို လက်တို့ပြီး မေးထိုးညွှန်ပြကြသည်။
ဘာကြောင့်လဲဆိုတော့ ကောင်လေးလုပ်ပုံကိုလည်း ကြည့်ဦး။
သူ့ခါးလောက်တောင် အမြင့်ရှိတဲ့ အညိုရောင်နုနု ဝက်ဝံရုပ်
အကြီးကြီးကို ပွေ့ပိုက်ပြီး ဝင်လာ၍ပင်။ လည်ပင်းမှာ ဖဲပြာနီနီ
လေးပါသော ဝက်ဝံရုပ်က မွေးပွပွထူထူလေးတွေနဲ့ ချစ်စရာလည်း
အတော်ကောင်းလှပါသည်။

"ဟယ် ... အဲဒါ တစ်ကောင်ကို တစ်သိန်းနီးပါးဈေးရှိ
တယ်။ (....) Mall မှာ ရောင်းနေတာ တွေ့တယ်"

"လှလိုက်တာဟယ်၊ ချစ်စရာကြီး"

"ဖက်ပြီး အိပ်လိုက်ရရင် အရမ်းကောင်းမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



လင်းထင်းကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ထောင့်ခုံတစ်ခုံကို ဝင်ထိုင်လိုက်သည်။ ဝက်ဝံရုပ်ကြီးကိုလည်း ခုံတစ်ခုံမှာ နေရာချထားလိုက်ပါသည်။

"လူကသာ တိုက်ပုံပုဆိုးနဲ့၊ အရုပ်ပေးတဲ့ အိုင်ဒီယာက တော့ မိုက်တယ်နော်။ romantic တွေ လုပ်တတ်သားပဲ"

ကောင်မလေးတစ်ယောက်က ဝေဖန်ရင်း လင်းထင်း ကို သိသိသာသာပင် အကဲခတ်လေသည်။

"ဟဲ့ ... ဟဲ့ ... ငါ သူ့ကို မြင်ဖူးသလိုပဲ"

"လုပ်ပြန်ပြီ ... နင်က"

"သေချာတယ်ဟဲ့၊ အနုနာမည်ကြီးနေတာ နင်မကြားဘူး လား။ DJ ခင်လိပ်ပြာက သူနဲ့အရမ်းဆန့်ကျင်ဖက်ဖြစ်နေတဲ့ ပုံစံနဲ့ လူတစ်ယောက်ကို တွဲနေတယ်လေ။ အဲဒါ သူပဲဟ၊ ခင်လိပ်ပြာ DJ တီးတဲ့ပွဲတိုင်း သူလာတယ်"

ကောင်မလေးအုပ်စုက လင်းထင်းကို စိတ်ဝင်စား နေပေမယ့် လင်းထင်းကတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်ပါ။ ဒီဆိုင်လာထိုင်ရင် တစ်ခါတလေ ခင်လိပ်ပြာ အရင်ရောက်တဲ့ အခါရောက်၊ တစ်ခါတလေလည်း သူက အရင်ရောက်တဲ့အခါ ရောက်ဖြစ်ရင် ဘာမှမမှာသေးဘဲ ထိုင်စောင့်နေကျမို့ waiter လေးကတော့ ဝတ္တရားအရ လာမေးပါသည်။

"အစ်ကို စောင့်ဦးမှာလား"





"အေး ... စောင့်လိုက်ဦးမယ်ကွာ၊ သူ, သိပ်မကြာခင် လာတော့မှာပါ"

တကယ်လည်း လင်းထင်း ရောက်ပြီး ဆယ်မိနစ် လောက်အကြာမှာ ခင်လိပ်ပြာ ရောက်လာပါသည်။ ဒီနေ့မှဆိုင် ကလည်း လူစည်ကားလေရာ ခင်လိပ်ပြာ ဝင်လာတော့ အားလုံး ရဲ့အာရုံစိုက်ခြင်းကို ခံရတော့သည်။

"ဟယ် ... အရုပ်က ကြီးလိုက်တာ"

ခင်လိပ်ပြာက လင်းထင်းနား ရောက်ရောက်ချင်း မှာပင် အရုပ်ကြီးကို တအံ့တသြ ကြည့်ကာပြောသည်။

"မွေးနေ့လက်ဆောင်လေ"

"ဒီလောက်ကြီးတဲ့ အရုပ်ကြီး လက်ဆောင်ရမယ်လို့ ထင် တောင်မထင်ဘူး"

"ဘာလက်ဆောင်ပေးရမှန်း မသိဘူး ဖြစ်နေတာ။ ရှော့ပင်း မောလ်ထဲ လျှောက်ကြည့်ရင်း ကြည့်ရင်း တစ်နေရာရောက် တော့ ဒီလိုအရုပ်အကြီးကြီးတွေ တင်ထားတာတွေ့တာနဲ့ ရွေးလိုက်မိတယ်၊ လိပ်ပြာ ကြိုက်ရဲ့လား"

"ကြိုက်တာပေါ့၊ မကြိုက်ဘဲ နေပါ့မလား။ လိပ်ပြာအခန်း ထဲမှာဆို အရုပ်တွေ အများကြီးပဲ။ ဒါပေမဲ့ ဒီလောက်ကြီး တာတော့ မရှိသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဝက်ဝံရုပ်မှာ တီရှပ်အင်္ကျီတိုလေး ဝတ်ထားပြီး အင်္ကျီလေးမှာတော့ "Forever and ever" ဟူသော အင်္ဂလိပ်စာသား ကို ထွင်းထားပါသည်။ ခင်လိပ်ပြာက ထိုစာသားကို ဖတ်ကြည့် ရင်း ရင်ထဲမှာ သူ ငါ့ကို ထာဝစဉ်ထာဝရလို့များ သတ်မှတ်ပြီး ရည်ရွယ်လေသလားတွေးကာ စိတ်မကောင်း ဖြစ်ရပြန်ပါသည်။

"latte (လာတေး)နဲ့ Espresso (အက်(စ)ပရက်ဆိုး)ကော်ဖီ ပဲလား အစ်ကိုတို့"

"ဟုတ်တယ်"

"မဟုတ်ဘူး"

ခင်လိပ်ပြာရဲ့ဖြေသံနဲ့ လင်းထင်းရဲ့ဖြေသံ တစ်ပြိုင် တည်း ထွက်သွားသောကြောင့် နှစ်ယောက်သား အံ့သြပြီး တစ် ယောက်နဲ့တစ်ယောက် အပြန်အလှန် ကြည့်မိကြလေသည်။

"လင်းထင်း ဘာသောက်မလို့လဲ"

"ကျွန်တော်လည်း လိပ်ပြာနဲ့အတူတူ latte ပြောင်းသောက် ကြည့်ချင်လို့ပါ"

waiter လေးက ပြုံးစိစိတော့ ဖြစ်သွားသည်။ ခင် လိပ်ပြာအတွက်တော့ ဒီစကားဟာ ရင်ခုန်သံတွေကို အဆပေါင်း များစွာ တိုးသွားစေပါသည်။

"အခါးကြိုက်တာဆို"

"အခုတော့ အချိုပါ ကြိုက်ချင်လာပြီ"





"ဒါဖြင့် Latte နှစ်ခွက်နော်၊ အစ်ကိုတို့ မုန့်ရော လိုသေးလား"

မုန့်ကတော့ ဒီဆိုင်ရောက်ရင် နှစ်ယောက်အကြိုက် ဘူစွာ စားတတ်တာက Sausage roll (ဆော်ဆေ့ချ်ရိုးလ်)ဟုခေါ် သော ကြက်အူချောင်းလေးတွေကို အပေါ်က pastry (ပေစတရီ) ဖြင့်အုပ်ကာ မီးဖိုထဲမှာ ထည့်ဖုတ်ထားသော မုန့်လေးတွေဖြစ် သည်။ ထိုမုန့်ကိုပင် ပြိုင်တူမှာမိကြသည်။

"လိပ်ပြာ တရားစခန်း ဝင်ရမယ်ဆိုတော့ အလုပ်တွေ အကုန်ဖြတ်ထားခဲ့ပြီးပြီပေါ့"

"လိပ်ပြာက ရုပ်ရှင်သရုပ်ဆောင်မင်းသမီးတွေလို၊ နာမည် ကြီး အဆိုတော်တွေလို သိပ်ပြီးအလုပ်တွေပြည့်ကျပ်နေတဲ့ သူ မဟုတ်ပါဘူး။ ဒီတော့ ကိုးရက်ဆယ်ရက် တရားစခန်း ဝင်ဖို့ကို အလုပ်တွေ လက်စသတ်တာတွေ၊ ဖြတ်ထားရ တာတွေ အရေးတကြီးလည်း လုပ်စရာမလိုပါဘူး"

"လိပ်ပြာ အဲဒီလို မွေးနေ့မှာ ကုသိုလ်ယူတတ်တာလေး သိရတော့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်တောင် ရှက်ာွားတယ်"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် တစ်ခါမှ တရားစခန်း မဝင်ဖူးဘူး၊ မွေးနေ့ မှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာကို ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မေမေကတော့ ကိုးကွယ်နေကျ ဘုန်းကြီးကျောင်းကို ဆွမ်းချိုင့်ပို့ပေးတယ်။ ဒီလောက်ပဲ လုပ်ထားတာ"

"ဒါလည်း ကောင်းတာပဲပေါ့၊ လိပ်ပြာက ငယ်ငယ်တည်းက အဒေါ်တွေနောက်လိုက်ရင်း တရားစခန်း ဝင်နေကျဖြစ်သွားတာ။ လိပ်ပြာ(၇)တန်းလောက်တည်းက တရားစခန်းဝင်လာတာဆိုတော့ ကျင့်သားရနေပြီ။ တစ်နှစ်တစ်ခါတော့ ပုံမှန်ဝင်ဖြစ်တယ်။ ဒါတောင် အခု အသက်ကြီးမှ ကြီးမိုက်ဖြစ်သွားတာ။ ငယ်ငယ်ကဆို သီတင်းကျွတ်ကျောင်းပိတ်ရက်၊ ဒီဇင်ဘာကျောင်းပိတ်ရက်၊ နွေကျောင်းပိတ်ရက်ဆို တရားစခန်း ရောက်နေပြီ"

လင်းထင်းသည် ပြင်ပသွင်ပြင်ပုံစံနဲ့ လုံးဝခြားနားသော ခင်လိပ်ပြာ၏ အမူအကျင့်ကြောင့် ဒီထက်ပိုပြီး အံ့သြစရာ မရှိတော့သလိုပင် ဖြစ်နေသည်။ ဒီတော့ သူ့ရဲ့ဆုံးဖြတ်ချက်ဟာလည်း ဘယ်လိုမှ မမှားနိုင်သော ဆုံးဖြတ်ချက် ဖြစ်ကိုဖြစ်ရမည်ဟု တစ်ထစ်ချ ယုံကြည်စွာပင် စိတ်ထဲမှာ ကျေနပ်နေသည်။

"လိပ်ပြာ"

လင်းထင်း စိတ်ဆုံးဖြတ်ထားသော အသံဖြင့်ခေါ်လိုက်သည်။ ခင်လိပ်ပြာကလည်း ယောကျ်ားလေးပေါင်းများစွာထံမှ ရည်းစားစကားကို ကြားဖူးခဲ့သူပီပီ ဒီအသံဟာ တစ်စုံတစ်ရာကို ပြောလိုက်ဖို့ အားယူသောအသံဟု အလိုလို သိနားလည်ပါသည်။

ရင်ထဲမှာ ဒါကို လိုလည်းလိုချင်။ မလိုလည်း မလိုချင်ဖြစ်လျက် ဝေခွဲမရတွေလည်း ဖြစ်နေခဲ့သည်။

"ကျွန်တော် လိပ်ပြာကို ချစ်သွားပြီထင်တယ်"

"ချစ်နေပြီ"တို့၊ "ချစ်ပါတယ်"တို့၊ "ချစ်မိပြီ"တို့ မပြောဘဲ "ချစ်သွားပြီထင်တယ်"ဆိုသော သူ့စကားဟာ လိပ်ပြာကြိုးစားခဲ့ရသမျှတွေရဲ့ ရလဒ်တစ်ခု၊ အတောင့်တရဆုံးသော အနိုင်တစ်ခု ဖြစ်ပေမယ့် လိပ်ပြာမှာ ပျော်သင့်သလောက် မပျော်နိုင်သလို ဖြစ်သွားသည်။ ဝင့်ဝင့်နဲ့ လောင်းကြေးပြောကြတဲ့အထဲမှာ သုံးလအတွင်း သူ့ဆီက "ချစ်တယ်"ပြောခြင်းကို လက်ခံရရင် ခင်လိပ်ပြာ အနိုင်ဟု လက်ခံထားကြပေမယ့် ခင်လိပ်ပြာ ပြန်ချစ်ဖို့ လို့မလိုကို ထည့်ပြီးမပြောထားမိကြပါ။ ဒီတော့ လိပ်ပြာ သူ့ကိုပြန်ချစ်တယ်ဆိုသောစကား (ဒါမှမဟုတ်) ပြန်မချစ်ပါဘူးဆိုသောစကားဟာ ဒီပွဲနဲ့တော့ ဘာမှမဆိုင်ပါ။ ဒါပေမဲ့ လိပ်ပြာ ဒါကို ဝန်ခံလိုက်ရမှာ မကျေမနပ် ဖြစ်နေသည်။ ပြီးတော့ သူမကိုယ်သူမလည်း မသေချာ။ အနေနီးစပ်ပြီး ပုံစံက တခြားယောကျ်ားလေးတွေနဲ့မတူလို့ စိတ်အပြောင်းအလဲအနေနဲ့များ လင်းထင်းကို ပြန်စိတ်ဝင်စားမိသလားဟု ခုထိ မဆောဝါရှိခဲ့။







www.burmeseclassic.com

www.burmeseclassic.com

"လိပ်ပြာ ကျွန်တော့်ဆီက တစ်စုံတစ်ခုကို လိုချင်ခဲ့မယ်လို့ ကျွန်တော် သိလိုက်တဲ့အချိန်မှာ ကျွန်တော့်ရင်ထဲမှာလည်း လိပ်ပြာကို နေရာပေးပြီးသလို ဖြစ်နေခဲ့တယ်။ ဒါပေမဲ့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သေချာချင်လို့ လိပ်ပြာနားမှာ ခဏခဏ လာနေကြည့်ပြီး အဖြေထုတ်ကြည့်မိပါတယ်။ အဲဒီအခါကျမှ ပိုပိုပြီး သေချာသွားခဲ့တာမို့ ကျွန်တော် မညာချင်တော့ပါဘူး၊ လိပ်ပြာကို ချစ်မိသွားပြီထင်တယ်လို့ ဝန်ခံလိုက်တာပါ။ လိပ်ပြာလိုချင်တာလည်း အဲဒါပဲ မဟုတ်လားဟင်"

waiter က ကော်ဖီခွက်နဲ့ စားစရာများ လာချသဖြင့် ခဏစကားပြတ်သွားပါသည်။

သူ ထွက်သွားမှ ...

"အရုပ်လက်ဆောင်ပေးပြီး ရည်းစားစကား ပြောတာပေါ့လေ"

"အရုပ်ကလည်း ထာဝစဉ်ထာဝရလို့ အဓိပ္ပာယ်ပါတဲ့အင်္ကျီလေး ဝတ်ထားတဲ့ အရုပ်ဖြစ်နေလို့ အတော်ပဲဆိုပြီး ဝယ်ချလာတာပါ။ လိပ်ပြာကတော့ ကျွန်တော့်အတွက် ထာဝစဉ်ထာဝရ ချစ်ရမယ့်သူပါ"

"ဒါဖြင့် ပြည့်ပြည့်စုံစုံကရော ..."





ခင်လိပ်ပြာ မမေ့မလျော့ မေးလာသဖြင့် လင်းထင်း ခပ်သဲ့သဲ့ရယ်သည်။ သူ့မျက်လုံးတွေကတော့ သဝန်တိုသော ချစ်သူကို ချစ်စနိုးကြည့်သော မျက်လုံးတွေပဲ ဖြစ်နေပါသည်။

"အမှန်အတိုင်းပြောရင် စိတ်မဆိုးရဘူးနော်"

"အံမာ ... စရန်ကြိုယူထားရသေးတယ်"

"လိပ်ပြာက သဝန်တိုလွန်းတာကိုး"

"သဝန်မတိုပါဘူးနော်၊ ရှင်ကြီးက အစကတော့ အဲဒီတစ်ယောက်ကို တတွဲတွဲလုပ်နေခဲ့တာကိုး"

"တတွဲတွဲ မဟုတ်ပါဘူးဗျာ၊ နှစ်ခါတည်း တွဲဖူးတာပါ။ တွဲလိုက်တိုင်း ခင်ဗျားလေးက ဝင်ဝင်နှောင့်လို့ အကြာကြီး တွဲသွားရတယ်လို့ကို မရှိခဲ့ပါဘူး"

"အဲဒါကို သိပ်နှမြောနေရင်လည်း အစားပြန်လျော်ပေးပါ့မယ်ရှင်"

"လျော်ပေးတဲ့အနေနဲ့ ကျွန်တော့်ကို တတွဲတွဲ ပြန်နေပေးမယ့် သဘောလား"

"ဟမ်း ... ရှင်ဟာလေ လူပုံကြည့်တော့ ရိုးမုံရိုးလက်နဲ့ တော်တော်လည်တဲ့လူပါလားနော်၊ ထင်တောင်မထင်ရဘူး။ ဒီလောက် စကားတွေတတ်ပြီး ဒီလောက် ကိုယ့်ဘက်ကိုယ် ယက်တတ်မယ်ဆိုတာ"


www.burmeseclassic.com

www.burmeseclassic.com

"အချစ်စိတ်ကပဲ သင်ပေးသွားတာလေ"

"ကဲ ... ကဲ ... စကားတွေ ဝေ့လည်လည် လုပ်မနေနဲ့ ခုန လိပ်ပြာမေးထားတာ ဖြေဦး။ အဲဒီ ပြည့်ပြည့်စုံစုံတစ်ယောက်နဲ့က ဘယ်လိုတွေလဲ"

လင်းထင်း အမှန်အတိုင်းပဲ ပြောပြလိုက်ပါသည်။ ဒီတော့ ခင်လိပ်ပြာ တော်တော်လေးတော့ မခံချင်စိတ် ဖြစ်မိ၏။ အမေကိုယ်တိုင်က သဘောကျလွန်း၍ ရွေးပေးထားသောသူ၊ လင်းထင်းကလည်း ကျေကျေနပ်နပ်နဲ့ကို လက်ခံဖူးသူ ... ဆိုသော အကြောင်းအရာတွေဟာ ခင်လိပ်ပြာကို မနာလိုဝန်တိုခြင်းများစွာ ခံစားရစေလေသည်။

"အခုတော့ လိပ်ပြာယုံပါ။ ကျွန်တော် သူ့ကိုပဲယူမယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုး လုံးဝမရှိတော့တာ သေချာပါတယ်။ အရင်ကတော့ ..."

"အင်းပေါ့လေ၊ အရင်ကတော့ ခင်လိပ်ပြာဆိုတာ ရှင့်အတွက် အနှောင့်အယှက်တစ်ခုပဲ မဟုတ်လား၊ ဒီတော့ ချစ်ရကောင်းမှန်း မသိဘူးပေါ့"

"အဲဒီလိုလည်း မဟုတ်ပါဘူး လိပ်ပြာရယ်။ အမှန်တော့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် လိမ်ခဲ့တာပါ။ လိပ်ပြာ ကျွန်တော့်နားကို ဘွားခနဲ ရောက်လာတဲ့နေ့တည်းက





လိပ်ပြာဟာ ပြိုင်ဘက်မရှိ နေရာယူသွားနိုင်တာပါ။ ကိုယ့်ဘာသာ ဒါကိုလက်မခံချင်ခဲ့လို့ မေမေ့ကို ကတိတွေ စွတ်ပေးပြီး ပြည့်ပြည့်နဲ့ စိစဉ်တာကို လက်ခံဖို့အထိ ခရီးရောက်သွားစေတာပါ"

"အခုကျတော့ရော"

လင်းထင်း အဖြေရကျပ်သလိုတော့ ဖြစ်သွားသည်။ အခုတော့ အိမ်မှာ ဖေဖေ၊ မေမေတို့နဲ့ နေ့တိုင်းရှင်းရလင်းရလွန်းနေတာပြောမပြချင်တော့။ ပြည့်ပြည့်ကတစ်ဆင့် ပြန်ကြား၊ ပြန်သိနဲ့မို့ လင်းထင်းမှာ ငြင်းလို့ရစရာအကွက်ပင် ရှာမတွေ့တော့ပြီတည်း။

"မေမေတို့ကတော့ သားသမီးရဲ့အိမ်ထောင်ရေးကို အတင်းအကျပ် စီစဉ်တဲ့မိဘမျိုး မဟုတ်ပါဘူး။ ကျွန်တော် သူ့ကိုပဲချစ်တယ်၊ သူ့ကိုပဲယူမယ် ဆိုလည်း ..."

"အံမယ်လေး ... အံမယ်လေး အဆင့်တွေ ကျော်ကုန်ပါပြီ"

"အဆင့်ကျော်တယ်ရယ်တော့ ဘယ်ဟုတ်ပါ့မလဲ လိပ်ပြာရယ်။ တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်ကြပြီဆိုရင် ဘာကြောင့် တစ်နေ့ကျ မယူစရာရှိလဲ၊ ဘယ်သူကမှလဲ တားမှာမဟုတ်ဘူး၊ ကန့်ကွက်မှာ မဟုတ်ဘူးလေ၊ ဘာလဲဟင် ... လိပ်ပြာမိဘတွေက စီစဉ်ပေးဖို့ ရည်ရွယ်ပြီးသား ဖြစ်နေလို့လား"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မဟုတ်ပါဘူး။ အဆင့်တွေကျော်နေလို့ warning (ဝမ်နင်း)ပေးတာ"

"လိပ်ပြာကို ယုံကြည်စိတ်ချစေချင်လို့ ကျွန်တော့်ဘက်က ကတိတွေပေးထားတာပါ။ မယုံရင် ဒီနေ့ပဲ အိမ်လိုက်လာခဲ့လို့ရတယ်။ မေမေတို့နဲ့ တွေ့ပေးလို့ရတယ်။ ကျွန်တော့် ဝတ်ပုံစားပုံကြောင့် ဖေဖေမေမေတို့က လိပ်ပြာနဲ့တခြားစီဆိုပြီး လက်မခံမှာကို မစိုးရိမ်ပါနဲ့။ ဖေဖေတို့က ခေတ်မီပါတယ်။ ကျွန်တော်ကသာ တစ်ယူသန်နည်းနည်းဖြစ်ပြီး ဒီပုံပဲ အမြဲဝတ်နေမိတဲ့ သဘောပါ။ လိပ်ပြာ လိုက်ခဲ့မလား"

ခင်လိပ်ပြာ ရင်ထဲတွင် ကြည်နူးရင်းကပဲ မှုန်နှဲ့နှဲ့လေး မျက်စောင်းထိုး ပြုံးစုပြလျက် ...

"ရှင်ဟာလေ တော်တော့်ကို အဆင့်တွေကျော်လွန်းမက ကျော်လွန်းတဲ့သူပဲ"

ဟုသာ ပြန်ရေရွတ်မိသည်။

ထိုနေ့က လင်းထင်းဟာ သူ ခင်လိပ်ပြာကို ချစ်မိပြီထင်တယ်ဟူသောစကားကိုသာ ဖွင့်ဟခဲ့တာဖြစ်သည်။ ခင်လိပ်ပြာရဲ့သဘောထားကို သူ လုံးဝပြန်မမေးပါ။ ခင်လိပ်ပြာကလည်း မဖြေပါ။ လင်းထင်း အမှုအရာက ခင်လိပ်ပြာဟာ ဒါကိုလိုချင်လို့ သူ့ဆီရောက်လာခဲ့တယ်။ သူကလည်း ပေးလိုက်နိုင်တယ်။ သူတို့ကြားမှာ ဘာမှမလိုဟု သဘောထားလိုက်ပုံပင်။





ဆိုင်ထဲက အတူတွဲထွက်တော့ ခင်လိပ်ပြာက ခါးလောက်ထိကြီးတဲ့ မွေးပွဝက်ဝံရုပ်ကြီးကို ခါးထစ်ခွင်ချီပိုက်ပြီး လင်းထင်း၏ လက်မောင်းအားခိုကာ ကမ္ဘာလောကကြီးကို ကျေနပ်နေသော ခြေလှမ်းတွေနဲ့ ထွက်လာခဲ့တော့တာပင်။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

ဒေါ်မေဦးမှာ လင်းထင်းဆီက ဝန်ခံစကားကို ကြားလိုက်ရတော့ ဒီတစ်ခါမှာ မအံ့သြတော့ပဲ ခေါင်းသာညိတ်လေသည်။

"မေမေ ဘာမှ မအံ့သြဘူးလား"

လင်းထင်းကပင် ပြန်မေးယူရသည်။ မေမေ့ပုံစံက တည်ငြိမ်လွန်းလှ၍ပင်။

"တစ်နေ့ကျ ဒါပဲကြားရမယ်လို့ မေမေ ကြိုသိထားတာပဲ"

"အရင်ကတော့ မေမေမေးတိုင်း သား ငြင်းခဲ့မိပါတယ်။ ကိုယ့်ကိုယ်ကိုယ် မသေချာခဲ့လို့ပါ၊ ခုတော့ သေချာသွားလို့ ဝန်ခံတာပါ"





"အေးပါလေ၊ မင်း စိတ်ချမ်းသာတာပဲလုပ်ပါ၊ မေမေ ဘာမှ အထူးမပြောလိုပါဘူး။ ဒါပေမဲ့ ပြည့်ပြည့်တို့ဘက်ကိုတော့ အပြီးအပြတ် မငြင်းဘဲ မယုတ်မလွန် ဆက်ပြောထားရပါဦးမယ်လေ"

လင်းထင်း စိတ်ရှုပ်ပြီး နားမလည်သလို ဖြစ်သွားသောကြောင့် ...

"ခင်ဗျာ ... ဘာကြောင့်လဲ မေမေ"

"မင်းဆီက နောက်ထပ် မေမေ မအံ့သြရမယ့်စကားမျိုး တစ်ရက်ရက်မှာ ကြားရဦးမယ်လို့ မျှော်လင့်ထားလို့ပါ"

"သား ... ဘာမှ နားမရှင်းတော့ဘူး"

"ရှင်းအောင်ပြောမယ်၊ အဲဒီကောင်မလေးမျိုးနဲ့ မင်း ရည်းစားဖြစ်ကြရင်သာဖြစ်မယ်။ ဘယ်တော့မှ လက်ထပ်ဖို့ ယူဖြစ်ဖို့ထိ ဆိုတာမျိုး ရှိလာမှာ မဟုတ်ဘူး"

လင်းထင်း ရင်ထဲမှာ မကောင်းပါ။ လိပ်ပြာရဲ့ပုံစံကြောင့် ထင်ပေါ်မှုကြောင့် မေမေ မယုံတာလို့ ထင်သည်။

"သူ့ သားကို တကယ်ရည်ရွယ်တာပါ"

မေမေ့ရှေ့မှာ ချစ်တာပါ၊ ကြိုက်တာပါတွေ ထုတ်မပြောရဲသဖြင့် တကယ်ရည်ရွယ်တာပါဆိုသော ယဉ်ကျေးသည့် အသုံးအနှုန်းကိုသာ သုံးလိုက်သည်။ လင်းထင်းရဲ့နှလုံးသားထဲမှာတော့ လိပ်ပြာ သူ့ကို မော့ကြည့်တတ်တဲ့ မျက်လုံးလေးတွေ၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာသွားသွား သူ့လက်မောင်းကို ချိတ်ထားရမှ ကျေနပ်တာတွေ၊ ရူးသလို မူးသလို နွဲ့သလိုလေးနဲ့ မျက်စောင်းလေးမကြာခဏထိုးကာ စကားပြောတတ်တာတွေ၊ အင်မတန် စန်းပွင့်သောလိပ်ပြာကို လင်းထင်းက သဝန်မတိုရဘဲ လင်းထင်းလို ပုံတုံးတုံးကိုပဲ ကြိဖန်သဝန်တိုတတ်တာတွေဟာ ဘယ်လိုမှ ဟန်ဆောင်ထားတာ တစ်ကွက်မှ မရှိဟု ထင်ပါသည်။

ရင်ထဲမှာလည်း တကယ်ခံစားလို့ ရပါသည်။ လိပ်ပြာဟာ သူ့ကို မယုံနိုင်စရာကောင်းလောက်အောင်ပင် ချစ်နေခဲ့ကြောင်း တအံ့တဩ ခံစားသိရှိနေလေသည်။ လိပ်ပြာ သူ့ကို ဘယ်တော့မှ ဘာအကြောင်းကြောင့်မှ ခွဲမသွားနိုင်ဟုလည်း ယုံကြည်မိသည်။

“စောင့်ကြည့်ပါဦးမယ်လေ”

“မေမေ သူ့ကို လက်ခံတွေ့ပေးနိုင်မလား”

“အိမ်ခေါ်လာမယ့် သဘောပေါ့”

“ဟုတ်တယ် မေမေ၊ သူ့ကို ခေါ်လာခဲ့ချင်တယ်”

“ခေါ်လာလေ... ခေါ်လာပေါ့၊ ဘာမှမငြင်းပါဘူး၊ စကားလေး ဘာလေး ပြောကြည့်ပြီး လေ့လာရတာပေါ့”

မေမေက စိန်ခေါ်သလိုလေသံနဲ့ ချက်ချင်းလက်ခံလိုက်တာကြောင့် လင်းထင်း ရင်ထဲမှာ ထင့်ခနဲ ဖြစ်တော့သွားသည်။ မေမေ့သဘောက မင်း ရအောင်ပဲ ခေါ်လာခဲ့ပါဦးလို့ စိန်ခေါ်တဲ့သဘောပင်။





လင်းထင်းလည်း မေမေ့စိန်ခေါ်မှုကို စိတ်ထင့်လျက် လိပ်ပြာကို ဆက်သွယ်လိုက်သည်။ ခုတော့ လင်းထင်းထံမှာ ဟန်းဖုန်းတစ်လုံး ဆောင်ထားလိုက်ပြီဖြစ်သည်။

“အခုခေတ်ကြီးမှာကွာ လိုလို၊ မလိုလို ဟန်းဖုန်းလေးတစ်လုံးတော့ ဆောင်ထားပါ၊ အလကားနေရင်း အိမ်ဖုန်းပဲပြောနေရတာ မမိုက်ပါဘူး။ ဟန်းဖုန်းရှိရင် လင်းထင်းနဲ့ လိပ်ပြာ တစ်ခါတလေ ညဘက်ဖုန်းပြောရတာ ပျင်းလာရင် message (မက်ဆေ့ချ်)တွေ အပြန်အလှန်ပို့ပြီး စကားပြောလို့ရတာပေါ့”

ဒီတော့လည်း လိပ်ပြာ နှစ်ခါပင် မတိုက်တွန်းလိုက်ရ။ လင်းထင်း လက်ထဲ ဖုန်းတစ်လုံး ဝယ်ကိုင်ပြီးသား ဖြစ်နေပါသည်။ လိပ်ပြာ မှာထားတဲ့အတိုင်း ညညဆို ဖုန်းပြောတဲ့အခါပြော၊ မပြောရင်လည်း တစ်ယောက်နဲ့တစ်ယောက် မက်ဆေ့ချ်တွေ အပြန်အလှန်ပို့ပြီး ဆက်သွယ်ကြစမြဲ။ တစ်ခါတလေကျနှစ်ယောက်သား စိတ်တူစွာပင် ဖုန်းထဲမှာ စကားပြောရတာထက်မက်ဆေ့ချ်ပို့ကြရတာကိုပင် ပိုပြီးစွဲလျက် မပြီးနိုင်၊ မစီးနိုင် မက်ဆေ့(ချ်)ပို့၍ မဆုံးတော့တာမျိုးပင် ဖြစ်နေတတ်သည်။

အခုတော့ လင်းထင်း ဖုန်းခေါ်ကြည့်သည်။ စက်ပိတ်ထားတာနဲ့ကြုံသဖြင့် မက်ဆေ့ချ်သာ ရိုက်ပို့လိုက်၏။

“Where r u ?... Give me a call ... I'll Be waiting”



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲမှာ မက်ဆေ့ချ်ရိုက်ထားလိုက်ပြီး ပို့ပြီးလျှင် ဘယ်အချိန် မက်ဆေ့ချ်ပြန်ဝင်လာမလဲ။ ပြန်ခေါ်မလဲ ဆိုတာကို တစ်နေကုန် စောင့်နေမိသည်။ ဂိုက်(ဒ်)သွားသင်ရတာကိုပင် စိတ်သိပ်မပါသလိုဖြစ်လျက် တစ်ချိန်လုံး အနားမှာချထားသော ဖုန်းကိုသာ တကြည့်ကြည့် လုပ်နေမိသည်။

ထိုနေ့တစ်နေ့လုံး ဖုန်းပြန်လည်းမခေါ်ပါ။ မက်ဆေ့(ချ်)လည်း ပြန်မပို့ပါ။ ညရောက်တော့ လင်းထင်း အိပ်လို့တောင် မပျော်သဖြင့် ဖုန်းထပ်ခေါ်မိပြန်သည်။ သို့သော် လူကြီးမင်းနဲ့သာ တိုးပြန်သည်။ ဒါနဲ့ မက်ဆေ့(ချ်)ထပ်ပို့မိပြန်သည်။

"I need to talk u ... Call me back ASAP"

ဖြစ်နိုင်ရင် မြန်နိုင်သမျှမြန်မြန်အချိန်အတွင်း ပြန်ခေါ်ပါဟုပင် မက်ဆေ့(ချ်)ပို့ထားမိသည်။

သို့သော် ဘာဖုန်းအဆက်အသွယ်မှ မရနိုင်ဘဲ တစ်ပတ်နီးပါးလောက် ပျောက်နေသောအခါ လင်းထင်း ရင်ထဲ နေမထိ ထိုင်မထိ ဖြစ်လာသည်။ ဘာဖြစ်တာလဲ။ ဘယ်သွားနေတာလဲ။ ဘာကြောင့် ငါ့ကိုအသိမပေးခဲ့သလဲ ဆိုသော မေးခွန်းတွေ စီတန်းနေတော့သည်။ ဥပမာ ... နယ်ရှိုးပွဲရှိရင်လည်း အသိပေးခဲ့မှာပေမယ့် လိပ်ပြာ တစ်ခါကပြောဖူးတာကိုတော့ မှတ်မိနေသည်။

"လိပ်ပြာ နယ်ရှိုးတွေတော့ လိုက်လေ့မရှိဘူး၊ နယ်တွေကလည်း DJ Player တွေကို သိပ်မခေါ်တော့ မလိုက်ဖြစ်တာများတယ်။ ရန်ကုန်မှာပဲ ကလပ်မှာတီးလိုက်။ စတူဒီယိုခန်း ဝင်လိုက်ပေါ့။ ရှိုးပွဲရာသီရောက်ရင်သာ သိပ်မအားတာ"

ထိုသို့ ပြောထားဖူးတာကြောင့် လိပ်ပြာ နယ်ရှိုးပါသွားတာတော့ လုံးဝမဖြစ်နိုင်။ ဖုန်းပိတ်ထားတာနဲ့သာ တစ်ပတ်လုံး ကြိုနေရလေရာ လူက ဘာပဲလုပ်လုပ် စိတ်အာရုံစူးစိုက်လို့မရတော့သလို ဖြစ်နေတော့သည်။ စားလည်းဒီစိတ်၊ သွားလည်း ဒီစိတ် ဆိုသော စကားမှာ အခုကျမှ မှန်သလိုတောင် ဖြစ်နေသည်။ အချိန်တိုင်း သတိရကာ ဖုန်းခေါ်လိုက် မရလိုက်၊ မက်ဆေ့(ချ်)တွေရိုက်ပို့လိုက် ဖြစ်နေတော့လေသည်။

တစ်ပတ်လုံးလုံး စိတ်ထဲမှာ မတင်မကျဖြင့် ဖြတ်သန်းလာရပြီးမှ တစ်ရက်မှာ ဖုန်းခေါ်ကြည့်သောအခါမှာတော့...

"ဟဲလို"

ဟူသည့် ပြန်ထူးသံကို ကြားခွင့်ရပါသည်။

သူ့ အင်မတန်မှ တောင့်တနေသော လိပ်ပြာရဲ့အသံကို ကြားလိုက်ရချိန်မှာ သူ့တစ်သက်တာတွင် တစ်ခါမှ မရရှိခဲ့ဖူးတဲ့ စိတ်ချမ်းမြေ့မှုကိုလည်း တစ်ပြိုင်တည်း ရလိုက်ပါသည်။

"လိပ်ပြာ"

"အင်း ... ပြော"







www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် တစ်ပတ်လုံး ဖုန်းခေါ်နေတာ"

"မက်ဆေ့(ချ်)တွေ တစ်ပုံကြီးမို့ ပြီးအောင်တောင်မဖတ်ရသေးဘူး။ ဘာလို့ ဒီလောက်ခေါ်နေတာလဲ"

"တစ်ခါမှ တစ်ပတ်လုံး အဆက်အသွယ် မပြတ်ဖူးဘူးလေ"

"ကဲ ... ပြောပါဦး၊ ဘာကြောင့် ဒီလောက်ခေါ်ထားရတာလဲ"

"လိပ်ပြာ့ကရော ဘယ်ရောက်နေတာလဲ"

ခင်လိပ်ပြာသည် လင်းထင်း ပို့ထားသော မက်ဆေ့(ချ်)တွေထဲမှာ ...

"I miss you ..."

ဆိုတဲ့ စာကြောင်းလေး မကြာခဏ တွေ့ရသလို ...

"I feel lonely without you"

ဟူသည့် စာကြောင်းလေးတွေကိုလည်း အကုန်လုံးနီးပါး ဖတ်ပြီးနေပြီဖြစ်သည်။ သို့သော် မိန်းကလေးပီပီ တမင်သက်သက် မဖတ်ရသေးပါဘူးလို့ ငြင်းကာ ဟန်ဆောင်မိတာပင်။

အဆက်အသွယ်ပြတ်နေတဲ့ တစ်ပတ်နီးပါးလုံးလုံး ဝင်ထားတဲ့ မက်ဆေ့(ချ်)က ငါးဆယ်နီးပါးရှိကာ missed call (မစ်(စ)ကောလ်)ပေါင်းကလည်း မနည်းလှ။ သူ ဒီလောက်တောင် ငါ့အပေါ် စွဲလမ်းနေတာပါလားလို့ သိလိုက်ရချိန်တွင် လိပ်ပြာသည် ကိုယ့်ကိုယ်ကိုယ် guilty (ဂေးလ်တီး)ဖြစ်သလို ခံစားနေရတော့လေသည်။

"လိပ်ပြာ သူငယ်ချင်းနဲ့ စင်ကာပူသွားလည်နေတာ"

အမှန်တော့ သုံးလအတွင်း လင်းထင်းဆီက အချစ်ကို ရလိုက်တဲ့အတွက် လိပ်ပြာ အနိုင်ရကာ ဝင့်ဝင့် အကုန်ခံလိုက်ပြီသော စင်ကာပူခရီးနှင့် နာမည်ကြီး DJ တစ်ဦးဖြစ်သော David Guetta ၏ပွဲကို သွားကြည့်ခြင်းပင်ဖြစ်သည်။ အဲဒီလိုထွက်သွားပြီး ပွဲသွားကြည့်မယ်ဆိုတာ လင်းထင်းကို အသိပေးရင်ရပေမယ့် စိတ်ထဲမှာ ဘာကြောင့်မှန်းမသိ အသိမပေးချင်သလို ခံစားရသည်။

ဒီခရီးကို ပျော်ပျော်ရွှင်ရွှင် သွားရလိမ့်မယ်လို့ ထင်ထားခဲ့ပေမယ့် တကယ်သွားရမည်ဆိုသောအခါ မပျော်တော့ပါ။ ငါ သူ့ကိုလိမ်ညာပြီး ရယူလိုက်တာကြောင့် ဒီလိုအနိုင်ရတယ်ဆိုသောအသိက သူ့ကို များစွာတုန်လှုပ်စေသည်။ အပြစ်ရှိသလိုလည်း ခံစားရသည်။ လင်းထင်းရှေ့မှာ မျက်နှာပြောင်ဖြင့် အသိမပေးရဲသလိုလည်း ဖြစ်နေသည်။

ပြီးတော့ သူနဲ့တစ်ပတ်ငေါက် အဆက်အသွယ်ပြတ်ကြည့်ချင်သည်။ ခွဲကြည့်ချင်သည်။ အဲဒီအခါကျ ကိုယ် ဘယ်လိုခံစားရမလဲဆိုတာ သိချင်၍ ဒီလိုလုပ်ကြည့်တာဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ဘာလို့မပြောခဲ့တာလဲ"

"မလိုအပ်ဘူး ထင်လို့ပါ"

"ဘာကြောင့် မလိုအပ်ဘူး ထင်ရတာလဲ"

"လိပ်ပြာတို့ကြားမှာ သိပ်ပြီးနှောင်တွယ်မနေသင့်ဘူး ထင်တာလေ"

"ဘယ်လို ... ဘယ်လို ပြောလိုက်တယ်"

ခင်လိပ်ပြာသည် လည်ချောင်းထဲမှာ နင်နေကာ ဘယ်လိုစကားမျိုးကို ရှာကြံပြောရမှန်း မသိသလို ဖြစ်နေသည်။ သူ့ဆီက အချစ်ကိုရအောင်ယူမည်။ အနိုင်ရရှိမှုကို ကျေကျေနပ်နပ် ခံစားမည်။ ပြီးရင်တော့ သူ့ကိုအပြတ်ဖြတ်ကာ ထားခဲ့မည် ဆိုသော ရည်ရွယ်ချက်ကို အစတည်းက ထားခဲ့တာဖြစ်သည်။ အဲဒီလို အခုလုပ်လည်း လုပ်သင့်နေပြီ။ သူနဲ့ ကိုယ့်ကြားမှာ ဘာမှ ဆက်ပြီးတွယ်ငြိစရာ မလိုတော့ဘူးလို့ ထင်သည်။

ပုံစံခြင်းက တခြားစီ။ ပြီးတော့ သူ့ကို ဘယ်တော့မှ ချစ်လာနိုင်မှာလည်းမဟုတ်။ သူနဲ့လည်း ရှေ့လျှောက်တွဲလိုစိတ် မရှိဟု ကိုယ့်ဘာသာပဲ ဆုံးဖြတ်မိကာ ဖြတ်တောက်လိုက်ဖို့ စိတ်ကူးတော့တာ ဖြစ်ပါသည်။

"လိပ်ပြာ"

"ပြောစရာရှိတာ မြန်မြန်ပြောပါ၊ လိပ်ပြာမှာ လုပ်စရာတွေ အများကြီးရှိတယ်"





"ဖုန်းထဲက ရှင်းနေလို့တော့ ဘယ်လိုမှ မဖြစ်ဘူးထင်တယ်။ ကိုယ်တို့ မျက်နှာချင်းဆိုင်ဆုံပြီး စကားပြောကြအောင်"

"လိပ်ပြာတို့ ထပ်တွေ့ဖို့ ကြားမှာ တစ်ယောက်နဲ့တစ်ယောက် အစတည်းက ဘာမှမဆိုင်ခဲ့ကြဘူးလို့ ထင်တယ်လေ။ ဒီတော့ အခုကစပြီး မတွေ့တော့ဘဲ နေကြရအောင်လား"

"ဘယ်လို ... ဘာဖြစ်တယ်၊ ဘာကြောင့်မဆိုင်ဘူးလို့ပြောတာလဲ"

"မဆိုင်ခဲ့ဘူးဆိုတာတော့ သေချာတယ်"

"ကိုယ် လိပ်ပြာကို ချစ်တယ်လေ။ လိပ်ပြာလည်း ကိုယ့်ကို ချစ်တယ်လေ။ ကိုယ်တို့ ချစ်ကြတယ်လေ၊ ဘာကြောင့် မသက်ဆိုင်ဘူးလို့ ပြောချင်တာလဲ"

"စဉ်းစဉ်းစားစားလည်း ပြောပါ လင်းထင်းရယ်၊ ရှင်က သာ ချစ်တယ်ပြောခဲ့တာပါ။ လိပ်ပြာက ရှင့်ကို တစ်ခါမှ ချစ်တယ်ဆိုတဲ့အဖြေ မပေးခဲ့ဖူးပါဘူး။ ချစ်တယ်လို့လည်း ခဏ ခဏ မပြောခဲ့ပါဘူး"

လင်းထင်းမှာ မထင်မှတ်ထားသော စကားကြောင့် ဆွံ့အသလို ဖြစ်သွားပါသည်။ ရင်ထဲမှာ အရာရာဟာ အစိတ်စိတ် အမြွှာမြွှာ ကွဲကြေနေကာ တစ်စစီပြန့်ကျဲနေသလိုလည်း ဖြစ်နေသည်။ အဲဒီအကွဲအကြေ အမွှအစအနတွေဟာ ပေါက်ထွက်လာတော့မလိုဘဲ ရင်ဘတ်ထဲမှာ နာကျင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ကြရတဲ့ တစ်ပတ်အတွင်း ပြောင်းလဲသွားသော လိပ်ပြာကိုပင် မယုံနိုင်။ အခုစကားပြောနေတာ လိပ်ပြာအစစ်မှ ဟုတ်ရဲ့လားလို့တောင် သံသယဝင်နေမိသည်။ ဘယ်မှာလဲ သူ့အပေါ် တီတာမှုနဲ့တတ်တဲ့လိပ်ပြာ။ ဘယ်မှာလဲ သူ့ကို ချစ်ခင်တွယ်တာတဲ့ မျက်လုံးတွေနဲ့ အမြဲကြည့်တတ်တဲ့ လိပ်ပြာ။

"လိပ်ပြာရယ် ... အပြောင်းအလဲက မြန်လှချည်လား"

"ဒါဟာ ပြောင်းလဲတာမှ မဟုတ်တာ။ အစတည်းကို ဒီပုံစံအတိုင်း ဆက်ဆံခဲ့တာပဲ။ ဘာမှ ပြောင်းလဲစရာမရှိဘူး။ ရှင်ကသာ တစ်ဖက်သတ် ရူးနေခဲ့တာပါ လင်းထင်းရယ်၊ ရှင့်ကို လိပ်ပြာ ခင်တော့ခင်ပါတယ်။ ဒါပေမဲ့ ရှေ့ဆက်ပြီးတော့ မဆုံတွေ့ချင်တော့ဘူး။ ရှင်နဲ့ ကင်းကင်းရှင်းရှင်းပဲ နေချင်တော့တယ်။ ရှင် လိပ်ပြာနံဘေးမှာရှိနေတာဟာ အရိပ်တစ်ခုရဲ့ လွှမ်းမိုးခြင်း ခံထားရသလိုပဲ ခံစားရစေပါတယ်"

"လိပ်ပြာရယ်"

လင်းထင်း ထိုသို့ ညည်းတွားရုံအပြင် ဘာမှဆက်မပြောနိုင်တော့။ လိပ်ပြာကို သူ ဘယ်လိုမှလဲ နားမလည်နိုင်တော့ပြီ။

"လိပ်ပြာ ဖုန်းပိတ်ပါပြီ၊ လိပ်ပြာမှာ လုပ်စရာတွေရှိတယ်။ အချိန်ပေးပြီးရှင်းဖို့ အချိန်မရှိတော့ဘူး။ လင်းထင်းလည်း





လူအတစ်ယောက်မှ မဟုတ်တာ။ ဒီလောက်ရှင်းလိုက်ရင် သဘောပေါက်မယ်လို့ ထင်ပါတယ်"

ခင်လိပ်ပြာသည် ဖုန်းကိုခေါက်ပိတ်လိုက်ပြီးသော အခါမှာတော့ ကမ္ဘာလောကကြီးတစ်ခုလုံး တိတ်ဆိတ်သွားသည်ဟု ခံစားလိုက်ရတော့သည်တည်း။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com



## ၁၈

ခင်လိပ်ပြာသည် စတူဒီယိုခန်းမှ ထွက်လိုက်လျှင် ဧည့်သည်များ ထိုင်စောင့်ရသော ဧည့်ခန်း၌ လင်းထင်းကိုတွေ့လိုက်ရသောကြောင့် အစတော့ အံ့သြပြီး ကြောင်ကြည့်မိသည်။ သူ ဒီနေရာမှာ ငါရှိနေတယ်ဆိုတာ ဘယ်လိုစုံစမ်းပြီး ရောက်လာလဲ၊ ဘယ်လိုသိလဲ။ ခင်လိပ်ပြာ အတွေးတွေနဲ့ အတန်ကြာကြောင်ကြည့်နေမိပြီးမှ နောက်တော့ အသက်ပြန်ဝင်သလိုမြစ်ကာ ...

"အော် ... လင်းထင်းပါလား"

ဟု နှုတ်ဆက်လိုက်သည်။

မျက်နှာအမူအရာကိုလည်း အတတ်နိုင်ဆုံးပင် အတည်ငြိမ်ဆုံးထားကာ စိတ်လှုပ်ရှားမှု ဘာမှမရှိနေဟန် ဟန်ဆောင်ထားရပါသည်။ အမှန်တော့ လိပ်ပြာရဲ့ရင်ထဲမှာ မုန်တိုင်းထန်နေတာပါ။ သူ့ကိုတွေ့တော့ ...။ သူ့မျက်ဝန်းတွေထဲက





အကြင်နာရိပ်ကိုမြင်တော့ သူ့ရင်ခွင်ထဲကို ပြေးဝင်ပြီး မျက်ရည်ကျချင်မိနေတာပါ။

"လိပ်ပြာကို တွေ့ချင်လို့"

"လိပ်ပြာ ပြောပြီးပြီလေ၊ ဆုံတွေ့စရာအကြောင်းလည်း သိပ်မှမရှိတော့တာလို့"

"ကိုယ့်ကို ခဏအချိန်ပေးပြီး စကားပြောပါ၊ စကားပြောပြီးကြရင် ကိုယ် ဘယ်တော့မှ လိပ်ပြာကို မနှောင့်ယှက်တော့ဘူး။ စိတ်ချပါ။ ကိုယ့်စိတ်ထဲမှာ ရှင်းသွားချင်လို့ စကားခဏပြောချင်တယ်"

"ကောင်းပြီလေ"

"ဆုံနေကျ ကော်ဖီဆိုင်ဆို လာခဲ့မလား"

"ဒီနားမှာလည်း ကော်ဖီဆိုင်ရှိပါတယ်၊ အဲဒီမှာပဲ ထိုင်လိုက်ရအောင်။ လိပ်ပြာ မအားဘူး။ နောက်တစ်ဂျူတီ ထပ်ဝင်ရဦးမယ်။ အခု ခဏ break (ဘရိတ်(ခ))ယူတာ"

"ကိုယ် သိပါတယ်၊ သကြီ္ကန်အတွက် Remix တစ်ခွေလုပ်နေတယ်ဆိုတာ"

ခင်လိပ်ပြာ ဂျာနယ်ထဲမှာ ပြောထားသမျှ သူ မှတ်ထားတာမို့ လင်းထင်း ပြန်ပြောပြလိုက်ပါသည်။ လင်းထင်းမှာ ခင်လိပ်ပြာကို ဘယ်နေရာမှာ ဆုံနိုင်မလဲ။ ဆုံတွေ့ပြီး စကားပြောရမလဲဆိုတာကို သူ ဂိုက်ဒ်သင်ရသော ကျောင်းသားတွေဆီက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် မရှက်မကြောက်နိုင်စွာ စုံစမ်းရသည်။ ကျောင်းသားတွေထဲမှာ တချို့က ဟာစ်(ပ)ဟော့(ပ)အဆိုတော် ဖြစ်ချင်နေကာ ဆယ်တန်းအောင်ရင် အသံသွင်းဖို့၊ စီးရီးထုတ်ဖို့တွေ စိတ်ကူးရှိကြတာမို့ ခင်လိပ်ပြာ ဘယ်မှာရှိတတ်တာကို အလွယ်တကူသိကြသည်။ ဒီတော့ စုံစမ်းရတာလွယ်ပါသည်။

"လိပ်ပြာ"

ဆိုင်ထိုင်ပြီးပြီးချင်း သောက်ချင်ကြတာမဟုတ်ဘဲ အအေးတစ်ပုလင်းစီမှာပြီးမှ လင်းထင်းကပဲ စပြီးစကားပြောရသည်။ ခင်လိပ်ပြာကတော့ တော်တော့်ကို တိတ်ဆိတ်နေခဲ့သည်။ ဆုံတွေ့နေကျနဲ့မတူဘဲ စိမ်းကားလွန်းသော အမူအရာကြောင့် လင်းထင်း ရင်ထဲမှာ ကြေမွဆွေးမြည့်နေတော့သည်။

"လိပ်ပြာ ကိုယ့်ထက်ချစ်ရမယ့်သူ ထပ်တွေ့သွားလို့လား"

"ဘယ်လိုမေးလိုက်တာလဲ"

"လိပ်ပြာ ချစ်သူအသစ်ရလို့ ကိုယ့်ကိုထားခဲ့ချင်တာလားလို့ မေးတာပါ"

"အစတည်းက ရှင့်ကို မချစ်ခဲ့ဘူးလေ"

"ဒါဖြင့် ဘာကြောင့် ကိုယ့်ကိုအတင်းမရမက နောက်ကလိုက်ပြီး ရင်းနှီးအောင်လုပ်လဲ။ ကိုယ် ပြည့်ပြည့်နဲ့ရှိနေချိန်တွေမှာ ဝင်းဒိုင်းကြဲဝင်လာပြီး ကိုယ့်ကို ပြည့်ပြည့်နားက ရအောင်ဆွဲထုတ်ခဲ့သလဲ။ ကိုယ့်ဆီကအချစ်ကို ဘာ





ကြောင့် လိုချင်ခဲ့သလဲ၊ ကိုယ် အဲဒါကို စဉ်းစားတိုင်း ရင်ထဲမှာ လုံးဝမတင်မကျ ဖြစ်ရတယ်။ လိပ်ပြာ ကိုယ့်ကို မညာခဲ့ဘူးလို့ ယုံကိုယုံတယ်"

ခင်လိပ်ပြာသည် သူမ၏မျက်ဝန်းတွေထဲ တည့်တည့်စိုက်ကြည့်ပြီး ပြောလိုက်သော လင်းထင်း၏စကားတွေကြောင့် မျက်လုံးချင်း ရင်မဆိုင်ရဲသလို ဖြစ်သွားပါသည်။ ဘုရားရေ ... သူက ငါ့မျက်လုံးထဲကအရိပ်ကို ဖတ်တတ်တယ်ထင်တယ်။

"ရှင့်ဆီကအချစ်ကို လိုချင်ခဲ့တာ မှန်တယ်၊ ဒါပေမဲ့ လိပ်ပြာဆီကအချစ်ကို ရှင့်ကိုပြန်ပေးဖို့တော့ မစဉ်းစားခဲ့ဖူးဘူး"

"မဟုတ်ပါဘူး၊ လိပ်ပြာ ကိုယ့်ကိုပြန်ချစ်ခဲ့တာပါ။ လိပ်ပြာက ကိုယ့်ကိုစပြီး ချစ်နေခဲ့လို့ ကိုယ့်ကို ပြည့်ပြည့်နဲ့မဆုံရအောင် လိုက်နှောင့်ယှက်ခဲ့တယ်လို့ ထင်ကိုထင်တယ်"

"ရှင် အဲဒီ ပြည့်ပြည့်စုံစုံနဲ့ လွဲခဲ့ရလို့ သိပ်ခံစားနေရတယ်ဆိုရင် အခု ပြန်ကြိုးစားလေ ရတာပဲ။ လိပ်ပြာနဲ့ရှင် ဘာမှမပတ်သက်တော့ဘူး။ မပတ်သက်တော့တာ မဟုတ်ဘူး။ အစတည်းကကို ဘာသတ်မှတ်ချက်မှ မရှိခဲ့ဘူးလေ"

"လိပ်ပြာ"

လင်းထင်း ဆုံးဖြတ်ချက်ချပြီးသောအသံဖြင့် တည်ငြိမ်စွာ ခေါ်ပါသည်။ သူ့ဆီက ရှင့်ကျက်တည်ငြိမ်မှု၊ ဣန္ဒြေသိက္ခာ



www.burmeseclassic.com

www.burmeseclassic.com

ရှိမှုတွေကို သူ့နားအနီးကပ်နေစဉ်မှာ အကြိမ်ပေါင်းများစွာ တွေ့ခဲ့ဖူးပေမယ့် ခင်လိပ်ပြာဟာ ဒီအမူအရာတွေမှာပဲ အရည်ပျော်ဝင်ကာ ပိုပြီးတော့တောင် စွဲလမ်းနှစ်ခြိုက်ရစမြဲပဲမို့ သူမကိုယ်သူမ အားမရခဲ့ပေါင်းများပြီ။ အခုလည်း ထိုအမူအရာကို တမ်းမက်စွာ ငေးမိတော့မလို ဖြစ်သွားပြန်ပါသည်။

"မင်း ဘာကြောင့် ကိုယ့်အချစ်ကို လိုချင်ခဲ့တာလဲ ကိုယ်သိပါရစေ။ အဲဒီအဖြေကို သိရရင် ကိုယ် မင်းကိုလာမတွေ့တော့ပါဘူး။ အေးအေးဆေးဆေး ရှောင်သွားပါ့မယ်"

လင်းထင်းရယ် ... လိပ်ပြာမဖြေချင်ဆုံး မေးခွန်းကိုမှ မေးပြန်ပြီ။ ဘယ်လိုဖြေရပါ့။ အလောင်းအစားတစ်ခုကြောင့် ဒီလိုလုပ်ပါတယ်လို့ ပြောထွက်ရတော့မှာလား။ အဲဒါဆို သူ ကိုယ့်ကို အမုန်းကြီးမုန်းသွားတော့မှာ သေချာသည်။

အေးလေ ... ဒါဆိုလည်း မုန်းချင်မုန်းသွားပစေပေါ့ ပြောလိုက်ပေါ့။ အရှင်းဆုံး ဖြေလိုက်ပေါ့။ ဒါဆိုကိစ္စပြတ်ပြီပဲ။ သူနဲ့ ဘာမှထပ်ရင်ဆိုင်စရာလဲ မရှိတော့ဘူး။ သူ့ဆီက အမုန်းကိုရတော့ ရော ဘာဖြစ်သေးလဲ၊ ငါမှ သူ့ရဲ့တကယ့်အချစ်ကို မခံချင်ခဲ့တာ။

ခင်လိပ်ပြာရဲ့အတွေးတွေ ရှုပ်ထွေးသွားပါသည်။ ရင်ထဲမှာလည်း ကိုယ်ဝန်ခံလိုက်သော စကားတစ်ခွန်းကြောင့် သူ အမုန်းကြီး မုန်းသွားမှာကိုလည်း ကြောက်သလို၊ သူ ကိုယ့်ကို သိပ်ချစ်ပြီး ခွဲမရ၊ ခွာမရ ဖြစ်နေမှာကိုလည်း မလိုလားပြန်။





"လိပ်ပြာလေး ... မင်း ကိုယ့်ကို ချစ်ရဲ့သားနဲ့ တမင်ကစားနေတာလား"

လင်းထင်းရဲ့လက်တစ်ဖက်ဟာ စားပွဲပေါ် လက်တံတောင်ထောက် မေးစေ့တင်ကာ ထိုင်နေသည့် လိပ်ပြာရဲ့ တံတောင်ဆစ်ချွန်ချွန်လေးကို လာထိဆုပ်ကိုင်ကာ နူးညံ့သောအသံဖြင့် ခေါ်လိုက်သည်။ ခင်လိပ်ပြာ၏နှလုံးသားတွေ နွေးသွားပြီး ချက်ချင်းပဲ သူ့လက်တွေကို ပြန်ဆုပ်ကိုင်ချင်သလို ဖြစ်သွားပါသည်။

သို့သော် ခင်လိပ်ပြာသည် ကိုယ့်စိတ်ကိုယ် ထိန်းချုပ်ပစ်လိုက်နိုင်ကာ သူ့အထိအကိုင်မှ လက်ကိုရွှေ့၍ ရှောင်ဖယ်လိုက်ပါသည်။

"လိပ်ပြာ ... ရှင့်ကို ... ..."

ခင်လိပ်ပြာ ထိုစကားကိုစပြီး လည်ချောင်းဝမှာ စို့နေသလိုပဲဖြစ်ကာ ဆက်မပြောနိုင်ပြန်။ စိတ်ကို အတတ်နိုင်ဆုံး မြှင့်လိုက်ပြီးမှ ဆက်ပြောဖို့ အားယူရပါသည်။

"အလောင်းအစားတစ်ခုနဲ့ လိုက်ခဲ့တာ"

"ဘာရယ် ..."

"လိပ်ပြာနဲ့ ပြိုင်ဘက်လည်းဖြစ်တယ်၊ အတွဲဆုံးသူငယ်ချင်းလည်းဖြစ်တယ်၊ သူနဲ့လိပ်ပြာမှာ သူ့ဘက်ကတော့ လိပ်ပြာရဲ့အောင်မြင်မှု စန်းပွင့်မှု၊ ကျော်ကြားမှုတွေကို မနာလိုမှုနဲ့


www.burmeseclassic.com

www.burmeseclassic.com



သိရက်နဲ့ ဟန်ဆောင်ပေါင်းနေကြတဲ့ သူငယ်ချင်းလည်းဖြစ်တယ်။ လိပ်ပြာ မရှုမလှ ခံလိုက်ရမယ့်နေ့၊ ရှုံးသွားမယ့်နေ့ကို သူ စောင့်နေမှန်း သိရက်နဲ့လည်း ပေါင်းနေတဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်”

လင်းထင်းသည် မိန်းကလေးတွေရဲ့သဘောသဘာဝကို လိုက်မမီနိုင်အောင် နားမလည်သည်ဖြစ်ရာ ခေါင်းခါမိ၏။

“ဒါဆိုလည်း ဘာလို့ ပေါင်းနေသေးလဲ”

ဟုပင် ခပ်တိုးတိုး ရေရွတ်ပြောမိသည်။ ခင်လိပ်ပြာကတော့ သူ့စကားကို ဂရုမစိုက်ဘဲ ဆက်ပြောပါသည်။

“တစ်နေ့မှာ သူက လင်းထင်း ဆိုတဲ့ လူထူးလူဆန်းအကြောင်း ပြောပြလာတယ်။ ဘာကြောင့်ပြောလဲဆိုတော့ သူက လိပ်ပြာအကြောင်းကို သိတယ်လေ၊ လိပ်ပြာက ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးပြီး၊ လိပ်ပြာကိုဆို ဘယ်ယောက်ျားလေးကမဆို ကြိုက်ကြရတယ်လို့ လက်မထောင်တတ်လွန်းမှန်းသိတော့ လင်းထင်းလို သမာဓိလူသားကြီးကရော လိပ်ပြာနဲ့ဆုံရင် ခံနိုင်ရည်ရှိပါ့မလားဆိုတဲ့ စမ်းသပ်ချင်စိတ် ဖြစ်ကိုဖြစ်လာမယ်လို့ သိလို့ ပြောပြလာတာ”

“ဩော် ... ကိုယ့်ကို မင်း စမ်းသပ်ခဲ့တာပေါ့လေ၊ မင်းနိုင်ပါတယ်၊ မင်းရဲ့စမ်းသပ်ချက်လည်း အောင်မြင်ပါတယ်။ ကိုယ် မင်းရှေ့မှာ ဒူးထောက်ခဲ့ပါတယ်၊ ကျေနပ်လိုက်ပါ”





“သူနဲ့လိပ်ပြာကြားမှာ လောင်းကြေးစားကြေးနဲ့ကို လုပ်ခဲ့တာ”

“အဲဒီလို သိလိုက်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူပါတယ်။ မင်း ကိုယ့်ကို စိတ်ဝင်စားစွာ လောင်းကြေးထပ်တဲ့အတွက် ဝမ်းသာပါတယ် လိပ်ပြာ”

လင်းထင်းသည် စိတ်အနာကြီးနာလျက် ရင်ထဲမှာ ဘာစကားမှ ထပ်ပြောစရာမရှိတော့သလိုပင် ခံစားလိုက်ရသည်။ လုပ်ရက်တယ် ... မင်း ... သိပ်လုပ်ရက်တယ်ဟု ရင်ထဲမှာ အခါခါ အော်ဟစ်နေမိသည်။ သို့သော် ပါးစပ်က ထုတ်ဖော်ပြောပြီး တဖွဖွ အော်နေဖို့ကိုတော့ စိတ်မပါတော့သလို ဖြစ်သွားပါသည်။ ငါ ပေးလိုက်ရတဲ့အချစ်နဲ့ မတန်အောင် စော်ကားခံလိုက်ရတာပါလားရယ်လို့ စိတ်ထဲမှာ နာပြီးရင်း နာနေခဲ့သည်။

“ကျေးဇူးတင်ပါတယ် ခင်လိပ်ပြာ၊ အမှန်ကို အမှန်အတိုင်း ဝန်ခံလိုက်တဲ့အတွက် ကျွန်တော် စိတ်ရှင်းသွားပါပြီ။ မင်းကို လွမ်းတာတွေ၊ တမ်းတတာတွေ၊ မေ့မရတာတွေကိုလည်း အလွယ်တကူ ဖြေဖျောက်နိုင်သွားပါပြီ။ မင်းဖြစ်စေချင်သလို ဒီနေ့ကစပြီး မင်းကို ကျွန်တော့်ရဲ့အာရုံထဲက ထုတ်ပေးလိုက်နိုင်ပြီလို့ မှတ်ထားလိုက်ပါ”

လင်းထင်း ပြောပြောဆိုဆို ထ,ရပ်လိုက်ပါသည်။ ခင်လိပ်ပြာမှာ အသည်းထဲကနေ ဘာတွေပဲကြွေမှန်းမသိ ပဲ့ကြွေ



www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ အလိုလို ခံစားလိုက်ရ၏။ အမြဲတမ်း ချစ်ကြင်နာသော မျက်ဝန်းတွေနဲ့ အကြည့်ခံခဲ့ရသမျှ ချက်ချင်းပြောင်းလဲသွားနိုင်ခြင်းအပေါ် နှမြောတသမဆုံးသလို ဖြစ်နေတော့ပြန်သည်။

"ခင်လိပ်ပြာကို ကျွန်တော် လုံးဝမနှောင့်ယှက်တော့ပါဘူး။ ခင်လိပ်ပြာရဲ့ပတ်ဝန်းကျင်မှာ ဒီနေ့ကစပြီး ကျွန်တော့်ကို မမြင်စေရဘူးဆိုတဲ့ ကတိကို တည်ပါမယ်။ ကျေးဇူးပြုပြီး ခင်လိပ်ပြာလည်း ကျွန်တော့်ကို နောက်တစ်ကြိမ်ထပ်ပြီး မစမ်းသပ်ပါနဲ့တော့လို့ တောင်းပန်ထားခဲ့ချင်တယ်"

လင်းထင်းသည် ထိုစကားတွေကို ပြောလို့အပြီးမှာ ခင်လိပ်ပြာကို ကျောခိုင်းထွက်လာနိုင်ခဲ့ပါသည်။ သူ့ခြေလှမ်းတွေသည် နောင်တရသော ခြေလှမ်းတွေလား၊ အသည်းကွဲသူရဲ့ခြေလှမ်းတွေလား၊ သူ့ကိုယ်သူပင် မသိတော့။

ဒီလို မိန်းကလေးတစ်ယောက်ကို ယုံကြည်ပြီး သူ လေးရဲ့ဆွဲဆောင်ရာကို လိုက်သွားလိုက်မိတာဟာ သူ့ဘဝအတွက် တော်တော်ကို ကြီးမားသော အမှားကြီးတစ်ခုလိုပဲ ခံစားရကာ နောင်တရနေသည်။ လင်းထင်း ဆိုသော လူတစ်ယောက်ရဲ့သမိုင်းကို အရောင်ဆိုးလိုက်မိသလိုပဲဟု ခံစားနေရသည်။ လင်းထင်း ဆိုတာ အိမ်နဲ့ကျောင်းရယ်၊ စာသွားသင်ရသော အိမ်တွေရယ် ဂိုက်(ဒ်)သင်ပေးရသော အိမ်တွေရယ်သာ ကျင်လည်ကျက်စားပြီး ဘဝကို ရိုးရိုးအေးအေးကြီး ဖြတ်သန်းမယ့်သူတစ်ယောက်အဖြ





ပုံသေနည်းချပြီးသား ဖြစ်ခဲ့တာ။ အခုတော့ သူနဲ့လုံးဝမဆိုင်သော ရှိုးပွဲတချို့မှာ ကျင်လည်ခဲ့ရသလို၊ ခင်လိပ်ပြာ သွားတတ်သော ရှော့ပင်းမောလ်တွေ၊ စီးရီးပရိုမိုးရှင်းပွဲတွေမှာလည်း ခဏလောက်တော့ ဝင်ဆံ့ကျင်လည်မိတဲ့အထိ ပြောင်းလဲခဲ့မိသည်မှာ အခုတော့ တော်တော့်ကို နောင်တရစရာကြီးတစ်ခုလို ခံစားနေရပါသည်။

အခုမှ ဒါတွေ တရေးရေး မြင်ယောင်လာကာ အရှက်ကြီးရှက်နေမိပြန်သည်။ ကြည့်စမ်းပါဦးလေ။ တိုက်ပုံပုဆိုး အမြဲဝတ်တဲ့ ကျောင်းဆရာလိုလိုပုံစံ လူတစ်ယောက်က ဟစ်(ပ)ဟော့(ပ)ရှိုးတချို့မှာ ကျင်လည်မိသတဲ့။ တီရှပ် ဂျင်းနဲ့ အမြဲဝတ်တဲ့ DJ Player မိန်းကလေးနဲ့ တွဲသွားတွဲလာ လူမြင်သူမြင် ခံပြီး ရှော့ပင်းမောလ်တွေလည်း ရောက်ဖူးသတဲ့။ ခင်လိပ်ပြာ DJ အဖြစ် ဝင်ရောက်လက်စွမ်းပြထားတဲ့ စီးရီးပရိုမိုးရှင်းပွဲတစ်ခုကို ရှော့ပင်းမောလ်မှာ လက်မှတ်ထိုး ရောင်းချတုန်းကလည်း စာနယ်ဇင်းထဲတောင် ဓာတ်ပုံအပါခံမိတဲ့အထိ ခင်လိပ်ပြာရဲ့သက်ဆိုင်သူတစ်ယောက်လိုပဲ အနားမှာ မခွာစတမ်း ရပ်ပြနေမိခဲ့သတဲ့။

လင်းထင်းသည် ရှက်ခြင်း၊ နောင်တရခြင်း၊ ပထမဦးဆုံးချစ်ဖူးသော အချစ်တစ်ခုမှာ အသည်းကွဲလိုက်ရခြင်းတွေကို မရှုမလှ ခံစားရင်း သူ့ရဲ့ဂျစ်ပုပုသေးသေး ကားလေးကို မောင်းထွက်လာခဲ့ပါတော့သည်။

❣ ○ ❣



www.burmeseclassic.com

## ၂၀

"လိပ်ပြာ ... ခုတလော နင်တစ်ယောက်တည်းပဲ ဖြစ်နေပါလား၊ ဘယ်လိုလဲ"

ဝင့်ဝင့်ထယ်က အခုမှ အသစ်လုပ်လာသော လက်သည်းအလှကို ထောင့်ကြည့်နေရင်းမှ ခင်လိပ်ပြာကို စ,နောက်သလို လေသံဖြင့် မေးလေသည်။ ခင်လိပ်ပြာကတော့ လက်သည်းအလှတွေ ဘာတွေ သိပ်မကြိုက်လှတာမို့ လက်သည်းကို တိုတိုတိတိလေးနှင့် ကြွရောင်တောက်နေအောင်သာ ပြင်ဆင်တတ်သူဖြစ်လေရာ ဝင့်ဝင့်ရဲ့လက်သည်းတွေရှည်ပြီး အရောင်တွေ ပန်းပွင့်တွေ ပုံဖော်ထားခြင်းကို လှလည်းမလှဘူးဟု တွေးနေမိသည်။

"ဘာ ... ဘယ်လိုလဲရမှာလဲ"

"ဒီလောက် ဝိုင်းဝိုင်းလည်နေတဲ့သူက အပျင်းပြေတစ်ယောက်လောက်ကိုမှ ပြန်မထားတော့လို့"





"ဘယ်သူ့ကိုမှ စိတ်တိုင်းမကျတာလည်း ပါတယ်လေ"

"ဘာလဲ ... တိုက်ပုံနဲ့ပုဆိုးဝတ်တဲ့ ပုံစံမှလား"

"ခေါင်းထဲမှာ ရှိတောင်မရှိတော့ဘူး"

ခင်လိပ်ပြာဟာ ဝင့်ဝင့်ကို မခံချင်တာနဲ့ ချက်ချင်းပြန်ချေပလိုက်ရသည်။ ဒါပေမဲ့ ရင်ထဲမှာတော့ တစ်နေ့မှ သူ့ကိုမေ့မရဘဲ ဘယ်ယောက်ျားလေးပဲမြင်မြင် သူ့ပုံစံနဲ့ ချိန်ထိုးပြီး မျက်စိထဲမှာ ကြည့်မရဖြစ်နေတာလည်း ငြင်းမရ။

"သူ့ခေါင်းထဲမှာလည်း နင့်ကို မရှိတော့ဘူးထင်တယ်"

ဒီလိုကြားလိုက်ရတော့ ခင်လိပ်ပြာ ရင်ထဲမှာ ကျင်ခနဲ ဖြစ်သွားပါသည်။

"နင် ဘယ်လိုလုပ် ပြောနိုင်လဲ"

"ငါက သူနဲ့ မျက်နှာချင်းဆိုင် အိမ်မှာနေတာ မမေ့နဲ့လေ"

"အဲဒါနဲ့ပဲ သူ့ခေါင်းထဲမှာ ငါမရှိတော့ဘူးလို့ နင် ဘာကြောင့်ပြောနိုင်လဲ"

"သူနဲ့ ပြည့်ပြည့်ဝင်းက တတွဲတွဲလေ"

ဩော် ... ဟု ခင်လိပ်ပြာ၏ ရင်ထဲမှာ နှမြောတာသလိုအသံဖြင့်သာ ရေရွတ်မိသည်။ နှုတ်ဖျားကတော့ ဘာမှမှတ်ချက်မပေးနိုင်ပါ။ အစတည်းကို အဲဒီ ပြည့်ပြည့်ဝင်းနဲ့ သူနဲ့ဟာ ပတ်သက်မှုတစ်ခုနဲ့ စတင်တွဲသွားနေတဲ့ကြားကို ခင်လိပ်ပြာက

www.burmeseclassic.com



ဝင်နှောင့်ယှက်ပြီး ကိုယ့်ဘက်ပါအောင် ဆွဲဆောင်ခဲ့သူ မဟုတ်လား။ တကယ်ဆို ခင်လှိုင်ပြာသာ ကြားဝင်မရှုပ်ခဲ့ရင် လင်းထင်းနဲ့ ပြည့်ပြည့်ဝင်းတို့ရဲ့ခရီးဟာ ဖြောင့်ဖြူးခဲ့မယ်လို့တောင် တင်စားလို့ ရပါရဲ့။

"ငါ့အမေဆီက ကြားတာတော့ သူတို့ကို လူကြီးချင်း သဘောတူထားပြီတဲ့။ လင်းထင်း ကျောင်းပြီးတာနဲ့ လက်ထပ်ကြဖို့ ပြောဆိုထားတယ်ဆိုပဲ"

"ဒီလိုပဲ ဖြစ်သင့်တာပေါ့၊ ပြည့်ပြည့်ဝင်း ဆိုတဲ့ တစ်ယောက်က လင်းထင်းလို ပုံစံတူပဲ"

"ဘယ်မှာပုံစံတူလို့လဲ၊ ငါတွေ့သမျှတော့ ကိုရီးယားစကတ်ရှည်ဝတ်လိုက်၊ ဒူးဖုံးစကတ်အကားဝတ်လိုက်၊ သရီးကွာတားနဲ့လာလိုက်၊ စတိုင်လ်ပင်နီနဲ့ လာလိုက်ပါပဲ။ ဒါပေမဲ့ နင်ပြောတဲ့ပုံစံ လင်းထင်းနဲ့ပုံစံတူမျိုးလည်း ဝတ်လာတတ်ပါတယ်။ ပုံသေကြီး မြန်မာရင်ဖုံးထဘီတွေတော့ ဝတ်တာမရှိပါဘူး"

"အေးလေ ... ဒါက သူ့ရဲ့ရွေးချယ်မှုပဲလေ။ သူက တိုက်ပုံပုဆိုးကြီးဝတ်လို့ သူ့လိုလိုက်ဝတ်မယ့် မိန်းကလေးပဲ ရွေးမယ်လို့ တစ်ထစ်ချ မှတ်ယူထားလို့ မရဘူး"

"ဒါကြောင့် နင့်ကိုတောင်ကြွေတာ ကြည့်ပေါ့၊ နင် ဘယ်လိုထင်လဲ။ သူ နင့်ကို တော်တော်ချစ်သွားတယ် ထင်လား"





ခင်လိှုင်ပြာသည် ဒီမေးခွန်းကို မဖြေတတ်သလို ဖြစ်သွားပါသည်။

သူနဲ့အတူတူ ရှိနေခဲ့ချိန်တွေတုန်းကတော့ သူ့ရင်ထဲကအချစ်ကို မြင်လို့ရခဲ့သည်။ သူ ငါ့ကို တော်တော်ချစ်နေတာပါလားလို့ ခံစားပြီး ကြည်နူးခဲ့ရဖူးသည်။ ငါသာ ထားခဲ့ရင်တော့ သူ သိပ်ကို အသည်းကွဲပြီး လေလွင့်သွားမှာပဲ။ တော်တော့်ကို ခံစားပြီး ကြေကွဲသွားရရှာမှာပဲ။ သူ့ဘဝ နာလန်တောင်ထူပါ့မလားရယ်လို့ စိုးတောင် စိုးရိမ်ခဲ့မိဖူးပါသည်။

အခုတော့ သူက ဘာမှ မခံစားရတဲ့အပြင် ပြည့်ပြည့်ဝင်းနဲ့တောင် တတွဲတွဲ လုပ်နေသတဲ့။ လူကြီးချင်းတောင် စေ့စပ်တော့မတဲ့။ ဘယ်လောက် အပြောင်းအလဲမြန်တဲ့လူလဲ။ ခင်လိှုင်ပြာ ရင်ထဲတွင် မခံချင်စိတ်တွေ ရုတ်ခြည်းဆိုသလို ဖြစ်သွားပါသည်။

"သူ တော်တော်ချစ်သွားတယ် ဆိုတာတော့ သေချာပါတယ်"

ခင်လိှုင်ပြာ မခံချင်စိတ်ဖြင့် ပြောလိုက်သည်။ ဝင့်ဝင့်က ခနဲ့သလိုလို အသံမျိုးဖြင့် ရယ်လေသည်။

"အခု ငါတွေ့နေရတာကတော့ ပြည့်ပြည့်ဝင်းကိုလည်း တော်တော်အရေးတယူ ရှိနေတာ၊ နင်နဲ့ပြတ်ပြီးပြီးချင်း ချက်ချင်းပဲ နောက်တစ်ယောက် ပြောင်းနိုင်တယ်ဆိုတာဟာ ..."



www.burmeseclassic.com

www.burmeseclassic.com

ဝင့်ဝင့် ဆက်မပြောဘဲ စကားကို တမင်ပဲ တစ်ဝက် ချစ်ပျက်မှာ ရပ်လိုက်လေသည်။ သူ ဆက်မပြောပေမယ့်လည်း ဘာကိုဆိုလိုချင်သလဲဆိုတာ ခင်လိပ်ပြာ သိသည်။ မြွေမြွေချင်းမို့ ခြေမြင်တယ် ပြောရမလား။ နင့်အစွမ်းအစက ဒီလောက်မဟုတ် ပါဘူး။ နင့်ကို လင်းထင်းက စွဲလမ်းမနေပါဘူး ဆိုတဲ့စကားကို မခံချင်။

ခင်လိပ်ပြာနဲ့ ပြတ်တောက်သွားကြတဲ့ သူတိုင်းဟာ အနည်းဆုံးတော့ ခြောက်လလောက်ထိ ခင်လိပ်ပြာကိုပဲ တသသ, သတိတွေရကာ ဘယ်အချိန်မှာ ခင်လိပ်ပြာ စိတ်ပြောင်းပြီး လက်ယပ်ခေါ်မလဲကိုသာ မျှော်လင့်စောင့်စားနေကြသူတွေ ဖြစ် လေရာ လင်းထင်းနဲ့ကျမှပဲ ခင်လိပ်ပြာ့ရဲ့ရာဇဝင် ရိုင်းရတော့မလို ဖြစ်နေပြီလား။

လင်းထင်းဟာ ခင်လိပ်ပြာနဲ့ လမ်းခွဲပြီးတာတောင် မကြာသေး။ ပြည့်ပြည့်ဝင်းကို စေ့စပ်မယ် လက်ထပ်မယ်တွေ ဖြစ်သွားတာဟာ တော်တော်မယုံနိုင်စရာ ကောင်းပါသည်။ သူ ဒီလောက်တောင်ပဲ နာကြည်းတတ်သလား။ ဒီလောက်တောင်ပဲ သူ့အချစ်ဟာ အလွယ်တကူ ရပ်သိမ်းသွားနိုင်သလား။

"တခြားကောင်တွေဆို နင့်ကို တော်တော်စွဲလမ်းကြတာ နော်။ နင် ထားခဲ့တာတောင် နောက်က တကောက်ကောက် လိုက်စောင့်။ ဖုန်းတွေဆက် မက်ဆေ့(ချ်)တွေပို့။ ပန်းစည်း





တွေပို့။ မိုးရွာတဲ့အခါမျိုးနဲ့များကြုံရင် ရုပ်ရှင်ထဲကလို မိုးရွာကြီးထဲ ရပ်ပြလိုပြ။ နင် ဘယ်လောက်နာအောင်ပြော ပြော မနာနိုင်ဘဲ ချစ်ပြနေတာ၊ ငါဆို တကယ်အားလည်း ကျမိတယ်။ မနာလိုလည်း ဖြစ်တယ်ဆိုတာ ဝန်ခံပါတယ်။ ငါ့ကိုလိုက်တဲ့သူ ကြိုက်တဲ့သူတွေ ရှိပေမယ့် အဲဒီလောက် စွဲနပဲကြီးတာတွေ တစ်ယောက်မှကို မကြုံခဲ့ဖူးဘူး။ ဒီတော့ နင်က ငါ့အတွက် Idol (အိုင်ဒယ်လ်)ကြီးလိုကို ဖြစ်နေတာ။ လင်းထင်းနဲ့ကျမှပဲ စံနှုန်းတွေ ပျောက်ကုန်သလို ဖြစ်သွား ရလို့ အံ့သြတာပါ"

ဝင့်ဝင့် ပြောလေလေ၊ မခံချင်လေလေ။ အဲဒီမခံချင် စိတ်အပြင် ရင်ထဲမှာရှိသော တစ်စုံတစ်ရာကလည်း တိုက်တွန်း နေသဖြင့် ပိုပြီး အနေရအထိုင်ရ ခက်လာသည်။ ခုချက်ချင်းပင် လင်းထင်းကို ပြေးတွေ့ပြီး မေးပစ်လိုက်ချင်လာသည်။ ဘာကြောင့် ဒီလောက်တောင် အပြောင်းအလဲ မြန်ရသလဲလို့ သိချင်လာသည်။ ရှင် လိပ်ပြာကို တကယ်မချစ်ခဲ့ဘူးလား လင်းထင်း။

"နင်က သူ့ကို ဘယ်လိုပြောပြီး လမ်းခွဲခဲ့လဲ"

"ဒီလိုပဲပေါ့ တမင်ရှောင်တယ်။ သူ့ဖုန်းတွေကို မကိုင်ဘူး။ ပြန် မက်ဆေ့(ချ်)မပို့ဘူး။ တစ်ရက်တော့ သူ မရမက ဆုံအောင်လုပ်ပြီး လာရှင်းတယ်။ ငါ သူ့ကိုမတွဲနိုင်တော့ ဘူးလို့ ပြောပြီး လမ်းခွဲပစ်လိုက်တယ် ... ဒါပဲ။ သူ့လိုလူက



www.burmeseclassic.com

www.burmeseclassic.com

နှစ်ခါမပြောရပါဘူး။ မာနကြီးတဲ့သူဆိုတော့ အလွယ်တကူ လက်ခံသွားပါတယ်”

သူ နားကြည်းသွားအောင် အလောင်းအစားကိစ္စကို ပါ ထည့်ပြောလိုက်တယ်ဆိုတဲ့အကြောင်းတော့ ခင်လိပ်ပြာဟာ ဝင့်ဝင့်ကို အသိမပေးချင်ပါ။ တကယ်တော့ လင်းထင်းနဲ့လမ်းခွဲဖို့ ရှင်းလင်းစဉ်ကတော့ လင်းထင်းဟာ ခင်လိပ်ပြာကို စိတ်နာပြီး တစ်ခါတည်း နောက်ဆုတ်သွားပါစေတော့ရယ်လို့ ရည်ရွယ်ပြီး အလောင်းအစားကိစ္စကို ထည့်အသိပေးလိုက်တာပါ။

အဲဒီအချိန်၊ အဲဒီအခိုက်အတန့်တုန်းကတော့ (တိတိကျကျဆိုရင် လွန်ခဲ့တဲ့ နှစ်လနီးပါးလောက်က) လင်းထင်းကို အပြတ်ဖြတ်မည်။

သူနဲ့ကိုယ်ဟာ ဘယ်လိုမှ ယှဉ်တွဲမြင်စရာမလို။ သူဟာ ဘယ်လိုမှ ခင်လိပ်ပြာ အမြဲလက်တွဲထားရမည့် ချစ်သူအဖြစ် လက်ခံစရာမလို။ လုံးဝမလိုက်ဖက် စသဖြင့် ကိုယ့်အယူအဆနဲ့ကိုယ် အပြတ်ဖြတ်ဖို့ ရည်ရွယ်ခဲ့တာပါ။

အားလုံးက ငေးကြည့်အားကျရတဲ့ နာမည်ကြီး DJခင်လိပ်ပြာ ရွေးတဲ့သူဟာ သိပ်ကိုချောမောပြေပြစ်၊ မြန်မာတစ်ပြည်လုံးရဲ့အချမ်းသာဆုံးစာရင်းဝင်မျိုးလည်းဖြစ်၊ ပျိုတိုင်းကြိုက်ရတဲ့ နင်းဆီခိုင်တစ်ခိုင်လည်း ဖြစ်ရမည်ဟူသော ခံယူချက်နဲ့ လင်းထင်းလို သာမန်လူကို ဖယ်ချပစ်ချင်ခဲ့တာပါ။





“ဟယ် ... ခင်လိပ်ပြာ ရွေးလိုက်တာ ဒီပုံကြီးလား၊ ဒါကြီး လား”

လို့ တအံ့တသြ ပြောယူရမယ့် ပုံတုံးတုံး အပြင်အဆင်နဲ့ ရုပ်ရည်လည်း သာမန်ယောကျ်ားတစ်ယောက်ထက် မပိုတဲ့ လင်းထင်းကိုရွေးဖို့ စိတ်ကိုမကူးခဲ့တာပါ။ သူနဲ့ ဟိုနားတွဲတွေ့၊ ဒီနားတွဲတွေ့၊ စီးရီးပရိုမိုးရှင်းပွဲတစ်ပွဲနဲ့ကြုံလို့ သူပါ,ပါလာတော့ ဂျာနယ်တွေထဲ အမှတ်မထင်ပါ ဖြစ်ခဲ့တာတောင် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံးလည်း ဖြစ်ခဲ့တာ။

“ခဏတဖြုတ် အသစ်အဆန်းဖြစ်ချင်လို့ ဒီလိုပုံကိုတွဲကြည့်တာ”

လို့ အားလုံး ယူဆသွားရအောင် ဝင့်ဝင့်နဲ့ အလောင်းအစားကာလ သတ်မှတ်ချိန်ပြည့်တာနဲ့ ချက်ချင်းဖြတ်ပစ်ခဲ့တာကို မမှားဘူးလို့ ကျေနပ်နေခဲ့ဖူးသေးပါသည်။ ရင်ထဲမှာ တစ်စုံတစ်ခု စတင်ပျောက်ကွယ်သွားသလိုလို ခံစားချက်ကို တမင်မသိကျိုးကျင်ပြုပြီး လင်းထင်းမပါဘဲ ဖြတ်သန်းခဲ့ရတဲ့ ကာလတွေကိုတော့ ပြန်မတွေးကြည့်ချင်တော့ပါဘူး။

“ဘယ်လိုလဲ ... လိပ်ပြာ၊ နောက်ထပ် အလောင်းအစားလေးတစ်ခုစဖို့ဆိုရင် နင် စိတ်ပါမလား”

ဝင့်ဝင့်ထယ်သည် ခင်လိပ်ပြာစိတ်ထဲမှာရော၊ ရင်ထဲမှာပါ ဘာတွေဖြစ်နေသည်ကို အလိုလိုနေရင်း ရိပ်မိနေသောအခါ ဆက်တွန်းပေးဖို့ စကားကို စလိုက်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ၊ နင် ရှုံးရတာ မမှတ်သေးဘူးလား"

"အမြဲတမ်းလည်း မနိုင်ပါဘူးဟယ်၊ ဒီတစ်ခါတော့ နင် အတိအကျနိုင်မယ်လို့ ပြောလို့မရတော့ဘူး"

"ဘာဖြစ်လို့လဲ"

"နင်ကစပြီးလမ်းခွဲ၊ နင်ကပြန်ပြီးလိုက်ဆိုရင် သူ့လိုလူက နင့်ကို ယုံမယ်မထင်ဘူး"

ဒါတော့ဟုတ်သည်။ လင်းထင်းကို ဒီတစ်ခါပြန်ရဖို့ဆိုတာ လုံးဝမသေချာတော့။ ခင်လိပ်ပြာ ကိုယ်တိုင်က အလောင်းအစားကြောင့် လင်းထင်း အနားကို ရောက်လာပါသည်ဟု ဝန်ခံပြီး လမ်းခွဲခဲ့လေရာ လင်းထင်းဟာ ခင်လိပ်ပြာရဲ့ဒုတိယအကြိမ်ကြိုးစားမှုမှာ ဘယ်လိုမှ ကျရှုံးတော့မှာ မဟုတ်။

"လင်းထင်း ပုံစံက အရမ်းကို သမာဓိရှိတယ်လေ၊ တည်လည်းတည်ကြည်တယ်။ သူကိုယ်တိုင်လည်း မဟုတ်တာ မလုပ်ဘူး။ သူများက သူ့ကို မဟုတ်တာလုပ်ရင်လည်း ကြိုက်မှာမဟုတ်ဘူး။ တခြားကောင်တွေလို နင် ပြန်ခေါ်မယ့်အချိန်ကို စောင့်မျှော်တမ်းတပြီး အသည်းကွဲနေတဲ့ပုံစံလည်း မဟုတ်တော့၊ ငါ့အမြင်အရ နင့်အတွက် သိပ်မလွယ်တော့ဘူးလို့ ထင်တယ်လေ"

ခင်လိပ်ပြာရင်ထဲ ဖြောင်းဆန်နေသည်။ စိတ်ထဲမှာ မခံချင်စိတ်တွေ တထောင်းထောင်း ထနေသည်။ လိုချင်တာကို



ရအောင်ယူမယ်။ ရအောင်ယူပြလိုက်စမ်း။ ဘာမရစရာရှိလဲ။ ခင်လိပ်ပြာပဲ။

ပြီးတော့ ဒါကို သိပ်လိုချင်ခဲ့တာပဲ မဟုတ်လား။ သူ့ဆီက "အချစ်"ကို တစ်သက်လုံး လိုချင်နေခဲ့တာ ဘာညာစရာရှိလဲ။ ခင်လိပ်ပြာ အနားမှာ လင်းထင်း ရှိနေဖို့ အလိုအပ်ဆုံးဆိုတာ ဘာကြောင့် လက်မခံချင်ရမှာလဲ။

ဝင့်ဝင့်ရဲ့အလောင်းအစားစကားနဲ့ နင့်ဘက်က မနိုင်နိုင်တော့ပါဘူးဆိုသော စကားတွေဟာ ခင်လိပ်ပြာရဲ့စိတ်ထဲက တစ်စုံတစ်ရာကိုရော ရင်ထဲက တစ်စုံတစ်ရာကိုရော နှိုးဆော်နေသလို ဖြစ်နေတော့လေသည်။

"ငါ သူ့ကိုပြန်ရခဲ့ရင် နင့်ဘက်က ဘာတွေပေးနိုင်မလဲ"

"နင် ရှုံးခဲ့ရင်ဆိုတာ အရင်ပြောလေဟယ်၊ အခုချိန်မှာ 50-50 မဟုတ်တော့ဘူး။ 30-70 ဖြစ်နေပြီ။ 30% ဟာ နင့်ဘက်မှာ။ အဲဒါကို နင်လက်ခံနိုင်ရမယ်။ ငါ့ဘက်မှာတော့ 70% ရှိနေတယ်"

"နင် ဘာလို့ ငါ့ကို ဒီလောက်နိုင်ချင်နေတာလဲ"

ခင်လိပ်ပြာ အံ့ဩသလို မေးမိ၏။

"လိပ်ပြာရယ် ... နင်က တစ်ချိန်လုံး အားလုံးကိုနိုင်လာတဲ့သူပါ။ နင်က အရမ်းကို Superior (စူပီးရီးယား)ဖြစ်လွန်းပါတယ်။ နင့်ဘဝမှာ တစ်ခါမှ မရှုံးဖူးသေးတော့ ရှုံးတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ခံစားကြည့်စေချင်လို့ပါ။ ငါ နိုင်ချင်တာထက် နင် ရှုံးဖူးစေချင်လို့ပါ”

“အိုခေ … အဲဒီစကားကို သိပ်ကြိုက်တယ်၊ ငါ့ကိုရှုံးဖူးစေချင်တဲ့ နင့်အတွက် လောင်းကြေးကလည်း တန်ဖိုးမဖြတ်နိုင်တဲ့ လောင်းကြေးဖြစ်ရမယ်နော်”

“ဒါပေါ့”

“အရင်တစ်ခါကလိုပဲ သုံးလ အချိန်သတ်မှတ်မယ်”

ခင်လိပ်ပြာသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချသောအပြုံးဖြင့် …

“ဘယ်သူမဆို ရှုံးတဲ့သူဟာ နိုင်တဲ့သူ ဘာခိုင်းခိုင်းလုပ်ရမယ်။ ဘာလိုချင်သလဲ ရအောင်လုပ်ပေးရမယ်၊ အဲဒါ တစ်သက်လုံးနော်။ သေတဲ့အထိ ဒီကတိကို တည်ရမယ် ဘယ်လိုလဲ”

စတင်စိန်ခေါ်လိုက်တော့လေသည်။





## ၂၁

ပထမဦးဆုံးအနေနဲ့ ခင်လိပ်ပြာဟာ သူမနဲ့ရင်းနှီးသော ငယ်သူငယ်ချင်းကောင်လေးနှစ်ယောက်ကို နားပူနားဆာလုပ်ကာ အကူအညီတောင်းရသည်။ အစတော့ သူတို့ငြင်းသေးသည်။

“ဟာ … မဖြစ်ဘူးနော်၊ နင့်ဟာက အန္တရာယ်ကြီးတယ်။ မတော်တဆ လမ်းပေါ်ကလူတွေ ဝိုင်းတားပြီးရိုက်ရင် ငါတို့ပြဿနာ တက်နိုင်တယ်”

“မဖြစ်စေရဘူး … စိတ်ချ။ နင်တို့ရဲ့ဆိုင်ကယ်စီးစွမ်းရည်ကို ယုံလို့ ငါ အသုံးချတာပါဟယ်၊ ပြီးတော့ လန့်ပြီးခြေချော်သွားရုံလေး လုပ်ခိုင်းတာ။ ဘာမှဆိုင်ကယ်နဲ့ပွတ်စရာမလိုဘူး။ နင်တို့ စတန့်ထွင်မောင်းပုံမျိုးနဲ့ တခြားလူတွေပြေးလာပြီး ရိုက်ဖို့တောင် အချိန်မရလိုက်ပါဘူး။ ငါ ယုံပြီးသားပါ”



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာဟာ ဓာတ်လမ်းကို ရှပ်တယ်"

"ငယ်သူငယ်ချင်း ဖြစ်မိတာ မှားတယ်၊ နောင်တရတယ်၊ ပြင်ချင်တယ်"

"အပိုတွေ ညည်းမနေနဲ့၊ နင်တို့ ငါ့ကို ဒီတစ်ခု မကူညီရင် နင်တို့လိုက်နေတဲ့ အဆိုတော်ကောင်မလေးနှစ်ယောက်ရဲ့ နောက်ဆုံးသတင်းကို မပေးဘဲ နေလိုက်မယ်"

ခင်လိပ်ပြာမှာလည်း နိုင်ကွက်နဲ့မို့ နောက်ဆုံးတော့ ငယ်သူငယ်ချင်းလေးနှစ်ယောက် (ဆိုင်ကယ်စတန့်ထွင်စီးသူတွေလည်းဖြစ်)တို့ခမျာ မနက်စောစောလေးမှာ ဈေးဘက်ထွက်လာဝယ်တတ်တဲ့ သူတစ်ဦးကို စောင့်ရတော့လေသည်။

ခင်လိပ်ပြာ အသေအချာ သတင်းပေးထားတာက တော့ ဒေါ်မေဦးဟာ မနက်တိုင်း မနက်တိုင်း ပုံမှန်ဈေးဝယ်ထွက်တတ်သူ။ အသွားကိုတော့ မနီးမဝေး ဈေးလေးသို့ ဈေးခြင်းဆွဲကာ သွားလေ့ရှိပေမယ့် အပြန်ကိုတော့ ဆိုက်ကားစီးပြန်ပါသတဲ့။ တစ်ရက်လည်း စောင့်ကြည့်ပြထားသူဖြင့် ဒေါ်မေဦးဆိုသော ခန့်ခန့်တည်တည် အမျိုးသမီးကြီးကို သူတို့တွေ့ဖူးထားကြပါသည်။ မှတ်လည်းမှတ်မိပါသည်။

"အန်တီကြီးတစ်ယောက်ကိုဟာ ဘာရန်ငြိုးရှိလို့ လုပ်ချင်တာလဲ"





"ဘာရန်ငြိုးမှကို မရှိဘူး။ အကြောင်းအရာတစ်ခုနဲ့ ဆက်စပ်နေလို့ ဓာတ်လမ်းထွင်တာ ငါက ကယ်တင်ရှင်လုပ်ပြမှာ။ ဒီလောက်ပဲ ပြောပြမယ်၊ ကျန်တာ ဆက်မမေးနဲ့ မပြောဘူး"

ယောက်ျားလေးတွေ ဆိုတော့လည်း ဆက်စပ်စုမနေတော့ဘဲ ခင်လိပ်ပြာ မက်လုံးပေးထားသော သူတို့လိုက်နေသည့် အဆိုတော်ပေါက်စမလေးနှစ်ယောက်ရဲ့ နောက်ဆုံးသတင်းရယ်၊ လက်ကိုင်ဖုန်းနံပါတ်ရယ်ကိုသာ ပိုအာရုံစိုက်တော့လေသည်။

ထိုတစ်ရက်ရဲ့မနက်ခင်းမှာတော့ ဒေါ်မေဦးတစ်ယောက်တည်း နံနက်ခုနစ်နာရီဝန်းကျင်လောက်မှာ မနီးမဝေးဈေးလေးကို အေးအေးလူလူ လမ်းလျှောက်ထွက်လာခဲ့ပါသည်။ အကွက်ချောင်းနေသော ခင်လိပ်ပြာက ခပ်လှမ်းလှမ်းမှာ စောင့်ဆိုင်းနေသော ဆိုင်ကယ်လ်သရဲနှစ်ယောက်တို့ကို ဖုန်းဖြင့်အချက်ပေးလေသည်။

ကြိုတင်ပြင်ဆင် ဓာတ်တိုက်ထားသလိုပဲ အံဝင်ခွင်ကျဖြစ်သွားပါသည်။ မနက်မိုးလင်းခါစ လူမစည်တစည် လမ်းမကြီးကို ဖြတ်ကူးဖို့ လမ်းဘေးမှာ အရိပ်အခြည်ကြည့် စောင့်ဆိုင်းနေသည့် ဒေါ်မေဦး တစ်ယောက် ဟန်ချက်ပြတ်ယိုင်လဲကျသွားစေဖို့ ဆိုင်ကယ်လ်သရဲနှစ်ယောက်က ပညာပြလိုက်လေသည်။ ဘယ်နေရာကို ဦးတည်မှန်းမသိ မျက်နှာချင်းဆိုင်ပုံစံ လာကြကာ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေဦးထံ ဘယ်အစီးက ဦးတည်လာမှန်းမသိသောဟန်မျိုး စတန့်ထွင်မောင်းပြလိုက်ခြင်းကြောင့် ဒေါ်မေဦးလည်း လှုကြီးပိပိ ထိတ်လန့်တကြား ဟိုရှောင်ဒီရှောင်လုပ်ရင်း တစ်ချက်ခြေချော် လဲပါတော့သည်။

ဆိုင်ကယ်လ်တွေကတော့ ပွတ်ကာသီကာ တိုက်တော့မလိုလုပ်ကာ လမ်းမကြီးပေါ် တဝုန်းဝုန်းမောင်းနှင်သွားသည်မှာ မြန်လိုက်တဲ့ဖြစ်ခြင်း။

"အန်တီ ... အန်တီ ... ဘာဖြစ်သွားသေးလဲ၊ ဘယ်နား နာသွားသေးလဲဟင်"

ကြိုတင် ဇာတ်တိုက်ထားတာမို့ ဖြစ်ဖြစ်ခြင်းမှာ ဒေါ်မေဦးအနား သူများရောက်မလာခင် ခင်လိပ်ပြာ အရင်ရောက်အောင် သွားထားနှင့်ပါသည်။

ဒေါ်မေဦးက ချော်လဲရသည့်အတွက် ခပ်ရှက်ရှက်ဖြင့် လက်ထောက်ကာ ထရမ်မလိုလုပ်လျှင် ...

"အို ... အန်တီ လက်တအားမထောက်လိုက်နဲ့နော်၊ လူကြီးဆိုတော့ လက်အရိုးမျက်တတ်တယ်၊ သမီးတွဲထူပေးမယ်နော်"

ခင်လိပ်ပြာ မြန်မြန်ဆန်ဆန်ပဲ ဒေါ်မေဦး လက်မောင်းမှ တွဲထူပေးပါသည်။

"အား ... ကျွတ် ... ကျွတ်"





"ဟင် ... အန်တီ ဘာဖြစ်သွားလဲ"

"ဖင်ထိုင်လဲလို့လား မသိဘူး တင်ပါးထဲ နည်းနည်းအောင့်သွားတယ်ကွယ်"

"ဒါဆို သမီး တွဲမယ်လေ"

"ရတယ် ... ရတယ် ... မတွဲနဲ့"

"အန်တီ ဘယ်သွားမှာလဲ၊ လိုက်ပို့ပေးမယ်"

"အင်း"

ဒေါ်မေဦး စဉ်းစားသလို လုပ်ပြီးမှ ...

"ဈေးဘက်သွားပြီး ဟင်းချက်စရာလေး ဝယ်ဖို့ပါပဲ၊ ဒါပေမဲ့ ဒီနေ့တော့ ဝယ်ချင်စိတ်တောင် မရှိတော့ပါဘူး။ အန်တီက အယူသီးတတ်တယ်။ မနက်ခင်းမှာ တစ်ခုခုမကောင်းတာ ဖြစ်ရင် တစ်နေ့လုံး အဆင်မပြေ ဖြစ်တတ်တယ်လို့ ယူဆတတ်တော့ ဈေးလည်း ဆက်မသွားချင်တော့ပါဘူး။ အိမ်ပဲ ပြန်လိုက်ပါတော့မယ်"

"ဒါဆို သမီး လိုက်ပို့ပေးမယ်"

"နေ ... နေ ... ရတယ်၊ ဆိုက်ကားပဲ ..."

"ရပါတယ် အန်တီရဲ့။ ကူညီလက်စနဲ့ အိမ်တိုင်ရာရောက် ကူညီလို့ ရပါတယ်၊ သမီး ကားပါပါတယ်"

နောက်ဆုံးတော့ ဒေါ်မေဦး တစ်ယောက် ခင်လိပ်ပြာရဲ့ပြိုင်ကားလေးပေါ် စိတ်လက်မအီမသာဖြင့် ပါလာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို အိမ်တိုင်ရာရောက် လိုက်ပို့ပေးသော မိန်းကလေးဟာ စကားအပြောအဆို အမူအရာ ယဉ်ကျေးပါသော်လည်း ကိုယ်ပေါ်မှာ ဘာတွေမှန်းမသိ ရှုပ်ယှက်ခတ်နေသည်ကို မနှစ်မြို့နိုင်ပါ။ သူ့ကိုကြည့်ရတာနဲ့တင် ဘာတွေအလိုမကျမိမှန်းမသိ ဖြစ်နေသည်။

ဒါပေမဲ့လည်း လူ့ယဉ်ကျေးမှုအရ အိမ်တိုင်ရာရောက် လိုက်ပို့သူကို ...

"အိမ်ထဲဝင်ထိုင်ပါဦး၊ ကော်ဖီသောက်ပါဦး"

ဟု ဖိတ်ခေါ်ရပြန်သောအခါ နည်းနည်းမှတောင် မငြင်းဘဲ ချက်ချင်းဝင်လိုက်လာပြန်တော့လည်း မတင်မကျနဲ့ လက်ခံရပြန်သည်။

"ဟာ ... မေမေ၊ ဈေးကပြန်လာတာ မြန်လှချည်လား၊ ဟင် ... မင်း ..."

အိမ်ရှေ့က တံခါးဖွင့်သံကြား၍ ပြေးထွက်လာသူ လင်းထင်းမှာ မေမေနဲ့အတူ နောက်ကပါလာသော ခင်လိပ်ပြာကိုမြင်လျှင် ခြေလှမ်းတွေ ရပ်တန့်သွားပါတော့သည်။

သူသည် ခင်လိပ်ပြာ၏လွမ်းသလို ငေးကြည့်နေသော မျက်လုံးတွေကို ဘယ်လိုမှ မသိကျိုးကျွင် မပြုနိုင်ဘဲဖြစ်နေခဲ့သည်။ သူတို့ တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြသော အကြည့်ကြောင့် ဒေါ်မေဦးလည်း ချက်ချင်းသတိပြုမိကာ ...

"သားနဲ့ အသိမိတ်ဆွေတွေလား"





ဟု မေးချလိုက်တော့၏။

"ဟို ... ကျွန်တော် ..."

"အန်တီက လင်းထင်းရဲ့အမေကိုး။ အခုမှပဲ မြင်ဖူးတော့တယ်"

လင်းထင်းသည် ရုတ်တရက်ပင် အရည်ပျော်ပျောက်ကွယ်သွားချင်သလို ခံစားလိုက်ရပါသည်။ မေမေ တစ်ခါကသိထားဖူးသော ခင်လိပ်ပြာ ဆိုတာ သူပဲမေမေဟု ဘယ်လိုမှ ပြောပြမိတ်ဆက်မနေချင်တော့ပါ။

"သမီးက ဘယ်သူလဲ"

"ခင်လိပ်ပြာပါ အန်တီ။ တွေ့ရတာ ဝမ်းသာပါတယ်။ လင်းထင်းနဲ့လည်း တွေ့ချင်နေတာ အတော်ပဲ။ သူ့အိမ်ကို မသိလို့ မတွေ့ရတာကြာပြီ။ ဖုန်းနဲ့လည်း အဆက်အသွယ်ပြတ်နေလို့ပါ"

"ဪ ... ခင်လိပ်ပြာလား"

ဒေါ်မေဦးသည် အစတည်းက အယူသီးတတ်ပါသည်ဆိုမှ အခုကျပြန်တော့ သူမကိုကူညီပြီး အိမ်တိုင်ရာရောက်ပို့ပေးသူမှာ ဟိုတလောက ဒီအိမ်သားတွေကြား ရေပန်းစားသွားသော ခင်လိပ်ပြာမှန်း ကြားသိလိုက်ရသောအခါ ဒီနေ့ တံကယ့်ကို ကံမကောင်းတဲ့နေ့ပဲရယ်လို့ တွေးတောလို့မဆုံး ဖြစ်နေတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"မိဖြူရေ ... ညည်းသည်အတွက် ကော်ဖီ မုန့် ယူလာပါဦး"

ဒေါ်မေဦးမှာ လူကြီးလည်း လူကြီးမို့ ဟန်ဆောင်ပြီး ဆက်စကားပြောရပါတော့သည်။

"ထိုင်ပါ သမီး။ သမီးနာမည်ကိုလည်း ကြားဖူးပြီးသားပါ၊ ခုမှပဲ တွေ့ဖူးတော့တယ်"

ခင်လိပ်ပြာကတော့ သူမ စီစဉ်အကွက်ချထားတဲ့အတိုင်း တစ်ဆင့်ချင်း ဖြစ်လာသော အခြေအနေတွေကို ကျေကျေနပ်နပ် လက်ခံလျက် မအီမလည်ဖြစ်နေသော လင်းထင်း၏မျက်နှာကြီးကို တည့်တည့်စိုက်ကြည့်ရင်း ...

"လင်းထင်းက လိပ်ပြာကို ဘိပ်မခေါ်ချင်ဘူးထင်တယ်။ မထိုင်တော့ပါဘူး အန်တီ"

ဟူ၍ တမင်ပဲ ကလိသလို၊ ရိသလို စကားဖြင့် လှမ်းပြောလိုက်သည်။

"ဟို ... အင်း ... အဲ ... မဟုတ်ပါဘူး ... ထိုင်ပါ၊ အခုလို ပြန်ဆုံရမယ် မထင်လို့ အံ့ဩနေတာပါ"

"မတွေ့ကြတာ သိပ်တော့မကြာသေးပါဘူး၊ လင်းထင်းက မတွေ့အောင် ရှောင်နေတာလေ"

ဒေါ်မေဦးမှာ ဘာအဓိပ္ပာယ်တွေမှန်းမသိ အပြန်အလှန် ပြောဆိုနေကြသော သားဖြစ်သူနှင့် ခင်လိပ်ပြာတို့ကို



စိတ်မသက်မသာကြည့်လျက် လူကြီးပီပီ စကားဝင်ပြောပေးဖို့ စိတ်ကူးလိုက်ပါသည်။

"မေမေ့ကိုကွယ် ဆိုင်ကယ်လိစတန့်ထွင်စီးနေတာလား၊ ပြိုင်စီးနေတာလား မသိတဲ့ ကောင်လေးနှစ်ယောက်ရဲ့ ဆိုင်ကယ်လ် ဝင်တိုက်မလိုလို ဘာလိုလိုဖြစ်တော့ မေမေ လန့်ပြီး ရှောင်လိုက်တာ၊ မြေကြီးကလည်း မညီတော့ ခြေချော်ပြီး ဖင်ထိုင်လဲသွားတုန်း ခင်လိပ်ပြာကဝင်ပြီး ကူညီပေးတာလေ။ ဘာမှတော့ မဖြစ်ပါဘူး၊ ဖင်ထိုင်ရက်လဲသွားတော့ လူကြီးမို့ အရိုးထဲ နည်းနည်းလေးအောင့်သွားတာပါ။ ခင်လိပ်ပြာက အိမ်လိုက်ပို့ပေးမယ် ဆိုတာနဲ့လေ"

လင်းထင်းသည် သူ့ဘက်က ဘာမှပြင်ဆင်ချိန်မရလိုက်ပဲ ဖရိုဖရဲဖြစ်နေသလောက် ခင်လိပ်ပြာဘက်ကတော့ အေးအေးဆေးဆေး တည်ငြိမ်လှစွာ သေသေသပ်သပ် အမူအရာတွေနဲ့ နေနိုင်တာကို အတော်လေးတော့ မသင်္ကာဖြစ်မိသည်။ ခင်လိပ်ပြာဟာ အရာရာကို အကွက်ချစီစဉ်ပြီးမှ ဝင်လာတတ်သူဟု သူ့အတွေ့အကြုံအရ သိထားပြီးလေပြီ။ ခင်လိပ်ပြာနဲ့ပတ်သက်တိုင်း လင်းထင်းဘက်မှ အမှတ်မထင်တို့၊ မတော်တဆတို့၊ တိုက်တိုက်ဆိုင်ဆိုင်တို့ဆိုတာ မျှော်လင့်လို့မရဘဲ ခင်လိပ်ပြာကသာ အကွက်ချစီစဉ်ထား၍ ဆုံစည်းရတာတွေ များသဖြင့် ဒီတစ်ခါရော မတော်တဆ

www.burmeseclassic.com

www.burmeseclassic.com

မှ ဟုတ်ရဲ့လား။ အမှတ်မထင်မှ ဟုတ်ရဲ့လား။ တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံလိုက်ကြတာရော ဟုတ်ရဲ့လားလို့ သံသယတွေနဲ့ တွေးနေမိတော့သည်။

"သားကို ဟိုတလောက အိမ်အလည်ခေါ်ခိုင်းပါသေးတယ်။ အဲဒီတုန်းကတော့ မဆုံရဘဲ ခုမှပဲ ဆုံရတော့တယ်"

"ဟုတ်လား ... သူ ဘာမှလဲ မပြောဘူး"

လင်းထင်းသည် ခင်လိပ်ပြာကို ဒေါသတကြီး လှမ်းကြည့်မိ၏။ ပြောချိန်ရော ရလိုက်လို့လား။ မေမေ အဲဒီလိုမှာ တဲ့ရက်တွေမှာပဲ မင်းပဲ ငါ့ကိုစပြီးရှောင်တာ။ အဆက်အသွယ်ဖြတ်တာ။ အတွေ့မခံတော့တာလေ။ တွေ့ခွင့်ရတဲ့အခါမှာတော့ လောင်းကြေးစားကြေးနဲ့ ငါ့ကိုရအောင် ဆွဲဆောင်ကြည့်လိုက်တာပါဆိုတဲ့ စကားနဲ့ အသည်းနှလုံးကို နင်းချေပစ်လိုက်တော့တာ။ ဘယ်လောက်မုန်းဖို့၊ နာကြည်းဖို့ ကောင်းခဲ့သလဲ။

အခုကျတော့ သူမဘက်ကပဲ တပြန်ကြီး လင်းထင်းကစပြီးရှောင်လို့ အဆက်အသွယ်ပြတ်ရပါတယ် ပုံစံမျိုးနဲ့ မေမေ့ကို ပြောနေပြန်လျှင် လင်းထင်း အတော့်ကို အခံရခက်နေလေသည်။

"ဟုတ်လား ... သားကို မေမေ အဲဒီတလောက မှာတယ်လေ။ လွန်ခဲ့တဲ့ သုံးလေးလလား အဲဒီလောက်ကပဲ။ အိမ်ကိုခေါ်လာပြီး မိတ်ဆက်ပေးမယ် ပြောလို့ စောင့်တော့စောင့်နေတာ။ နောက်တော့ မင်းဘက်က ဘာမှအသံမကြားတာ





နဲ့ မေမေလည်း လူကြီးပီပီ ဘာမှမမေးဘဲ နေလိုက်တာပါ"

ခင်လိပ်ပြာကတော့ သူမဘက်မှာ လုံးဝအပြစ်ကင်းတဲ့ဟန်လေးဖြင့် မျက်လုံးလေးကို အဖြူစင်စင်ဆုံးအကြည့်နဲ့ ကြည့်နိုင်စေဖို့ သရုပ်ဆောင်ကာ ဒေါ်မေဦးကို ကြည့်ပါသည်။ ဒေါ်မေဦး၏အာရုံတွေကလည်း ခင်လိပ်ပြာထံမှာ တသမတ်တည်း ရှိနေတာ သေချာသည်။ ခုချိန်မှာ လင်းထင်းက လူဆိုးဖြစ်နေကာ ခင်လိပ်ပြာကတော့ တကယ့်ကို လူကောင်းဘက်ကပုံစံမျိုးတည်း။

"လိပ်ပြာကို သူ အထင်လွဲသွားတာလေ၊ လိပ်ပြာ အဲဒီတလောက အလုပ်ရှုပ်ပြီး သူ့ဖုန်းတွေလည်း missed ဖြစ်သွားတယ်။ မက်ဆေ့(ချ်)တွေလည်း မဖွင့်ဖတ်ဖြစ်ဘူး။ အဲဒီတော့ ဘာမှမသိလိုက်ရပါဘူး"

လင်းထင်း သည်းမခံနိုင်တော့ဘဲ ...

"မဟုတ်ဘူးလေ ... မဟုတ်ဘူး။ မင်းနဲ့ငါ တွေ့ပြီးရှင်းကြတုန်းက မင်း ဘာပြောခဲ့လဲ၊ ဘာကြောင့် မေမေ့ကို အမှန်အတိုင်းမပြောဘဲ လိမ်နေတာလဲ"

ဟု အော်ချလိုက်လျှင် ဒေါ်မေဦး လှုပ်လှုပ်ရှားရှား ဖြစ်သွားတော့သည်။ သားဖြစ်သူ လင်းထင်းဟာ တစ်ခါမှ ဒီလောက် အသံကျယ်ကျယ်နဲ့ မအော်ဖူးခဲ့သလို သူစိမ်းမိန်းကလေးအပေါ်မှာလည်း ဘယ်တော့မှ အသံမာမာပုံစံနဲ့ မပြောဘက်


www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးသူ ဖြစ်လေရာ တော်တော့်ကို အံ့ဩသွားသည်။ စိတ်ထဲမှာလည်း ကြည့်စမ်း ... သားနဲ့ ခင်လိပ်ပြာဟာ ဘယ်လောက်တောင် ရင်းနှီးပါလိမ့်။ သိပ်ရင်းနှီးလွန်းလို့သာ သူ ဒီလိုအသံမာမာနဲ့ အော်ရဲ၊ ငေါက်ရဲတာဟု တွေးမိသွားသည်။ အံ့မယ်လေး ... တော်တော့်ကို ဇာတ်လမ်းတွေ ရှုပ်တာပါလား။ ကြည့်စမ်း ... ကြည့်စမ်း။

သားဟာ ခင်လိပ်ပြာနဲ့ သူတို့လူငယ်ချင်း သဘောထားမတိုက်ဆိုင်ဘဲ စိတ်ကောက်နေကြစဉ်မှာ ပြည့်ပြည့်ဝင်းကို များ ချက်ချင်းကောက်တွဲလိုက်လေသလား။ အခုတော့ လူကြီးချင်းလည်း ကလေးတွေ အဆင်ပြေပြီမို့ ဝမ်းသာအားရတွေဖြစ်ကာ ဟိုဟာစီစဉ်၊ ဒီဟာတိုင်ပင်တွေပင် စပြီးလုပ်မိနေပြီ။ ခင်လိပ်ပြာနဲ့သာ ပြန်အဆင်ပြေသွားရင် ဘယ်လိုများလုပ်ရပါ့မလဲ။ ဒေါ်မေဦး တစ်ယောက် အတွေးတွေ ယောက်ယက်ခတ်လျက် စိတ်အရှုပ်ကြီး ရှုပ်နေတော့သည်။ ဒီမိန်းကလေးနဲ့ ဒီမနက်တွေ့ပြီး အိမ်တိုင်ရာရောက် ခေါ်လာမိတာကိုက အမှားဖြစ်နေပြီ။

"လိပ်ပြာတို့ကြားမှာ ဖြစ်ခဲ့တဲ့ အထင်လွဲတာတွေ အဆင်မပြေခဲ့တာတွေကို လူကြီးတွေသိအောင် ဘာလို့ပြောပြချင်ရတာလဲ။ လင်းထင်း အဲဒါကို ထပ်ရှင်းချင်သေးတယ်ဆိုရင် ခုပဲ လိပ်ပြာနဲ့ နှစ်ယောက်ချင်း ရှင်းကြမယ်လေ။ ဘယ်လိုလဲ"



"ဘာ ... ဘာပြောတယ်။ မင်း ဘာတွေ မလိမ့်တပတ် လုပ်နေတာလဲ။ မင်း ပြောခဲ့တဲ့စကားကို မင်းမမေ့ပါဘူး။ ဘာရှင်းစရာရှိလို့လဲ။ ရှင်းစရာကို မရှိဘူး။ ငါလည်း မင်းနဲ့ စကားပြောဖို့ စိတ်မပါဘူး"

"လိပ်ပြာကတော့ လင်းထင်းနဲ့ကိုဆုံပြီး စကားပြောချင်နေတာလေ"

"တော်ပါပြီ၊ ငါ့ဘဝမှာ မင်းနဲ့ထပ်ကိုမဆုံချင်တော့ပါဘူး။ မင်းကို ငါ ..."

လင်းထင်း လည်ပင်းကြောကြီးတွေတင်းအောင် သွားကိုဖိကြိတ်ကိုက်လိုက်ပြီးမှ ...

"မုန်းတယ်"

ဟု ခပ်ပြတ်ပြတ် ပြောချလိုက်တော့လေသည်။ ဒေါ်မေဦးမှာ သူတို့နှစ်ယောက်ကြား ဟိုဘက်ကပြောတာ နားထောင်လိုက်၊ ဒီဘက်ကပြောတာ နားထောင်လိုက် လုပ်ရင်း ခေါင်းတွေနောက်နေတုန်း သားဖြစ်သူထံမှ "မုန်းတယ်"ဟူသော နာနာကြည်းကြည်း ပြောသံကြောင့် ဟင်ခနဲတောင် ဖြစ်သွားပါသည်။

ဘာတွေဖြစ်ခဲ့ကြလို့ မုန်းတယ်လို့တောင် ပြောထွက်ရသနည်းလို့ တအံ့တဩပင် သားဖြစ်သူကို လှမ်းကြည့်နေတုန်း

www.burmeseclassic.com

www.burmeseclassic.com



မှာ အသံထွက်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်သော ခင်လိပ်ပြာ၏ အသံကြောင့် ...

"ဟဲ့ ... ဟဲ့ ... ဩော် ... ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ ကွယ် သားရယ်။ ပြေပြေပြစ်ပြစ် ပြောပြီး ဆွေးနွေးကြမှပေါ့"

ဟု ကိုယ့်မျက်စိရှေ့မှာ မိန်းကလေးတစ်ယောက် ဝမ်းနည်းပက်လက် ငိုကြွေးသည်ကို မမြင်ရက်စွာ ဝင်ပါလိုက်ရတော့လေသည်။

"အလကား မေမေ၊ သူ ဟန်ဆောင်နေတာ"

"ဟဲ့ ... သား လင်းထင်း။ ဘာလို့ ဒီလောက်ရိုင်းနေရတာလဲ။ မင်းတို့ကိစ္စကို မေမေ ဘာမှမသိပေမယ့် ဒါ အခု မေမေ့မျက်စိရှေ့မှာ ဖြစ်နေကြတာဆိုတော့ မေမေ ပြောတာ နားထောင်ရမယ်လေ။ ကိုယ့်အိမ်ရိပ်ထဲမှာ ရောက်နေတဲ့ မိန်းကလေးတစ်ယောက် ငိုယိုနေတာကိုတောင် မထောက်ထားဘဲ ဒေါသတကြီး ဆက်ပြောမနေရင် ဒါဟာ ယောက်ျားကောင်းမပီသတော့ဘူး။ ပြီးတော့ မေမေ့ကိုလည်း မရိုသေရာရောက်တယ်"

လင်းထင်း စိတ်ပျက်လက်ပျက် ခေါင်းအသာခါမိသည်။ စိတ်ထဲမှာ အကြံပိုင်ပြီး မျက်ရည်တွေသွန်ချပြနေသော ခင်လိပ်ပြာကို မုန်းပြီးရင်း မုန်းသည်။ ဒီမျက်ရည်ဟာ ဘယ်လိုမှ





အစစ်မဖြစ်နိုင်ဘူး။ အတုပဲ။ အတုခံစားချက်နဲ့ မျက်ရည်ကျပြတတ်တာ လက်ဖျားခါရလောက်အောင် တော်ပါပေတယ် ခင်လိပ်ပြာရယ်။

မေမေ့ကို အမှန်အတိုင်း ပြောပြမြီးတော့လည်း ခင်လိပ်ပြာရဲ့အပြစ်တွေကို ဖွင့်မပြောရဲပြန်။ အဲဒီလို ပြောလိုက်ခြင်းဟာ လင်းထင်းရဲ့ ပျော့ညံ့ချက်ကိုပါ ထုတ်ပြလိုက်သလိုဖြစ်သွားမည်။ မိန်းကလေးတစ်ယောက်ရဲ့ ဖြားယောင်းဆွဲဆောင်မှုမှာ ဒီလောက်တောင် အလွယ်တကူ ကျဆုံးသွားသလား။ တစ်သက်လုံး သမာဓိကြီးနဲ့ နေခဲ့ပြီး ဘယ်မိန်းကလေးအပေါ်မှကို စိတ်မကစားခဲ့တဲ့ လင်းထင်းဟာ ခင်လိပ်ပြာနဲ့ကျမှ ပျက်ပြားခဲ့ရသလား။ ခင်လိပ်ပြာလိုပုံစံနဲ့ မိန်းကလေးဟာ လင်းထင်းလိုပုံကြီးကို သဘောကျပြီး မိန်းကလေးက စကြိုက်လို့ လိုက်ရတယ်ဆိုတာ ဖြစ်နိုင်ပါ့မလားရယ်လို့ ဦးနှောက်နဲ့ မစဉ်းစားဘဲ အလွယ်တကူယုံပြီး ခင်လိပ်ပြာရဲ့မာယာတွေကို အဟုတ်ထင်ရလောက်အောင် တုံးအ,ရသလား။ စသဖြင့်သော ထင်မြင်ချက်တွေ မေမေ့စိတ်ထဲရောက်သွားမှာကိုလည်း ရှက်ရွံ့နေပြန်သည်။

ဒါနဲ့ပဲ ခင်လိပ်ပြာရဲ့ အဖြစ်ကို ဖွင့်မပြောရဲဘဲ လင်းထင်းသာလျှင် လူဆိုးဖြစ်လျက် ခင်လိပ်ပြာရဲ့မျက်ရည်တွေကို မုန်းမုန်းနဲ့ ထိုင်ကြည့် နှုတ်ပိတ်နေရတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... ခင်လိပ်ပြာ၊ တိတ်ပါကွယ်။ မျက်ရည်တွေသုတ်ပါဦး။ ဘာတွေဘယ်လိုဖြစ်လို့ ဒီလောက်တောင် ရှင်းမရဖြစ်နေတာလဲ။ အန်တီ ဒီလိုမြင်ရတော့ စိတ်မကောင်းပါဘူးကွယ်။ သမီးမရှိပေမယ့် သမီးချင်း ကိုယ်ချင်းစာမိပါတယ်။ သမီးမှာလည်း ခံစားချက်တစ်ခု ရှိမယ်လို့ ထင်တယ်"

"ဟုတ်ကဲ့ အန်တီ။ အခုလို နားလည်မှုရှိတာ ဝမ်းသာပါတယ်။ လိပ်ပြာ သူများအိမ်ကို စောစောစီးစီး လာပြီး နှောင့်ယှက်သလိုလည်း ဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်။ လိပ်ပြာ သွားတော့မယ်နော်"

ခင်လိပ်ပြာသည် မျက်ရည်အကြွင်းအကျန်တို့ကို လက်ဖဝါးဖြင့် ပွတ်သုတ်ရင်း ကိုယ့်ဘာသာကိုယ် ဘာဖြစ်သွားမှန်းမပင် မသိလိုက်ပေ။ ဒီလိုငိုပြဖို့မဆိုထားနဲ့ သူ့ကိုအရှုံးပေးတဲ့ ပုံစံနဲ့ဝင်လာဖို့တောင် ခေါင်းထဲမရှိခဲ့ပါဘဲ ဘာကြောင့်များ မျက်ရည်တွေ အလိုလိုကျလာရသလဲ။ သူ့ဆီက နာနာကြည်းကြည်းနဲ့ ရင်ထဲကလာတဲ့ "မုန်းတယ်"ဆိုတဲ့ စကားသံမှာ ပြင်းပြင်းထန်ထန် နှလုံးသားကို ထိခိုက်နာကျင်စေခဲ့တာတော့ အမှန်ပင်။ ကိုယ့်ကိုယ်ကိုယ်လည်း ဒီခံစားချက်ဖြစ်ခဲ့တာ မငြင်းချင်။ အဲဒါကြောင့်များ ခင်လိပ်ပြာဆိုတဲ့ မိန်းမတစ်ယောက်ဆီမှာ တွေ့ရခဲ့တဲ့ မျက်ရည်တွေ အလိုလို ဖြစ်ထွန်းလာလေသလား။





အဲဒီလို မျက်ရည်တွေနဲ့ ငိုနေမိတဲ့အချိန်မှာ ဝင့်ဝင့်ပြောထားတဲ့ နိုင်တာတွေ၊ ရှုံးတာတွေလည်း ရင်ထဲမှာမရှိတော့။ ရင်ထဲမှာ ဘာဆိုဘာမှမရှိတော့ဘဲ အဲဒီ"မုန်းတယ်"ဆိုသောစကားမှာအခါခါ ကျဆုံးနေတော့တာပါ။

❣ ○ ❣



www.burmeseclassic.com

www.burmeseclassic.com

## ၂၂

"ခင်လိပ်ပြာ"

လိပ်ပြာသည် ထပ်ပြီးကျလာတော့မလို ဖြစ်နေသော မျက်ရည်တို့ကိုထိန်းရင်း လင်းထင်းတို့ကို ကျောခိုင်းပြီး ထွက်လာခဲ့တော့သည်။ အိမ်ထဲကနေ ခြေလှမ်းဆယ့်လေးငါးလှမ်း လှမ်းလျှောက်ထွက်လိုက်တာနဲ့ မကျဉ်းမကျယ် ခြံလေးရဲ့တံခါးဝမှာ ရပ်ထားတဲ့ လိပ်ပြာရဲ့ကားကို ရောက်ပါသည်။ ကားဆီမရောက်ခင်လေးမှာပင် နောက်ကျောဘက်ဆီမှ ဒေါ်မေဦး၏ ခေါ်လိုက်သံကြောင့် လိပ်ပြာ ခြေလှမ်းတွေ ရပ်တန့်သွားရပါသည်။

ဒီကိစ္စမှာ ဒေါ်မေဦးကို အသုံးမချချင်ပါဘဲ အကွက်ဆင် အသုံးချပြီးမှ အားနာနောင်တရသလိုပဲ ဖြစ်မိကာ ဒီနေရာက မြန်မြန်ထွက်ပြေးချင်နေပါပြီ။



ခင်လိပ်ပြာဘဝမှာ တစ်ခါမှ မဖြစ်ပေါ်ဘူးသော အရာရာကို စိတ်ကုန်ခန်းခြင်း၊ လက်လျှော့အရှုံးပေးခြင်းတွေ အလိုလိုနေရင်း ဖြစ်လာကာ နောက်ထပ် လင်းထင်းနဲ့ ဘယ်တော့မှ မပတ်သက်တော့ဖို့လည်း ဆုံးဖြတ်နေမိသေးသည်။ ဝင့်ဝင့်ကို ခုချက်ချင်းပဲ ဖုန်းဆက်ပြောတော့မယ်။

"ဝင့်ဝင့် ... ငါ ရှုံးသွားပြီ၊ နင်နိုင်တယ်။ ငါ အခုမှ တကယ်ရှုံးသွားဖူးတယ်"

ဟူ၍တောင် ဝန်ခံလိုက်တော့မလို့ ဝမ်းနည်းကြေကွဲစွာ တွေးနေသေးတာ။

"အန်တီ သားကို ခင်လိပ်ပြာနဲ့ အသေအချာ စကားပြောကြည့်စေချင်သေးလို့ ထည့်လိုက်မယ်။ ဘယ်ကိစ္စမဆို သွေးပူနေတုန်း ဆုံးဖြတ်တာ မကောင်းဘူးလို့လည်း သားကို ခုလေးတင် ပြောလိုက်တယ်၊ သူ ခင်လိပ်ပြာနဲ့ လိုက်လာလိမ့်မယ်၊ ဒီတစ်ခါတော့ သေသေချာချာ ညှိနှိုင်းတိုင်ပင်ကြပါ။ ရလာတဲ့အဖြေဟာ အကောင်းဆုံး ဖြစ်မယ်လို့ အန်တီ မျှော်လင့်ပါတယ်"

ခင်လိပ်ပြာသည် ဒေါ်မေဦးထံမှ မျှတသော အဆုံးအဖြတ်စကားကြောင့် ဖို၍ပင် မျက်နှာပူသွားပါသည်။ ရင်ဆိုင်ကြည့်ရမှာ မရဲသဖြင့် မျက်နှာကို ခပ်လွှဲလွှဲလုပ်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"သူ စိတ်မပါရင်လည်း ထားလိုက်ပါ အန်တီ၊ လိပ်ပြာ အက်က မှားခဲ့တာတွေ အများကြီးရှိခဲ့ပါတယ်။ သူ့ဘက်က ခွင့်မလွှတ်နိုင်လောက်တဲ့ အမှားမျိုး လိပ်ပြာလုပ်ခဲ့တာပါ၊ ဒါကြောင့် သူ့ရင်ထဲမှာ မုန်းတယ်လို့ နာနာကြည်းကြည်း ပြောတာကို လိပ်ပြာ လက်ခံရမှာပါ။ အန်တီဝင်ပြီး ညှိနှိုင်းပေးတာကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ သူက ..."

"ဟော ... ခင်လိပ်ပြာ"

လင်းထင်းမျက်နှာကြီး ရုတ်တရက် အမေနောက်မှ ပေါ်လာလျက် လိပ်ပြာကို ဝေါက်ငမ်းသလိုအသံဖြင့် အော်လိုက်လေရာ လိပ်ပြာမှာ ပြောလက်စ,စကားတောင် တစ်ပိုင်းတစ်စရပ်သွားလျက် တုန်တောင်တုန်သွားပါသည်။ ဘုရားရေ ... လင်းထင်းနဲ့တွေ့ရင် အမြဲတမ်း အသာစီးကရတတ်တဲ့ ခင်လိပ်ပြာ ဘယ်ရောက်သွားပြီလဲ။ လင်းထင်းကို အရုပ်တစ်ရုပ်လို သံပတ်ပေးပြီး လိုသလို စေခိုင်းနိုင်ခဲ့တဲ့ ခင်လိပ်ပြာ ဘယ်မှာလဲ။ အခုတော့ ခင်လိပ်ပြာကပဲ လင်းထင်းကို အရွံ့ကြီးရွံ့၊ အလန့်ကြီးလန့်လျက် သူ့မျက်နှာဝင်းနေတာ မြင်ရလျှင် နေလို့တောင်မရတော့။ နေစရာမရှိအောင် တုန်လှုပ်လ ပွဲ့အနားကတောင် ပြန်ထွက်ပြေးချင်နေမိတော့သည်။ အင် ... ဒါကြောင့် ရှေးလူကြီးတွေပြောတော့





ပြောသွား။ ဝင့်ဆိုတာ ဘာဝတောင်မကူးဘူး။ လည်တတ်တယ်ဆိုတာ။ အခု လိပ်ပြာတို့ ဖြစ်ပျက်နေတာနဲ့ ဆိုင်လား မဆိုင်လားတော့ မသိဘူး။ လိပ်ပြာကတော့ ဝင့်လည်နေပြီလို့ ခံစားရတယ် လင်းထင်းရယ်။

"မင်းနဲ့ငါ ရှင်းမယ်"

သူက ရှင်းမယ်ပြောပြီး ခြေလှမ်းကျဲတွေနဲ့ လျှောက်လာလျှင် လိပ်ပြာ အတော်ကြီး ထိတ်လန့်တုန်လှုပ်နေပြီတည်း။

"လိပ်ပြာ ... လိပ်ပြာ ... မရှင်းတော့ပါဘူး။ ဘာမှရှင်းစရာ မရှိတော့ဘူး။ ရတယ် ... မရှင်းတော့ဘူး"

"မင်းအကြံတွေ ငါမသိဘူး မထင်နဲ့၊ မင်း ဒီမနက် မေမေနဲ့ဆုံတာဟာ တိုက်ဆိုင်မှု လုံးဝမဖြစ်နိုင်ဘူး ခင်လိပ်ပြာ။ ဒီတော့ မင်း ဘာအကြံနဲ့ ငါ့ဆီ နောက်တစ်ခေါက်ရောက်လာသလဲဆိုတာ သိကိုသိမှ ဖြစ်မယ်၊ ဒီတော့ ဒီနေ့ရှင်းလိုက်ရမှ ကျေနပ်မယ် ... ကဲ"

လင်းထင်းက ခင်လိပ်ပြာကို မိုးကြည့်ကာ ခါးထောက်ရပ်လျက် ခပ်ကျိတ်ကျိတ်အသံဖြင့် ယောက်ဟန်းလိုက်ပါသည်။ စကားအဆုံးမှာ "ကဲ"ဟု အဆုံးသတ်လိုက်ပုံက မင်း ဘာညာဏ်နီညာဏ်နက် သုံးချင်သေးလဲ။ သုံးစမ်း ... ဟု စိန်ခေါ်သလိုပုံစံ ပြောလိုက်ဟန်ပါ ပါဝင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းထင်းမှာ မျက်ရည်ဝိုင်းနေသော ခင်လိပ်ပြာ၏ မျက်ဝန်းထဲ စိုက်ကြည့်မိလျှင် ရင်ထဲမှာ တစ်မျိုးတော့ ဖြစ်သွားပါသည်။ အစကတော့ ဟန်ဆောင်ပြီး ငိုပြနေတယ်ဟု ထင်မိပေမယ့် အနီးကပ်မြင်ရသော အခါမှာတော့ ကြေကွဲဝမ်းနည်းရိပ်လွှမ်းနေတဲ့ မျက်ဝန်းကို တွေ့ရလျှင် အတော့်ကို အံ့သြသွားရသည်။ ဒီမိန်းကလေးနဲ့ ဆုံရတိုင်း သူကချည်း ဘာမှကြိုတင်မပြင်ဆင်နိုင်ခဲ့ဘဲ သူလေးရဲ့ဆွဲဆောင်ဖြားယောင်းမှုထဲမှာ အကြိမ်ကြိမ်ကျရှုံးခဲ့ရပေါင်း မနည်းတာမို့ အစစအရာရာကို သတိနဲ့ရင်ဆိုင်ချင်ပါသည်ဟု စိတ်တင်းထားခဲ့ပြီးမှ ထိုမျက်ဝန်းတွေကို အမှတ်မထင်မြင်ရလျှင် လူက အလိုလို ပျော့ပျောင်းတော့မယောင် ဖြစ်သွားပါသည်။

"ကဲ ... ကားပေါ်တက် ... မောင်း။ မမေ့ရှေ့မှာ ဒီလိုဖြစ်ပျက်ရတာကို ငါ လုံးဝသဘောမကျဘူး"

"လိပ်ပြာ ... လိပ်ပြာ ... လင်းထင်းကို လာတောင်းပန်တာပါ"

"ဘာရယ်"

"လိပ်ပြာ မှားသွားတယ်လို့ ..."

"တစ်နေရာရာမှာ ရှင်းမယ်လေ"

"ရှင်းစရာ မလိုတော့ပါဘူး။ လိပ်ပြာ လင်းထင်းကို အဲဒီလိုအမှားမျိုးနဲ့ ..."



"တောက် ... ငါကွာ၊ အရေးထဲမှာ စကားရှည်နေရပြန်ပြီ။ ပေး ... ကားသော့။ မင်း ငါ့ကို မင်းကားပေါ် ခေါ်မသွားဘူးဆိုရင် ငါက မင်းကားကိုမောင်းပြီး မင်းကိုခေါ်သွားရလိမ့်မယ်။ ငါတို့ တစ်နေရာရာမှာ သွားရှင်းမှကို ဖြစ်တော့မယ်။ ငါ့အမေ ရပ်ကြည့်နေတယ်၊ သူ့ရှေ့မှာ မင်းနဲ့ငါ ဘာတွေမှန်းမသိ ပြောကြဆိုကြ ရှင်းကြလင်းကြ ငိုကြ ဖြစ်ရတာကို လုံးဝမကြိုက်ဘူး"

လင်းထင်း ဒေါကန်ကန်ဖြင့် ခင်လိပ်ပြာ၏လက်ထဲမှ ကားသော့ကို ဆတ်ခနဲ ဆွဲလုပစ်လိုက်ကာ သူ့ဘဝမှာ တစ်ခါမှတောင် မောင်းကြည့်ဖို့ စိတ်မကူးဖူးသော Celica Twin Cam ပြိုင်ကားနီနီရဲရဲကိုမောင်းဖို့ ကားထဲဝင်ထိုင်လိုက်တော့လေသည်။

ခင်လိပ်ပြာမှာ တွေဝေဝေ ကြောင်အအဖြင့် မောင်းသူဘေးခုံမှာ ဝင်ထိုင်ဖို့ တံခါးကိုဖွင့်နေစဉ်မှာပင် ဆူဖူးကြီးအာရှဝလပ်(စ)အဖြူလေးတစ်စီးက ခြံထဲဝင်ဖို့ ဦးတည်လာတာတွေ့ရ၏။ ကားထဲကို လှမ်းကြည့်လိုက်သောအခါမှာတော့ အံ့သြပြီးခယုံနိုင်သော မျက်ဝန်းတွေနဲ့ စိုက်ကြည့်နေသည့် ပြည့်ပြည့်ဝင်းကို တွေ့လိုက်ရပါသည်။ ခင်လိပ်ပြာ၏ရင်ထဲမှာ ပြည့်ပြည့်ဝင်းဟာ လင်းထင်းနဲ့ သက်ဆိုင်သူမို့ အသိပေးသင့်သည်ဟု ယူဆမိလိုက်သောကြောင့် ကားထဲမှဝင်ဖြစ်သေးဘဲ ...

"လင်းထင်း ... ရှင့်ရဲ့ ... ရှင့်ရဲ့ ပြည့်ပြည့်ဝင်း လာနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ သတိပေးသလို ပြောလိုက်မိပါသည်။

လင်းထင်းထံမှ မမျှော်လင့်သောစကားကား ...

"သူ့ကို မေမေ ကြည့်ပြောလိမ့်မယ်၊ ငါနဲ့ ဘာမှပြောဖို့ မရှိဘူး"

ဟု ဂရုမစိုက်သော စကားတည်း။

"ရှင်တို့ ... ရှင်တို့ချင်း လိပ်ပြာကြောင့် ပြဿနာတက်လိမ့်မယ်"

"မင်း ဘာဖြစ်နေတာလဲ၊ အရင်က ခင်လိပ်ပြာ ဘယ်ရောက်သွားပြီလဲ။ ဘယ်သူ့ဘက်မှ မငဲ့ဘဲ မင်းဘက်က လိုချင်တာရဖို့ လုပ်တတ်တဲ့ ခင်လိပ်ပြာ ဘယ်မှာလဲ။ ဘာကြောင့် သူများပြဿနာကို ခေါင်းထဲထည့်ပေးနေရတာလဲ၊ အခု ကားထဲဝင်ထိုင်ပြီး လိုက်ခဲ့လိုက်စမ်းပါ၊ ငါလုံးဝ စိတ်မရှည်တော့ဘူး"

သူကချည်း ဒေါသတွေတစ်ပြန့်ထွက်ကာ ဖိဟောက်နေတာခံရသဖြင့် ခင်လိပ်ပြာရင်ထဲ အနည်းငယ်ပင် မကျေမချမ်းဖြစ်သွားပါသည်။ ကားထဲ ဆောင့်အောင့်ဝင်ထိုင်လိုက်လျှင်လိုက်ခြင်းပဲ ကားကလည်း ဝူးခနဲ ရုတ်တရက်ကြီး မောင်းထွက်လိုက်လေရာ ခင်လိပ်ပြာ၏နဖူးမှာ ကားရှေ့ဒက်(ရှ်)ဘုတ်နဲ့ပင် ဆောင့်မိတော့မလို ဖြစ်သွားပါသည်။

"ဖြည်းဖြည်းမောင်းပါ"



"ငါ့ကို အမိန့်မပေးနဲ့"

"အမိန့်ပေးတာ မဟုတ်ဘူး၊ အကောင်းနဲ့ပြောတာ။ အဲဒီ လောက် အရှိန်နဲ့မောင်းရင် တိုက်ပြီးသေကုန်မယ်"

"သေ ... သေ"

"ရှင့်ဘာသာ သေချင်သေ၊ လိပ်ပြာကတော့ မသေချင်သေးဘူး။ အခုမှ အသက်နှစ်ဆယ်ကျော်လေး ရှိသေးတာ"

"မင်းကားကို ငါယူမောင်းလာပြီ ဆိုကတည်းက မင်း အသက်ဟာ ငါ့လက်ထဲမှာပဲဆိုတာ မှတ်ထားလိုက်တော့"

"အံမာ ... သူကများ ခြိမ်းခြောက်နေရသေးတယ်။ လိပ်ပြာ သေရင် အသည်းကွဲလွမ်းဆွေးပြီး ကျန်မယ့်သူ မရှိဘူး။ ရှင်သေရင်သာ ခုနက ပြည့်ပြည့်စုံစုံဆိုတဲ့ မိန်းမတစ်ယောက် ကျန်ခဲ့မှာ"

"မင်း ခုထိ သူ့ကိုမနာလိုဝန်တိုဖြစ်ပြီး စကားထဲထည့် ပြောတုန်းပဲနော်။ သူ့ကို ဘာမနာလိုစရာရှိလဲ။ မင်း သူ့ ကို အကြိမ်ကြိမ် အနိုင်ရခဲ့တာပဲလေ။ မင်း မလိုချင်လို့ ပစ်ထားခဲ့မှ ကောက်ယူခဲ့တဲ့သူကို ဘာမနာလိုစရာရှိလဲ"

ခင်လိပ်ပြာ ဘာမှဆက်မပြောနိုင်ဘဲ တိတ်ဆိတ်သွားပါသည်။ ရှင့်ကို ဘယ်သူကမှ ပိုင်ဆိုင်သွားရတာကို မလိုလားဘူးလေ။ မလိုချင်လို့ ပစ်ထားခဲ့ပေမယ့် သူများက အမြတ်တနိုးကောက်ယူသွားပြန်တော့လည်း မပေးရက်နိုင်ဘဲ တသသပြန်လို

www.burmeseclassic.com

ချင်သွားခဲ့တယ်ဆိုတာ ဝန်မခံရဲပြန်။ အခုချိန်မှာ ခင်လိပ်ပြာကိုယ့်ကိုယ်ကိုယ် သိလိုက်တာကတော့ ဒီတစ်ခါ လင်းထင်းအနားကို ရောက်လာရတာဟာ ဝင့်ဝင့်ထယ်နဲ့ အလောင်းအစားမှာ နိုင်ချင်တာထက် ဆုံးရှုံးရတော့မလိုဖြစ်သော တစ်စုံတစ်ရာကို ပြန်လိုချင်ခဲ့၍သာ ဖြစ်လေသည်။

ဒါပေမဲ့ သူ့ဆီက "မုန်းတယ်"ဆိုသော စကားမှာ အခါခါကျရှုံးလျက် သူ့ဆီက အဲဒီစကားကို ထပ်ကြားရမှာကြောက်ကာ သူ့အနားကနေ တစ်ခါပြန်ထွက်ပြေးချင်သွားမိနေပြန်ပါသည်။





၂၃

အင်းလျားက စိမ်းလန်းစိုပြည်ဥယျာဉ်ထဲကို ရောက်တော့ နံနက်စောစောမို့ လူရှင်းနေပါသည်။ လင်းထင်းက အရှေ့က ကြိုသွားနှင့်သဖြင့် ခင်လိပ်ပြာ သူ့နောက်ကနေ ခပ်အေးအေးသာ လိုက်လာခဲ့သည်။ ကားမောင်းလာစဉ်တစ်လျှောက်မှာ ဘာစကားမှ မပြောဖြစ်ကြပေမယ့် ခင်လိပ်ပြာကတော့ ဆုံးဖြတ်ချက်တစ်ခုကို အသေအချာဆုံးဖြတ်ပြီး လိုက်လာခဲ့တာဖြစ်ပါသည်။

ဒါကြောင့် ရင်ထဲမှာ ဝမ်းနည်းမှုလည်း ရှိမနေတော့။ အမှန်တရားကို ရင်ဆိုင်ရမှာလည်း ကြောက်မနေတော့။ ခံစားချက်တွေအများကြီး ပြည့်နှက်နေသော်လည်း ဘာမှကို ရေရေရာရာ မပြောနိုင်တော့ဘဲ လူက ထုံနေသလိုဖြစ်နေပါသည်။

လင်းထင်းက ဥယျာဉ်လေးထဲမှာရှိသော ခုံတန်းလျားမှာ အရင်ဝင်ထိုင်လိုက်သည်။ ဝတ်နေကျ တိုက်ပုံ၊ ပုဆိုးတို့ကို

www.burmeseclassic.com

ဝတ်ထားသော လင်းထင်း၏ အသွင်အပြင်က တည်ငြိမ်နေပေမယ့် စိတ်ရှုပ်နေမှန်း သိသာစွာ မျက်မှောင်အနည်းငယ် ကြုတ်နေပါသည်။

"ကဲ ... ပြောစမ်း၊ ဘာကြောင့် ဒီမနက်မှာ ငါ့အမေကို အသုံးချပြီး ငါနဲ့တွေ့ရအောင် ကြိုးစားသလဲ"

"လိပ်ပြာ အစကတော့ အမှန်အတိုင်းမပြောဘဲ ရှင်နဲ့ပြန်ဆုံရဖို့ တစ်ခုတည်းကို ဦးတည်မယ်လို့ စိတ်ကူးခဲ့တယ်"

"အစကတော့ ... လို့ စကားထဲမှာပါနေတော့ နောက်မှ စိတ်ကူးပြောင်းသွားတာ ရှိလို့လား"

"ရှိတယ်၊ အခုတော့ စိတ်ကူးပြောင်းသွားပါပြီ၊ လင်းထင်းကို အမှန်အတိုင်းပဲ အားလုံးဝန်ခံလိုက်တော့မယ်လို့ စိတ်ကူးလိုက်တယ်"

"ဘာကြောင့် စိတ်ကူးပြောင်းသွားရတာလဲ။ အဟား ဟား ... ငါကလည်း အမှတ်မရှိ မင်းလိမ်ညာချင်တိုင်း လိမ်ညာပြောမှာကို ယုံပြီးနားထောင်နေမိပြန်ပြီ။ မင်းဘာသာ အရင်က စိတ်ကူးတွေ အခုစိတ်ကူးတွေ ဘယ်လောက်ရှိရှိ ငါ မယုံဘူး။ မင်းပြောသမျှ စကားလုံးတိုင်းကို မယုံရဲတော့ဘူး"

လင်းထင်းရဲ့ လှောင်ပြောင်သလိုပြောသော စကားတွေကို ရင်နာနာနဲ့ နားထောင်ရင်း သူ ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ ပြောစရာရှိတာတွေကိုသာ ပြောပြဖို့ စိတ်ကူးလိုက်ပါသည်။





"လိပ်ပြာ အမှန်အတိုင်း ပြောပြမှာပါ၊ လင်းထင်း စိတ်တော့ မဆိုးပါနဲ့၊ လိပ်ပြာစကားတွေကိုသာ ဆုံးအောင်နားထောင်ပေးပါနော်"

လင်းထင်း လက်အသာပိုက်ထိုင်ကာ ခင်လိပ်ပြာဘက် မကြည့်မိအောင် မျက်လုံးအကြည့်ကို ကန်ရေပြင်ဘက် လွှဲထားလိုက်ရပါသည်။ ဘာကြောင့်လဲဆိုတော့ ခင်လိပ်ပြာရဲ့မျက်ဝန်းတွေဟာ အရင်တုန်းကနဲ့မတူအောင် သူ့အပေါ် နွေးထွေးလိုက်လှဲမှုတွေရှိလျက် အဓိပ္ပာယ်ပေါင်းများစွာ ပါဝင်သောစကားလုံးတွေ အများကြီးပြောနေသလို ခံစားရလေသည်။ သူ့ကိုယ်သူလည်း တော်တော်မုန်းမိသည်။ ဒီမိန်းကလေးနဲ့တွေ့လိုက်တိုင်း ပျော့ညံ့သွားတတ်ကာ သူမရဲ့မာယာတွေမှာ အလိုလိုနေရင်း ကျရှုံးတော့မလို ဖြစ်တာကို မုန်းနေမိတာမျိုးဖြစ်လေသည်။

"လိပ်ပြာမှာ အရင်းနှီးဆုံးသူငယ်ချင်းလည်းဖြစ် ပြိုင်ဘက်လည်းဖြစ်တဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်ဆိုတာ လင်းထင်း သိပြီးသားပါ"

"သိပါတယ် ... သိပါတယ်၊ သူနဲ့မင်း အလောင်းအစားလုပ်လို့လည်း ငါက မင်းအတွက် ကစားစရာအရုပ်ကြီးတစ်ရုပ်လို အသုံးချခံလိုက်ရတာလေ၊ မှတ်လောက်သားလောက်အောင် ခံလိုက်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် လိပ်ပြာတောင်းပန်ပါတယ်၊ လိပ်ပြာမှား သွားတယ်"

"မလိုပါဘူးလေ ပြီးခဲ့ပြီပဲ။ ဘာကြောင့် ခုမှတောင်းပန်ရ တာလဲ"

"ခုမှ တောင်းပန်ရတာက ထပ်ပြီးတောင်းပန်စရာ ရှိလာ လို့"

"ရှုပ်လိုက်တာကွာ"

ခင်လိပ်ပြာမှာ, မဝံ့မရဲဖြစ်လျက် ခပ်တိုးတိုးအသံ ဖြင့် ...

"ခုတစ်ခါလည်း သူကပဲစပြီး လိပ်ပြာကို အလောင်းအစား တစ်ခု ထပ်လုပ်တယ်"

ဟု ဝန်ခံလိုက်လျှင် လင်းထင်း မျက်နှာ ဆတ်ခနဲ လှည့်လာသည်။

"လင်းထင်းက လိပ်ပြာကို ဟို ... လိပ်ပြာကို တကယ် ချစ်ခဲ့တာ မဟုတ်ဘူးဆဲ့"

ဒီစကားဟာ လင်းထင်း ရင်ထဲကို ဘာတွေလှုပ် ခတ်စေမှန်းမသိ ဖြစ်သွားပါသည်။ ငါ သူ့ကို တကယ်ချစ်ခဲ့ သလားဟု သူ့ကိုယ်သူ အခါခါ ပြန်မေးနေမိပြန်သည်။

"ဘာကြောင့်လဲဆိုတော့ လင်းထင်းက လိပ်ပြာနဲ့လမ်းခွဲ ပြီး သိပ်မကြာဘူး။ ဟို ... ပြည့်ပြည့်ဝင်း ဆိုတဲ့ တစ်





ယောက်နဲ့ တစ်တွဲတွဲ ပြန်ဖြစ်လာတော့ လိပ်ပြာနဲ့ပတ်သက် ရင် လင်းထင်းရဲ့ရင်ထဲမှာ ဘာမှသိပ်မခံစားခဲ့ရဘူးလို့ ဝင့်ဝင့်က ပြောတယ်"

"ဩော် ... သူ့နာမည်က ဝင့်ဝင့်တဲ့လား"

"နာမည်အပြည့်အစုံတော့ မဟုတ်ပါဘူး။ ထားပါတော့ လေ၊ သူက အဲဒီလိုပြောပြီး လိပ်ပြာရဲ့မခံချင်စိတ်ကိုဆွ လာတဲ့အခါကျတော့ ..."

လင်းထင်းမှာ ခင်လိပ်ပြာရဲ့စကား မဆုံးခင်တွင် တဟားဟား ဖြတ်ရယ်လိုက်လေသည်။ သူ့ရယ်သံမှာ အက်ကွဲ နေပြီး တမင်ဟန်ဆောင်ရယ်ရသော ရယ်သံမျိုးမှန်း သိသာနေ သည်။

"နားလည်ပါတယ် ခင်လိပ်ပြာ၊ ငါဟာ မင်းအလိုရှိတိုင်း၊ အသုံးချတိုင်း အလွယ်တကူ ပါလာတတ်တဲ့ ယောကျ်ား တစ်ယောက်မှန်း မင်း သိသွားပြီဆိုတော့ မင်းရဲ့ပြိုင်ဘက် သူငယ်ချင်းနဲ့ အလောင်းအစား ထပ်လုပ်ပြီး ငါ့နားရောက် လာပြန်ပြီ မဟုတ်လား"

"အဲဒီသဘောတော့ မရှိခဲ့ပါဘူး လင်းထင်းရယ်။ လင်းထင်း မှာ လိပ်ပြာ ဆုံဖူးခဲ့တဲ့ ယောကျ်ားလေးတွေနဲ့ မတူတဲ့ မာနမျိုးရှိတယ်ဆိုတာ လိပ်ပြာ အကဲခတ်တတ်ပါတယ်။ ဒီတစ်ခါ လင်းထင်း အနားကို ထပ်ရောက်လာအောင်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပြီး ပြည့်ပြည့်ဝင်းဆီက လုယူဖို့ ကြိုးစားမယ်ဆိုပေမယ့် လိပ်ပြာ ကိုယ့်ကိုယ်ကိုယ် အပိုင်တွက်ပြီး ရောက်လာခဲ့တာ မဟုတ်ပါဘူး။ လင်းထင်းဟာ ဘယ်တော့မှ လိပ်ပြာကို စိတ်ပြေမှာ မဟုတ်ဘူး၊ လိပ်ပြာလုပ်ခဲ့တာကို ဘယ်တော့မှ မေ့မှာမဟုတ်ဘူးဆိုတာ လိပ်ပြာ သိနေတယ်၊ ဒါပေမဲ့ လိပ်ပြာကလည်း ကိုယ့်အတွက်နဲ့ကိုယ် ဆိုတော့ ဝင့်ဝင့်ကို မခံချင်ဘဲ ရှုံးနိုင်မှန်းသိသိကြီးနဲ့ နောက်ထပ် အလောင်းအစားတစ်ခုကို ထပ်လုပ်လိုက်ပြန်မိတယ်”

လင်းထင်းရဲ့ရင်ထဲမှာ နာကျင်နေကာ လည်ချောင်းဝမှာ တစ်ခုခု တစ်ဆို့နေသလိုတောင် ခံစားရသည်။ သူဟာ ခင်လိပ်ပြာအတွက်ဆိုရင် အမြဲတမ်း အသုံးချခံ အရာဝတ္ထုတစ်ခု၊ အစမ်းသပ်ခံ လူသားတစ်ယောက်အဖြစ်သာ နေရာရခဲ့သူဟု အခါခါ သုံးသပ်မိနေ၍ပင်။ ထိုသုံးသပ်ချက်ကတင် သူ့နှလုံးသားကို တူအကြီးကြီးနဲ့ ထုရိုက်ချိုးဖဲ့နေသလိုပဲ မွမွကြေအောင်ခံစားနေရတာ ရစရာတောင် မရှိတော့။

“မင်း ဘာကြောင့် အမှန်အတိုင်းတွေ ပြောရတာလဲ”

“လိပ်ပြာက အမြဲတမ်း နိုင်ခဲ့တဲ့သူပါ။ ဘယ်တော့မှမရှုံးဖူးခဲ့လို့ အရှုံးကို ခံစားဖူးစေချင်လို့ သူငယ်ချင်း ဝင့်ဝင့်က ဒီအခြေအနေရောက်အောင် တွန်းပို့ပေးခဲ့မှန်း လိပ်ပြာ လင်းထင်းနဲ့ ဆုံဆုံချင်းမှာ သိလိုက်တယ်လေ။ ဒါကြောင့် ...”





“မင်းဟာက ပြိုင်တောင်မပြိုင်ရသေးဘူး ရှုံးတယ်လို့ ဘာကြောင့် ကြိုသိရသလဲ”

လင်းထင်း မကျေနပ်စိတ်ဖြင့် မေးမိ၏။ ရင်ထဲမှာ ဘာကြောင့်မှန်းမသိ သူ့ ငါ့ကို နောက်တစ်ခါ အသည်းထပ်ခွဲဖို့ ကြိုးစားပြန်ပြီဆိုတာ သိသိကြီးနဲ့ အဲဒီလို အသည်းကွဲရတဲ့အထိ အသစ်တစ်ဖန် ပြန်ဖြစ်ဖို့ကို လိုချင်ပြန်သတဲ့။

“လင်းထင်း ... ရှင်ပဲ ပြောလိုက်တယ်လေ၊ လိပ်ပြာကို ‘မုန်းတယ်’ဆိုတဲ့ စကားဟာ အဆုံးအဖြတ်ပဲပေါ့။ လိပ်ပြာ ဘယ်လိုမှ ရှေ့ဆက်တိုးလို့မရအောင် ပြောလိုက်တဲ့ တားမြစ်စကားပဲပေါ့”

“ဒီလိုဆိုရင် မင်းက ဟိုတစ်ယောက်ကို လွယ်လွယ်ကူကူနဲ့ပဲ အရှုံးပေးလိုက်နိုင်တယ်ပေါ့၊ အဲဒီလိုလား”

ခင်လိပ်ပြာသည် သူမထံတွင် ဆက်ပြောစရာစကား မရှိတော့သလိုပုံစံဖြင့် ထိုင်ရာမှ ထ,ရပ်လိုက်တော့သည်။

“လိပ်ပြာ အခုတော့ ရင်ထဲမှာ ဘာမှကို မလိုချင်တော့ဘူး။ နိုင်ချင်တာတွေ ရှုံးရမှာကြောက်တာတွေလည်း မရှိတော့ဘူး။ ရင်ထဲမှာ ဘာမှလဲ မကျန်တော့ဘူးဆိုရင် လင်းထင်း သိချင်တဲ့အဖြေကို ရမယ်လို့ ထင်တယ်”

လင်းထင်း တစ်စုံတစ်ခုပြောမလို့ ပြင်စဉ်မှာပင် သူ့တိုက်ပုံအိတ်ထဲမှာ ပါလာသော ဟန်းဖုန်းက ခေါ်သံမြည်လာသည်။ ထုတ်ကြည့်လိုက်တော့ အိမ်ကဖုန်း ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ... အခု ဘယ်မှာလဲ"

"အင်းလျားက စိမ်းလန်းစိုပြည်မှာ မေမေ"

"ပြောကြဆိုကြတာပြီးရင် မေမေ ပြည့်ပြည့်ကို လွှတ်လိုက်မယ်၊ ပြည့်ပြည့် သားကို လာခေါ်လိမ့်မယ်၊ ဟုတ်ပြီလား"

မေမေ့အသံက လင်းထင်းထံတွင် ရှိနှင့်ပြီးသားဖြစ်သော ကတိဝန်ခံချက်တစ်ခုကို ႔ သတိပေးသလိုအသံမျိုးတော့ ဖြစ်နေသည်။ ပြည့်ပြည့်ကို "ချစ်တယ်"ဟု မပြောရသေးသော်လည်း တတွဲတွဲ တွဲသွားတွဲလာ ခဏခဏရှိခဲ့သလို နောက်ဆုံးနှစ်ပြီးတာနဲ့ ဘာတွေဘယ်လိုဟူသော အစီအစဉ်တချို့ကိုပါ မေမေနဲ့ ပြည့်ပြည့်အမေတို့ ကြိုတင်ညှိနှိုင်းနေကြတာတွေဟာ လင်းထင်းအတွက် ကတိဝန်ခံချက်တစ်ခုလိုပင် အလိုလိုဖြစ်သွားခဲ့ပြီမှန်း သိလိုက်ပါသည်။

"ခင်လိပ်ပြာကို လိုက်ပို့ခိုင်းမနေနဲ့တော့၊ ခဏလေးစောင့်နေလိုက်ပါ။ အိမ်နဲ့နီးနီးလေးပဲလေ။ ပြည့်ပြည့် ခုပဲမောင်းထွက်လာပြီ"

"မေမေ"

"သား စောင့်နေလိုက်နော်"

ခင်လိပ်ပြာသည် လင်းထင်း၏ မျက်နှာအမူအရာ စကားအပြောအဆိုတို့ကို လေ့လာအကဲခတ်ရင်း သူ့ ဖုန်းပြောအပြီးကို ခဏစောင့်နေလိုက်သည်။ သူ ဖုန်းကိုခေါက်ပိတ်လိုက်သောအခါမှ ...





"လိပ်ပြာတို့ကြားမှာ ဘာမှလဲ ပြောစရာမကျန်တော့ဘူးဆိုတော့ သွားကြရအောင်"

"လိပ်ပြာ သွားနှင့်ပါ"

"ရှင်"

"ကျွန်တော် မလိုက်တော့ဘူး"

"လင်းထင်း ဘာနဲ့ပြန်မှာလဲ"

"ပြည့်ပြည့် လာခေါ်မယ်တဲ့"

ခင်လိပ်ပြာ၏ ကောင်းကင်တစ်ခုလုံးမှာ အုံ့မှိုင်းမည်းမှောင်သွားသလို ခံစားလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၂၄

စားမေးပွဲတွေ အကုန်လုံးအပြီးမှာ ကျင်းပသော ရှိုးပွဲကြီးမို့ ကန်တော်ကြီးမျှော်စင်ကျွန်းတစ်ခုလုံး တိုးမပေါက်အောင် ပြည့်နှက်နေတော့သည်။ မတ်လကုန်ခါနီးရဲ့ နွေနေပူပူကတော့ ညနေခြောက်နာရီကျော်နေတာတောင် ပူပြင်းအားကောင်းနေဆဲဖြစ်ပါသည်။

ခင်လိပ်ပြာကတော့ စတိတ်စင်နောက်မှာ သူမ၏ DJ ပစ္စည်းတွေနဲ့ အလုပ်ရှုပ်နေရာ ချွေးတလုံးလုံးတောင် ဖြစ်နေသည်။ ချွေးတွေက သုတ်လို့တောင်မနိုင်။ ဝတ်ထားတာက တီရှပ်ပေမယ့် နွေရာသီမို့ လက်ပြတ်ဝတ်ထားတာတောင် ပူအိုက်တဲ့ဒဏ်ကို ခံရဆဲဖြစ်သည်။

"ဒီလိုရာသီမှာ ဟိုတယ်ထဲမှာ ရှိုးပွဲလုပ်ရရင် ကောင်းမယ်လို့ ကန်ထရိုက်တွေ ဘာကြောင့်မတွေးကြတာလဲ။ ဟိုတယ်



ထဲမှာဆို air con နဲ့ဆိုတော့ ပူတာနည်းနည်း သက်သာတာပေါ့။ အခုတော့ မြေကြီးက အပူငွေ့တွေ တရှိန်ရှိန်ကိုတောင် ခံစားနေရတယ်"

အနားမှာရှိသော အဆိုတော်တစ်ယောက်က ယပ်တောင်တဖျပ်ဖျပ်ခတ်ရင်း ညည်းညည်းညူညူ ပြောနေသည်။

"ခင်လိပ်ပြာဆိုကြည့် စင်ပေါ်တောင် မတက်ရသေးဘူး။ သူ့ပစ္စည်းတွေ ဟိုစစ် ဒီစစ် လုပ်နေရတာနဲ့တင် တစ်ကိုယ်လုံး ရေချိုးထားသလိုပဲ"

"ရေမွှေးနဲ့တခြား၊ ချွေးနဲ့တခြား ဖြစ်နေပြီ ဆိုပါတော့"

ခင်လိပ်ပြာ ရယ်ရယ်မောမော ပြန်နောက်နေစဉ်...

"ခင်လိပ်ပြာ အတွက်တဲ့"

ဟု ပန်းစည်းတစ်စည်းနှင့်အတူ ရေခဲငွေ့တွေသီးနေသော (အထဲမှာ ရေလည်းခဲတာတချို့၊ အရည်ပျော်တာတချို့ပါသော) ရေသန့်ဘူးတစ်ဘူးကို တစ်ယောက်က ယူလာပေးသည်။

"အတော်ပဲ ... ရေအေးအေးလေး သောက်ချင်နေတာနဲ့၊ ဘယ်သူ့ဆီကလဲ"

"မသိဘူးလေ၊ ပန်းစည်းမှာ ကတ်တွေ ဘာတွေ ပါမှာပေါ့"

ခင်လိပ်ပြာ ရေဘူးကို အရင်ဖွင့်သောက်လိုက်ပြီး အဖြူရောင်နှင်းဆီတွေသာပါသော ပန်းစည်းကို လှည့်ပတ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသည်။ ပလတ်စတစ်အကြည်ဖြင့် ထုပ်ပိုးထားသော ပန်းစည်းမှာ ဘာကတ်မှ မပါပါ။

"ဘာမှမပါဘူး"

"ခင်လိပ်ပြာ သူ့ကို သိပါတယ်တဲ့"

"ဘယ်လိုလုပ် သိမလဲ၊ မြင်မှမမြင်ရပဲ။ ပန်းစည်းမြင်ရုံနဲ့ သိရအောင် ငါက supernatural power (စူပါနက်ထရယ်ပါဝါ)ရနေတယ်လို့များ ထင်လား"

"သူက တိုက်ပုံအင်္ကျီနဲ့ ပုဆိုး ဝတ်ထားတယ်လေ။ အဲဒီလူဆိုရင် နင်သိမှာပေါ့"

ဟစ်(ပ)ယော့(ပ)အဆိုတော် ကောင်လေးက သူမြင်လိုက်တာကို ပြန်ပြောလျှင် ခင်လိပ်ပြာ တစ်ယောက် အံ့ဩတုန်လှုပ်ပြီး ထပ်မော့သောက်လိုက်သော ရေတွေတောင် သီးသွားပါသည်။

"ဟဲ့ ... ဟဲ့ ... ကျောကုန်းကို ထုပေးလိုက်ပါဦး၊ သီးသွားပြီ"

အားလုံးကို အရှက်ပြေရယ်ပြပြီးလျှင် ခင်လိပ်ပြာရဲ့ စိတ်တွေ ကယောင်ချောက်ချား ဖြစ်တော့မလို၊ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့သလို ဖြစ်သွားပါသည်။

ထိုအချိန်တွင် ခင်လိပ်ပြာ၏ဖုန်းမှာ မက်ဆေ့(ချ်)တစ်ခု ဝင်လာကြောင်း အချက်ပေးသံ ကြားရသည်။ ဖုန်းကိုဖွင့်ကြည့်လျှင် ...





"မင်းဟာ ပန်းကြိုက်တဲ့ မိန်းကလေးမျိုးတော့ ဟုတ်ချင်မှဟုတ်မယ်။ ဒါပေမဲ့ မိန်းကလေးတစ်ယောက်ကို အကောင်းဆုံး ချဉ်းကပ်တဲ့နည်းဟာ ပန်းစည်းလက်ဆောင်စပေးခြင်းပဲလို့ ထင်တာနဲ့ ဒီပန်းစည်းကို ပို့လိုက်တာပါ။ ရှိုးပွဲပြီးရင် တွေ့ဖို့စောင့်နေမယ်"

ဟူသော မြန်မာလို SMS ပို့နည်းဖြင့် ပို့ထားသော စာလုံးများကို ဖတ်ရလျှင် ခင်လိပ်ပြာ ရင်ထဲကို တိုက်ရိုက်ထိသလို ခံစားရသည်။

"အင်္ဂလိပ်လို ဘယ်လောက်ပဲ ရေးတတ်တတ် ကိုယ်က မြန်မာလူမျိုး မြန်မာစာနဲ့ပဲ ကြီးပြင်းလာရတဲ့သူဆိုတော့ မြန်မာလိုရေးရတာ ပိုအားသန်တယ်။ မြန်မာလိုရေးရမှ၊ ဖတ်ရမှ နင့်နင့်နဲနဲ ရှိတယ်လို့ ခံစားရတယ်။ ဒီတော့ တစ်ရက်ကျရင် ကိုယ့်ရဲ့ဖုန်းမှာ မက်ဆေ့(ချ်)ပို့တဲ့စနစ်ကို မြန်မာလိုပို့ဖို့ သွားလုပ်ရဦးမယ်"

ဟု လင်းထင်း တစ်ခါက ပြောခဲ့ဖူးတာကို သတိရသွားပါသည်။ အဲဒီနောက်ပိုင်း သူနဲ့ ခင်လိပ်ပြာလည်း ခင်လိပ်ပြာဘက်ကစပြီး ရှောင်တာနဲ့ မတွေ့ဖြစ်တာ၊ မဆုံတာ၊ ဆုံကြတွေ့ကြတော့လည်း ရှင်းကြလင်းကြနဲ့ လမ်းခွဲရတာတွေကြောင့် သူ့ဖုန်းထဲမှာ မြန်မာလိုမက်ဆေ့(ချ်)ပို့နည်း ပြောင်းထည့်ထားတာကောင်း မသိလိုက်။ အခုတော့ သူ ခင်လိပ်ပြာထံ မက်ဆေ့(ချ်)



www.burmeseclassic.com

www.burmeseclassic.com



ပို့သောအခါ သူ့အယူအဆအတိုင်း မြန်မာလို ပိုင်ပိုင်နိုင်နိုင်ရေးပြီး ပို့နိုင်သောအခါ ခင်လိပ်ပြာရင်ကို တကယ်ပင် နင့်နင့်နဲနဲ ထိသွားပါသည်။

"မိန်းကလေးတစ်ယောက်ကို အကောင်းဆုံးချဉ်းကပ်တဲ့နည်း"တဲ့လား လင်းထင်းရယ်။ ဘာအတွက်ကြောင့် ဒီစကားကို သုံးရတာလဲ။ ဘာကြောင့် တစ်ခါမှ မပေးဖူးခဲ့တဲ့ ပန်းစည်းကြီးကို ပို့ပေးပြီး ပဟေဠိတွေ လုပ်ရသလဲ။ နောက်ဆုံးတွေ့ခဲ့ကြရတဲ့ နေ့ကစပြီးရေရင် ခုဆို တစ်လတောင်ရှိပြီ။ ဒီတစ်လအတွင်းမှာ အသံလေးတစ်ချက်တောင် မပြုခဲ့တဲ့သူက ခုတော့...။

"အားလုံး အဆင်သင့်ဖြစ်ရင် ပွဲစမယ်ဟေ့"

အစီအစဉ်ကြေညာသူ၏ နှိုးဆော်သတိပေးလိုက်သံကြောင့် အားလုံး ရှိုးပွဲဆီ အာရုံပြန်ရောက်သွားချိန်တွင် ခင်လိပ်ပြာကတော့ ပွဲမစခင်ကပင် ပွဲကိုအမြန်ဆုံးပြီးစေချင်သူ ဖြစ်နေလေပြီ။

DJ တီးလုံးတွေဖြင့် ပရိသတ်ကိုဖျော်ဖြေရင်း ရှိုးပွဲကြည့်ရာ ပရိသတ်ကြားမှာ လင်းထင်းများ ရှိမလားလို့ စိတ်ကူးဖြင့် ရှာနေမိပြန်သည်။ သို့သော် တိုက်ပုံအင်္ကျီနှင့် ပုဆိုး ဝတ်ထားသော လူတစ်ယောက်ကိုမျှ မတွေ့ခဲ့ရပါ။ "ရှိုးပွဲပြီးရင် တွေ့ဖို့စောင့်နေမယ်"ဆိုသော သူ့ဆီက မက်ဆေ့(ချ်)ကြောင့် သူ,ဘယ်နေရာမှာများ လာစောင့်နေမလဲဟု ရင်တခုန်ခုန်ဖြင့် ထိုအချိန်ကာလကို မျှော်တွေးနေမိပြန်သည်။





ဘာကြောင့် လာတွေ့ရသလဲ။ ဘာကြောင့် ဒီလိုမက်ဆေ့(ချ်)တွေ ပို့ရသလဲ ဆိုသော မေးခွန်းတွေရဲ့အဖြေကို ဘဲချင်လွန်းတာထက် သူ့ကို နောက်တစ်ခေါက် ပြန်တွေ့ရတော့မှာပါလားဆိုသော အသိကိုက ရင်ခုန်နွေးထွေးစေပါသည်။

ရှိုးပွဲပြီးသောအခါ ဒီရှိုးပွဲထဲကနေပြီး အပြင်ကို အမြန်ဆုံးထွက်ချင်သူထဲမှာ ခင်လိပ်ပြာကတော့ ရှေ့ဆုံးကနီးပါး ဖြစ်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com








# အချစ်နှင့်ယှဉ်၍...

www.burmeseclassic.com

www.burmeseclassic.com







ခင်လိပ်ပြာ၏ ပြုံးကားလေးအနီးတွင် အေးအေးဆေးဆေး လက်ပိုက်စောင့်နေသော လင်းထင်း၏ တည်ကြည်တဲ့ မျက်လုံးတွေကို ရင်ဆိုင်ရလျှင် မြန်ဆန်နေခဲ့သည့် ခင်လိပ်ပြာ၏ ခြေလှမ်းတွေဟာ အလိုလို ရပ်တန့်တော့မလို ဖြစ်သွားပါသည်။ သူ့ဆီမှာရှိသော လွှမ်းမိုးနိုင်စွမ်းရှိတဲ့ မျက်လုံးအကြည့်ကို ခင်လိပ်ပြာ အခုတော့ ရင်ဆိုင်ရဲဖို့ အမြဲလိုသတ္တိမရှိတော့သလို ဖြစ်နေပါသည်။

လင်းထင်းကတော့ ခင်လိပ်ပြာကို စိတ်ရှည်လက်ရှည်စောင့်နေခဲ့၏။ တိုက်ပုံဖြူဖြူပုဆိုးနီညိုကွက်တို့ကို ဝတ်ထားသော လင်းထင်းနှင့် ခင်လိပ်ပြာတို့ကို ရှိုးပွဲပြန်သူ ပရိသတ်တော်တော်များများကတော့ သိသိသာသာပင် လှည့်ကြည့်အကဲခတ်သွားကြပါသည်။

"ဟဲ့ ... အဲဒါ DJ ခင်လိပ်ပြာရဲ့ တစ်ယောက်သောသူ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com

ဟု သတင်းသိုးသိုးသံ့သံ့ ကြားသူတွေက လင်းထင်း ပုံစံကိုမြင်တာနဲ့ သိပြီးသလို တီးတိုးပြောဆိုဝေဖန်သူက ဝေဖန်သွားတာလည်း ကြားနေရပါသည်။

"မင်းကို မေးစရာရှိလို့"

ခင်လိပ်ပြာ သူ့ရှေ့ရောက်ရောက်ချင်း လင်းထင်းက မိုးကြည့်ကာ စပြောပါသည်။

"မေးစရာရှိတာပဲ ပန်းစည်းပို့ပြီး မေးရရောတဲ့လား"

"ပန်းစည်းကြီးပို့ထားလိုက်ရင် မင်းနဲ့ကိုယ့်ကြားက တင်းမာမှုတွေ နည်းနည်းလျော့သွားမယ်ထင်လို့"

"ဘယ်တုန်းကမှ တင်းမာမှု မရှိခဲ့ပါဘူး။ လိပ်ပြာကိုသာ ရှင်က စိတ်ဆိုးရင် ဆိုးနေခဲ့မယ်၊ လိပ်ပြာကတော့ အမှားတွေပဲ ဆက်တိုက်ကျူးလွန်ခဲ့သူဆိုတော့ ဘာစိတ်ဆိုးစရာ၊ ဘာတင်းမာစရာမှကို မရှိပါဘူး"

"အေးလေ။ ထားပါတော့ ဒါဆိုလည်း ကိုယ့်ဘက်မှာရှိနေတဲ့ တင်းမာမှုတွေလျော့သွားပါပြီဆိုတဲ့ သဘောနဲ့ ပို့တယ်ပဲ သဘောထားလိုက်ပါ။ ကိုယ့်ဘဝမှာ မိန်းကလေးတစ်ယောက်ကို ပန်းစည်းပို့ဖူးတာ ဒါပထမဆုံးပါပဲ"

လင်းထင်းမှာ ဘာစကားဆက်ပြောရမှန်းမသိဖြစ်ပြီး မျက်ခုံးကို လက်ညှိုးနဲ့ကုတ်လိုက်၊ နားထင်ကိုကုတ်လိုက်။





ဒီလောက် ရာသီဥတုပူအိုက်နေတာတောင် ဝတ်ထားသော တိုက်ပုံရင်ဘတ်ကို ဆွဲစေ့လိုက် လုပ်နေမိပြန်သည်။

"မေးစရာရှိလို့ဆို"

ခင်လိပ်ပြာကပဲ စကားလမ်းကြောင်း စပေးလိုက်ရသည်။ ဒီလောက် အကဲခတ်မိတာလေးနဲ့တော့ သူ့အမူအရာတွေကိုကြည့်ပြီး ခင်လိပ်ပြာ ကိုယ့်ဘက်ကိုယ်ယက်ပြီး အပြည့်အဝ ဝမ်းမသာရဲသေးပါ။ ရက်အကြာကြီး တိတ်ဆိတ်နေပြီးမှ ဖြုန်းခနဲ ရောက်လာတာကို နားမလည်နိုင်သေးပါ။

"မင်း ဟိုတစ်ယောက်နဲ့ အလောင်းအစား လုပ်ထားတာလေ"

"အင်း ... ဝင့်ဝင့်နဲ့ ..."

"အဲဒါ မင်း ရှုံးသွားတယ်လို့ သွားပြီး ဝန်ခံလိုက်ပြီးပြီလား"

"သူ့ လိပ်ပြာကို အချိန်သုံးလ ပေးခဲ့တာ။ သုံးလမပြည့်သေးတော့ လိပ်ပြာ ဘာမှမပြောသေးဘူး။ ဒါပေမဲ့ လိပ်ပြာ တစ်နေ့ သူ့ကိုပြောမှာပါ။ သုံးလပြည့်တဲ့နေ့ကျရင် လိပ်ပြာ အရှုံးကို ကျေကျေနပ်နပ်ကို သွားပြောမှာပါ"

လင်းထင်း ဒီတော့မှ စိတ်အေးသွားသလိုဖြစ် ...

"တော်ပါသေးရဲ့"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟု ရေရွတ်လျှင် ခင်လိပ်ပြာ နားမလည်နိုင်စွာ ပြန်မော့ကြည့်မိ၏။ လင်းထင်းက ခင်လိပ်ပြာ၏အကြည့်ကို မလုံမလဲဟန်နှင့် အသံထွက်ရယ်ရင်း ...

"ကိုယ် မင်းကို ဘယ်တော့မှ မရှုံးရစေချင်ခဲ့ဘူး"

"ဘာရယ်"

"မင်း သူ့ကိုသွားပြီး အရှုံးကို ဝန်ခံမနေပါနဲ့တော့။ မင်း နိုင်တာကိုပဲ သွားပြောပြလိုက်ပါလား"

"လင်းထင်း ... ရှင် ဘာဖြစ်နေတာလဲ"

ခင်လိပ်ပြာသည် ရင်ဘတ်ဘယ်ဘက်ခြမ်းနေရာမှ တဒုတ်ဒုတ်မြည်သံ မြန်ဆန်လာရခြင်းကိုသိလျက် မျက်ဝန်းထဲမှာတော့ အလိုလိုနေရင်း မျက်ရည်တွေ ပြည့်လာခဲ့ပါသည်။

"လိပ်ပြာ ... လိပ်ပြာ ဘာမှ မလိုချင်တော့ဘူးလေ၊ နိုင်တာတွေ ရှုံးတာတွေလည်း မလိုချင်တော့ပါဘူးလို့ လင်းထင်းကို ပြောခဲ့တယ်လေ"

ခင်လိပ်ပြာရဲ့အသံမှာ အိပ်မက်ထဲကလာတဲ့ အသံလိုပဲ မပီမသ ပြောလိုက်တာဖြစ်ပေမယ့် လင်းထင်းကတော့ ခင်လိပ်ပြာ ဘာပြောသလဲဆိုတာ နားလည်နေပါသည်။

"ဒါဆိုရင် ကိုယ်က လိပ်ပြာကို ချစ်တယ်လို့ ပြောရင်ရော"





ခင်လိပ်ပြာဟာ လူတစ်ကိုယ်လုံး ပေါ့ပါးပြီး လေထဲ မြောက်တက်သွားသလိုလို၊ ပြန်နိမ့်ဆင်းလာလို့ အသည်းထဲအေးသွားသလိုလို ရှိလာကိုစတာစီးရသော ခံစားချက်မျိုးဖြင့် ရှူးတော့မလို ဖြစ်သွားသည်။

"ရှင် ... ရှင်ပဲ ... မုန်းတယ်လို့ ပြောခဲ့တာ"

ဗလုံးဗထွေးဖြင့် ငိုကြွေးညည်းညူသလို ပြန်ပြောလိုက်ပေမယ့် နှလုံးသားထဲမှာတော့ လှိုက်လှိုက်လှဲလှဲ ရယ်မောဝမ်းသာနေခဲ့ပါတယ်။

"မုန်းဖို့တွော့ ကြိုးစားခဲ့ဖူးတယ်၊ ဒါပေမဲ့ ဘယ်တော့မှ မအောင်မြင်ခဲ့ဘူး။ မင်းကို ချစ်ထားတဲ့ အချစ်ကပဲ အားကောင်းတာလား၊ ကိုယ့်ရဲ့အမုန်းစိတ်ကပဲ ပျော့ညံ့သေးငယ်တာလား မသိဘူး။ ကိုယ် မင်းကို ဘယ်တုန်းကမှ မုန်းမရခဲ့ဘူး ခင်လိပ်ပြာ၊ တစ်သက်လုံးပဲ ချစ်သွားချင်ခဲ့တယ်"

ထိုညက ကောင်းကင်ဟာ လလည်းတစ်ခြမ်းပဲ့၊ ကြယ်လည်းမစုံခဲ့ပေမယ့်လည်း ဘယ်တုန်းကမှ ဒီညလောက်လှတာ မရှိခဲ့ပါဘူးဟု ခင်လိပ်ပြာရဲ့ရင်ထဲမှာ ရေရွတ်မိတော့သတဲ့။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အချစ်နှင့်ယှဉ်၍ ...
ဘယ်အရာကိုပဲကြည့်ကြည့် ...
အားလုံးဟာ လှပလွန်းနေခဲ့မယ်ဆိုတာတော့
ငြင်းမရတာ အသေအချာတည်း ...။
(ခင်လိပ်ပြာ)

❣○❣



ရှင်မိုး
(ဆေးတက္ကသိုလ်)
12th March
Saturday
2011

www.burmeseclassic.com